
www.burmeseclassic.com

# လမင်းမိုမို




## လှသောမနက်ဖြန်များသို့

www.burmeseclassic.com

NYIN

www.burmeseclassic.com

# လမင်းမိုမို

## လှသောမနက်ဖြန်များသို့


စာမူခွင့်ပြုချက်အမှတ် - ၁၀၈/၂၀၀၁ (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၈၉/၂၀၀၀ (၄)
၂၀၀၁ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀ အုပ်၊ ၃၀/-

ပုံနှိပ်သူ . . ဦးကျော်လှိုင် (၅၅၇၃) စေတနာ (OFFSET)
အမှတ် (၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ ဦးမောင်ဟန် (၀၈၇၆)၊ ကမ္ဘာလုံးစာပေ
အမှတ် (၂၅၉)၊ နဝဒေးလမ်း၊ ဒေါပုံ၊ ရန်ကုန်။

ဝိဂ္ဂလှ
မောင်ကျော်လှိုင်

# လမင်းမိုမို



# လှသောမနက်ဖြန်များသို့

စေတနာစာပေ

F-1 A

www.burmeseclassic.com

www.burmeseclassic.com

# ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**[illegible]**

# ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား

ဆန့်ကျင်ကြ

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို

နှောင့်ယှက်ဖျက်ဆီးသူများအား

ဆန့်ကျင်ကြ

နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော

ပြည်ပနိုင်ငံများအား

ဆန့်ကျင်ကြ

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်

ချေမှုန်းကြ





(၁)

သူတို့နှစ်ယောက် စတင်မြင်ဖူးကြသောနေ့မှာ လူကြီးများအစီအစဉ်နှင့် နှစ်ယောက်အတူ တစ်နေရာသို့ ညနေစာသွားရောက်စားသောက်ဖို့ဖြစ်ပါသည်။ ကောက်ကာငင်ကာ မကြာခဏခေါင်းကိုက်တတ်သော ရောဂါရှိသည့် နွေဦးနှင်းသည် ထိုနေ့နေ့လယ်ပိုင်းနှစ်နာရီလောက်မှာ စတင်၍ ခေါင်းကိုက်လာသည်။

ခေါင်းကိုက်လျှင် ထုံးစံအတိုင်း သူ ဘယ်လိုမှ စိတ်မကြည်လင်။ နဂိုကတည်းက စိတ်မပါလှသောကိစ္စတစ်ခုကို လက်ခံလိုက်တာ ကောင်းပါတယ်လေဟုသည့် ဖြေရှာ ယံနိုင်သော ဆုံးဖြတ်ချက်မျိုးလောက်နှင့် သူ ခေါင်းညိတ်ခဲ့တာမို့ ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ကိုက်လာတဲ့အခါ ပိုလို့ပင် စိတ်မကြည်လင် စိတ်မပါတော့ပေ။

"မေမေ...ဟိုတစ်ယောက်နဲ့ ညစာစားဖို့ကို ဖျက်လို့ရမလား"

သူ ရုံးကနေ ဖုန်းလှမ်းဆက်ကာ မေမေ့ကို မေးသည်။

"ဘာဖြစ်လို့ ဖျက်ရမှာလဲ"

မေမေ့အသံက အလိုမကျရိပ်လူးနေသည်။

"နေဒွန်းခေါင်းကိုက်နေလို့"

"အို...အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်လောက်နဲ့ မဖျက်စမ်းပါနဲ့ နေဒွန်းရယ်၊ မနေ့ညနေက မင်းကိုယ်တိုင်ပဲ ဖုန်းဆက်ချိန်းပြီးမှပဲ"

"ဒါလဲ မေမေတို့ ဆက်ချိန်းခိုင်းလို့ပဲဟာ"

"ဘယ်လိုဖြစ်နေလဲ နေဒွန်း၊ ငါ့ကို ကတ်ဖိုးကတ်ဖဲ့ မလုပ်နဲ့နော်၊ ကောင်းပြီ ကောင်းရဲ့ ခေါင်းညိတ်ပြီးမှ၊ ဒီကိစ္စလက်ခံစဉ်းစားပြီးမှတော့ မင်းတို့တွေ့ကို တွေ့ကြဖို့လိုတယ်လေ၊ သူတို့လဲ ရှေ့အပတ်ထဲ မန္တလေးပြန်မှာ၊ ဖျက်စရာအကြောင်း မဟုတ်တာ"

"ကျန်းမာရေးကိစ္စလေ မေမေရ၊ နေဒွန်း ခေါင်းအတော်ကိုက်လာတာ"

"မင်းခေါင်းက ဒီလိုပဲ မကြာမကြာ ကိုက်နေကျပဲ၊ မင်းအိတ်ထဲမှာ မေမေ ဆေးထည့်ပေးထားတယ်လေ၊ Efferalgan ရေဆူပြားတစ်ပြား ရေနဲ့စိမ်ပြီး သောက်လိုက်၊ ပျောက်သွားလိမ့်မယ်၊ စိတ်လှုပ်ရှားရင်လဲ ခေါင်းကိုက်တတ်တာ၊ မင်း စိတ်လှုပ်ရှားနေလို့လား"



တမင် သူမခံချင်အောင် မေမေ ပြောတာပင်။ ဒီအမျိုးသမီးနှင့် သွားတွေ့ဖို့များ စိတ်လှုပ်ရှားနေရမတဲ့။

"ရုံးက ပြန်ချိန်လောက်ဆို ခေါင်းကိုက်က ပျောက်လောက်ပါပြီ၊ ဂျီမတိုက်နဲ့၊ ကဲ...ဒါပဲ"

မေမေက ဖုန်းချသွားသည်။ မေမေက သူ တမင်တကာ လုပ်ကြံပြောတယ်များ ထင်နေသလားမသိ။ သူဖြင့် တကယ် ခေါင်းကိုက်နေတာပေ။ နေဒွန်း စိတ်တိုတိုနှင့်ဖုန်းချပြီး ဆေးသောက်ရသည်။ ခုနကမှ ထမင်းစားပြီးတာ မကြာသေး၍ အစာတစ်ခုခု စားမနေတော့ပါ။

မေမေပြောတာ ဟုတ်တော့ဟုတ်သည်။ သူ့ခေါင်းက စိတ်လှုပ်ရှားရင်လည်း ကိုက်တတ်သည်။ နေပူပြင်းရင်၊ ဒေါသဖြစ်ရင်၊ အိပ်ရေးမဝရင်၊ တစ်ခုခု အဆင်မပြေရင်လည်း ကိုက်တတ်သည်။

သူ့ရဲ့ Combat ဆွဲအိတ်ပြား အစိမ်းပုပ်ကလေးရဲ့ အံကတ်အိတ်ထဲမှ ဆေးထုတ်ယူရင်း ဓာတ်ပုံက ကပ်ကာ လျှောထွက်ပါလာရသေးသည်။ နေဒွန်းသည် ဓာတ်ပုံထဲက ဘွဲ့ဝတ်စုံနှင့် အမျိုးသမီးကို တစ်ချက်စိုက်ကြည့်လိုက်ပါသည်။ ပြီးတော့ ဓာတ်ပုံကို ပြန်ထည့်လိုက်သည်။

နာမည်ကလည်း ဥခေါင်းပျိုတဲ့။ ဘယ့်နှယ့်နာမည်ကြီးမှန်းလည်း မသိပေ။ သူက 'ဥ' လို့ပဲ ခေါ်ရမလား။ 'ခေါင်း'

www.burmeseclassic.com

www.burmeseclassic.com



လို့ ခေါ်ရမှာလား။ ဒါမှမဟုတ် 'ပျို' ဆိုလည်း မဟုတ်သေး။

'ရုပ်ကလည်း သိပ်လည်း မလှဘူး' လို့ သူ ချေးထူ ဆင်ခြေတက်တုန်းက မေမေက မျက်စောင်းရွယ်ကာ 'မင်းက ကော ဘယ်လောက်များ လှနေလို့လဲ' တဲ့။ အဲလိုယှဉ်ပြောရင်တော့ ဟုတ်တာပေါ့။ ဒါပေမဲ့ သူက ယောကျ်ားပဲ။ ယောကျ်ားဆိုတာ လှပနုထွတ်နေဖို့မှ မလိုတာ။

မိန်းမတစ်ယောက်ကတော့ လှပနေမှ ကောင်းတာပေါ့။ ဥဒေါင်းပျိုမည်သော မိန်းမတစ်ယောက်ကတော့ လှလည်း မလှ။ ရုပ်လည်း မဆိုး။ ဘာမှမဟုတ်။ ဘာမှမထူးခြား။ မြင်ရတဲ့ ခေတ်ပုံကလည်း ဘွဲ့ဝတ်စုံနှင့် ရိုးရိုးကြီး။ ဒါ့အပြင် ခေတ်ပုံထဲမှာ တစ်စက်မှ မပြုံးဘဲ ကင်မရာကို သူစိမ်းပြင်ပြင် ကြည့်နေလိုက်တာ။

ပပလို မိန်းကလေးတစ်ယောက်ကို အသေအလဲ ဖွဲ့ ကြိုက်ကာ တတန်းတန်း လိုက်ခဲ့ဖူးသော နေဒွန်းအဖို့တော့ ဥဒေါင်းပျိုက မျက်စိထဲ အံကြည့်တန်ချင်ပါသည်။ ပပဟာ ငေးရလောက်အောင် လက်မှိုင်ချရလောက်အောင်လှတဲ့ မိန်းကလေးတစ်ယောက် မဟုတ်လား။

ပပကို သူ့မှာ ဒုတိယနှစ် တက္ကသိုလ်ကျောင်းသားဘဝလောက်ကတည်းက ဖွဲ့ရှိရှိ စောင့်ကြိုက် စောင့်လိုက်လာခဲ့သည်မှာ ကျောင်းသက်တမ်းတစ်လျှောက်လုံး ငါးနှစ်တောင် ရှိမည်ပင်။ လှပ်ရှားပြုမူမှုတိုင်းက လှ၍ ချစ်စရာကောင်းနေသော ပပမှာ ကြိုက်သူတွေလည်း များလှပါသည်။

သူ့ ချစ်ရေးဆိုထားတုန်းပဲ တစ်ယောက်ပြီးတစ်ယောက်



တွဲလိုက် ဖြတ်လိုက်နှင့် ရည်းစားသက်စေ့ထားနေတာလည်း သူ မျက်မြင်ပါပင်။ မေမေကဆို…တစ်ရပ်ကွက်တည်း လမ်းသာ ခြားပြီးနေသော ပပကို သူ့သား ဘယ်လိုစွဲတာ သိနေကာ ပပ ကိုလည်း လုံးဝကြည့်မရ။

"ချောပြီး ကလက်နေတဲ့ ချောကလက်ဆိုတာ အဲ့ဒါမျိုး၊ နင်က လူရိုးလူအေးမို့ အသည်းမခွဲချင် ပါဘူးဟယ်ဆိုပြီး မင်းကို ပြန်မကြိုက်တာကိုပဲ ငါ က ကန်တော့ပွဲနဲ့သွားကန်တော့လိုက်ချင်သေး၊ ချမ်း သာပေးတာ ကျေးဇူးတင်ပါတယ်လို့၊ ကိုယ့်သမီး မှုရှိလို့ မစာမနာ ပြောတာ မဟုတ်ပါဘူး နေဒွန်းရယ်၊ ဒီကောင် မလေးက ပျံတာနန့်တာ လွန်ကိုလွန်ပါတယ်၊ ဘယ်သူ လာကြိုက်ကြိုက် ပြန်ရော တာပဲ၊ ကလေးအဖေကို တောင် မရှောင်ဘူး၊ ဟိုကာလဲ အိမ်ထောင်သည်ဖြစ်ရက်နဲ့ အပိုအချောင်ရမလား အရသာခံပြီး ရောတောရှိလုပ်၊ သူကလဲ ခပ်တင်းတင်း မဟန့်ဘဲ ပြန်ရော"

မေမေကဖြင့် ပပကို မျက်လုံးထဲ ကြည့်လို့ပင်မရ။

"အဲဒီလူကြီးက သက်သက်နှပ်ဗူးကြီးပါဗျာ၊ ဒီလိုပဲ သိက္ခာမရှိလိုက်လုပ်နေတာ၊ ပပမှ ပြန်မကြိုက်ဘဲ"

"ဟဲ့…ပြန်မကြိုက်ရတဲ့အပြင် အိမ်ထောင် သည်ကြီးက ကိုယ့်လာ ဒီလိုလုပ်တယ်ဆိုတာ ရမလေး စမ်းတာ၊ ကိုယ်က တင်းမာပြီး မရောရဲအောင် နေရ တယ်၊ ခပ်တင်းတင်း ခပ်တည်တည်နဲ့ ကြမ်ခြွန်နဲ့နေနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကာမှ၊ သူက ပြန်သာ မကြိုက်တယ် ဟီးလားဟားလားနဲ့ သူ့ကို ကြိုက်အောင်တော့ ဘယ်သူ့မဆို လုပ်နေတာ၊ ဒါမျိုးဟာ နည်းနည်းမှ တန်ဖိုးမရှိဘူး၊ မင်းများ မတော်တဆ သူနဲ့ရလို့တော့ မေမေတို့က သေခန်းပြတ်ပေါ့၊ ဒီလိုချွေးမမျိုး အသိအမှတ် မပြုနိုင်ဘူး…

အိမ်ထောင်သည်က လာကြိုက်ရဲကယ်ဆိုက တည်းက ကိုယ့်ကို မလေးစားလို့၊ သူ ပေါ့တီးပေါ့ရုပ် နေတာထိုင်တာကို အထင်သေးလို့၊ တန်ဖိုးထားရင် ဘယ်လိုမှလာမစရဲဘူး၊ ရနိုင်လောက်တယ်လို့ အထင်သေးလို့သာ လာစ,တာ မင်း အဲဒါ နားလည်ထား၊ ဒီရပ်ကွက်ထဲက ဘယ်သားရှင်မှ သူ့ကို မကြည်ဖြူဘူး၊ တခြားက အကြောင်းမသိတဲ့ သူမျိုးကသာ ကြည်ဖြူမယ်"

"သူကလဲ နေဒွန်းကို မကြိုက်ပါဘူးဗျာ၊ ငြင်းနေတာပါ"

"ငြင်းတာကို ထိုင်ရှိခိုးချင်တာပါဆို၊ ဘယ်လောက်ချောချောလှလှ မိန်းမတစ်ယောက်ဟာ အကျင့်သိက္ခာမကောင်းရင် တန်ဖိုးမရှိဘူး နေဒွန်း၊ မင်းကိုလဲ ပြန်သာမကြိုက်တာ၊ တောက်လျှောက် နိုင်းစားလာတာ မေမေ မသိဘူးမှတ်လို့လား၊ ဟိုနိုင်းရ ဒီနိုင်းရ၊ မင်းကလဲ နိုင်းတာကိုပဲ ကျေနပ်နေတာ၊ မင်းလဲ ဘွဲ့ရပြီ၊ လူကြီးဖြစ်ပေတော့၊ ခပ်တန်းတန်း နေတော့၊ အချိန်တန်

BURMESE CLASSIC .com



အိမ်ထောင်ပြုရမှာ၊ သူလိုဟာနဲ့သိပ်တွဲထားရင် လူအထင်လွဲခံရမှာပဲ၊ သူ့ကို ခပ်လွယ်လွယ်လို့ လူတွေကသတ်မှတ်ထားတာ၊ မင်းနဲ့တတွဲတွဲဆိုရင် ဘယ်အခြေထိ နီးစပ်ပြီးမလဲ၊ အားလုံးတွေးမှာ၊ သူ့ကို အများက အပျိုကလေးမှ…ဟုတ်…"

"ဟာ…မေမေတို့က အဲ့သလို သွားပုတ်လေလွင့် လျှောက်မပြောပါနဲ့"

နေဒွန်းက ပပကို ထိ၍ ရှူးရှားဖြစ်ရပါသေးသည်။

"အေးပါ…အေးပါ၊ အတပ်စွဲတာ မဟုတ်ပါဘူး၊ သူများပြောကြတာကို ပြောတာပါ နေဒွန်းရယ်"

ပပကတော့ နေဒွန်းကို မညှာမတာပင် အမှတ်လျှော့ထားပါသည်။

"နင်က သိပ်ချောသိပ်စွဲလမ်းစရာကောင်းလားဆိုတော့လဲ မကောင်းဘူး၊ မလှလို့ သိပ်ချမ်းသာနေသလားဆိုတော့လဲ မကြောင့်ကြရရုံလောက်လေးပဲ၊ တစ်ခုခု သိပ်ထူးချွန်သလားဆိုတော့လဲ မရှိဘူး၊ နင်လဲ အာကီတက်၊ ငါလဲ အာကီတက်၊ ငါ့ထက် ဘာမှလဲ မသာဘူး၊ ပြီးတော့ နင့်ကို သူငယ်ချင်းလို ခင်နေတော့ အသည်းလဲ မခွဲရက်ပါဘူး၊ အေးအေးဆေးဆေးနေစမ်းပါဟယ်၊ နင့်ကို ငါ ပြန်ချစ်မှာကို မဟုတ်ဘူး" တဲ့။

သူ့စကားက ပြတ်သားလမ်းဆုံးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ သူ့ကို မေမေတို့က ဟိုစပ်ဒီဟပ် လုပ်လာပါသည်။ ပညာစုံပြီ၊ အလုပ်ရပြီ၊ အသက်လည်း မငယ်တော့…ဟုဆိုကာ မေမေ့ငယ်သူငယ်ချင်းတစ်ယောက်ရဲ့ သမီးဖြစ်သော ဥဒေါင်းပျိုနှင့် နားချလာတာ လများစွာ ရှိလာတဲ့အခါ ပထမ ဓာတ်ပုံတောင်းယူကြည့်ပြီး နောက်ဆုံးတော့ လူချင်း စကားပြောကြည့်သေးတာပေါ့ဟု သူ လက်ခံခဲ့ပါသည်။

ဓာတ်ပုံထဲက သိပ်လည်း မလှတဲ့ မိန်းမတစ်ယောက်ကို စကားပြောကြည့်ဖြစ်ဖို့ သူ လက်ခံလိုက်တာဟာ ဘာအချက်ကြောင့်လဲဟု သူ့ဘာသာသူ နားမလည်လှပါ။ သူမဟာ ဘာမှမထူးခြားလှ။ ဒါပေမဲ့ ရုပ်ကိုကြည့်ပြီး သူထင်တာ တစ်ခုက ဥဒေါင်းပျိုဟာ ရိုးသားအေးချမ်းလိမ့်မည်ဟုပင်။

ဟိတ်ဟန် မူရာမာယာ မရှိသော အိုက်တင်မများသော မိန်းမတစ်ယောက်ဟု သူက ကောက်ချက်ချမိသည်။ မပြုံးမရယ် ရုပ်စိမ်းစိမ်းတည်တည်က လူတကာနှင့် အလွယ်တကူ မရင်းနှီးအဖွဲ့မကျတတ်မှာ ပေါ်လွင်နေသည်။ အင်း…သို့ပေမဲ့ စကားတော့ ပြောကြည့်လိုက်သေးတာပေါ့။

♥♥♥



နေဒွန်းရဲ့ ခေါင်းကိုက်က မပျောက်သေးပါ။

သို့ပေမဲ့ ဖေဖေ မေမေတို့ရဲ့ အလိုကျ ချိန်းဆိုပြီးသားကို မဖျက်ချင်တော့တာမို့ ဘောက်ထော်ဘက်မှ ဥဒေါင်းပျိုတို့သားအမိ တည်းခိုနေသော ဥဒေါင်းပျိုရဲ့အဒေါ်အိမ်ကို သူ ရောက်ခဲ့ရပါသည်။

ခြံဝမှာ ကားဟွန်းတီးလိုက်လျှင် အိမ်ဖော်အမျိုးသမီးတစ်ယောက်က တံခါးလာဖွင့်ပေး၍ ခြံထဲပေါ်တီကိုအထိ ကားကို ဝင်လိုက်ရသည်။ သူ့ကားရပ်သည်နှင့် အိမ်ရှေ့တံခါးဖွင့်ကာ သူမြင်ဖူး၊ သိဖူးသော ဥဒေါင်းပျိုရဲ့အမေက ပြုံးရွှင်စွာ အရင်ထွက်လာပါသည်။

"သားရေ…မောင်နေဒွန်း အိမ်ပေါ်တက်ထိုင်ပါဦး"

"သူ အဆင်သင့်ပြီးပြီဆိုရင် မတက်တော့ဘူး အန်တီ"

"သမီးကတော့ ပြီးပါပြီ၊ ဒါဖြင့် ခဏနော်၊ သမီးရေ…ခေါင်ခေါင်းရေ…ဒီမှာ မောင်နေဒွန်း ရောက်ပြီ ကွယ့်"

ခေါင်ခေါင်း…တဲ့။

ခေါ်စရာ အမည်သညာ တစ်ခုတော့ ကြားဖူးရပြီ။

www.burmeseclassic.com

www.burmeseclassic.com



သို့ဆေခဲ့ ဘယ်လိုခေါ်ပုံမျိုးကြီးမှန်း မသိ။ နားထဲထောင့်လှသည်။ ဦးသုံးစား ဦးဒိန်းခေါင်ကို သတိရကာ သူ ရယ်ချင်သလို ဖြစ်တာကို အောင့်ထားရပါသည်။

"လာလေ သမီး၊ လာပါ"

တံခါးဖွင့်ထားသော အိမ်ဝမှ သူ့အမေက အထဲကို လက်လှမ်းကာ ဆွဲခေါ်နေရပုံမျိုးမို့ နေဒွန်း လှည့်ကြည့်နေမိပါသည်။ အတွင်းကလည်း အတင်းကုတ်ကတ်နေပုံရပါသည်။ လိုက်ဖို့အသင့်ဝတ်ပြီးစားပြီးသားနှင့်များ ကုတ်ကတ်နေရသေးသလား။

"လာပါ သမီးရဲ့၊ ဩော်…ငါ့သမီးနှယ်၊ ဟင်း ဟင်းဟင်း…ဒေါင်ဒေါင်းက ရီးတယ် သားရေ"

သူ့ထံ လှည့်ပြော၍ ယောင်တောင်တောင် ခေါင်းညိတ်လိုက်ရပါသည်။ ရီးသတဲ့။ ဘာပဲဖြစ်ဖြစ် သူနှင့်ခုလို တွေ့ဆုံဖို့ အတူညစာထွက်စားဖို့ လက်ခံသည်ဆိုကတည်းက အနည်းဆုံး ခြောက်ဆယ်ရာနှုန်းမျှတော့ လက်သင့်ခံပြီးလို့သာပဲ မဟုတ်လား။

ဒီလူတစ်ယောက်နှင့်လက်ထပ်ဖို့ တစ်ဝက်ကျော် သဘောတူပြီးမှများ အဲသလောက် ကုတ်ကတ်ပြီးတော့ ရီးမနေနဲ့တော့ပေါ့။

"လာလေ သမီး၊ ဒီလို မဖြစ်ရဘူးလေ၊ ဘာလဲ…ကလေးကျနေတာပဲ၊ ဘွဲ့ရပြီး လူကြီးဖြစ်နေပြီ၊ အသက်ပဲ အစိတ်နားကပ်နေပြီ၊ ကဲ…လာ လာ မောင်နေဒွန်း စောင့်ရတာ အားနာစရာ"

သူ့အမေက စိတ်မရှည်တော့သလို ခပ်ဆောင့်ဆောင့်



လေး ဆွဲထုတ်လိုက်၍ အိမ်ဝသို့ ဥဒေါင်းပျိုက ရှန်းကန်ကန်ကြီး ဘွားခနဲ ထွက်ပေါ်လာရလေသည်။ ဖြတ်ခနဲ ကားဆီကြည့်လိုက်လျှင် သူမကို လှမ်းအကဲခတ်နေသော နေဒွန်းကို မြင်လိုက်၍ မျက်လွှာချကာ ပုံစံကိုလည်း ပြင်လိုက်ပါသည်။

ရှန်းကန်ကုတ်ကတ်နေတုန်းကလည်း သူပဲ။ အပြင်ရောက်လာတော့လည်း ဘာမှမဖြစ်သလို မျက်နှာကို ခပ်တည်တည်လုပ်ပစ်လိုက်သည်။ နီမြန်းကာ ရှက်ကြောက်ဟန်လှုပ်နေသော မျက်နှာကို တည်ကာ ဘာမှမဖြစ်ဟန်နှင့် ကားနောက်ခန်းတံခါးကို ကမူးရှူးထိုး လှမ်းဖွင့်သည်။

"ဒေါင်ဒေါင်း…ဟိုဖက်ရှေ့ကို ဘွားထိုင်"

သူ့အမေက ချိုသာသော်လည်း လေသံပြတ်ပြတ်နှင့် ပြောလိုက်၍ ဥဒေါင်းပျိုက ဖွင့်ပြီးသော နောက်ခန်းတံခါးကို ပြန်ပိတ်ကာ ကားကို ပတ်၍ ရှေ့ခန်းကို ရောက်လာခဲ့ပါသည်။ တစ်ဆက်တည်းမှာပဲ နေဒွန်းဆိုသူဟာ သူမကို ကားပေါ်က ဆင်းပြီး တံခါးဖွင့်ပေးတာမျိုးဝေးလို့ အတွင်းကနေတောင် လှမ်းဖွင့်မပေးတာကိုလည်း သတိပြုမိလျက် ဝင်ထိုင်လိုက်ရပါသည်။

နေဒွန်းက ကားထဲပျံ့မွှေးသွားသော ရှင်မတောင်သနပ်ခါးနံ့သင်းသင်း အေးအေးမွှေးမွှေးကို ရှူရှိုက်လိုက်ရ၏။ မေမေ့ထံမှ ရှင်မတောင်နံ့ရဖူး၍ သူ ယဉ်ပါးနေတာပင်။ မိုးခေတ်မိန်းကလေးတွေထံကတော့ ရေမွှေးနံ့၊ ဘော်ဒီစပရေး နံ့မျိုးတွေသာ ရနေကျပါ။

www.burmeseclassic.com

www.burmeseclassic.com



"မောင်နေဒွန်း အေးအေးဆေးဆေး စားကြ၊ တိုင်ပင်ကြနော်၊ အေးအေးဆေးဆေးပဲ သိလား"

နောက်ကျလဲ ရတဲ့သဘော ဖွင့်မပြောရုံတစ်မည်ပင်။

"ဟုတ်ကဲ့ပါ အန်တီ၊ ခွင့်ပြုပါဦး"

"အေး…သွားကြ"

နေဒွန်း ကားကို မောင်းထွက်လာသည်။

တစ်လမ်းလုံး ဥဒေါင်းပျိုသည် ဦးခေါင်းကို ပြတင်းဘက် တိတိပပကြီး လှည့်ကာ လက်ပိုက်၍ ငြိမ်ကာ ပါလာသည်။ နေဒွန်းသည် ဘာစကားစ,ရမလဲ စိတ်ရှုပ်ကာ နေသည်။ တိတ်ဆိတ်မှုတာကြီးက ယောက်ျားဖြစ်ပြီး ညှိရာကျသည်။ နေဒွန်းက ဖြစ်ညှစ်ပြီး စကားဖြစ်ပြီးရောသဘော စကားစ,လိုက်ပါသည်။

"ကျွန်တော်…ခေါင်းကိုက်နေတာ"

ဖြတ်ခနဲဆို ဥဒေါင်းပျိုက လှည့်ကြည့်လာသည်။ ရုတ်တရက် စကားစ,လိုက်၍ လန့်သွားပုံရပြီး သူ ခေါင်းကိုက်တာကိုတော့ စိတ်ဝင်စားပုံ မရပါ။

"အဲဒါ…ချိန်းလဲချိန်းပြီးသားဖြစ်နေတော့ ဆေးသောက်လာခဲ့ရတယ်"

ဥဒေါင်းပျိုက တစ်ဖက်ပြန်လှည့်ရင်း အပြေးအလွှား စဉ်းစားနေမိသည်။ ဒါ…သူ သိပ်သွားချင်စိတ် မရှိလှသည့်သဘောကို အသိပေးနေတာများလား။

နေဒွန်းသည် တစ်ဖက်လှည့်နေသော ဥဒေါင်းပျိုကြောင့် အံ့သြမိသည်။ သူတစ်ပါးစကားပြောနေတုန်း တစ်ဖက်လှည့်



နေတာဟာ ရိုင်းတာပေါ့။ စိတ်မဝင်စားတဲ့သဘောကို ဆောင်တာပေါ့။ အောင့်သက်သက်နှင့်ငြိမ်သွားကာ သူ့ဟာသူ ရောက်တတ်ရာရာ စဉ်းစားလာသည်။

အတန်ကြာ တိတ်ဆိတ်ခြင်းကြီးစိုးနေပြီးလျှင်…

"ရှင်အခု သွားချင်ရဲ့လား"

"ဗျာ…"

မမျှော်လင့်ဘဲ အသံထွက်လာ၍ နေဒွန်း အံ့သြသွားပါသည်။ ဥဒေါင်းပျိုက တစ်ဖက်ကိုတော့ လှည့်မနေတော့ပါ။ သို့သော် ခေါင်းခပ်ငုံ့ငုံ့နှင့် မျက်လွှာချလျက် သူ့ကို မကြည့်။

"ခင်ဗျား ဘာပြောလိုက်တယ်"

"ဒီညစာထွက်စားဖို့ ရှင့်မှာ ကျန်းမာရေး လုံလောက်ရဲ့လားလို့"

"ခေါင်းတော့ကိုက်နေတယ်၊ ဒါပေမဲ့ ဆေးထပ်သောက်လာပါတယ်"

"ပြန်ချင်ပြန်နော်၊ ရတယ်"

"ဘာလဲ ခင်ဗျားက ပြန်ချင်လို့လား"

"ကျွန်မက ပြန်ချင်ရအောင် ဘာမှဖြစ်နေတဲ့ သူ မဟုတ်ပါဘူး"

"ခင်ဗျားစကားပြောတာ တစ်မျိုးပဲ"

နေဒွန်းက ခပ်မှုန်မှုန်လှည့်ကြည့်မိကာ…

"မကြေညက်တာ တစ်ခုခုများ ရှိသလား"

ဥဒေါင်းပျိုက လက်ကိုင်ပဝါလေးကို ဆုပ်ထွေးဆုပ်

www.burmeseclassic.com

www.burmeseclassic.com



ချောင်း…

"ကျွန်မက သာမန်အားဖြင့် စကားနည်းတယ်၊ ဒါပေမဲ့ ဒီနေ့လို ကိစ္စမျိုးမှာ စကားနည်းနေလို့မရဘူး ဆိုတာ သဘောပေါက်ထားတယ်၊ စကားပြောဖြစ်မှလဲ တစ်ယောက်ကို တစ်ယောက် သိမှာ၊ ဒါပေမဲ့ ကျွန်မက စကားပြောရင် စိတ်ထဲပေါ်လာသလို အဖြောင့် တည့်တိုးပဲ ပြောတတ်တယ်၊ ရှင် နား ထောင်လို့တော့ ကောင်းချင်မှကောင်းမယ်"

နေဒွန်းက နှုတ်ခမ်းရွဲ့ ပခုံးတွန့်ရင်း…

"အင်း…ဟုတ်တယ်၊ နားထောင်လို့ မကောင်းဘူး၊ ခင်ဗျားစကားပြောတာ မာဆတ်ဆတ်နဲ့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်မ စကားပြောတာ ရိုးရိုးပဲ ပြောတတ်တယ်၊ အဓိပ္ပာယ်တစ်ခုပဲ၊ ကျွန်မ စကားကို နှစ်ခွတွေးဖို့ သုံးခွတွေးဖို့ မလိုနိုင်ပါ ဘူး၊ အခုလဲ မကြေညက်တာ မရှိပါဘူး၊ မကြေ ညက်နေရင်လဲ ရှင့်ကို မကြေညက်ဘူးလို့ ပြောဖို့ ဝန်မလေးပါဘူး၊ နောင်အရှည်သဖြင့်လဲ 'ကျွန်မ တစ်ခုခု ပြောတာကို ရှင်က အဓိပ္ပာယ်တခြား တစ်မျိုးမျိုးတွေးပြီး ကျွန်မ ဘာဖြစ်နေသလဲ ဟိုလိုလား ဒီလိုလား တွေးစရာလိုမယ် မထင်ပါဘူး၊ ကျွန်မ ရှင်းရှင်းပဲ ပြောတတ်တယ်"

"နောင်အရှည်သဖြင့်ဆိုတော့…"

နေဒွန်းက စကားရပ်ထားလိုက်၍ ဥဒေါင်းပျိုမျက်နှာ



မှာ ရုတ်တရက် နီရဲသွားပါသည်။ သူမကပဲ တစ်သက်လုံး အတွက် ရည်ရွယ်ဆုံးဖြတ်ပြီးသလိုလို ဖြစ်သွားတာမို့ပင်။

"မေမေက…ရှင့်ကို လက်ခံရမယ်လို့ပြောတယ်"

"ခင်ဗျားက ကျွန်တော့်ကို ချစ်လို့လား"

ဥဒေါင်းပျိုခမျာ ဒုတိယတစ်ကြိမ် မျက်နှာနီမြန်းကာ…

"မချစ်ပါဘူး၊ ဘာချစ်စရာရှိလဲ၊ ခုမှ လူချင်းဆုံ တာ၊ မြင်မြင်ချင်းချစ်မိရအောင်လဲ ရှင်ကဖြစ်မနေဘူး"

ရက်ရမ်းလေးနှင့် ခပ်ဆတ်ဆတ် ပြောလိုက်မိပါ သည်။

ကြည့်စမ်း…စွာလိုက်တာ။ နေဒွန်းမှာ ကျွဲမြီးတိုသွားရ ပါသည်။ မြင်မြင်ချင်းချစ်မိရအောင်လည်း သူက ဖြစ်မနေဘူး ဆိုတာက သူက ပုံမလာဘူးလို့ ဆိုလိုလိုက်တဲ့ သဘောမျိုးပဲ။ သူမကကော ဘယ်လောက်ပုံလာနေလို့လဲ။

ခုမှ နေဒွန်းက သူမကို စေ့စေ့ကြည့်သည်။ အဆင် ပြေပြစ်သော ဒေါနစိမ်းနှင့်အဖြူရောင်စပ် ပါတိတ်တစ်ထည်ကို ဗမာအင်္ကျီလက်ဖောင်းလေးနှင့် လုံချည်ဝမ်းဆက်ဝတ်ဆင်ထား ပါသည်။ လက်ကိုင်အိတ်က အဖြူရောင်ပုံရိုးရိုး။ ဆံပင်ရှည်ဖြောင့် ဖြောင့်ကို လည်ကုပ်ရင်းမှာ စု၍ ကလစ်နှင့်ညှပ်စည်းထားကာ မျက်နှာ၌ သနပ်ခါးကလွဲ၍ ဘာမှမရှိ။ မျက်ခုံးထူထူကိုပင် သနပ်ခါးခြစ်ထားသည်မှာ မစင်လှပါ။ အစွန်းအစ ကျန်နေသည်။

သူမကျတော့ မြင်မြင်ချင်း ချစ်ချင်စရာဖြစ်လွန်းလို့…။ ပပ ခြေဖျားတောင်မှ မမီတာ။ ဒါနှင့်များ လူကို မိုချိုးမော်ချိုးနဲ့။ နေဒွန်းသည် ကျွန်မလည်း ခင်ဗျားကို မချစ်ဘူးရယ်လို့ ပြန်ပြော



www.burmeseclassic.com

www.burmeseclassic.com

ဒို့တော့ ခက်နေကာ စိတ်ထဲကြိတ်၍သာ အမြင်ကတ်နေပါသည်။

နေဒွန်းသည် ကားကို ဘုရင့်နောင်လမ်းမကြီးသို့ ချိုးကွေ့ရင်း...

"ခင်ဗျား (....)ရက်စ်တောရဲင့်ကို ရောက်ဖူးလား"

"မရောက်ဖူးပါဘူး၊ ရန်ကုန်လဲ တစ်ခါတစ်ရံမှ ရောက်တာ၊ ရောက်လဲပဲ ရက်စ်တောရဲင့်မှာ စားဖြစ်တာ မရှိပါဘူး"

နေဒွန်းက ကားကို ရက်စ်တောရဲင့်ဝင်းအတွင်း ချိုး၍ ဝင်လိုက်ပါသည်။ နောက်ဘက်ထဲမှာဖြစ်၍ ဘယ်ခေါ်လာသည်များထင်သလဲ မသိ။ ဟိုကြည့်ဒီကြည့်နှင့်ဥဒေါင်းပျို့ရဲ့ ခေါင်းက ချာလပတ်လည်နေသည်။

"လူလဲမရှိဘူး"

ဤစကားက သူ့အပေါ် သံသယမကင်းရာရောက်သည်ဟု နေဒွန်းက ထပ်မံကျွဲမြှီးတိုပြန်သည်။

"နောက်တော့ရှိမှာပေါ့၊ ခုက နည်းနည်း စောသေးတာကိုး"

"ခုပဲ ခြောက်နာရီငါးဆယ်၊ ခုနစ်နာရီ ထိုးခါနီးပြီ၊ ညနေစာ ထမင်းအတွက် မစောပါဘူး၊ ရှင်လာတာတောင် နောက်ကျသေးတယ်၊ ခြောက်နာရီချိန်းပြီး ရှင် ခြောက်နာရီနှစ်ဆယ်မှ ရောက်လာတာ၊ နောက်တောင်နောက်ကျနေတဲ့ဟာ"





"ဟာ...ခင်ဗျားအိမ် ခင်ဗျားထမင်းစားရင်တော့ လေးနာရီစားစား ငါးနာရီစားစားပေါ့၊ ဒီလိုနေရာမျိုးမှာတော့ ခုနစ်နာရီကလဲ စောနေသေးတာပဲ"

"ဟင်..."

ဥဒေါင်းပျို့က လက်မခံချင်သလို 'ဟင်' ခနဲ အသံပြုသည်။ သို့ပေမဲ့ စောဒကတော့ ထပ်မတက်။ မျက်ခုံးကိုတော့ တွန့်ထားပါသည်။

"ကဲ...လာ...လာ"

စားသောက်ဆိုင်ရဲ့ တံခါးမကြီးမှ သူတို့ဝင်လာလျှင် ဝင်လမ်းရဲ့ ရှေ့တည့်တည့်စင်ပေါ်၌ မိန်းမငယ်တစ်ယောက် သီချင်းဆိုနေတာ မြင်လျှင် ဥဒေါင်းပျို့က ခြေလှမ်းတုံ့သွားပါသည်။ အပေါ်အနက်လက်ပြတ် အောက်ဘောင်းဘီနက်တို့ကြားမှာ လက်သုံးလုံးလောက်လွတ်ကာ ဗိုက်ရောချက်ပါ ထင်းခနဲ ပေါ်နေရာ ဥဒေါင်းပျို့မှာ ဒါကို နေဒွန်းနှင့်ယှဉ်တွဲ မြင်တွေ့ရတာအတွက် အရှက်ပိုသွားပါသည်။

"ဘာဖြစ်တာလဲ"

ရပ်ကျန်ရစ်သဖြင့် နေဒွန်းက မျက်မှောင်ကုပ်လှည့်မေးသည်။

"ရှင့်နေရာက ဟန်ရဲ့လား"

"ဘာကို ပြောတာလဲ၊ ဘာဟန်တာလဲ"

"မသိဘူးလေ၊ ကျွန်မက ရန်ကုန်မှာ မပြောနဲ့ မန္တလေးမှာတောင် ကိုယ့်နေရင်ဒေသပေမယ့် ဒီလို

www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေ မသွားဖူးဘူး”

“ဒီလိုမျိုးတွေလို့ဆိုရလောက်အောင်လဲ ဘာမှ မထူးခြားပါဘူး”

“ကျွန်မဆိုလိုတာက စတိတ်ရှိုးတွေဘာတွေ ပါတဲ့ ဆိုင်မျိုးကို ပြောတာ”

“မော်ဒယ်လ်ရှိုးတောင်ပါသေးတယ်”

“ဟင်…”

“အဲဒါ ဘာဖြစ်လဲ၊ လာစမ်းပါ၊ လမ်းခုလတ်ကြီး ရပ်နေတာက ရပ်ပျက်လိုက်တာ”

ဥဒေါင်းပျိုက တုံ့နေးနေးလိုက်ပါလာသည်။ စားပွဲတွေ အများကြီးမှာ သုံးလေးဝိုင်းသာ လူရှိပါသေးသည်။ စင်မြင့်မှ တစ်ဆက်တည်း ရှေ့ဘက်ထိုးထွက်နေသော လျှောက်လမ်းရှည်လေးပေါ်အထိ အဆိုတော်မလေးက လျှောက်လာကာ လှုပ်ရှားသီဆိုနေ၍ ဥဒေါင်းပျိုက မျက်နှာ ခပ်ပျက်ပျက်လေးကို လွှဲထားမိပါသည်။

လစ်ပေါ်သွားသော သူ့အသားတို့ဟာ ကိုယ့်ရဲ့အသားမဟုတ်ဘဲနှင့်ကို ယောကျ်ားတစ်ယောက်ရှေ့၌ ရှက်နေမိပါသည်။ ခေတ်တိုးတယ်လို့ပဲဆိုချင်ဆို ဒီလိုစားသောက် ဆိုင်မျိုးတွေ သူမ မရောက်ဖူး မမြင်ဖူးတာ အမှန်ပါ။

ပိုက်ဆံမတတ်နိုင်တာလည်း မဟုတ်ဘဲနှင့် သူမတို့ မိဘတွေထုံးစံကိုက ရုံဖန်ရံခါ အပြင်မှာထွက်စားသောက်လျှင်ပင် သာမန်တော်ရုံ တရုတ်ဆိုင်လိုဟာမျိုးမှာသာစားကြပါသည်။ ဒီလို



အဆိုတွေဘာတွေပါသော ဆိုင်မျိုးကို ဂျာနယ်တွေ၊ မဂ္ဂဇင်းတွေမှာ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာသာ ဖတ်ဖူးကြားဖူးပါသည်။

ရုပ်ရှင် ဗီဒီယိုထဲကျတော့လည်း အဝတ်အစားကို ဒီထက်ဆင့်ခြင်ထားပုံပေါ်ပါသည်။ အခုကတော့ ဗိုက်သား ခါးသားကို ပေါ်နေတာ။

“ရော့…စားချင်တာမှာ”

နေဒွန်းက မီနူးစာအုပ်ကို ဥဒေါင်းပျိုထံ လှမ်းပေးသည်။ ဥဒေါင်းပျိုက ခေါင်းခါကာ…

“ရှင်ပဲ မှာပါ၊ ကျွန်မ မမှာတတ်ပါဘူး”

ဥဒေါင်းပျိုပုံစံက မျက်မှောင်တွန့်တွန့်နှင့် ဒီနေရာမှာ စိတ်ကျဉ်းကျပ်နေကာ အမြန်ထွက်ပြေးချင်ပုံပေါက်နေပါသည်။ မိန်းမချင်း မကြည့်ရဲသလိုဖြစ်နေတာကို နေဒွန်းက ဣန္ဒြေရှင့်ရယ်လို့ အမှတ်ပေးဖို့ ဝေးလို့ သည်းလိုက်တာ ရယ်လို့သာ အမြင်ကတ်သည်။

ဘာသားရှောင်လဲ ဘာညာမမေးဘဲ သူ့ဟာသူ ဟင်းတွေမှာနေသော နေဒွန်းကြောင့် ဥဒေါင်းပျိုကလည်း သူမ ဝက်သား၊ အမဲသား မစားတာကို ပြောမနေတော့ပါ။ လွတ်သည့် ဟင်းတွေကိုပဲ ကိုယ့်ဘာသာ ရွေးစားလိုက်ပါတော့မည်။

အောက်သက်မကြေ အလိုက်မသိတာလား၊ ဒါမှ မဟုတ် လောကွတ် မရှိတာလား၊ ဒါမှမဟုတ် စေတနာကို မပါတာလား မသိရသော နေဒွန်းရဲ့ အပြောအဆို အပြုအမူတို့ကြောင့် ဥဒေါင်းပျိုကသိကအောက် ဖြစ်ရသည်။ ကိုယ့်အိမ်ကိုယ့်ရာလို့ ကိုယ့်ဘာသာ

www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ စားနေသည်မှာတော့ ဟန်မဆောင် ဟန်မလုပ်တတ်တာဖြစ်မှာဟု တခေ့တစောင်း အကဲခတ်နေမိပါသည်။

တစ်ခဏအကြာတွင် စင်ပေါ်မှ သီဆိုမှုတွေရပ်သွားပြီး မော်ဒယ်လ်ရှိုးလာတော့မည်ဖြစ်ကြောင်း ကြေညာလျှင် ဥဒေါင်းပျိုသည် မမြင်ဖူးသော မော်ဒယ်လ်ရှိုးကို စိတ်ဝင်တစားလေး ခေါင်းမတ်ကြည့်မိသည်။

ကြည့်မိသည်ဆိုလျှင်ပင် ခေတ်လွန်သော ဝတ်စားဆင်ယင်မှုတို့ကြောင့် ဥဒေါင်းပျိုသည် မျက်နှာတွေ ပူရှက်ကာ ဆက်မော့မကြည့်ရဲလောက်အောင်ပါပင်။ မိန်းကလေး သူငယ်ချင်းတွေနှင့်၊ ဒါမှမဟုတ် မေမေနှင့်အတူဆိုလျှင်ဖြင့် ကြည့်ရဲနိုင်ပါသေးသည်။ ဖေဖေပါလာလျှင်ပင် ဥဒေါင်းပျိုမျက်နှာပူမိမှာအမှန်။

ခုတော့ သူစိမ်းယောကျ်ားပျိုနှင့် နှစ်ယောက်တည်း ကြည့်နေရတာမို့ သူမ ရှိုးတိုးရှန့်တန့်ဖြစ်ကာ မျက်နှာထားရခက်လှသည်။ ဘာကြောင့် အစားအသောက်ချည်းပဲ သီးသန့်ရှိသောဆိုင်မျိုး သူမကို မခေါ်ရတာလဲဟု နေဒွန်းကို အမြင်ကတ်မိကာ ဖြတ်ခနဲ လှမ်းခိုးကြည့်လိုက်လျှင် နေဒွန်းက မော်ဒယ်လ်တွေထံ မျက်လုံးကြီးစိုက်နေတာ မြင်ရ၍ ဒေါသထွက်လာပါသည်။

ကြည့်နေလိုက်တာတစ်ခါတည်း။ ယောကျ်ားပီသလိုက်တာ။ တစ်ခါတည်းကို မျက်လုံးကျွတ်ကျတော့မလိုပင်။

နေဒွန်းတစ်ယောက်မှာ အစားနှင့်မော်ဒယ်လ်တွေသာ သူ့ခေါင်းထဲရှိတော့သည့်အလား စားလည်းစား ကြည့်လည်းကြည့်။ ဥဒေါင်းပျိုသည် တဖြည်းဖြည်းစိတ်ပျက်ကာ အတော်အခံ



ရခက်လာပါသည်။ သူမကို ဘေးထားပြီး ဒီကနေ့ ဒီလိုညစာထွက်စားဖြစ်ခြင်းရဲ့ အဓိက အရေးပါသော အကြောင်းရင်းကိုမေ့လျော့နေတော့သလိုပင်။

"ကိုနေဒွန်း..."

ခပ်ဆတ်ဆတ်ခေါ်လိုက်၍ နေဒွန်းက လှည့်ကြည့်သည်။

"ဒီမှာ ကျွန်မ ထမင်းလဲ ပြီးတော့မယ်၊ ဒီနေ့ ရှင်နဲ့ကျွန်မ အပြင်ထွက်လာတာ ထမင်းစားဖို့ ဟစ်ခု တည်းတော့ မဟုတ်ဘူးဆိုတာ ရှင် သတိရသေးလား"

"ဪ...အေးအေးဆေးဆေးပေါ့၊ သတိရပါတယ်၊ အချိန်တွေရှိသေးတာပဲ၊ ချက်ချင်းပြန်ဦးမှာမှ မဟုတ်ဘဲ"

"အို...ကျွန်မက ပြန်ချင်နေပြီ၊ ဒီမှာ ကျွန်မ မနေတတ်ပါဘူး"

"မနေတတ်စရာ ဘာရှိလို့လဲ"

"အို...ကျွန်မ ဒါတွေလဲ ထိုင်စောင့်ကြည့်မနေချင်ဘူး၊ မိုးချုပ်လိမ့်မယ်၊ စောစောပြန်ချင်တယ်၊ ရှင့်ဟာက မော်ဒယ်လ်ရှိုး စတိတ်ရှိုးကြည့်ချင်တာဆိုရင် သတ်သတ်လက်မှတ်ဝယ်ပြီး သွားကြည့်သင့်တယ်၊ အခု အပျော်လာကြည့်နေတာမှ မဟုတ်ဘဲ"

"စားရင်းကြည့်နေတာပဲ၊ ခင်ဗျားလဲ စားလေ၊ မစားဘဲ ဘာလုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြီးနေပြီ"

"ဟင်…ပြီးပြီ၊ ဘာမှ မစားပါလား"

"ဒီနှစ်ခုစားတယ်လေ၊ ဒီပုစွန်နဲ့ ဘဲကင်ပဲ ကျွန်မ စားလို့ရတာပဲဟာ၊ ရှင့်ဟာတွေက ဝက်တွေအားလုံး ပါနေတာ"

"ဟင်…ခင်ဗျားက ဝက်မစားဘူးလား"

"ဝက်၊ အမဲ မစားဘူး"

"ဘာလို့မစားတာလဲ"

"အမဲက နွားတွေကို သနားလို့ မစားတာ၊ ဝက်က ကျတော့ မကြိုက်လို့"

"ဟင်…ကျွန်တော်က ဝက်သားနဲ့ပတ်သက်ရင် ခေါင်းက အမြီးအထိ အားလုံးကြိုက်တာ၊ ကျွန်တော် ဒီလောက်ကြိုက်တာကို ခင်ဗျားက ရှောင်တော့ အတော် ကွဲလွဲနေပြီ"

"ကွဲလွဲလဲ မတတ်နိုင်ဘူးလေ၊ ရှင်က ရှင့်မိဘနဲ့ နေလာတာ၊ ကျွန်မကလဲ ကျွန်မမိဘနဲ့ ကြီးပြင်းလာ တာ၊ ကွဲလွဲတာ ဘာမှမဆန်းဘူး"

"အကယ်၍…အကယ်၍နော် ခင်ဗျားနဲ့ ကျွန် တော် လက်ထပ်ဖြစ်သွားရင် ခင်ဗျား ဝက်သားမချက် ပေးဘူးလား"

"အိုး…ရှင်ဟာ အတော်ကြောင်တယ်"

"ကြောင်တာ မဟုတ်ဘူးလေ၊ ဒါသိထားရမယ်၊



သိထားသင့်တယ်"

"နတ်ကိုးကွယ်ပြီး ဝက်အိမ်ပေါ် မတင်တာမျိုးမှ မဟုတ်ဘဲ၊ ကျွန်မ အဖေလဲ ဝက်သားစားတယ်၊ အိမ်မှာ မေမေက ချက်ပေးတာပဲ၊ ဒီလိုပဲပေါ့"

"ဪ…အဲလိုလား"

နေဒွန်းက ပြုံးစိစိပြော၍ ဥဒေါင်းပျို့သည် ခုနကတည်း က မကျေနပ်နေတာကို မအောင့်နိုင်ဘဲ…

"ရှင် ဒါတွေဒါတွေကြည့်နေတော့ ခေါင်းကိုက် က ပျောက်သွားပြီမှလား"

"ဟင်…"

နေဒွန်းက တမင်အံ့ဩဟန်ပြုကာ တဟစ်ဟစ်ရယ်လိုက် ပါသည်။ ဥဒေါင်းပျို့ရဲ့ စူပုပ်ပုပ်မျက်နှာကို ကြည့်ကာ တကယ် လည်း ရယ်ချင်မိပါသည်။

"ခေါင်းကိုက်က ပျောက်သွားပြီ၊ သူ့ဟာသူ ပျောက်သွားတာပဲ၊ အဲဒါတော့ မတတ်နိုင်ဘူး"

"ကဲ…ဒါဖြင့် ရှင် မြန်မြန်စားပါ၊ ပြောစရာရှိ တာပြော၊ ပြီးရင် ပြန်မယ်"

"ကျွန်တော့်ကို ဘာပြောခိုင်းနေတာလဲ"

"ရှင် ရိသဲ့သဲ့မလုပ်ပါနဲ့၊ မပြောရင်လဲနေ၊ ပြော စရာမရှိဘူးဆိုလဲပြီးတာပဲ"

နေဒွန်းက သူ့ကို မျက်စောင်းထိုးလိုက်သော ဥဒေါင်း ပျို့ကို ကြည့်ကာ စိတ်ထဲ နည်းနည်းပင်ရွှင်လာမိပါသည်။ ဒီမိန်းက

www.burmeseclassic.com

www.burmeseclassic.com



လေးက မဆိုးလှပါဘူး။ စကားပြောရတာ စိတ်ဝင်စားစရာကောင်းပေသားပဲ။

""ကဲ...ကဲ...ဒါဖြင့် လိုရင်းပြောကြမယ်၊ ကျွန်တော့်အမေက ကျွန်တော့်ကို ခင်ဗျားနဲ့လက်ထပ်စေချင်တယ်၊ ခင်ဗျားအမေက ခင်ဗျားကို ကျွန်တော်နဲ့ သဘောတူတယ်၊ ဟုတ်တယ်မဟုတ်လား""

""ဟုတ်တယ်""

""ဒီတော့ ခင်ဗျား ကျွန်တော့်ကို လက်ခံမလား""

""ဟင်...ရှင်က တင်စီးလှချည်လား၊ ကျွန်မက စ,ပြောရမယ့် အလုပ်လား၊ ရှင့်သဘောထား ရှင်ရှေ့ပြောပေါ့""

""အင်း...ကျွန်တော့်သဘောထား""

နေဒွန်းက ခေါင်းကို လက်ညှိုးလေးနှင့်ထိုးကုတ်ကာ ဥဒေါင်းပျိုကို စိုက်ကာကြည့်နေသည်။ ဥဒေါင်းပျိုက သူ့သဘောထားကို စိတ်စောနေသလို ဖြတ်ခနဲ ခိုးကြည့်လိုက်တာ မြင်လျှင် ဤအကြည့်လေးကို တစ်မျိုးကလေး စိတ်ထဲလှုပ်ရှားသွားပါသည်။

ဤမိန်းမကို အကဲခတ်ဖို့ စကားပြောကြည့်ဖို့ လေ့လာဖို့ သူ လာတာပဲ။ အကဲခတ်မိသလောက် မဆိုးလှ။ ဘာက မဆိုးလှတာလည်းဆိုတာတော့ သူ မသိပေ။ သူ့စိတ်ထဲ မနှစ်သက်လက်မခံလိုစိတ်မျိုး ပေါ်ပေါက်မလာတာတော့ အမှန်ပင်။ ဒီအမျိုးသမီးဟာ ရုပ်မဆိုးပေမယ့် သိပ်လည်းမလှ။ ဘုကလည်း နည်း



နည်းကျချင်ပါလျက် မဆိုးဘူးဟု သူက ဘာကြောင့် သတ်မှတ်မိတာပါလိမ့်။

သူလည်း မရှင်းပြတတ်တော့ပါ။ လှူချင်းမတွေ့မီ ဓာတ်ပုံကိုပဲ မြင်ရပြီးကာတည်းက ခပ်တင်းတင်း ခပ်စိမ်းစိမ်း ကင်မရာကို ကြည့်နေတဲ့ မျက်လုံးပြူးလေးကို သဘောကျကာ လူချင်းဆုံဖို့ လက်ခံခဲ့တာပဲ။ သဘောကျသည်ဆိုတာက ချစ်သည် ကြိုက်သည်ရယ်လို့ မဆိုလိုပါ။ ဘာကို သဘောကျသည်ဆိုတာကိုလည်း သူ ဝေခွဲပိုင်းခြား မပြောတတ်ပါ။

""ကျွန်တော့်သဘောထားက ခင်ဗျားလက်ခံရင် ကျွန်တော်လဲ လက်ခံမယ်လို့""

""ရှင်က ကျွန်မဘက်ပဲ အရင်လွှဲလွှဲချနေတယ်""

""ခင်ဗျားကလဲ ထမင်းရည်ပူလာ လျှာလွှဲ လုပ်နေတယ်""

ဥဒေါင်းပျိုက မျက်စောင်းတစ်ချက် ထပ်ရွယ်ရင်း...

""ကျွန်မကလဲ ရှင်လက်ခံရင် လက်ခံမယ်""

""ဟာ...ဒါတော့ ခင်ဗျား ကျွန်တော့်ဦးနှောက်ကို ခိုးပြောတာ""

ဥဒေါင်းပျိုက မျက်နှာကလေးနီနီနှင့်...

""ကဲ...ကျွန်မ ပွင့်ပွင့်လင်းလင်းပဲ ပြောမယ်၊ ရှင့်လို ဟိုလိုဒီလို မဟုတ်ဘူး၊ ရှင့်ကြည့်ရတာ ကိုယ့်အတွက် တစ်ကွက်ချန်ချင်တဲ့ သဘောရှိနေတယ်၊ ကျွန်မကတော့ မရှုက်ပါဘူး၊ မေမေက ရှင့်ကိုကိုက်တွန်း

www.burmeseclassic.com

www.burmeseclassic.com



နားချတာကြာပြီ၊ ကျွန်မက မေမေ့ စကားကို အမြဲနား ထောင်ခဲ့တယ်၊ မေမေစီစဉ်ပေးတဲ့ကိစ္စတစ်ခုဟာ အလွဲ အချော် အတိမ်းအစောင်းဖြစ်မှာ မဟုတ်ဘူးလို့လဲ တစ်သက်လုံး လက်ခံခဲ့တယ်၊ ခုလဲ ရှင့်ဓာတ်ပုံကို မေမေက ပြပြီး သဘောတူကြောင်းပြောတော့ ကျွန်မ… ကျွန်မ ခေါင်းညိတ် ထားပြီးပါပြီ၊ ရှင့်ကို လက်ခံပါ မယ်လို့ မေမေ့ကို ကတိပေးပြီးပါပြီ၊ ရှင်က ကျွန်မကို တစ်ခုခု မနှစ်သက်လို့ လက်မထပ်နိုင်ဘူးငြင်းရင်သာ ဒီကိစ္စ မဖြစ်မြောက်မှာပါ၊ ရှင်ဆုံးဖြတ်ဖို့ပဲလိုတာပါ ကိုနေဒွန်း"

နေဒွန်းသည် ခေါင်းလေးငုံ့ကာ ရိုးရိုးရှင်းရှင်း ပြောနေသော ဥဒေါင်းပျိုကို စိုက်ကြည့်ကာ ကရုဏာသက်သွားမိပါ သည်။ သူမက လက်ထပ်ပါမည်လို့ အမေဆီ လက်ခံခေါင်းညိတ် ပြီးပြီတဲ့။ နေဒွန်းက သက်ပြင်းတစ်ချက်ရှိုက်ကာ ဥဒေါင်းပျိုကို ပြုံးပြလိုက်မိပါသည်။

"ကျွန်တော်ကလဲ ခင်ဗျားကို လက်ထပ်ဖို့ ဆုံး ဖြတ်ပြီးပါပြီ"

♥♥♥



(၂)

သူတို့ရဲ့ မင်္ဂလာအခမ်းအနားဟာ အထိုက်အလျောက် ကြီးကျယ်ခမ်းနား စည်ကားပါသည်။ ပထမအကြိမ်ကို မန္တလေး မှာ ကျင်းပပါသည်။ ဥဒေါင်းပျိုတို့ရဲ့ ခြံနှင့်တိုက်မှာ ငါးရက် လောက်နေခဲ့ရကာ ရန်ကုန်ကို ပြန်လာကြပြီး စထရင်းဟိုတယ်လ် မှာတစ်ကြိမ် မင်္ဂလာဆောင်ပါသည်။

လက်ထပ်ပြီးလျှင် ရန်ကုန်မှာ နေကြဖို့ နှစ်ဖက်မိဘက သဘောတူထားပါသည်။ နေဒွန်းရဲ့ အလုပ်ကလည်း ရန်ကုန်မှာ။ နောင်ကိုလည်း ဥဒေါင်းပျိုအလုပ်တွေဘာတွေ ဝင်ချင်လျှင် အဆင် ပြေအောင် ရန်ကုန်မှာပဲ အခြေချကြဖို့ သဘောတူတာပင်။

www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းပျို့ရဲ့အစ်ကို ကိုသိမ်းမင်းက အိမ်ထောင်ကျပြီး ဖြစ်ကာ မန္တလေးမှာပဲ မိဘအိမ်အတူနေ၍ ပွဲရုံလုပ်ငန်း လုပ်ကိုင်သူ ဖြစ်ရာ ဥဒေါင်းပျို့ရဲ့ မိဘများအတွက် သားတစ်ယောက်တော့ နီးနီးကျန်ပါသည်။ ဥဒေါင်းပျို့ရဲ့မိဘများက သူတို့အတွက် တိုက်ခန်းတစ်ခန်း လက်ဖွဲ့ကာ နေဒွန်းရဲ့မိဘများက ကားတစ်စီး လက်ဖွဲ့ပါသည်။

ခွေမျိုးများ နှစ်ဖက်က ဝိုင်းဝန်းလက်ဖွဲ့သော ပစ္စည်းပစ္စယလက်ဖွဲ့ငွေတို့နှင့် သူတို့အိမ်ထောင်ဦးကလေးက နိုင်နိုင်မာမာ ပြည့်ပြည့်စုံစုံပါပင်။ သူတို့ရဲ့ တိုက်ခန်းကို အသင့်ပြင်ဆင်ထားပြီးသော်လည်း မင်္ဂလာဧည့်ခံပွဲမတိုင်မီ အဲဒီမှာ မနေဖြစ်သေးဘဲ နေဒွန်း အဖေအမေတို့ရဲ့ တိုက်မှာပင် နေဖြစ်ခဲ့ပါသည်။

စထရင်းမှာ ဧည့်ခံပွဲအပြီး ညမှာလည်း မေမေတို့ အိမ်ကိုပဲ ပြန်သည်။ ကြိုးတားခြင်းကိစ္စမျိုးတွေ ဥဒေါင်းပျို့ ဆန္ဒအရ မလုပ်ဖြစ်ပါ။ မေမေတို့အိမ်မှာ အဝတ်အစားလဲ ခဏနား ညစာထမင်းစားပြီးမှပဲ ညဘက်ကျမှ သူတို့အခန်းကို ပထမဆုံး စ တက်ကြမှာ ဖြစ်ပါသည်။

နေဒွန်းရဲ့ မရွှေ့ရသေးသော ပစ္စည်းပစ္စယ နည်းနည်းပါးပါးနှင့် ဥဒေါင်းပျို့ရဲ့ အဝတ်အစား သေတ္တာတို့ လောက်သာ တစ်ပါတည်းယူသွားဖို့ ကျန်သည်။ သူတို့သွားကြခါနီး အချိန်ရောက်သောအခါ ဥဒေါင်းပျို့က အဒေါ်ဖြစ်သူနားကပ်ကာ…

"အန်တီလေး…ဝဝရော"

"အမယ်လေး အဆင်သင့်ပဲ၊ နေ့လယ်ကတည်းက တစ်ခါတည်း ပါလာတာ၊ ဟိုမှာ ခြင်းထဲအသင့် ထည့်ပြီးပြီ"



နေဒွန်းက သူ့ခွေးဘဲမ်ဘီကို သံကြိုးချည်ကာ လက်ထဲ ပွေ့ထားပြီး အိမ်တံခါးဝ အသင့်ရောက်နေပေပြီ။ ဥဒေါင်းပျို့ ဘာလုပ်နေပါလိမ့်ဟု လှမ်းမျှော်ကြည့်နေပါသည်။

"ဝဝလဲ သနားပါတယ်၊ ဟိုကနေတစ်ခါ အန်တီလေးတို့ အိမ်ပြောင်း၊ နောက် ဒီကို ခြင်းနဲ့သယ်လာ၊ နေရာစိမ်းတွေရောက်နေတော့ ကြောက်နေတယ်ထင်တယ်၊ ကုပ်နေတာပဲ"

ပြောပြောဆိုဆို အန်တီလေးက ဥဒေါင်းပျို့လက်သို့ ပလတ်စတစ်ခြင်းတစ်လုံး ယူလာထည့်လိုက်ပါသည်။ ဥဒေါင်းပျို့သည် ခြင်းကို ပွေ့ပိုက်လိုက်ကာ အိမ်ထဲမှ ထွက်လာသည်။ အိမ်အဝနားရောက်လျှင် ခွေးကို ချီပွေ့၍ရပ်နေသော နေဒွန်းကို မြင်ကာ ခြေလှမ်းတုံ့သွားပြီး…

"ဟင်…ခွေးက"

"ကျွန်တော့်ခွေးလေ၊ ဘဲမ်ဘီ…တဲ့၊ အိမ်ကို ခေါ်လာမှာ"

"ဟင်…"

ဥဒေါင်းပျို့ မျက်မှောင်ကလေး တွန့်သွားပါသည်။ စိတ်ရှုပ်သွားသလိုလေး ခပ်ညည်းညည်းဖြစ်သွားသော ဥဒေါင်းပျို့ကို ကြည့်ရင်း…

"ဘာဖြစ်လို့လဲ၊ ဟင်…"

www.burmeseclassic.com

သေချာကြည့်မိမှ နေဒွန်းလည်း တစ်ပြန်တလဲ ဖုံးအား သင့်သွားပါသည်။ ဥဒေါင်းပျိုပိုက်ထားသော ပလတ်စတစ်ခြင်းကို ပထမ ရိုးရိုးပဲ ထင်မိတာ။ သေချာကြည့်မိမှ ထိပ်ဘက်ကို လျှော်ကြိုးနှင့်ချည်ပိတ်ထား၍ အဲထဲမှာ ကြောင်ဖြူဖြူလေးတစ်ကောင်ကို တွေ့လိုက်ရပါသည်။

"အဲဒါက..."

"ဒါ...ကျွန်မကြောင်၊ ဝဝတဲ့၊ ကျွန်မခေါ်လာမှာ"

"ဟာ...ဘယ်ဖြစ်မလဲ"

"ဟုတ်တယ်၊ မဖြစ်ဘူးထင်တယ်၊ ခွေးက အပိုပဲ၊ ထားခဲ့ပေါ့"

"ဟာ...ဘာအပိုလဲ၊ ဘယ်က အပိုရမှာလဲ၊ ကျွန်တော့်ခွေး၊ ဒါ...ကျွန်တော့်အဖေအမေနဲ့ မဆိုင်ဘူး၊ ကျွန်တော် မွေးထားတာ[illegible]ခေါ်သွားရမှာ၊ ခင်ဗျားကြောင်ထားခဲ့ရင် ကောင်းလိမ့်မယ်"

"အို...ဘယ်ထားခဲ့လို့ ရမလဲ၊ ဒါက ကျွန်မကြောင်စစ်စစ်၊ မန္တလေးအိမ်မှာ ကိုယ့်ကြောင်နဲ့ ကိုယ်သီးသန့်ခွဲထားတာ၊ လူတိုင်းကိုယ့်ကြောင်တစ်ကောင် ပိုင်တယ်၊ အဲဒီတော့ ကျွန်မကြောင် ထားခဲ့လို့ ဘယ်ဖြစ်မလဲ၊ ကျွန်မကြောင်ကို ဘယ်သူ ဂရုစိုက်မှာလဲ၊ မဖြစ်ပါဘူး၊ ဝဝက ကျွန်မနဲ့နေမှ ဖြစ်မှာပေါ့၊ သူ့သခင်က ကျွန်မပဲ၊ ရှင့်ခွေးက တိုက်ခန်းကြီးပေါ် ဘယ်လိုလုပ်ထားမှာလဲ၊ ဒီမှာက ခြံနဲ့ဝင်းနဲ့ ဒီမှာပဲ ထားခဲ့ပေါ့"





"မဖြစ်နိုင်တာ"

နေဒွန်းက မဲ့ရွဲ့ကာ ခေါင်းရမ်းလိုက်၍ ဥဒေါင်းပျို မျက်နှာကလေးက တည်သွားပါသည်။

"ဒါ ကျွန်တော့်ခွေးပါဆို၊ မေမေတို့ကလဲ ဘဲမ်ဘီကို ဂရုစိုက်တတ်မှာ မဟုတ်ပါဘူး"

လူကြီးတစ်စုသည် သူတို့အနား ဝိုင်းရပ်နေကြတာမို့ အခြေအနေ မဟုတ်လှတာကို ရိပ်မိကာ ဥဒေါင်းပျိုအမေက အရင်ဝင်၍...

"သမီးရယ်...ဟုတ်သားပဲ၊ ဝဝ ထားရင်ထားခဲ့၊ မေမေ ပြန်ခေါ်သွားမယ်၊ မေမေ ဂရုစိုက်ပါ့မယ်"

မန္တလေးကနေ ဒီအထိ တကူးတက ခေါ်လာတာမို့ သူ့သမီး ဘယ်လိုမှ မထားခဲ့ချင်မှာ သေချာပေါက်သိသော်လည်း ခေါ်လွှင်လွှင်က ပြေရာပြေကြောင်း ဝင်ပြော[illegible]တာပင်။ ဥဒေါင်းပျိုက မျက်နှာပျက်ပျက်နှင့်...

"ဟင်...မေမေကလဲ"

"ဟုတ်သားပဲ လွှင်ရယ်၊ ခေါ်ခြင်းခေါ် ကြောင်ခေါ်သွားတာက အဆင်ပြေပါတယ်၊ သမီးလဲ ချစ်လွန်းလို့ မန္တလေးကတောင် ခေါ်လာတာပေါ့၊ သားကခွေးထားခဲ့လိုက်ပါ နေဒွန်းရယ်၊ တိုက်ခန်းနဲ့ခွေးနဲ့လဲ ဟုတ်ပါရဲ့၊ အဆင်မပြေပါဘူး"

"ဟာ...မေမေကလဲ နေဒွန်းခွေးပဲဟာကို"

"ကဲ...ကြည့်ပါလား၊ မင်းက ကလေးကျနေတာ

www.burmeseclassic.com

www.burmeseclassic.com

ပဲ နေဒွန်းရယ်”

“မေမေကလဲ ကလေးမှပဲ တီရစ္ဆာန်ချစ်သလား၊ မေမေတို့လဲ ဘဲမ်ဘီကို ချစ်မှာ မဟုတ်ပါဘူး၊ ဘယ်တုန်းက အစာကျွေးဖူးလို့လဲ၊ ဂရုစိုက်လို့လဲ၊ မေမေတို့နဲ့ ထားခဲ့လို့ မဖြစ်ပါဘူး”

“ဖြစ်ပါတယ် သားရယ်၊ ဒီအိမ်ကိုလဲ မင်း မရောက်မှာမှ မဟုတ်ဘဲ၊ ရောက်နေမှာပဲ ထားခဲ့ပါ၊ ခွေးနဲ့တိုက်ခန်းနဲ့က မပြေလည်လှပါဘူးကွယ်”

“ဟာ…မေမေကလဲ ခွေးကြီးမှ မဟုတ်ဘဲနဲ့၊ တယ်ရီယာပဲ၊ ခွေးသေးပဲဟာ၊ ဒီမှာလဲ သူ အိမ်ပေါ်ပဲ နေတာ အီးပါပဲ အောက်ဆင်းတာ”

“ကဲ…အဲဒီတော့ မင်းခွေးဘယ်မှာ အီးပါမလဲ”

“သူ့ကြောင်ကျတော့ရော”

“အို…ဝဝက သွပ်ပြားတစ်ခုပေါ် သဲခင်းပေးထားရင် ဖြစ်တယ်၊ သိပ်အကျင့်ကောင်းတာ၊ အဲဒီပေါ်က လွဲလို့ ဘယ်မှ အီးမပါဘူး၊ အဲဒီသဲကို တစ်ခါတစ်ခါ လဲပေးလိုက်ရုံပဲ”

“ဘဲမ်ဘီကိုလဲ မနက်ကျ အီးပါဖို့ အောက်ခေါ်ဆင်းကျောင်းပေးမယ်၊ ဒီမှာလဲ မနက်ကျ သူနဲ့ ကျွန်တော် ခြံထဲဆင်းတာပဲ မေမေရာ၊ အဲသလိုပဲပေါ့”

“ဒုက္ခပဲ၊ မင်းတို့နှစ်ယောက်ကတော့ ခွေးနဲ့ကြောင် ဘယ်ဖြစ်ပါ့မလဲ”





“ဟုတ်တယ်၊ ကျွန်မ ကြောင်ကို ရှင့်ခွေး ကိုက်စားပစ်လိမ့်မယ်”

“ဒါကို စိုးရိမ်ရင် ကြောင်ထားခဲ့လေ၊ ဒါပဲရှိတာပဲ”

“ကဲ…ဘယ်လိုတုံး မင်းတို့ဟာက ကလေးတွေကျနေတာပဲ၊ ခွေးက ကိုက်နေရင် စိတ်ဆင်းရဲစရာဖြစ်နေပါ့မယ် နေဒွန်းရယ်”

“နေဒွန်းခွေးက ဘယ်သူ့ကို ကိုက်ဖူးလို့လဲ၊ ကိုက်မှ မကိုက်တတ်တာ”

“လူကို မကိုက်ပေမယ့် ကြောင်မြင်ရင် ကိုက်ရင်ကိုက်မှာပေါ့”

“ကျွတ်…”

နေဒွန်းက စိတ်ညစ်လက်ညစ် စုတ်သတ်လိုက်သလို ဥဒေါင်းပျို့မျက်နှာလေးကလည်း ရှုံ့မှုန်နေပါသည်။ လူကြီးတွေဟာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ဘယ်လိုနားချဖြေရှင်းရမည်မသိ စိတ်ရှုပ်ကုန်ကြချိန်မှာ ဥဒေါင်းပျို့ရဲ့ ဖခင်ဦးကျော်နိုင်က ရှေ့ကို တိုးလာကာ…

“နှစ်ယောက်လုံးက ကိုယ့်အချစ်တော် တိရစ္ဆာန်ဖြစ်နေတော့ ဘယ်သူမှ ထားခဲ့ချင်မှာ မဟုတ်ဘူးဗျ၊ နှစ်ယောက်လုံး ကိုယ့်သတ္တဝါကိုယ် ခေါ်သွားချင်မှာချည်းပဲ၊ ထားမနေကြပါနဲ့၊ ခေါ်သွားကြပစေပေါ့၊ ကိုယ့်အကောင်ကိုယ် ကြည့်ကျက်ထိန်းသိမ်းကြပစေ

www.burmeseclassic.com

www.burmeseclassic.com

ပေါ့"

"ဖေဖေ...သူ့ခွေးက..."

"တော်တော့ သမီး၊ သမီးမှာ ခွေးကို ခေါ်မလာဖို့ မောင်နေဒွန်းကို တားမြစ်ခွင့်မရှိသလို မောင်နေဒွန်းမှာလဲ သမီးကြောင်ကို ယူမလာဖို့ တားပိုင်ခွင့်မရှိဘူး၊ ဝဝကို သမီးသိပ်ချစ်သလို ဘဲမ်ဘီကိုလဲ မောင်နေဒွန်း ချစ်မှာပဲ၊ အေး...ဒါပေမဲ့ သူက ခွေး၊ ကိုယ်က ကြောင်ဖြစ်နေတဲ့ အတွက် သူ့ခွေးက ကိုယ့်ကြောင်ကို ကိုက်တာမျိုးဖြစ်ရင် လဲဖြစ်မယ်၊ မဖြစ်ရင်လဲ မဖြစ်ဘူး၊ ကိုက်မှာ ကိုယ်က စိုးရိမ်ရင် မဖြစ်စေချင်ရင် ကိုယ့်ကြောင်ထားခဲ့ပေတော့၊ ဒါပဲ၊ မတတ်နိုင်ဘူး၊ ကျွန်မ ကြောင်ကို ကိုက်မှာမို့ ရှင့်ခွေးထားခဲ့ဆိုတာမျိုးတော့ လုံးဝ ပြောဆိုခွင့် မရှိဘူး ဒေါင်ဒေါင်း၊ မကိုက်အောင် ကိုယ့်ကြောင်ကိုယ် သိမ်းချင်သိမ်း၊ ဒါမှမဟုတ် ထားခဲ့၊ ဒါပဲ ရှိတယ်"

နေဒွန်းသည် ယောက္ခမဖြစ်သူကို လေးစားအားနာစွာ ကြည့်မိလိုက်...

"ကျွန်တော်လဲ ကိုယ့်ခွေး ကိုယ် ထိန်းသိမ်းပါ့မယ်၊ ဘဲမ်ဘီကလဲ တကယ့်ကို မကိုက်တတ်တာပါ၊ တအားသဘောကောင်းတဲ့ ခွေးပါ"

"အေး...အေး...ကဲ...သွားကြတော့၊ မိုးတောင်ချုပ်ပြီ၊ ဒေါင်ဒေါင်းက ခေါ်သွားမလား၊ ထားခဲ့မလား"

"ခေါ်သွားမယ် ဖေဖေ"



ဥဒေါင်းပျိုက မဆိုင်းမတွဖြေသည်။ လူကြီးတွေက ရယ်မောကြရင်း...

"ကဲ...သွားကြ၊ သွားကြတော့"

ကားထဲကို ပစ္စည်း ပစ္စယတွေ ထည့်၊ ခွေးကို နောက်ခန်းမှာ ထည့်ပြီး ကြောင်ခြင်းကိုတော့ ရှေ့ခန်းတွင် ထိုင်သော ဥဒေါင်းပျိုက သူ့ ပေါင်ပေါ်ပဲ သူ တင်ထားပါသည်။ ကားမောင်းထွက်လာလျှင် နှစ်ဦးလုံး တစ်ယောက်ကိုတစ်ယောက် မကျေမနပ် ကြည့်မိကြသည်။

အလျှော့မပေးရကောင်းလားလို့ တစ်ဖက်သား ဘက်ကိုသာ စိတ်တိုမိကြကာ ကိုယ်တိုင်လည်း အလျှော့မပေးတာကိုတော့ ထည့် မစဉ်းစားဖြစ်ကြ။ အမှန်တကယ်က နှစ်ယောက်လုံးဟာ နဂိုမူလကတည်းက ကိုယ့်အချစ်တော် အိမ်မွေးတိရစ္ဆာန်ခေါ်လာဖို့ ရည်ရွယ်ထားတာပါ။ သို့သော်လည်း နှစ်ဦးလုံးဟာ ငါက ခေါ်မယ်ဆိုလို့ သူကလဲ အားကျမခံ ခြေရာချင်းတိုင်းပြီး ခေါ်လာတာပါရယ်လို့သာ အပြန်အလှန် အထင်မှားနေပါသည်။

"ဒီလို လုပ်မယ်"

ဥဒေါင်းပျို ထံမှာ စကားသံ စထွက်လာသည်။

"ဘယ်လိုလုပ်မှာလဲ"

"ဟိုတိုက်ခန်းက ရွှမ်းမ်တိုက်လေ၊ အိပ်ခန်း သုံးခန်းတောင်မှ ပါတယ်၊ အခန်းကျယ်က ကျွန်တော်တို့ဖို့ ပြင်ထားတယ်မဟုတ်လား၊ နှစ်ခန်းကျန်တာ ဘဲမ်ဘီကို တစ်ခန်းထားပေါ့၊ ဝဝကို တစ်ခန်းထားမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…ကျောင်းထားသလို ဖြစ်နေမှာပေါ့"

"ဖြစ်လဲ မထောက်နိုင်ဘူးပေါ့"

"ကျောင်းထားရင် တိရစ္ဆာန်ဆိုတာ ရိုင်းသွားတတ်တယ်၊ တော်ကြာ အရင်က မကိုက်တတ်တဲ့ ခွေးက ကိုက်တတ်လာဦးမယ်၊ ပြီးတော့ ကြောင်ဆိုတာ အားရင် ခွေအိပ်နေတာ၊ အရေးမကြီးဘူး၊ ခွေးဆိုတာ ဟိုသွား၊ ဒီသွား၊ လှုပ်စိလှုပ်စိလုပ်နေတာ၊ အညောင်းမိလိမ့်မယ်"

"အို…ရှင်က ပိုလွန်းတယ်"

"ပြီးတော့ အခန်းပိုထဲက တစ်ခန်းကို ကျွန်တော်က ရုံးအလုပ်ပါရင် လုပ်ဖို့တို့…၊ စာအုပ်စာတန်း၊ ကွန်ပျူတာထားဖို့တို့ ရည်ရွယ်ထားတာ"

"ထားပေါ့၊ ဘာဖြစ်လဲ၊ အဲဒီ ရှင်ပိုင်တဲ့ အခန်းမှာပဲ ဘဲမ်ဘီကိုလဲ ထားပေါ့…"

"ကဲပါ…၊ ထားလဲ ထားပေါ့၊ ဒါပေမဲ့ ဘဲမ်ဘီကတော့ တစ်ခါ တစ်ခါ အပြင်လေးဘာလေးထွက်ဦးမှာပဲ၊ ခင်ဗျားကြောင်သာ အခန်းထဲထည့်ထား"

"ရှင်…လုံးဝမတရား မမျှတာဘူး၊ ရှင့်ခွေးသာ မပါရင် ဝဝကို အိမ်ထဲဒီတိုင်းလွှတ်ထားလို့ရမှာ"

"ဒီလို ကတ်သတ်ပြောနေလို့တော့ မပြီးဘူး၊ ကိုယ့်ကောင်ကိုယ်ကြည့်ထိန်းစနစ်ပဲ ကျင့်သုံးရမှာပဲ"

"ရှင့်ခွေးကိုသာ ရှင် နိုင်အောင်ထိန်းနိုင်ပါစေ"

ဒီလိုနှင့် သူတို့နေရမည့် တိုက်ခန်းကို ရောက်လာပါ



သည်။ သုံးထပ်မှအခန်းပေါ် တက်လာကြပြီးလျှင် ပစ္စည်းတွေ နေရာမချသေးဘဲ ခွေးနှင့်ကြောင်အရင် နေရာချဖို့ ပြင်ကြသည်။

"ရှင့်ခွေးကို ကြည့်ထားဦး၊ ကြောင်ခြင်းကို ဖြည်တော့မယ်"

နေဒွန်းသည် ဘဲမ်ဘီကို ပွေ့ချီကာ ဧည့်ခန်းဆက်တီမှာ ထိုင်နေတုန်း ဥဒေါင်းပျိုက ကြောင်ထားမည့် အခန်းထဲ ကြောင်ခြင်းကို ကြိုးဖြည်သည်။ အဲဒီတုန်း အနံ့ရသလို ဘဲမ်ဘီက အတင်းတွန်းကန်ရုန်းပြီး နေဒွန်းလက်ထဲမှ ပြေးချသွားပါသည်။

"ဟာ…ဟာ ခွေးလာပြီနော်"

"ဟယ်…ရှင့်ခွေးကို ထိန်းထားပါဆို၊ ဟဲ့ခွေး… ဟဲ့ခွေး"

"ခင်ဗျားကလဲ အခန်းတံခါးမှ ပိတ်မထားဘဲ"

လူနှစ်ယောက် ခွေးတစ်ကောင်၊ ကြောင်တစ်ကောင် အခန်းကျဉ်းလေးထဲ ဝရုန်းသုန်းကား ဖြစ်သွားပါသည်။ ဝဝသည် အလန့်တကြား အခန်းထောင့်ကပ်နေကာ ဘဲမ်ဘီက ဝဝကို လိုက်လံ နမ်းရှုနေသည်။

"ရှင့်ခွေးကို ခေါ်နော်၊ ခေါ်နော်၊ ရှင်နော်"

ဥဒေါင်းပျိုအသံမှာ ငိုသံပါကာ ခွေးကို တရှုးရှုးနှင့် လက်နှစ်ဖက် ယမ်းကာ မောင်းနေပါသည်။ ကြောင်ကလည်း ပြန်လည် မာန်ဖီနေ၍ နေဒွန်းက ခွေးကို ဝင်မဆွဲရဲ။ သူ့ကို ကြောင်ကုတ်လိုက်မှာ ကြောက်လျက်ရှိသည်။

ဘဲမ်ဘီသည် တစ်ခဏ နမ်းရှုကြည့်ပြီးလျှင် ဝဝရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ လက်နှစ်ဖက် ရှေ့ထုတ်ဝပ်အိပ်လျက် အမြီးဖွားဖွားကို ထောင်ကာ တန့်နှန့်လုပ်နေသည်။ လုံးဝကိုက်မည့်ပုံမရဘဲ အရောဝင် အဖွဲ့ကျလိုပုံသာရတာမို့ ဥဒေါင်းပျို နည်းနည်း အလန့်ပြေလာပါသည်။

"တွေ့လား၊ ဘဲမ်ဘီက မကိုက်ဘူး"

"တော်ကြာမှ ကိုက်ရင် ဘယ်လိုလုပ်မလဲ"

"အမယ်လေး…ဒါလား ကိုက်မယ့်ပုံဗျာ၊ ခင်ချင်နေတဲ့ဟာ"

တကယ်ပဲ ဘဲမ်ဘီက ဝပ်ရင်းတန်းလန်း လှုပ်စိလှုပ်စိ မြူးနေကာ အမြီးသာ နှံ့နေသည်။ သူ့ရဲ့ လက်တစ်ဖက်နှင့် ဆောင့်ကြောင့်ထိုင်နေသော ဝဝကို လှမ်းလှမ်းကာ တို့သည်။ ရန်ပြုလိုပုံ မရ။ အဲဒီတုန်း မထင်မှတ်စွာ ဝဝက လက်တစ်ဖက် မြှောက်ကာ အမွေးဖွား လက်သည်းထုတ်ရင်း ဘဲမ်ဘီ့မျက်နှာကို ဖြန်းခနဲ လှမ်းကုတ်ချလိုက်ပါသည်။

"ဟာ…"

နေဒွန်းက အကျယ်ကြီး အော်ပြီး သူ့ခွေးကို ပြေးပွေ့လိုက်သည်။

"အိ…အိ"

ဘဲမ်ဘီသည် အတော်နာကာ ကြောက်သွားပုံနှင့် နောက်ဘက် ဖင်ရွှေ့ ဖင်ရွှေ့ဆုတ်ကာ ကောက်ချီလိုက်သော နေဒွန်း လက်ထဲ ပါလာပါသည်။ ဘဲမ်ဘီ နှာသီးမည်းမည်းလေးအထက် နှာတံရိုးပေါ်မှာ အမွေးကျဲနေလေရာ အဲဒီနား အရေပြားဟာ ဟစ်



လက်မလောက် စင်းကြောင်းထင်၍ သွေးလေးစို့တက်လာသည်။

"ဟာ…ရိုင်းတယ်ကွာ၊ သွေးထွက်သွားပြီ၊ ခင်ဗျားကြောင်က ရိုင်းလှချည်လား၊ ချစ်လို့စ,နေတာကို တကယ်ကုတ်ပစ်တယ်"

"အို…ဒါတော့ သူ ကြောက်ရမ်းရမ်းတာပါ"

"ဟာ…တော်တော်ရိုင်းတဲ့ကြောင်၊ တောထဲပစ်လိုက်ဖို့ပဲ ကောင်းတယ်၊ ဒီပုံအတိုင်းဆို ခင်ဗျား ကြောင် ခင်ဗျား သိမ်းနေစရာ မလိုဘူး၊ ဘဲမ်ဘီ့ပဲ ကျွန်တော့်မှာ လွတ်ရာကင်းရာ သိမ်းထားဖက်ထား ရတော့မလိုဘဲ၊ ကျွတ်…"

"ခွေးကလာနမ်းတော့ ကြောင်ဆိုတာ ကြောက်မှာပဲ၊ ကြောက်ကန်ကန်တာပါ၊ ကျွန်မကြောင် မရိုင်းဘူး၊ ဒီလိုတစ်ခါမှတောင် မကုတ်ဘူး"

"ဟာကွာ၊ မင်းကလဲ ရာဇဝင် ရိုင်းတယ်ကွာ၊ ခွေးနဲ့ကြောင် ခွေးက ခံရတယ်လို့"

နေဒွန်းက ဘဲမ်ဘီကို အားမလို အားမရနှင့် ခေါင်းကို ပုတ်ကာ မာန်သည်။ ဥဒေါင်းပျိုသည် ရယ်ချင်တာကို မနည်း အောင့်ပြီး တည်ထားရလေသည်။ ဒီပုံတိုင်းဆို ဘဲမ်ဘီဟာ ဝဝကို ရန်ပြုတော့မည့်ပုံ မပေါ်ပါ။ ဝဝကလည်း နောက်ဆိုရင်တော့ သိပ်မကြောက်တော့ဘဲ ရင်းနှီးသွားမည် ထင်ပါသည်။

"ဝဝကလဲ ဒီလို အမြဲလုပ်မှာ မဟုတ်ပါဘူး၊ အခုက သူ လန့်လို့ပါ၊ နောင်ကို ရင်းနှီးသွားရင်

www.burmeseclassic.com

www.burmeseclassic.com



ချလဲ လန့်မှာ မဟုတ်တော့ဘူး"

"ပြောနိုင်မလား၊ ဒီလောက်စွာတဲ့ကြောင်ကို"

နေဒွန်းက ဒေါသတွေထွက်နေသည်။

"ဝဝက မစွာပါဘူး၊ တကယ်ပါ၊ ကျွန်မ ထင်တယ်၊ နှစ်ရက်သုံးရက်လောက်နေရင် ကျွန်မတို့အခန်းတွေထဲတောင် လျှောင်ပိတ်ဖို့ မလိုတော့ဘူး၊ သူတို့ ဒီပုံအတိုင်းဆို ခင်သွားကြမှာပါ"

"ခင်ဗျားက ပြောအားရှိတာပေါ့၊ ခင်ဗျားကြောင်က ဇွဲဆော်ဦး တီးလိုက်တာကိုး၊ ကျွန်တော့်မှာတော့ ဘဲမ်ဘီကို လုံအောင် လှောင်ပိတ်ရဦးမှာပဲ၊ လူကြီးတွေကိုတောင် ခုပဲ ဖုန်းဆက်ပြောလိုက်ချင်သေးတယ်၊ တကယ်ခံရတာ ခွေးကပါလို့၊ ဟွန်း..."

ဥဒေါင်းပျိုသည် ပြုံးစိစိကလေးဖြစ်ကာ ခြင်းနှင့်ကြိုးစးတွ ကောက်သိမ်းသည်။

"ခင်ဗျားကြောင်ကို တံခါးပိတ်ခဲ့ဦး၊ ကျုပ်ခွေး ဒဏ်ရာထပ်ရနေဦးမယ်"

နေဒွန်းက ဥဒေါင်းပျိုကိုရော ကြောင်ကိုပါ မျက်စောင်းထိုးကာ ဘဲမ်ဘီကို တစ်ဖက်ခန်းသို့ ခေါ်ယူသွားပါသည်။

♥♥♥



(၃)

"ဟေး...အိမ်ထောင်သည်ကြီး ရုံးတက်လာပြီဟေ့၊ ဟေးဟေး..."

မိုးဦးနှင့်ဝင်းထွန်းကြည်က လက်ခုပ်လက်ဝါးတီးကာ သူ့ကို ဆီးကြိုလိုက်ကြပါသည်။ မန္တလေးကို သွားသည့်နေ့ကစပြီး သူ ရုံးမှ ခွင့်ဆယ်ရက်ခံစားရပါသည်။ ရုံးက ခွင့်ယူလိုက်စဉ်က သူ လူပျို၊ ရုံးပြန်တက်တော့ အိမ်ထောင်သည်။

နေဒွန်းက မျက်ခုံးကို တွန့်ရင်း...

"မနောက်ကြနဲ့ကွာ"

သူ မိဘသဘောတူသော ဇနီးကို လက်ထပ်ရကြောင်း

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေလည်း သိကြပါသည်။ ထို့ကြောင့် ပြုံးစိစိနှင့် ပို၍ နောက်ချင်စရာ ဖြစ်နေကြသလိုပင်။

"ဒေါင်ဒေါင်းလေးက မဆိုးပါဘူးကွ၊ မင်္ဂလာဆောင်နေ့က မြင်သားပဲဟာ"

"ဘာမဆိုးတာလဲ"

နေဒွန်းပြောပြထား၍ပင် အိမ်က ခေါ်ကြသော အမည်ကိုပါ သိနေကြတာပင်။

"မင်းပြောတော့ မလှဘူးဘာဘူးနဲ့၊ ငါတို့က ရုပ်ပဲဆိုးသလားလို့ပေါ့"

"လှမှမလှဘဲနဲ့"

"ချစ်စရာကောင်းပါတယ်ကွာ"

"မကောင်းပါဘူး"

"အိုကေတယ် မဟုတ်လား"

"ဘာအိုကေတာလဲ၊ ဘာမှ မအိုကေဘူး၊ တစ်နေ့တစ်နေ့ ငြင်းရခုံရ၊ ရန်ဖြစ်ရနဲ့၊ မိန်းမယူရတယ်ဆိုတာ ဘာမှ စိတ်ချမ်းသာစရာ မရှိဘူး"

"မင်းက ဘာတွေသွားငြင်းခုံနေတာလဲ"

နေဒွန်းသည် စိတ်ပျက်လက်ပျက်နှင့် လောလောဆယ်သူတို့နှစ်ယောက်ကြားက အကြီးဆုံး ပဋိပက္ခဖြစ်သည့် ဘဲမ်ဘီနှင့် ဝဝ ကိစ္စကို သူငယ်ချင်းတွေထံ ဓာတ်ကြောင်းလှန်သည်။ မိုးဦးရော ဝင်းထွန်းကြည်ပါ တဟားဟားပွဲကျကာနေသည်။

"အေး…မင်းတို့ကတော့ ရယ်နိုင်တာပေါ့၊ ငါ



ကတော့ ရုံးတက်လာရတာတောင် စိတ်မဖြောင့်ဘူး၊ အိမ်မှာ ငါ မရှိတုန်း ငါ့ကို အမြင်ကတ်ကာပါရောပြီး ဘဲမ်ဘီကို နှိပ်ကွပ်နေမလား မသိဘူး၊ သူ့ကြောင်မကလဲ စိတ်မြန်လက်မြန်ရှိလိုက်တာဆိုတာ၊ ဖြိခနဲ ဖြိခနဲ ဆွဲဆွဲကုတ်တာ၊ ဘဲမ်ဘီဆိုတဲ့ ကောင်ကလဲကွာ ဝဋ်ပါပဲ၊ ဒီကြောင်မကိုပဲ သွားခင်နေတယ်၊ သူက ခင်မင်တဲ့စိတ်နဲ့ကပ်၊ ဟိုက ကုတ်လွှတ်နဲ့ တောက်…"

"မင်း ခွေးကလဲ ခွေးရာဇဝင် ရှိင်းလိုက်တာကွာ၊ ကြောင်ကို အညှဲခံရတယ်လို့၊ တော်ကြာနေ ဓာတ်ဆက်ပြီး ခွေးသခင်ကပါ ကြောင်သခင်ကို ကြောက်နေအရှုံးပေးနေရဦးမယ်"

"အောင်မာ ငါလား ကြောက်ရမှာ"

"လန့်ရုံကလေးပဲလား၊ ဟားဟား…"

"ဟေ့ကောင်တွေ"

နေဒွန်းသည် ရုံးရောက်တော့လည်း ကြည်လင်ကာပြန်ပျော်လာရပါသည်။ အိမ်မှာဖြင့် ပွင့်လင်းတည့်တိုးကျလှသည့်စကားတွေကိုသာ ခပ်တည်တည်ကြီး ပြောဆိုတတ်သည့် ဥဒေါင်းမျိုကို ကိုယ့်ဘက်က လျှော့ပေးရရာကျမှာစိုး၍ အပြိုင်တည်ပုပ်တင်းမာကာ စကားကို ဟောင်ဖွာဖွာ ပြောနေရပါသည်။

အမှန်က နေဒွန်းစရိုက်က စကားကို ခပ်တင်းတင်းခပ်မာမာ လေသံကျယ်ကြီးတွေနှင့် ပြောတတ်သော စရိုက်မဟုတ်ပါ။ သို့ပေမဲ့ တစ်ဖက်က ခပ်စိမ်းစိမ်းကြည့်ရှုပြီး တည်တင်းတင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုတဲ့အခါ ကိုယ်က အေးချမ်းသော လေသံနှင့် ပြန်ပြောနေလို့ မဖြစ်သေး။

တော်ကြာ နောင်အရှည်ကို သူက တင်းတင်း ကိုယ်က ပျော့ပျော့ အကျင့်ပါသွားမှာစိုးရသည်။ ခုချိန်ထိလည်း နေဒွန်းနှင့် ဉဒေါင်းပျိုက စိမ်းတုန်းပါပင်။ နေဒွန်းဟာ လူတစ်ယောက်နှင့်အခုစသိလျှင် တစ်ခဏအတွင်း အဖွဲ့ကျ ခင်မင်တတ်သူပင်၊ ဉဒေါင်းပျိုက ထိုသို့မဟုတ်။ ဒါကြောင့်ပဲ ရင်းနှီးမှု မရနိုင်ကာ ခပ်စိမ်းစိမ်း ဖြစ်နေကြရတာပင်။

မနက်စောစောထကာ မီးဖိုထဲ ချက်ပြုတ်၊ လျှော်ဖွပ်၊ ကြမ်းတိုက် စသဖြင့် အလုပ်ကို ဇယ်စက်အောင် လုပ်နေကာ အာလာပ သလ္လာပ စကားမျိုးလည်း ပြောဆိုခြင်း မရှိ။ နေဒွန်းမှာ အလုပ်မရှိ အလုပ်ရှာ၍ စာဖတ်ခြင်း၊ ခွေးနှင့်ဆော့ခြင်း ဘာတွေကို ရှာကြံလုပ်နေရမှန်း မသိ။

မနက်တစ်ပိုင်းလုံး ပျင်းရိ ငြီးငွေ့တွန့်လိမ်နေသည်။ နေ့လယ် ဆယ့်နှစ်နာရီလောက်မှာ အိပ်ခန်းဝသို့ ရိပ်ခနဲ ရောက်လာပြီး…

"ထမင်းစားလို့ရပြီ"

ခပ်တင်းတင်း လာပြောတတ်ပါသည်။ နေဒွန်းကလည်း အားကျမခံ "အင်း" ဟု ခပ်တင်းတင်း ခပ်ကျယ်ကျယ် တုံ့ပြန်ကာ ထွက်လာ ထမင်းစား။ ထမင်းစားတုန်းလဲ ဉဒေါင်းပျိုက စကားမပြော။ ဟင်းချိုကို တစ်ပန်းကန်လုံးစီခွဲပြင်ပေးကာ သောက်ချေ ရှိသူမို့ စကားမပြောတာဟာလည်းပဲ ယဉ်ကျေးမှုတစ်မျိုးပေ



လားလို့ ရိုင်းရာကျမှာ နေဒွန်းကလည်း စိုးရိမ်ပြီး စကားမပြော။

ထမင်းစားပြီးလျှင်လည်း ဆေးကာကြောကာ မီးပူတွေ ဘာတွေ တိုက်ကာနှင့် နီးနီးကပ်ကပ် မရှိရပြန်။ တစ်ခါတစ်ခါလည်း ဘယ်အခန်းမှာ ဘာသွားလုပ်နေမှန်း မသိဘဲ တိတ်၍ ပျောက်နေသည်။ လိုက်ရှာရလျှင် ကိုယ်က အောက်မည်စိုးရိမ်ပြီး နေဒွန်းကလည်း မရှာ။ နေ့လယ်ကျ နေဒွန်း အိပ်ပျော်သွား ကတ် ပါသည်။

အိပ်ရာက နိုးလာကတည်းက တီဗီမြန်မာ့အသံကို တစ်လှည့်၊ မြဝတီကို တစ်လှည့် ပြောင်းလှည့်ဖွင့်ကြည့်နေရကာ ဘာမှ လုပ်စရာ မရှိ။ မှောင်စပျိုးလျှင်တော့ နေဒွန်း တိုက်အောက်ဆင်းကာ အိမ်းအနားခွေငှားဆိုင်က သူ ကြည့်ချင်ရာရာ ဘောလုံးခွေတို့ဘာတို့ သွားငှားသည်။ ညစာ ထမင်းစားပြီးလျှင် ထိုင်ကြည့်။ ဉဒေါင်းပျိုက အလုပ်တွေပြီးလျှင် အိပ်ခန်းထဲဝင်လာကာ နေဒွန်းကြည့်နေသော အခွေကို အတူကြည့်နေသလိုလို မကြည့်နေသလိုလိုနှင့် တစ်ခဏကြာလျှင် စောင်းစောင်းလေး အိပ်ပျော်နေပြီ။

မပြောမဖြစ် လိုအပ်သော စကားတွေသာ ပြောဖြစ်နေကာ မပြောလို့ မဖြစ်သော စကားမျိုးဆိုတာကလည်း လောကမှာ အတော်နည်းပါးလေရာ တစ်နေ့လုံးနေလို့မှ စကားက ကိုးခွန်းပြည့်သည် မထင်လိုက်ပါ။ သူမက ဇလိုက်ဇလျော တရင်းတနှီးနေတတ်သူဆိုရင်တော့ ညားခါစလင်မယားဘဝမှာ နောက်ပြောင်ထွေငေါ့ကလူကျီစယ်တာတွေနှင့် မကြာမီ ရင်းနှီးသွားမှာပါ။

ခုတော့ ဝေးပါသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

““မင်းကို သတင်းထူး ပြောစရာရှိသေးတယ်””

““ဘာသတင်းလဲ””

““ကောင်းတာလား၊ မကောင်းတာလားတော့ မသိဘူးကွာ၊ မင်း ခွင့်ယူပြီး နောက်တစ်နေ့မှာပဲ အင်တာဗျူးခေါ်ပြီး လူသစ်တွေ ထပ်ခန့်တာလေ””

““အဲဒါ ဘာဖြစ်လို့လဲ၊ လူသစ်တွေခန့်မှာ ငါ သိသားပဲ၊ ရွေးပြီး ခန့်ပြီးသွားပြီလား””

““အေးကွ၊ ဒီနေ့ အင်တာဗျူးဆိုရင် နောက်နှစ်ရက်မှာ ခန့်စာထုတ်လိုက်တာပဲ၊ အင်ဂျင်နီယာက လေးယောက် ထပ်ခန့်တယ်၊ တို့လို အာကီတက်က နှစ်ယောက်၊ အက်ဒ်မင်မှာ စာရေးတစ်ယောက် စာရေးမ တစ်ယောက်၊ မန်နေဂျာနေရာ လူသစ်လဲ ရောက်လာပြီ””

နေဒွန်းတို့ ကုမ္ပဏီမှာ နိုင်ငံခြားသားနှင့်မြန်မာရှယ်ယာတူ အကျိုးတူ ပိုင်ဆိုင်သော နာမည်ရ ဆောက်လုပ်ရေး ကုမ္ပဏီကြီး ဖြစ်ပါသည်။ လမ်း၊ တံတား၊ ဈေး၊ အပေါ်ထပ်မင့်များ၊ ကွန်ဒိုမီနီယမ်များ၊ စက်မှုဇုံမှ စက်ရုံများ စသဖြင့် အဆိုင်းဆိုင်းခွဲကာ များစွာဆောက်နေရတာပင်။

ဆောက်လုပ်ရေးပိုင်းနှင့် ရုံးလုပ်ငန်းပိုင်း မန်နေဂျာ နှစ်ယောက်ရှိသည့် အနက်က တစ်ယောက်က အလုပ်ထွက်သွား၍ နှစ်ပတ်ကျော် လူလစ်လပ်နေခဲ့တာပင်။ နိုင်ငံခြားသားက ထိုနေရာကို သူ့ဌာနေ နိုင်ငံသားတစ်ယောက်ထည့် ၍ ခန့်မည်ဟုဆိုထား၍



လူသစ်ထပ်မရှာဖြစ်ဘဲ လစ်လပ်နေတာ။

““နိုင်ငံခြားသားပဲလား””

““မဟုတ်ဘူးကွ၊ ဟိုလူက မလာဖြစ်ဘူးတဲ့၊ အဲဒါနဲ့ ဒီကပဲ လူခေါ်တယ်၊ ခန့်လိုက်ပြီ၊ တော်ပုံရပါတယ်၊ လူငယ်ပဲဆိုတော့ ခင်ဖို့လဲကောင်းပါတယ်၊ ငါတို့ထက် သုံးလေးငါးနှစ်တော့ ကြီးမယ်ထင်တယ်””

““အဲဒါပဲလား သတင်းထူး၊ ဒါကို မင်းတို့က ကောင်းတာလား မကောင်းတာလားဆိုတာက ဘာပြောတာလဲ””

““ဒီထက်ထူးတဲ့သတင်း””

““ဘာလဲ ပြောလေ””

““ခန့်လိုက်တဲ့ အာကီတက်နှစ်ယောက်တည်း မှာ တစ်ယောက်က ပပ””

““ဟင်...””

နေဒွန်းရှုံ့မဲ့သွားရပါသည်။ ပပကို ခွဲလမ်းခဲ့တာ မှန်သော်လည်း ဒီလိုအခြေအနေရောက်မှတော့ ဒီလောက်ကြီး နီးနီးကပ်ကပ် လာမဆုံချင်ပါ။ ဒီလောက်ကြီး နေ့စဉ်တွေ့မြင်ဆုံစည်းနေရမယ့်အခါ သူ့စိတ်ဘယ်လိုရှိမည်ကို ကိုယ့်ကိုယ်ကို အယုံအကြည် မရှိပါ။

““ရင်ခုန်သွားသလား၊ ဟဲဟဲ...””

““ဟာကွာ...စိတ်ရှုပ်လိုက်တာ””

နေဒွန်း တကယ်ပဲ စိတ်ရှုပ်ရှုပ်နှင့် ညည်းညူမိပါ သည်။

www.burmeseclassic.com

www.burmeseclassic.com

"မပျော်ဘူးလား"

"ပျော်စရာလားကွ၊ မင်းတို့ကောင်တွေ ငါ့ကို ဘာများမှတ်နေလဲ၊ ငါ မိန်းမ မယူသေးရင်တော့ ဟုတ်တာပေါ့၊ ပျော်စရာပေါ့၊ ခုက ဘာကို သွားပျော်ရမှာလဲ"

"မင်းသာ မပျော်ရင်နေ၊ ပပကတော့ ပျော်နေတယ်၊ သူက အလုပ်စလျှောက်ကတည်းက ဒီကုမ္ပဏီမှာ မင်းရှိတာ သူ သိပြီးသားပဲလေ၊ မင်းလာရင် အံ့သြသွားမှာပဲဆိုပြီး ရယ်နေတာပဲ"

"ဟော့ကောင်...ဟိုမှာ လာပြီကွ"

နေဒွန်းသည် ခေါင်းတစ်ချက် ဖြည်းဖြည်းရမ်းကာ သူ့စားပွဲမှာ သူ ဝင်ထိုင်လိုက်ပါသည်။ ပပရဲ့ တိုက်ပ်ကို သူသိပါသည်။ သူကသာ ယောက်ျားလေးဖြစ်ပါလျှက် ရှိန်းနေမှာဖြစ်ပြီး ပပက တစ်စက်မျှ ရှိန်းနေတွန့်နေမှာ မဟုတ်ပါ။

ထင်သည့်အတိုင်းပဲ ပပက ဒေါက်ဖိနပ်သံလေး တခွပ်ခွပ်နှင့် ခပ်သွက်သွက် လျှောက်ဝင်လာကာ...

"ဟိတ်...ကိုနေဒွန်း ရုံးတက်ပြီလား"

နေဒွန်းသည် အသံရှင်ရှင်ကလေးကို မျက်လွှာတစ်ချက် ပင့်လှန်ကာ ပြန်ငုံ့ရင်း...

"အင်း..."

တစ်ခွန်းပဲ ဖြေလိုက်ပါသည်။

"အံမယ် သူက မိန်းမရလို့ သွေးကြီးသွား



တယ်ပေါ့လေ၊ လူကို မခေါ်ချင်သလို မပြောချင်သလိုနဲ့ပေါ့လေ၊ ရပါတယ်လေ၊ မြောင်းထဲကျ လူတွေကို မြောင်းနှုတ်ခမ်းပေါ်က လူတွေက အကြောကြီးနဲ့ ကြည့်စမြဲပါပဲနော်၊ ဟုတ်ဖူးလားနော် ကိုမိုးဦးရယ်"

"ဟာ...ဘာတွေပြောနေတာလဲဗျာ"

နေဒွန်းက မျက်နှာနီနီနှင့် ကမူးရှူးထိုး ပြောမိလျှင် ပပက သောသောကလေး ရယ်မောနေပါသည်။ အဖျားနား၌ ခွေလိပ်ကာ အညိုရောင်ဆိုးထားသည့် ဆံပင်ကို ကျောတစ်ဝက် ဖြန့်ချထားလျက် ကုတ်နှင့်စကတ်ရှည် နက်ပြာကလေး ဝတ်ထားသော ပပရဲ့ ကိုယ်ဟန်လေးက ရှင်းကြော့နေသည်။ မျက်နှာကို ပြေပြစ်စွာ လိမ်းခြယ်ထားသည်မှာလည်း ရုတ်တရက်ကြည့်လျှင် မင်းသမီးလား ထင်ရလောက်အောင်ပင် ပေါ်လွင်အချိုးကျလှပါသည်။

"ပပတို့ကတော့ ကိုယ့်သူငယ်ချင်းချင်းတွေ တစ်ရုံးတည်း ပြန်ဆုံရတယ်ဆိုပြီး ပျော်လို့၊ သူက သွေးကြီးနေတယ်၊ ဟွန်း..."

"ဟာ...စိတ်ညစ်တယ်ဗျာ၊ ဘာသွေးကြီးစရာ ရှိလို့လဲ"

"မိန်းမ ရလို့လေ"

"အမေပေးစားလို့ မိန်းမရတာ သွေးကြီးစရာလား ဗျာ၊ ဒုက္ခပါပဲ"

မိုးဦးနှင့် ဝင်းထွန်းကြည်ကတော့ တဟားဟားနှင့် ဘေးက ပွဲကျနေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ ဒါဖြင့် ဘာလဲ၊ ပပ ဒီကို အလုပ်ဝင်လာတာ မကျေနပ်ဘူးလား"

"အာ…ပပဘာသာ အလုပ်ဝင်တာလဲ ကျွန်တော်က ဘာမကျေနပ်စရာရှိလဲ"

"ဘယ်သိမလဲ၊ မျက်နှာကြီးက မရွှင်မပျနဲ့"

နေခွန်းသည် အတော်စိတ်အိုက်ကာ ချွေးပျံနေပါသည်။ ပပကတော့ သူ့ကို ရယ်စရာ သတ္တဝါများမှတ်နေသလား မသိ။ ပပကတော့ သူ့ကို အမြဲတမ်း လှောင်ပြောင် ရယ်ပွဲဖွဲ့တတ်မြဲပါပဲ။

"ထမင်းစားရင် အားလုံးတူတူ စားမယ်နော်၊ ခေါ်နော်…သိလား"

ပပက ပြုံးရင်း အကြောင်းမဲ့ မျက်စောင်းလေး ရွယ်လျက် ထွက်သွားပါသည်။

♥♥♥



"ဒီမှာ…"

စောစောစီးစီး မီးဖိုထဲ ဝင်လာကာ နောက်မှ လှမ်းခေါ်လိုက်၍ ဥဒေါင်းပျိုက ဟင်းချက်နေရင်းက လှည့်ကြည့်လိုက်ပါသည်။

"ဒီနေ့ ရုံးစောစော သွားရမယ်၊ ခုပဲ သွားရတော့မယ်၊ အဲဒါ ဘဲဥကြော်ကို အောက်ဆင်းကျောင်းပေးစမ်းပါ၊ သိလား"

"ဟင်…"

ဥဒေါင်းပျိုက မျက်ခုံးတွန့်သွားကာ…

"မဖြစ်ပါဘူး၊ မဖြစ်ပါဘူး"

"ဘာလို့မဖြစ်တာလဲ၊ ကျွန်တော် အကူအညီတောင်းတာပါ၊ ဒီတစ်ရက်တည်းပါ"

"ဟာ…ကျွန်မ အဲလိုကြီး မဆင်းကျောင်းချင်ပါဘူး"

နေခွန်းသည် ခပ်တင်းတင်း ငြင်းနေသော ဥဒေါင်းပျိုကို အမြင်ကတ်လာကာ…

"ဘာလို့ မကျောင်းချင်ရတာလဲ"

"ကျွန်မ ရှက်တယ်"

"ဟာ…ဘာရှက်စရာ ရှိသလဲ၊ မဟုတ်တာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်တာမှ မဟုတ်တာ"

"မဟုတ်တာ လုပ်တာ မဟုတ်ပေမဲ့ ရှက်စရာကောင်းတာတွေရှိတာပဲ"

"ဒါက ဘာများ ရှက်စရာဖြစ်နေလဲ"

"အို…ခွေးကို သံကြိုးနဲ့ချည်ပြီး ဟိုလျှောက်ဒီလျှောက် ဆွဲလျှောက်နေရမှာ၊ ရှက်စရာကြီး"

"ဟာ…ဘာများရှက်ဖို့ကောင်းလို့လဲ"

"အို…ကိုယ့်ဟာကိုယ် ရှက်တာ ဘာတတ်နိုင်မလဲ"

"ခင်ဗျား သက်သက်ကတ်နေတာ၊ ဘာမှ လုပ်မပေးချင်တိုင်း"

ဦးဒေါင်းပျိုသည် မီးဖိုပေါ်မှ အိုးကို ချကာ နေ့ခွန်းဘက်တည့်တည့်လှည့်လိုက်ပါသည်။ တစ်လပြည့်ခါနီးထိ စိမ်းသက်သက်ဖြစ်နေသော ခင်မွန်းသည် လင်ယောက်ျားကို စေ့စေ့မှူးစိုက်ကြည့်မိရင်း ရင်ထဲမှာ မခံချင် မကျေနပ်မှုတွေ လုံးထ‚လာသည်။

ဒီအိမ်ကို ရောက်ကတည်းကစပြီး သိပ်မနီး သိပ်မဝေးသော ဈေးကို ဟင်းချက်ဖို့ ဈေးသွားဝယ်ရတာက လွဲပြီး ဘယ်ကိုမှ မထွက်ရဘဲ အိမ်ထဲတင် လှောင်နေ အောင်းနေရ၍ ဦးဒေါင်းပျိုစိတ်ထဲ မပျော်ရွှင် မလွတ်လပ်မှုကို ခံစားနေရသည်မှာ တစ်ရက်ထက် တစ်ရက် သိပ်သည်းလာနေသည်။

သို့ပေမဲ့ သူမ ဘာမှ မပြောပါ။ သူလည်း သူ့ရုံးတစ်ဖက်နှင့်။ တစ်ခါတစ်ရံ စနေပါ အိုဗာတိုင်မ် ဆင်းရသည်



ဖြစ်ရာ တနင်္ဂနွေဆိုလည်း သူ နားလိုက နားပါစေတော့ရယ်လို့ပင်။ ကိုယ့်ကို မခေါ်ဘဲ သူ့ဟာသူလည်း ထွက်လည်နေတာမဟုတ်၍ ခွင့်လွှတ်ထားရပါသည်။

အိမ်ထဲ ကုပ်ကာ အိမ်ဝေယျာဝစ္စ ယောက်ျားဝေယျာဝစ္စသာ တကုပ်ကုပ်လုပ်ပြီး ပျင်းရိငြီးငွေ့နေရသော အဖြစ်၌ ဦးဒေါင်းပျိုက မျက်ရည်ပင် ကျဖူးပါသည်။ မန္တလေးအိမ်ကိုလည်းကောင်း၊ မိဘကိုလည်းကောင်း လွမ်းလှသည်။

ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အပြင်ထွက်ဖို့လည်ပတ်ဝယ်ခြမ်းဖို့ကျတော့လည်း မန္တလေးဆိုရင်တော့ ဟုတ်တာပေါ့။ ရန်ကုန်ကို သူမမှ မကျွမ်းကျင်ဘဲ။ အငှားကားကိုတစ်ယောက်တည်း စီး၍လည်း မသွားရဲပါ။ ရပ်ကွက်တွေလမ်းတွေ တစ်ခုမှ မသိ၍ တခြား မောင်းသွားလဲ သိမှာမဟုတ်။

ဒီတော့ ကိုယ့်ဟာကိုယ်လည်း အပြင်မထွက်ရဲ။ အိမ်ထဲမှာပဲနေကာ လုပ်စရာရှိသမျှကိုသာ တစ်ခုမှ တာဝန်မကျေ လစ်ဟင်းရသည် မရှိအောင် လုပ်ပေးနေပါလျက် ဘာမှလုပ်မပေးချင်ဘူး အပြောခံရတာတော့ စိတ်နာလှသည်။ ဒီထက် လုပ်ပေးစရာဘာမှမကျန်တော့။

ခွေးလည်ပင်း ကြိုးချည်ပြီး လမ်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေဖို့ကို သူမ တကယ်ပဲ ရှက်တာ ဘယ်လိုလုပ်ရမလဲ။ မကောင်းတာ မမှန်တာ မဟုတ်ပေမယ့် ကိုယ့်စိတ်နဲ့ကိုယ်ကိုယ် ရှက်ချင်ရှက်မှာပေါ့။ သူများတွေက ကြည့်ကြမှာ၊ ပြီးတော့ခွေးက အီးရပ်ပါလျှင် သူမက နံဘေးမှာ ရပ်နေရမှာ ရှက်စရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ပါ။

ကိုယ်မှ လုပ်မပေးနိုင်ဘဲဟာ။ ဘယ်တတ်နိုင်ပါ့မလဲ။

"ဘာလဲ၊ အဲလိုကြီး ပြုံးကြည့်နေတာကဘာလဲ၊ ဘာပြောချင်လို့လဲ"

"ဘာမှ လုပ်မပေးချင်ဘူးလို့ ရှင် မပြောပါနဲ့ ကိုနေဒွန်း၊ ဒီလောက် လုပ်ပေးနေတာတွေ ရှင် မမြင်လို့လား၊ ရှင့်ကို ချက်ပြုတ် ခူးခပ်ကျွေးတယ်၊ ထမင်းဘူး အချိန်မီ ထည့်ပေးတယ်၊ အဝတ်အစားတွေ လျှော်ဖွပ် မီးပူတိုက်ပေး၊ ရှင် ဖွသမျှ ရှင်းပေးတယ်၊ နှစ်ယောက် ဆိုင်တဲ့ အိမ်မှာ ရှိသမျှ ဝေယျာဝစ္စအလုပ်အားလုံး ကျွန်မပဲ လုပ်ပေးနေတာ ဘာလို့ ဘာမှ လုပ်မပေးချင်ဘူးလို့ ပြောရတာလဲ"

"ခင်ဗျားကို ဘယ်သူမှ ရိုက်မခိုင်းပါလား၊ မလုပ်ချင်လဲ အပြစ်မရှိပါဘူး၊ အိမ်ဖော်ခေါ်ပါ၊ ရတယ်လေ"

"လူနှစ်ယောက်တည်း ဝေယျာဝစ္စလောက်နဲ့ အိမ်ဖော်ခေါ်ရမှာက မိန်းမတစ်ယောက်အနေနဲ့ ရှက်ဖို့တောင် ကောင်းပါတယ်၊ အိမ်မှုကိစ္စဆိုတာ မိန်းမတိုင်းတတ်တာပဲ၊ လုပ်နိုင်တာပဲ၊ မလုပ်ချင်လို့ ပြောနေတာ မဟုတ်ဘူး၊ လုပ်ပေးတယ်ဆိုတာ ပြောပြတာပါ"

"ခု ကျွန်တော်ပြောတဲ့အလုပ်က ဒီအိမ်အလုပ်တွေလောက်တောင်မှ မပင်ပန်းဘူး"

"ဒါပေမဲ့ ကျွန်မ ရှက်တယ်လေ"



"ရှက်တယ်ဆိုတာ ခင်ဗျား ကပ်တာပဲ၊ ကိုယ့်ခွေး ကိုယ်ဆင်းကျောင်းတာ ဘာမှ ရှက်စရာ မရှိဘူး"

"ရှင် မရှက်ပေမယ့် ကျွန်မ ရှက်ရင်ရှက်မှာပေါ့လို့၊ ပြီးတော့ ကျွန်မ ခွေးမဟုတ်ပါဘူး၊ ရှင့်ခွေးပါ"

"ဩော်...ခင်ဗျားက ဒီလိုလား"

"ပြောပြတာလေ၊ မဟုတ်လို့လား"

"ကျွန်တော့်ခွေးဖြစ်လို့ ခင်ဗျားက ဆင်းမကျောင်းပေးနိုင်ဘူးပေါ့"

"ဘယ်သူ့ခွေးဖြစ်ဖြစ် ဆင်းမကျောင်းနိုင်ဘူး၊ ကျွန်မ ရှက်တယ်လို့ ပြောပြီးပြီပဲ"

"ခင်ဗျားက ဒီလိုခွဲခြားတယ်ပေါ့၊ ဒီခွေးဟာ ခင်ဗျားနဲ့ မဆိုင်ဘူး၊ ကြောင်သာ ဆိုင်တယ်ပေါ့"

"ဒါ ဟုတ်တယ်လေ၊ မဟုတ်လို့လား"

"ကိုယ့်အိမ်ကခွေးဆိုတဲ့ သက်ဆိုင်မှုတောင် မထားနိုင်ဘူးပေါ့"

"ရှင်ဘာတွေ လျှောက်ပြောနေတာလဲ၊ နားမလည်ဘူး၊ ကျွန်မ ပြောနေတာက ခွေးကို ကြိုးတပ်ဆွဲပြီး ရှင်းရှင်းပြောရရင် အီးဆင်းတယ်ရမှာ ရှက်တယ်၊ ဒါပဲ"

"လုံးဝ လုပ်မပေးဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ၊ ရှင် အခု ရပ်ပြောနေချိန်မှာ ရှင် ဆင်းလိုက်ရင် ခလောက်ရှိ ပြန်တောင်တက်လာပြီ၊ အချိန်မရဘူးလဲ ဆိုသေးတယ်၊ ရှင်က သက်သက် အချိန်တွေဖြုန်းနေတာပဲ"

"ခင်ဗျားလုံးဝ လုပ်မပေးဘူးလားဆိုတာပဲ ပြောပါ"

"ပြောပြီးနေပြီ၊ ကျွန်မ မဆင်းပေးနိုင်ဘူး၊ ရှက်တယ်"

နေဒွန်းသည် သူ့ကို အားနာသမှု လိုက်လျောသမှုနှင့်ပင် ခေါင်းမညိတ်လိုက်ဘဲ တင်းခံနေသော ဥဒေါင်းပျိုကို စိတ်တိုသည်။ မိန်းမရယ်လို့ ပျောင်းပျောင်းနွဲ့နွဲ့နှင့် ကြင်နာလိုက်လျောမှုကို မရှိဘူး။ သူ့ဟာသူ တာဝန်ကျေသူဖြစ်အောင် လုပ်နေကိုင်နေတာတွေကိုပဲ စကားလုပ်ပြောနေသည်။

"ပြီးရော…ခင်ဗျား ဆင်းမကျောင်းရင် ဘဲမ်ဘီက အိမ်ပေါ်မှာ ပါမှာပဲ"

နေဒွန်းက လန့်သွားအောင် ခြိမ်းခြောက်လိုက်သည်။

"အဲဒါတော့ ကျွန်မလဲ ဘယ်တတ်နိုင်ပါ့မလဲ"

ကြည့်ပါလား။ သူမက လန့်လည်းမသွား၊ မှုလည်းမမှု။

"ကဲ…ရှင် ပြောတာ ပြီးပြီလား၊ အရွက်ကြော် လိုက်ဦးမယ်၊ ရှင်က ခုပဲ ထွက်တော့မှာဆိုတော့ ထမင်းဘူး ကမန်းကတန်း ထည့်ရမှာ"

"မထည့်ဘူး ထမင်းဘူး"



နေဒွန်းက ဆောင့်အောင့်အောင့်ပြောပြီး လှည့်ထွက်လာခဲ့ပါသည်။ ထမင်းဘူး မပါလဲ သူတို့ရုံးက ထွက်စားဖို့ပဲဖြစ်ဖြစ် စားစရာမှာဖို့ပဲဖြစ်ဖြစ် လွယ်ကူလှပါသည်။ လူပျို ဘဝတုန်းကလည်း ရုံဖန်ရံခါ သူ ထမင်းဘူး မယူပါ။

ဒီနေ့အဖို့ သူတို့ ကုမ္ပဏီက ဆောက်လုပ်သည့် အဆောက်အဦးတစ်ခု ပြီးစီးလက်လွှဲပေးအပ်ပွဲရှိ၍ ထုံးစံအတိုင်း တစ်ရုံးလုံးကို ကုမ္ပဏီက ကျွေးမှာပင်။ စောစောသွားရတာဟာလည်း ဤကိစ္စအတွက် စီစဉ်ပြင်ဆင်စရာတွေရှိ၍ ဖြစ်သည်။

နဂိုကတည်းက ထမင်းဘူး ဒီနေ့ မယူမှာကို နေဒွန်းက မပြောဖြစ်၍ ဥဒေါင်းပျိုက ခုမှ စိတ်ကောက်ကာ မယူတော့ဘဲ နေတာဟုသာ ထင်မှတ်လိုက်ပါသည်။ ဤသို့ ထင်မှတ်မိသည်နှင့်အမျှ နေဒွန်းကိုလည်း အံ့သြမိသည်။ အတော် စိတ်ကလေး နုနယ်သေးကွေးတဲ့ ယောကျ်ားရယ်လို့သာ သတ်မှတ်ယူဆလိုက်ဖို့ရာ ရှိပါသည်။

နေဒွန်းရဲ့ ဓာတ်ပုံ မေမေမှတစ်ဆင့် သူမထံရောက်လာတုန်းက ဓာတ်ပုံကို ကြည့်ကာ ဝေဖန်ဆုံးဖြတ်မိသည့် အထဲတွင် ဤမျှ သဘောထားသေးလိမ့်မည် စိတ်နုလိမ့်မည် မထင်ခဲ့ပါ။ ပြီးတော့ ဤလူဟာ ဂျစ်ကန်ကန် လူသားဖြစ်ကောင်းဖြစ်နိုင်သော်လည်း စိတ်တော့ ဖြောင့်လိမ့်မည်ရယ်လို့ မှတ်ချက်ချခဲ့မိပါသည်။

ထူထဲသော မျက်ခုံးနက်နက်များ မျက်လုံးမည်းမည်း သောက်တောက်များကလွဲလျှင် တခြား ဘယ်နေရာမှ ပြောပ

www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် စိတ်ဝင်စားစရာ မရှိသော်ငြားလဲ ဘာကြောင့်မှန်း မသိ ဥဒေါင်းပျို့က ဤသာမန်ရုပ်ကိုပဲ နှစ်ခြိုက် လက်ခံနိုင်ခဲ့ကာ ခေါင်းညိတ်ခဲ့တာပါ။

မေမေ စိတ်ချမ်းသာပါစေတော့ရယ်လို့ သမီးလိမ္မာအဖြစ် လက်ခံခဲ့တာက ရာနှုန်းများစွာ ပိုများမည်ဖြစ်ပေမယ့်လည်း ရုပ်ကြည့်ပြီး လုံးဝ လက်ခံချင်စရာ မရှိရင်တော့ဖြင့် သူမ ငြင်းမိမှာပါပေ။ ခုတော့ သူမ ယူခဲ့မိတဲ့ ယောကျ်ားဟာ ဘယ်လိုလူစားပါလိမ့်။

သူ့ကြည့်ရတာ လက်ထပ်ခဲ့ရတာကိုပဲ မကျေနပ်နေသလား၊ သူမကိုပဲ လုံးဝ မနှစ်သက်နိုင်တာလား။ ဒါဖြင့်ရင်လည်း သူ ဘာကြောင့် ခေါင်းညိတ်ပါသေးသလဲ။

လူကြီးမိဘ စီစဉ်တာမို့ ယူပြီးသော်လည်း စိမ်းနေသေးတာမျိုးဖြင့်ကပုံမရပါ။ ကိုကိုတို့ဇနီးမောင်နှံဟာလည်း လူကြီးချင်းစပ်ဟပ်ပေးစားခဲ့သော အိမ်ထောင်ပါပင်။

သို့ပေမဲ့ အိမ်ထောင်ကျခါစကတည်းကပင် ရင်းနှီးဖော်ရွေနေကြကာ ခုလို တစ်လလောက်ရှိရှိမျိုး၌ဆိုရင် ချစ်သူချင်း ယူကြဘိအလား တစ်ယောက်ကိုတစ်ယောက် အပျောက်မခံနိုင်ပင် ဖြစ်၍နေပါပြီ။

ဒါကို မြင်တွေ့နေရ၍လည်း ဥဒေါင်းပျို့က မိဘ စီစဉ်ပေးစားသည့် အိမ်ထောင်ရေးဆိုတာဟာလည်း ချစ်သူချင်း လက်ထပ်ကြတာနဲ့ ဘယ်လောက်မှ များများမထူးခြားပါဘူးလို့ ထင်ခဲ့ပါသည်။ အရင်ကတည်းက ချစ်ခဲ့ကြတာနှင့်နောက်မှ ချစ်



ကြတာ ဒါပဲ ကွာမှာပင်ဟု ယူဆခဲ့မိပါသည်။

ခုတော့ သူက မခေါ်ချင်သလို မပြောချင်သလို စကားကို လေးလုံးကွဲအောင် မပြောဘဲ ခပ်စိမ်းစိမ်းကြီးနေသည်။ ခုထိ အချိန်တော်ကြာ စကားလက်ဆုံထိုင်ပြောနေရတာမျိုး မရှိသေး။ သူကိုကပဲ အသည်းနှလုံး မရှိတာလား။ သူမကိုပဲ လုံးလုံးမချစ်နိုင်လို့ပေလား။

ခုထိ စကားဟက်ဟက်ပက်ပက် မပြောဖူးတာ၊ ဘယ်မှ နှစ်ယောက်တွဲ မသွားလာဖူးသေးတာ၊ သူ့ခွေးနှင့် ပတ်သက်ပြီး စောစောကြီးကတည်းက အာဃာတ ထားနေပုံရတာ၊ ဒါတွေကို ဥဒေါင်းပျို ဝမ်းနည်းစိတ်ပျက်မိလေသည်။ သူမရဲ့ အိမ်ထောင်ရေးဟာ ဒီပုံအတိုင်းဆို သာယာချမ်းမြေ့စရာအကြောင်းရှာလို့မတွေ့ပေ။

ဒါဟာ ဘာကြောင့်များလဲ။ ကိုနေဒွန်းဟာ မိဘစကားနားထောင်ပြီး သူမကို လက်ထပ်လိုက်ရသော်လည်း အရင်က ချစ်ဦးသူများ ရှိလေသလား။

"ဆုံးဖြတ်ချက် မပြင်တော့ဘူးလား"

တွေဝိုင်နေဆဲ နောက်က အသံထွက်လာ၍ ဥဒေါင်းပျို က လန့်ကာ လှည့်ကြည့်လိုက်ပါသည်။ ရုံးသွားခါနီး ပြင်ပြီးဆင်ပြီး အိတ်ဆွဲထားပြီဖြစ်သော နေဒွန်းက မီးဖိုဝမှာ လာရပ်နေသည်။

"ရှင် ဘာကိုမေးတာလဲ"

"ဘမ်ဘီကို ဆင်းမကျောင်းဘူးဆိုတာ သေချာလား"

www.burmeseclassic.com

www.burmeseclassic.com

ဥဒေါင်းပျိုသည် စိတ်ညစ်ညစ်နှင့်...

"ရှင့်ကို ကျွန်မ ပြောပြီးပြီပဲ၊ ကျွန်မ မဆင်းဘူး"

"ပြီးရော၊ ခင်ဗျားဟာ တော်တော် ကတ်ဖိုးကတ်ဖဲ့ ခေါင်းမာတဲ့ အမျိုးသမီးပဲ၊ ခင်ဗျား ဘာကြောင့် ဒီလို စိမ်းကားမာကြောသလဲ စဉ်းစားလို့တောင် မရဘူး၊ ခင်ဗျားက ကျွန်တော့်အပေါ် အပေးအယူ ညှိနှိုင်း ပြေလည်ရမယ့် ခင်ပွန်းသည်တစ်ယောက်လိုထက် ရန်သူတစ်ယောက်လို ဆက်ဆံသလိုပဲ၊ မချစ်မနှစ် သက်သောသူဆိုတော့လဲ ရန်သူမျိုးငါးပါးထဲ တစ်ပါး အပါအဝင် မဟုတ်လား၊ မချစ်မနှစ်သက်ဘဲနဲ့များ ဘာကြောင့် လက်ထပ်ဖို့ လက်ခံခဲ့မှန်း စဉ်းစားလို့ တောင် မရဘူး"

အောင်မယ် သူကပဲ ဦးအောင်ပြောရသည်ရှိသေး။ ဥဒေါင်းပျိုသည် အမြင်ကတ်ကတ်နှင့်...

"ရှင့်လိုပဲပေါ့"

မဆိုင်းမတွ တုံ့ပြန်လိုက်၍ နေဒွန်း အခံရခက်လှသည်။ ဒေါသဖြစ်ဖြစ်နှင့် ချာခနဲ လှည့်ထွက်လာကာ အိမ်ရှေ့တံခါးကိုပင် အသံမြည်အောင် ဆောင့်ပိတ်ခဲ့မိသေးသည်ထင်သည်။

ကားပေါ်တွင် တစ်လမ်းလုံး စဉ်းစားလာမိပါသည်။ ဒီမိန်းမ ဘာကြောင့် သူ့ကို အဖွဲ့မကျသလဲ။ သူကလည်း အရော မဝင်၍ ပါကောင်းပါမည်။ ဒါပေမဲ့ သူမ ပုံစံကရော အရောဝင် ချင်စရာလား။ အရောသွားဝင်လျှင် အရိုက်တောင်ကွဲမည့်ပုံရ



သည်။ နည်းနည်းမှကို သာယာနာပျော်ဖွယ် မရှိဘူး။

ရုံးဝင်းထဲ ကားရပ်သည်အထိ သူ့စိတ်ထဲ ဂျား အောက် ဒေါသထွက်မှု မပြေသေးဘဲ ကားတံခါးကို ငေါ်ကို ပြီးမှ သော့ခတ်ကာ ရုံးထဲ ဝင်လာခဲ့သည်။ ရှေ့အခင်း မှန် ချစ် ကြီးဟာ အထဲကို ဖောက်မမြင်ရဘဲ အထဲကသာ ကိုယ့် မြင်ရပါသည်။ သူ တံခါးဝရောက်လျှင် တံခါးက ဒင်း အသင့်ဆွဲဖွင့်ပေးလိုက်၍ ပွင့်သွားပါသည်။

"ကိုနေဒွန်း ဘာဖြစ်လာလဲ၊ မျက်နှာလဲ မကောင်း ပါလား"

ပြုံးပြုံးလေး ဆီးကြို တံခါးဖွင့်လိုက်သူမှာ ပပ ဖြစ် ပါသည်။ ဒီနေ့ဟာ အဆောက်အဦးအပ်သည့် အထူးနေ့မျိုး ဖြစ်၍ နေဒွန်းကိုယ်တိုင်လည်း ခါတိုင်းထက် တိုက်ပုံပိုကာ သပ်သပ် ရပ်ရပ် စတိုင်ကျနေသလို ပပမှာလည်း အထူးတလည် ပြင်ဆင် ထားပါသည်။ ခါတိုင်းပုံမှန်ကပင် အတော်လှသော ပပမှာ ခုလို နေ့မျိုးဆိုတော့ ငေး၍ပင် ကြည့်ရလောက်ပါသည်။

"မိန်းမနဲ့ ရန်ဖြစ်လာလား၊ ဟင်းဟင်းဟင်း..."

နေဒွန်းသည် နဂိုက စိတ်တိုလာရသည့်အထဲ ပပကိုပါ ရောနှော၍ စိတ်တိုလာမိပါသည်။

"ဟုတ်တယ်၊ ဖြစ်လာတယ်"

"ဟင်...ရန်ဖြစ်တာ ဘယ်ကောင်းမလဲ၊ ကိုနေဒွန်း ကလဲ အလျှော့ပေးလိုက်ပါ"

"ပပ ဘာမှ မသိပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်းလို မဟုတ်ဘဲ မှန်တေတေ ဆက်ဝင်သွားသော းနောက်သို့ ပပက ထပ်ကြပ် ခပ်သုတ်သုတ် လိုက်လာ ။ နေဒွန်းရဲ့တကယ် စိတ်ညစ်နောက်လာဟန်ကလည်း ါသည်။ နေဒွန်းက သူ့စားပွဲမှာ အိတ်ချကာ ဝင်ထိုင်လိုက် ပပက စားပွဲပေါ် လက်နှစ်ဖက် ထောက်ကာ ကိုယ်လေး ငြင်း…

"ကိုနေဒွန်း…ပပက နောက်တာပါ၊ ကိုနေဒွန်း မျက်နှာကြီး မှုန်နေလို့ ကြည့်လိုကြည့်ငြားရယ်လို့ နောက်တာပါ"

"အင်းပါ"

"စိတ်မဆိုးနဲ့နော်"

"ရပါတယ်"

ပပက ခုံတစ်လုံး ဆွဲကာ နေဒွန်းစားပွဲမှာ မျက်နှာ ချင်းဆိုင် ဝင်ထိုင်လိုက်ပါသည်။ အင်း…စိတ်ရှုပ်ရတဲ့ကြားထဲ ပပတစ်ယောက်က တကပ်ကပ်နှင့် ပိုလို့စိတ်ရှုပ်ရတော့တာပဲ။ တစ်ချိန်က ဘယ်လိုပဲ ဇွဲလမ်းခဲ့ ဇွဲလမ်းခဲ့ ဒီလို အချိန်မှာတော့ ပပအတွက်ရော ကိုယ့်အတွက်ရော ကောင်းအောင် လူအထင်သေး စရာ ပြောဆိုစရာမဖြစ်အောင်သာ နေလိုပါသည်။

ပပကလည်း ဗလွှတ်ရွတ်တ ဟီးလားဟားလားနိုင်ပါ ဘိသနဲ့။ တစ်ခါတစ်ရံလည်း မဟုတ်တာတွေကို လူဇဝေဇဝါဖြစ် အောင် အတည်ပေါက် ပြောဆိုပြီးမှ ဝါးလုံးကွဲ ရယ်ချတတ် သေးရာ လူတွေမှာ တကယ်ပဲလား နောက်တာလား အတော်ခွဲခြား



ရ ခက်တတ်ပါသည်။

ဖွတ်စိမ်းကားရမှာကျတော့လည်း ကိုယ်က ယောကျ်ား လေးဖြစ်ပြီး စာချဲ့ရာကျမည်။ ပပက သူ့ကို အမှန်တကယ်ကို ခင်မင်တာလည်း သူ အသိဆုံးပင်။ တကယ်ခင်လို့သာပဲ သူ့အချစ် ကို ငြင်းပယ်ခဲ့ပြီး သူ့ကို ချစ်သူအဖြစ် လက်မခံခဲ့တာပင်။ ကိုယ့် ဘက်က ချစ်ခင်ဇွဲလမ်းရတာအပြင် သူ့ဘက်ကလည်း သူငယ်ချင်း တော်နေသေး၍ ဒီအချိန်မှာ လုံးဝ ဂၢင်းပြတ်ပစ်ဖို့က တစ်မျိုးကြီး ဖြစ်နေပါသည်။

ဒါကြောင့်လည်း ရုံးမှာ တရင်းတနှီး ဖြစ်နေကာ ထမင်း စားတော့လည်း တစ်ဝိုင်းတည်း တူတူ။ သူတို့နှစ်ယောက်တည်း တော့ မဟုတ်ပါ။ မိုးဦးနှင့် ဝင်းထွန်းကြည်လည်း အတူပါပါ သည်။

သို့ပေမဲ့ ပပဟာ ရုံးကို လူသစ်အဖြစ်ရောက်လာပြီး အင်မတန်လည်း လှပနေကာ ရုံးက လူခံယောကျ်ားပျိုတွေ နှင့်လည်း တရင်းတနှီး ဟေးဟေးဟားဟား၊ အချို့သော ရုံးက သူစိမ်းလူပျိုတို့ကလည်း ပပအလှကို စိတ်ဝင်စားကာ ချဉ်းကပ် အရောဝင်ချင်ကြ။

ယောကျ်ားလေးတွေနှင့် ပိုပြီး ပြောဆိုခင်မင်နေတာကို ရုံးက ရုံးခံအမျိုးသမီးထုက အကဲခတ်ကြသည်။ ဘယ်သူ့ရှေ့မှ မရှောင် ပြောချင်ရာပြောဆို နောက်ပြောင်တတ်သော ပပကြောင့် သည်း အတိအကျ မဟုတ်တောင် သူနှင့်ပပဟာ ဟိုးအရင်က ဘာလိုလိုရယ်လို့ လူတွေက ထင်မြင်သံသယဝင်လိုကြပြီပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့ပေမဲ့ ပပကတော့ နေတာတ်မြဲပဲ နေကာ ထူး၍ မဆင်ခြင်။ သူ့မှာသာ ယောက်ျားဖြစ်လျက် ဆင်ခြင်ရကောင်းနိုး၊ နေမြဲနေရကောင်းနိုး ဒွိဟဖြစ်နေသည်။ သူ ပပကို ချစ်ခဲ့သည်။ နှစ်ရှည်လများ ဖွဲ့လမ်းခဲ့သည်။ ဘယ်လိုမှ မရနိုင်တော့ပါဘူးလို့ စိတ်ဒုံးဒုံးချ၍သာ မေမေ ပေးစားသူကို ယူဖြစ်ခဲ့တာပင်။

သူ့မျက်စိရှေ့တင် တစ်ယောက်ပြီးတစ်ယောက် တွဲလိုက်ဖြုတ်လိုက်ဖြစ်နေသော ပပကို သူက လန့်လည်းလန့်ပါသည်။ ဘာပဲဖြစ်ဖြစ် ခုလို နီးနီးနားနား ပြန်နေရတဲ့အခါ ပပရဲ့ ရိုတိုတိ အပြောအဆို ညှုတုတု အကြည့်ကလေးများ၌ ယောင်ရမ်း၍ ဖြုတ်ခနဲ ရင်ခုန်မိတတ်ကာ ဒါကို သူ့မှာ စိတ်ညစ်ရသည်။

ဤလိုက်စွမျိုးနှင့် ပတ်သက်၍တော့ သူက နာမည်ပျက် နာမည်ဆိုး မဖြစ်ရလိုပေ။ အင်မတန် ရှက်စရာ ကောင်းပါသည်။ အိမ်ထောင်ပြုပြီးတဲ့အခါ ပပရှိရာ လမ်းဘက်သို့ ခြေဦးတောင် မလှည့်တော့ဘူးဟု စိတ်ကူးခဲ့သော်လည်း ပပက သူ့ရုံးကိုမှ ရောက်လာကာ သူ့စိတ်ကူးအကောင်အထည်မပေါ်။

"အင်း…ကိုနေဒွန်း မျက်နှာကြီးကလဲ တကယ်ကို စိတ်ဆင်းရဲစရာပဲကွယ်၊ ဘယ်တော့မှ ကြည်သာတယ်လို့ မရှိဘူး"

စားပွဲမှာ မျက်နှာချင်းဆိုင် လာထိုင်ကာ စေ့စေ့ကြည့်ပြီး ခပ်ဆွေးဆွေး ပြောနေပြန်သည်။

"မိန်းမက ဘာဖြစ်လို့လဲ၊ ဗွာလို့လား"

"အဲလိုလဲ မဟုတ်ပါဘူး၊ သူနဲ့ ကျွန်တော်က



ရစ်သဲမ် မကိုက်ဘူး၊ တစ်မျိုးစီ၊ ကိုယ့်သဘော ကိုယ်ဆောင်ပေါ့"

"အဲဒီတော့ ခွာယ်ပျော့မလဲ"

နေဒွန်းသည် ခွေးလေး ဆယ်မိနစ်လောက် ဆင်းကျောင်းပေးဖို့ကိုပင် ကတ်သတ်သော ဥဒေါင်းပျိုကို ပြန်တွေးမိကာ ထပ်မံဒေါ်ပွလာပြန်သည်။ သေချာ ကယ် ဘဲမ်ဘီတော့ အိမ်ပေါ် အီးပါချမှာပဲ။ ကောင်းတယ်။ အဲဒီကျ ကျုံးပေတော့။ တစ်ရက်တလေလေး အကူညီတောင်းမိတာကိုပဲ သူမို့ ကတ်သတ်သည်။ တော်ပြီ။ သူ့ကြောင်နှင့် ပတ်သက်လျှင်လည်း တစ်ခုခုလိုအပ်လျှင် ဘာမှ လုပ်မပေးတော့ဘူး။

နဂိုကလည်း လုပ်ပေးဖူးတာတော့ မဟုတ်ပါ။ သို့ပေမဲ့ နောင်ကြုံလာရင် လိုအပ်လာရင် လုပ်မပေးဘူးဟု သက်သက်ကို ထပ်မံ ကြုံးဝါးတာ ဖြစ်သည်။

"ကိုနေဒွန်းကို ကြည့်ရတာ သနားတောင် သနားလာပြီ၊ အကယ်၍များ ပပက ကိုနေဒွန်း အချစ်ကိုသာ လက်ခံခဲ့ရင် ကိုနေဒွန်း ဒီမိန်းမနဲ့ လက်ထပ်ဖြစ်မှာ မဟုတ်ဘူးပေါ့နော်"

ခုမှ လာပြောနေတော့ မျက်နှာထားရခက်တာက လွဲပြီး ဘာထူးဦးမှာလဲ။ နေဒွန်း နေရထိုင်ရခက်လျှင် မျက်ခုံးကြီး လှုပ်မလိုလို၊ နှာခေါင်းပဲ ပွလာမလိုလိုနှင့် မျက်နှာတစ်မျိုးကြီး ဖြစ်လာမြဲဖြစ်ရာ ဒါကို ပပက ပြုံးစိစိလုပ်သည်။

"အင်း…ဟုတ်တယ်၊ ပထမတော့ ကိုနေဒွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို သူငယ်ချင်းလိုပဲ သိပ်ခင်လို့ လုံးဝမချစ်ဘူးလို့ ငြင်းခဲ့တာပဲ၊ ကိုနေဒွန်းက ကောက်ကာငင်ကာ တကယ် လက်ထပ်ပစ်လိုက်တော့လဲ တစ်ခါတစ်ခါ နှမြောသလို လို၊ ဆွေးသလိုလို…"

"ဟာ…ပပကလဲဗျာ"

"ဟုတ်တယ်၊ ငြင်းခဲ့မိတာ မှားသွားပလားလို့၊ တစ်ခါတလေကျ ကိုနေဒွန်းကို သနားသွားမိပြီး လက်ခံ ခဲ့ရကောင်းသားလို့ ခုမှ…"

"ပပ…"

နေဒွန်းက ဘေးဘီကို ဟိုငဲ့ဒီငဲ့ ကြည့်လျှင် ပပသည် အတည်ပေါက် ဆွေးငေးငေးကလေး ပြောနေရာမှ ခစ်ခနဲ ရယ် မောလိုက်ပြီး နေရာမှ ဖြတ်ခနဲ ထရပ်၍ နေဒွန်းကို ခါးထောက် မျက်စောင်းရှယ်လိုက်ပါသည်။

"ဟွန်း…ရူပုပ်နေတာကြီးပျောက်အောင်လဲ လျှောက်ပြောပေးရသေးတယ်"

"ပပ…အဲလိုစကားတွေ သူများကို လျှောက် မပြောနဲ့နော်၊ ပြဿနာပဲ"

"သူများကို ပြောစရာလား၊ ကိုနေဒွန်းနဲ့ ပက် သက်ပြီး နောက်ကျတဲ့ နောင်တရနေတဲ့ဟာ ကိုနေ ဒွန်းကိုပဲ ပြောမှာပေါ့ ဟားဟား…"

ဒုက္ခပဲ။ ပြောမိမှ ပိုပွင့်လင်းနေပြန်ပြီ။ ရဲတင်းတာရယ်၊ မရှက်တတ် မကြောက်တတ်တာရယ်က လိုအပ်တာထက် ပိုလွန်



နေပြီ။ သူ့ဇီဇမို့ ဘေးကလည်း ပြုပြင်ဖို့မလွယ်။ ကြည့်ကျက် ၍သာ နေရမှာပင်။ တစ်ခါတစ်ခါကျ ပြောနေသော မျက်နှာဆွေး ဆွေးလေးက ရီဝေအသက်ဝင်လှ၍ သူ တကယ်ပဲ ခံစားကာ ပြောနေပြီး မကောင်းတတ်လို့ ရယ်မောလျှောချဖော့ပစ်လိုက်ရ သလားလို့ပင် သံသယဝင်ချင်မိပါသေးသည်။

ပပကို စိတ်ရှုပ်ရှုပ်နှင့် လိုက်ငဲ့ကြည့်နေမိဆဲ နေဒွန်း စားပွဲရှေ့မှ မန်နေဂျာသစ် ကိုဇော်လင်းသက် ဖြတ်ဝင်လာပါသည်။ သူ့ထုံးစံအတိုင်း ဖော်ရွေစွာသော အပြုံးနှင့်…

"ဒေါ်ပပ ဘာတွေနောက်သွားပြန်လဲ"

နေဒွန်းကို သွားရင်းဟန်လွှဲ မေးခွန်းထုတ်သွားပါသည်။ သူ လှမ်းမြင်လိုက်ပုံရပါသည်။ တကယ်က မန်နေဂျာ ကိုဇော်လင်း သက်ဟာ ပပနှင့် ပို၍ ရင်းနှီးတာပါ။ အရင်က မသိဘဲ အတူ အလုပ်ဝင်သူချင်းမို့ ရင်းနှီးလွယ်သွားတာပင်။ ရာထူးတာဝန်မတူ၍ တွဲစပ်မနေရသော်လည်း သူတို့ အတော်ခင်မင်ရင်းနှီးကြပါသည်။

နေဒွန်းတို့နှင့်ပင် ဤမျှ မရင်းနှီးသေး။ အလုပ်ကိစ္စ ပြောဆိုတာမျိုးလောက်သာ ရှိပါသည်။ တစ်ရုံးလုံးမှာ ကိုဇော် လင်းသက်နှင့် အခင်ဆုံးက ပပပင်။ ပပနှင့် ရင်းနှီးမှု အရှိန် ဟပ်ပြီး နေဒွန်းကိုပါ ဒီလို မေးသွားတာပင်။

"အလကားပါ ဆရာ"

နေဒွန်းက ထိုင်ရာက ထ,ဖြေရင်း ကိုဇော်လင်းသက် နောက်က ပါလာရပါသည်။ ဒီမနက် လုပ်စရာရှိတာတွေ ကိုဇော် လင်းသက်နှင့်တွဲဖက် တာဝန်ယူရမှာမို့ပင်။ ကိုဇော်လင်းသက်

www.burmeseclassic.com

www.burmeseclassic.com



သည် စကားကို နည်းနည်းကလေး တန်ဆာဆင် ဟန်လုပ် အာလူးဖုတ်တတ်ယောင်ရှိတတ်ပြီး ကျန်တာအားလုံး ခင်မင်ဖွယ် ပင်။

ယောက်ျားလူငယ်ချင်း တရင်းတနှီး ပြောဆိုပေါင်းသင်းလို့ရသည်။ သူက နိုင်းတဲ့အခါ နိုင်းပြီး တစ်ခါတစ်ရံ သူ မသိတတ်သေးတာကို လူခံ လူဟောင်းထံမှ ပွင့်ပွင့်လင်းလင်း ပြန်မေးသင်ယူသည်ထိ မာန်မာန မရှိသူ။ တစ်တန်းစားတည်း ဆက်ဆံသူ ဖြစ်သည်။ သူ့မျက်နှာတွင် သဘောကောင်းဖော်ရွေသော အပြုံးအစစ်တစ်ခုက အမြဲကပ်ငြိနေပါသည်။

မှားယွင်းသွားလည်း ဆူပူကြိမ်းမောင်းတာမျိုး မရှိပါ။ အေးအေးချမ်းချမ်းပဲ ပြောဆိုဆွေးနွေးတတ်ကာ အရင်မန်နေဂျာဟောင်းနှင့် ယှဉ်လျှင် ဝန်ထမ်းတို့အဖို့ နေသာထိုင်သာ ရှိလှပါသည်။

ထိုနေ့က တစ်နေကုန် သူတို့အားလုံးအတော် ဖားကြပါသည်။ ဖွင့်ပွဲအပ်ပွဲ အခမ်းအနားတစ်ခု ဘက်စုံထောင့်စေ့ အောင် စီစဉ်ရသည်မှာ တာဝန်မသေးလှပါ။ ဌာနဆိုင်ရာ လူကြီးများပါဝင်သည့်ပွဲမို့ အမှားမရှိအောင် မလစ်ဟင်းအောင် ပြေလွှားစီစဉ်ကြရပါသည်။ အားလုံးပဲ ဤနေ့အဖို့ ဖတ်ဖတ်မောနေကြပါသည်။

ညနေတော့ အားလုံးကို ခါတိုင်းထက် နည်းနည်းစောပြီး ရုံးဆင်းခွင့်ပြုလိုက်ရာ သူတို့တစ်တွေ လေးနာရီကျော်ကျော်မှာ ရုံးက ပြန်ကြရပါသည်။ ရုံးမှာ တစ်နေကုန် တစ်ချက်မှ မအားလပ်၍ နံနက်က အကြောင်းအရာတွေကို အားလုံး မေ့ပျောက်



နေမိခဲ့သည်။ ကားမောင်းကာ အိမ်ပြန် လာတဲ့ထိလည်း သူ သတိမရပါ။

ဒီနေ့ လှုပ်ရှားဆောင်ရွက်ခဲ့သမျှတွေ အပေါ်သာ ဟာကွက်လိုကွက် ဘာရှိမလဲဟု ကိုယ့်ဘာသာ ပြန်လည်ဆန်းစစ်ကာလာသည်။ တိုက်ရှေ့မှာ ကားရပ်ကာ သုံးထပ်ဆီတက်အလာထိ ဘာကိုမှ သူ သတိမရသေးပေ။ ဘဲလ်တီး လိုက်၍ ဦးခေါင်းမျိုလာဖွင့်လိုက်မှပင် မနက်က ပဋိပက္ခကို သူ သတိရသွားပါသည်။

သူ့အပေါ် ကတ်သတ်ကာ ခွေးဆင်းကျောင်းပေးဖို့ ယတိပြတ် ငြင်းဆန်တဲ့ မိန်းမ ခုလောက်ဆို ဘဲမ်ဘီအိုးပုံကို ကျုံးပြီးရှာပေါ့။ ကိုယ့်အတွေးနှင့်ကိုယ် ညစ်ကျယ်ကျယ် ကြိတ်သဘောကျကာ အိမ်ထဲ ဝင်လာပြီး ရုံးအိတ်ကို သူ့ရဲ့ သီးသန့်အလုပ်ခန်း သဖွယ်ထားသည့် အခန်းပိုထဲ ထားဖို့ဝင်လာခဲ့ပါသည်။

တစ်ဝက်ဖွင့်ဟလျက်သား အလုပ်ခန်းထဲမှာ သူ ခြေလှမ်းဝင်လိုက်၍ သုံးလှမ်းမြောက်လောက်တွင် သူ့ခြေဖဝါးတို့က ပျော့အိအိ အရာတစ်ခုကို ဖိခနဲ တက်နင်းလိုက်မိပါတော့သည်။

"အား...ဟာ...ဟာ"

ခြေဖဝါးကို မြှောက်ကာ သူ တအံ့တသြ ရှုံ့မဲ့အော်ဟစ်မိသည်။ ဘာဆိုတာ ငုံ့ကြည့်စရာလည်း မလို။ ရနံ့အားဖြင့် သိသာလှသည်။ နေ့ခွန်းသည် ထောင်းခနဲ ဒေါသဖြစ်သွားကာ တောက်တစ်ချက် အကျယ်ကြီး ခေါက်ပစ်လိုက်သည်။

သူတို့အိပ်ခန်းနှင့်တွဲရက် အိမ်သာ ရေချိုးခန်းတစ်ခု၊ မီးဖိုဘက်မှာ အိမ်သာ ရေချိုးခန်းတစ်ခုရှိရာ နီးရာ မီးဖိုဘက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ခြေတစ်ပေါင်ကျိုးဝင်ပြေးခဲ့ပြီး ရေလောင်းဆေးကာ သန့်ရှင်းရေး လုပ်လိုက်ရပါသည်။ မီးဖိုဝမှာ ခြေထောက်ကို သုတ်ရင်း ထမင်းပွဲ ပြင်သလို လုပ်နေသော ဥဒေါင်းပျိုကို သူ ဒေါသတကြီး ကြည့်မိသည်။

ဥဒေါင်းပျိုမှာ နေဒွန်းအဖြစ်ကို တွေ့မြင်ပါသည်။ တည့်တည့်ကြီးမှ တက်နင်းမိတာကိုလည်း ရယ်ချင်သည်။ သို့သော် မရယ်ရဲ၍ ခပ်တည်တည်ကလေး နေရသည်။

"မင်း…မင်း…ဒါ တမင် အရွဲ့တိုက်တာပေါ့ ဟုတ်လား"

"ကျွန်မ ဘာရွဲ့လို့လဲ"

"ဘဲမ်ဘီကို မနက်ကလဲ ပေကတ်ပြီး ဆင်းမကျောင်းပေးဘူး၊ ဒီလို မကျောင်းရင် အိမ်ပေါ် အီးပါချမှာပဲဆိုတာလဲ မင်း သိတယ်၊ ပါလဲ ပါတယ်၊ ဒါကို မကျုံးဘဲ ခုညနေ ရုံးတက်တဲ့သူ ပြန်လာတဲ့ထိ ဒီတိုင်းထားထားတာ ရွဲ့တာပေါ့"

"ဒါ ရွဲ့တာ မဟုတ်ပါဘူး"

"ရွဲ့တာ မဟုတ်လို့ ဘာလဲ"

"ဒါ ကိုနေဒွန်း ခွေးပဲ"

"ဘာ…ခင်ဗျားဟာ နင့်ခွေး ငါ့ကြောင်နဲ့ ခွဲခြားလုချည်လား၊ တစ်အိမ်တည်း တူတူနေကြတာ မဟုတ်ဘူးလား၊ ဘဲမ်ဘီဝေယျာဝစ္စ ခင်ဗျား မလုပ်ပေးနိုင်ဘူးလား၊ ဒီလောက်တောင်ပဲလား"



"ဘဲမ်ဘီ့ဝေယျာဝစ္စလုပ်ဖို့ ကျွန်မမှာ တာဝန် မှ မရှိဘဲ"

"တောက်…ခင်ဗျား ဟမင်လုပ်တာ၊ တမင်ကို ညစ်ပတ်တာ၊ ခင်ဗျား အိမ်မှာ ရှိနေတာပဲ၊ ကျုံးထားပါလား"

"အို…ရွံစရာကောင်းလိုက်တာ၊ ရှင်ပဲ တစ်ဖက်သတ် ပြောနေတာပဲ၊ ကျွန်မက ဘာကြောင့် ကျုံးရမှာလဲ၊ ရှင့်ခွေးအညစ်အကြေး ရှင် ကျုံးပါလား"

"မင်းကြောင်ရဲ့ အညစ်အကြေးကျတော့ မင်း မရွံ့ပါလား"

"ရွံစရာမှ မရှိတာ၊ ဒယ်အိုးလေးထဲမှာ ဘူ့ဟာသူလေ၊ သတ်သတ်မှတ်မှတ် စွန့်တာ၊ အဲဒီနားက သဲလေး ဂေါ်ပြားနဲ့ကော်ယူပြီး အမှိုက်အိတ်ထဲ ထည့်လိုက်ရုံပဲ၊ ဘာမှ မရွံ့ရဘူး၊ ဘဲမ်ဘီ့ဟာက ရွံစရာကောင်းတယ်"

"ခင်ဗျားခွေးမဟုတ်လို့ ခင်ဗျား တမင် ကတ်သတ်တာပါ၊ ကျွန်တော့်ခွေးမို့ ဘာကိစ္စမှ မလုပ်ပေးနိုင်ဘူးဆိုပြီး ခင်ဗျား ဇွတ်ပေနေတာ"

ဥဒေါင်းပျိုသည် ရန်တွေ့စွာနေသော နေဒွန်းကို [illegible]ယ်ပင် စိတ်ညစ်စွာ တည်တည်လေး စူးစိုက်ကြည့်မိ[illegible]…

"ရှင် ဒီလို အပြစ်တင်နိုင်ရအောင် ရှင်ကော ဝဝ ကိစ္စ ဘာလုပ်ပေးဖူးလို့လဲ၊ ဘဲမ်ဘီ[illegible]စ္စကို ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



မဆောင်ရွက်လို့ ဒါဟာ အပြစ်ဖြစ်ရင် ဝဝ ကိစ္စ ဘာမှ မဆောင်ရွက်ဖူးတဲ့ ရှင်လဲ အပြစ်တန်းတူရှိတာပေါ့''

နေဒွန်းသည် တစ်စုံတစ်ရာ ချေပပြောဆိုဖို့အခက် တွေ့ကာ တစ်ခဏ ဆွံ့အသွားရပါသည်။

''တကယ်တမ်းမှာ ရှင့်ခွေး ဘဲမ်ဘီကို ကျွန်မ က ထမင်းကျွေးနေပါသေးတယ်၊ ရှင်ဆိုရင် ဝဝကို တစ်ခါတောင် ထမင်းကျွေးဖူးလို့လား၊ ဒါဟာ ရှင့် ကိုယ်စား ရှင့်ခွေးရဲ့ ဝေယျာဝစ္စကို ကျွန်မ လုပ်ပေး တာ မဟုတ်ဘူးလား''

သူမက လေသံတည်တည် အေးစက်စက် ပြောနေနိုင် သမျှ နေဒွန်းကတော့ ဒေါသဆူပွက်သထက် ဆူပွက်လာပါသေး သည်။

''ဘြော်··ခင်ဗျားက ကြီးစွာသော ပင်ပန်းဆင်းရဲ ဖြစ်နေတဲ့ သဘောလား၊ ရပါတယ်၊ စေတနာတစ်စက် မှ မရှိရင် ကျွန်တော့်ခွေးကို ထမင်းလုံးဝကျွေးပေးစရာ မလိုဘူး၊ မနက်ရုံးမသွားခင် ကျွေးသွားမယ်၊ ညနေ ရုံးပြန်လာမှ ညစာကျွေးမယ်၊ စေတနာ မပါဘဲ ဘာမှ လုပ်ပေးစရာ မလိုဘူး၊ ရတယ်''

ဥဒေါင်းပျိုသည် နေဒွန်းကို စိတ်ပျက်ပျက်နှင့် ငေး ကြည့်နေမိသည်။ သူမအတွက် အမှန်တကယ် ရှုံစရာဖြစ်နေ၍ တကယ့်ကို ရှုံလွှန်း၍ အညစ်အကြေးကို ကျုံးပစ်မပေးတာ အတွက် ဤမျှထိ မပြောသင့်ဟု ထင်သည်။



''ရှင် အဓိပ္ပာယ် မရှိတာတွေ ပြောနေတာ၊ ရှင် ရုံးမသွားခင် ပြင်ကျွေးသွားမယ့် ထမင်းဟာ သူ စား ချင်မယ့်အချိန် ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက် ရောက်တော့ အေးစက်ပြီး မာနေလောက်ပြီ၊ စားကောင်း ဦးမလား၊ ရှင် အဲသလိုလုပ်ရင် ကျွန်မအတွက် အလုပ် ရှုပ်တောင် သက်သာသေးတယ်''

''သက်သာရင် ခင်ဗျား ကြိုက်တယ် မဟုတ်လား၊ ပြီးတာပဲ၊ ရတယ် ခင်ဗျား ကျွေးစရာ မလိုဘူး''

ဥဒေါင်းပျိုက နေဒွန်းကို စေ့စေ့ကြည့်နေသည်။ သူမ အပေါ် ဘာကြောင့် လိုအပ်သည်ထက် ပို၍ အပြစ်ပြော အရေးယူရသနည်း။ ဒီလောက်ဟာ ဤမျှဖြစ်ရမည့် အရေးအခင်း မဟုတ်။

နေဒွန်းသည် ခြေဆောင့်နင်းကာ သတင်းစာစက္ကူစုတ်၊ တစ်ရှူးစ စသည်တို့နှင့် သူ့အလုပ်ခန်းထဲက အညစ်အကြေးတို့ကို သွားရောက်သုတ်သင် ရှင်းလင်းနေပါသည်။ အရင်က ခြံထဲတွင် သာ ဘဲမ်ဘီကိစ္စ ပြီးပြတ်မြဲမို့ ဤသို့ သူ တစ်ကြိမ်မှ မလုပ်ခဲ့ဖူး ပေ။ ဒေါသတွေ မကျေနပ်မှုတွေ ရင်ထဲ အလိပ်လိပ်ထလာသည်။

သူ့ကို မကြည်ဖြူဘဲ ယူရ၍သာ ဤမျှအစေးမကပ် ကတ်ဖဲ့တိုက်နေတာက လွဲ၍ ဘာဖြစ်ဦးမှာနည်း။

''မှားတယ်၊ လုံးဝမှားတယ်၊ အမေစကား နား ထောင်ပြီး အမေ ပေးစားတဲ့မိန်းမကို ယူခဲ့တာ မှား တယ်''

www.burmeseclassic.com

www.burmeseclassic.com



စိတ်လိုက်မာန်ပါ ရေရွတ်လိုက်သော ဤစကားသည် အခန်းဝနား လာရပ်နေသော ဉဒေါင်းပျိုရဲ့ နှလုံးသားကို လုံးဝ ထိုးနှက်နှိပ်စက်လိုက်သည်ပင်။ တကယ်မှားပြီ ထင်သည်။ သူမ အပေါ် လုံးဝမေတ္တာ မရှိ လိုက်လျောစေ့စပ်ပေးလို့မှ မရှိသော ဤလူနှင့် လက်ထပ်ဖြစ်ခဲ့တာ အပြတ်ပဲ မှားပြီထင်သည်။

နေဒွန်းဘက်က စပြီး နောင်တရစကား ထွက်လာသည့် အခါ ဉဒေါင်းပျိုရင်ထဲ တုန်လှုပ်ကြေကွဲသည်။ တစ်လမရှိတရှိ ကာလလောက်မျှနှင့် သူတို့အိမ်ထောင်ရေး ကျိုးပျက်လေတော့ မလား။ ထိတ်လန့်တုန်လှုပ် ပူဆွေး ယူကျုံးမရခြင်းတို့နှင့် ဉဒေါင်း ပျို မျက်ဝန်း၌ မျက်ရည်စတို့ စို့သီးလာသည်။

မျက်ရည်ပေါက်ကြီးများသည် ဉဒေါင်းပျို ပါးပြင်ပေါ် ပူနွေးစွာ တစ်ပေါက်ချင်း စီးလိမ့်ကျလာပါသည်။ စက္ကူစုတ်တို့ကို ကျွတ်ကျွတ်အိတ်ထဲ ထိုးထည့်ကာ အခန်းပြင် ထွက်ပေါ်လာသော နေဒွန်းသည် အခန်းဝရောက်လျှင် သူ့ကို စိမ်းစိမ်းကြည့်ကာ မျက်ရည်ပေါက်ကြီးများ ကျနေသည့် ဉဒေါင်းပျိုနှင့် ရင်ဆိုင် လိုက်ရသောအခါ ခြေလှမ်းတုံ့သွားပါသည်။

သူ့စကားကို ကြားသွားပြီ။ ပြီးတော့ မျက်ရည်ကျ သည်။ ဤအတွက် သူ့စိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားရပါ သည်။

"ခင်ဗျား ဘာမျက်ရည်ကျနေတာလဲ၊ ခင်ဗျား မလုပ်ချင်တာ ခင်ဗျား မလုပ်ရဘူး၊ ဘာငိုစရာရှိလဲ"

ဉဒေါင်းပျိုက မျက်ရည်တို့ကို ဝမ်းပန်းတနည်း သုတ်



သည်။ မိန်းမဟူသည် နာဖက်ကသာ။ ကွဲကြပြတ်ကြေး ဆိုလျှင် သူမဘဝဟာ တစ်လတာ အိမ်ထောင်ကျလိုက်ရရုံ လုံးဝ အဖတ် ဆယ်မရ ပျက်စီးသွားပြီ။ သူတို့ယောကျ်ားတွေက လေ့ကား သုံးထစ်ဆင်းလျှင် လူပျိုဖြစ်သည်ဆိုပေမဲ့ မိန်းမဘဝက ဘာမှ ပြုပြင်ပြောင်းလဲ မရ။ သူမဟာ ဘယ်လိုမှ အပျိုကလေး ပြန်ဖြစ် နိုင်မှာမဟုတ်။

ဤအတွေးနှင့် ရင်ထဲ လိပ်၍ နာကျင်နင့်သည်းလာ သည်။

"ရှင် ဒီလို နောင်တရမယ်ဆိုရင် စကတည်း က ကျွန်မကို လက်ထပ်ဖို့ ငြင်းပါလား၊ ရှင့်အမေ က ရှင့်ကို ရိုက်နှက်ပေးစားခဲ့တာလဲ မဟုတ်ဘူး၊ ရှင်ကိုယ်တိုင်ပဲ သဘောတူ ခေါင်းညိတ်လို့သာ လက်ထပ်လို့ရတာ၊ ဘာလို့ ရှင် မိဘပေးစားတာ လက်ခံခဲ့သေးလဲ၊ ကိုယ့်ရည်းစားကိုယ် ရှာယူပါလား"

ကြိတ်ကြိတ်ခဲခဲ နာကျင်စွာ ပြောလိုက်သော စကား ကြောင့် နေဒွန်းက မဲ့လိုက်ရင်း...

"ကိုယ့်ရည်းစားနဲ့ အမေကမှ သဘောမတူဘဲ"

"ဘာ..."

ဉဒေါင်းပျိုသည် ဆောင့်တွန်းခံလိုက်ရသလို အရှပ် ကြိုးပြတ် ဖြစ်သွားပါသည်။ မခံမရပ်နိုင်စွာ ဆတ်ဆတ်တုန်လာ ကာ...

"ရှင် ဒါဖြင့် ကျွန်မကို ဘာလို့ လက်ထပ်လဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ယူခဲ့လဲ"

"ပြောပြီးပြီ၊ ကိုယ်ကြိုက်တဲ့ မိန်းမကို အမေက လုံးဝသဘောမတူဘူး၊ ဒါပဲ"

"ရှင်…ရှင် ဒါကြောင့်မို့ ကျွန်မအပေါ် အကောင်းကို မမြင်တာ၊ ကျွန်မကို ကြံဖန်အပြစ်တင် နှိပ်စက်နေတာ၊ ရှင် အတော်ရက်စက်တယ် ရှင် ရည်းစားရှိတာ အစက ဖွင့်ပြောပါလား၊ ဒါဆို ကျွန်မ ရှင့်ကို မယူဘူး"

"ပြောနေလဲ အပိုပဲပေါ့"

"ရှင့်ရည်းစားကို တမ်းတတိုင်း ကျွန်မကို ဒီလို အပြစ်မရှိ အပြစ်ရှာ ရန်ချည်းလုပ်နေမယ်ဆိုရင် ရှင့်ကို ကျွန်မ ဘယ်လိုလုပ် ဆက်ပေါင်းမလဲ"

ဥဒေါင်းပျိုက ရှုးရှုးရှရှ အော်ဟစ်သည်။ ရင်ထဲနာကျင်ဝမ်းနည်းလှ၍ ရှိုက်ကြီးတငင်လည်း ငိုမိသည်။

"ဘာ…ဘယ်လိုလုပ် ဆက်ပေါင်းမလဲ ဟုတ်လား၊ ခင်ဗျား စ,ပြောတယ်နော်၊ ဒီစကား ကျွန် တော် တစ်ခွန်းမှ မပြောသေးဘူး၊ စကားကို ဆင်ခြင်ပြောပါ၊ ဘာလဲ ခင်ဗျားမှာရော ရည်းစားဟောင်းရှိလို့ ကျွန်တော့်ကို ကွာပြီး သူနဲ့ပြန်ယူမလို့လား"

"ဟုတ်တယ်"

"ဘာ…မင်းမှာလဲ ရည်းစားရှိတယ်"

"ဟုတ်တယ်၊ ရှင်တောင်ရှိသေးတာပဲ၊ ကျွန်မမှာ ရှိတာ ဘာဖြစ်လဲ"



နေဒွန်းသည် ထမင်းစားပွဲကို လက်သီးဆုပ်နှင့် ဒုံးခနဲ ထုကာ…

"မင်းကျတော့ ဒါကို ဘာလို့ ဖွင့်မပြောလဲ"

"ရှင်ရော…ပြောလို့လား"

နေဒွန်းက ငိုရှိုက်နေသော ဥဒေါင်းပျိုကို ခါးတောက်ကြည့်နေမိသည်။ ဟုတ်မှဟုတ်ပါ့မလားဟု တွေးကာ မယုံ့တယုံ ဖြစ်နေမိပါသည်။ သူ့မှာ ရည်းစားရှိတယ်ဆိုလို့ အညွန့်တင် မခံဘဲ အားကျမခံ ပြောပစ်တာဖြစ်ဖို့များသည်ဟု တွေးကာ ဒေါသကို ဖြိုဖျက်ပစ်လိုက်ပါသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၄)

နောက်တစ်နေ့ ရုံးက ပြန်ရောက်လာသည်နှင့် သူတို့တိုက်အောက်မှာ အိမ်က ကားရပ်ထားတာ နေဒွန်းတွေ့လိုက်ရပါသည်။ ကားပေါ်မှာ ဒရိုင်ဘာထိုင်နေတာ တွေ့ရသဖြင့် ဖေဖေပါမလာနိုင်ဘဲ မေမေသာလာသည်ဟု နေဒွန်း မှန်းဆနိုင်ပါသည်။

လက်ထပ်ပြီးကြကတည်းက မေမေတို့ အိမ်ကို နေဒွန်းတို့က တစ်ခေါက်မှ မရောက်။ မေမေသာ ရောက်လာလည်တာ နှစ်ခေါက်ရှိပါပြီ။ ဒီအကြိမ်နှင့်ဆိုလျှင် သုံးခေါက်ပေါ့။

နေဒွန်းက အခန်းဝက ဘဲလ်ကို နှိပ်လိုက်လျှင် ဥဒေါင်းပျို့က မျက်နှာသေနှင့် တံခါးလာဖွင့်ပါသည်။ နေဒွန်းက အိမ်ထဲ



ရောက်လျှင် ဧည့်ခန်းထဲကို ကိုင်းငုံ့ကြည့်ကာ…

"မေမေ…"

သား…ပြန်လာပလား၊ ဘာလား ညာလား ချိုချိုကြည်ကြည်သံ ထွက်ပေါ်မလာဘဲ မေမေ တိတ်ဆိတ်နေ၍ နေဒွန်းက မေမေ့နံဘေး ဆက်တီမှာ ဝင်ထိုင်ရင်း…

"မေမေ တစ်ယောက်တည်းလား၊ နေမကောင်းဘူးလား"

"နေကောင်းပါတယ်"

"မေမေ့ ကြည့်ရတာ တစ်မျိုးကြီးပါလား"

"တစ်မျိုးကြီးပေါ့၊ သားလုပ်တဲ့သူက နာမည်ကောင်း သတင်းကောင်းမှဆောင်မပေးဘဲ"

ခုမှပင် မေမေ စိတ်တိုနေတာ သေချာသွားပါသည်။

"နေဒွန်း ဘာလုပ်လို့လဲ"

"ဘာလုပ်ရမလဲ၊ မိန်းမယူထားပြီး မိန်းမကို စိတ်ညစ်အောင် ဘာဖြစ်လို့ နှိပ်စက်သလဲ"

"ဟာ…"

နေဒွန်းက မလှမ်းမကမ်းမှာ ရပ်နေသော ဥဒေါင်းပျို့ကို ဒိုင်းခံနဲ့ ကြည့်လိုက်ပါသည်။ သူမကတော့ မျက်နှာသေနှင့်။

"မနက်က ဒေါင်ဒေါင်းဖုန်းဆက်တယ်၊ ဆက်ဆက်ချင်း လာချင်ပေမယ့် မင်းက ရုံးသွားနေမှာဆိုတော့ မင်းရောက်နိုင်မယ့် အချိန်မှ မှန်းပြီး လာခဲ့တာ"

"ကြည့်စမ်း…မေမေ့ဆီ ဘာတွေဖုန်းဆက် အတို့

www.burmeseclassic.com

www.burmeseclassic.com



အထောင်လုပ်လဲ”

“နေဒွန်း စကားကို ရန်လိုသလို မပြောစမ်းနဲ့၊ မင်း အခု ဒေါင်ဒေါင်းကို ကြည့်တဲ့မျက်လုံးကို မြင်ရကတည်းက ဒေါင်ဒေါင်းစကားထဲ အပိုမပါဘူး၊ မင်း နှိပ်လိုနှိပ်စက် အနိုင်ယူဆက်ဆံနေမှာ သေချာနေတယ်”

“ဟာ…ပြဿနာပဲ၊ အမေဆီ ဖုန်းဆက်တိုင်တယ်၊ ဟလေးကလားနဲ့”

“ပြောနေရင်းက ဆိုးနေပါလား နေဒွန်း၊ ဒေါင်ဒေါင်းက မန္တလေးပါ ဖုန်းဆက် ပြောတော့မယ်လုပ်နေကာ၊ မေမေက ဒီပြဿနာ ဒီလောက် မဟုတ်နားပါဘူးလို့ ဖျောင်းဖျထားရတယ်”

“ကျွတ်…ကြီးကျယ်အောင် လျှောက်ချဲ့ထွင်နေတာ၊ စိတ်ကုန်တယ်”

“ပါးစပ်ပိတ်စမ်း နေဒွန်း၊ ကြီးကျယ်အောင်ချဲ့ထွင်တာ မင်းပဲ၊ မင်းက ရည်းစားရှိရက်နဲ့ မအေသဘောမတူလို့ သူ့ကို ယူရတာလို့ ပြောတယ်ဆို”

“ကျွတ်…”

နေဒွန်းသည် ဒေါသကြီးတတ်သော မေမေ့အကြောင်းလည်း သိပြီးဖြစ်ရာ စိတ်ညစ်လက်ညစ် စုတ်သတ်ရင်း ဉဒေါင်းပို့ကိုသာ မျက်ထောင့်နှင့် စွေစောင်းကြည့်နေမိသည်။

“ဒါ ကိုယ့်လက်ထပ်မယားကို စော်ကား မော်ကားနိုင်လိုမင်းထက် ပြောတဲ့ စကားပဲ၊ မင်းရဲ့ ပပကို ငါ



သဘောမတူဘူး၊ ဟုတ်တယ်၊ တူကော တူစရာလား၊ ဒေါင်ဒေါင်းနဲ့ လက်မထပ်ဖြစ်တောင် ပပနဲ့တော့ လုံးဝသဘောတူခွင့်ပြုမှာ မဟုတ်ဘူး၊ ပြီးတော့ မင်းတို့ချင်းလဲ ရည်းစားဖြစ်ခဲ့သေးတာ မဟုတ်ဘူး၊ မင်းသာ သူဆွဲဆောင်ဖျားယောင်းတာတွေထဲ နှံနှစ်ပြီး စွဲလမ်းနေတာ”

နေဒွန်းသည် အပိုဆာဒါး ချဲ့ထွင်ကာ သူနှင့်ရည်းစားပဲ ဖြစ်ခဲ့ပြီးသယောင်ယောင် အထက်စီး အနိုင်ယူ ဖြီးဖြန်း ထားသမျှ ပေါ်သွား၍ မျက်နှာသိကာ ရှက်သွားပါသည်။

“ဒေါင်ဒေါင်းကိုလဲ ရှင်းပြပြီးပြီ၊ ရည်းစား မဖြစ်ခဲ့ဘူး၊ မင်းကတော့ ကြိုက်ဖူးတယ်၊ ငါတို့လဲ လုံးဝသဘောမတူဘူးဆိုတာတွေ ပြောပြီးပြီ၊ ဘာ့အ…က်နဲ့ မဟုတ်တာ အဟုတ်လုပ်ပြီး ကိုယ့်ဇနီးသည် ဝမ်းနည်းစိတ်ဆင်းရဲအောင် လုပ်ရတာလဲ”

“ဟာ…မေမေကလဲဗျာ၊ နေဒွန်းချည်း အပြစ်ပြောနေတာပဲ”

“ပြောရမယ်၊ အားလုံးနားထောင်ပြီးပြီ၊ သိပြီးပြီ၊ လွန်ချင်းလွန် မင်း လွန်တယ်၊ ဒေါင်ဒေါင်း အလွန်မရှိဘူး၊ ချစ်သူရှိရက်နဲ့ မိဘကို မလွန်ဆန်နိုင်လို့ ယူရပြီး နောင်တရရတဲ့ သဘောပြောတာဟာ အလွန်ဆုံးပဲ၊ မင်း ငါတို့မျက်နှာကို ဖျက်နေတာလား နေဒွန်း၊ ဒီကိစ္စတွေ ဒေါင်ဒေါင်းက မန္တလေးထိ စိတ်လိုက်မာန်ပါ ဆိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရင် လွင့်ကို ငါ ဘယ်လိုမျက်နှာပြရမလဲ၊ မျက်နှာချင်း ဘယ်လိုဆိုင်မလဲ"

"ခင်ဗျားက ဘာကိစ္စ လျှောက်တိုင်နေရတာလဲ"

ဥဒေါင်းပျိုဘက် လှည့်၍ ရန်စွာလိုက်သော နေဒွန်း လက်မောင်းကို မေမေက ခပ်စပ်စပ် တစ်ချက်ရိုက်ပစ်လိုက်ပါသည်။

"ဒီလို နှောင်တစကားမျိုး ဗိုလ်ကျပြီး ပြောလာတဲ့သူကို ဘယ်သူက သည်းခံနိုင်မလဲ၊ မိန်းမတိုင်း စိတ်ဆင်းရဲမှာပဲ၊ ဒေါင်ဒေါင်းက အခု မင်း ကွာချင်ရင် ကွာပေးမယ် ပြောနေတယ်"

"သူ စပြောတာ၊ နေဒွန်း ဒီစကားမျိုး တစ်ခွန်းမှ မပြောဘူး၊ သူပဲ ပြောတာ"

"သူ ပြောအောင် မင်း လုပ်တာပဲ၊ ရည်းစားဟောင်းကိုပဲ တမ်းတသလိုလိုနဲ့"

"ဟာ…မေမေက နေဒွန်းကိုပဲ ဖိဆူနေတယ်၊ သူလဲ ရည်းစားဟောင်း ရှိတာပဲတဲ့"

"မင်း လျှာမရှည်နဲ့၊ ဒေါင်ဒေါင်းမှာ ဘာရည်းစားမှ မရှိဘူး၊ သူ့အမေ အသိဆုံး၊ ဒေါင်ဒေါင်းက မအေကို အားလုံး ဖွင့်ကိုင်ပင်တတ်တဲ့ သမီးလိမ္မာ"

"ဟာ…ပြောနိုင်မလား မေမေရ၊ သူ ကိုယ်တိုင် ပြောတာ"

"မင်းကို ခံချင်ဖြစ်ပြီ၊ ဒီလိုပဲ ပြောမှာပေါ့"



"သူ့အမေ မသိအောင် ကြိတ်ထားရင် ထားခဲ့မှာပေါ့၊ ဒါမျိုးဆိုတာ လျှို့ဝှက်တတ်ကြတာပဲဟာ၊ မေမေ ပြောနိုင်မလား"

"ပြောနိုင်တယ်၊ လွင် သိတယ်၊ ငါ သိတယ်၊ ဘာမှ မရှိဘူး"

"မေးပဲ ကြည့်ပါဦး၊ မေမေပဲ ပြောနေလိုက်တာ"

"ဟော့…မေးစရာ မလိုဘူး နေဒွန်း၊ မင်း ရှေ့ဆက် ပြောမနေနဲ့တော့၊ ခုလို အိမ်ထောင်ကျပြီးမှ ပပ အကြောင်း စကားထဲလာ ကည့်ပြောဖို့ မလိုဘူး၊ ဟုတ်လဲ မဟုတ်ခဲ့ဘူး၊ ဘာအနိုင်ရရဲ့ လျှောက်ပလီပလာလုပ်နေတာလဲ၊ မင်းက ယောကျ်ား သူက မိန်းမ၊ သူ မှားတာ လုပ်ရင်တောင် မင်းက ပွဲပြင်ခွင့်လွှတ်ရမှာ"

"ဩော်…သူ မှားရင် ခွင့်လွှတ်ရမယ်၊ နေဒွန်းတော့ မမှားရဘူး ဒီလိုလား"

"သူလဲ ခုထိ ဘာမှ မမှားဘူး၊ ကဲ…ပြော သူ ဘာမှားလဲ၊ သူ ဘာမကောင်းလဲ"

"ဟာ…အတော်ကတ်သီးကတ်သတ်၊ ကတ်ဖိုးကတ်ဖဲ့လုပ်တဲ့ မိန်းမ၊ ဘဲမ်ဘီကို သူက ဆင်းတောင် ကျောင်းမပေးနိုင်ဘူး"

"သိပြီးပြီ ဒါတွေလဲ၊ သူ ဆင်းကျောင်းပေးရင် သာ မင်း ကျေးဇူးတင်လိုက်၊ ကျောင်းမပေးရင် အပြစ် မပြောနဲ့၊ ကျောင်းပေးရင် ကိုယ့်ကိစ္စ ကူညီတာ၊ ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



မပေးရင် သူ နေပိုင်ခွင့်ရှိတယ်"

"ဟာ...မေမေက တစ်ဖက်သတ် ချွေးမဘက် လိုက်ပြောနေတယ်"

"လိုက်မပြောပါဘူး၊ စကတည်းကိုက ချွေးကို ထားခဲ့ပါဆိုတာ ဆတ်ဆော့ပြီး မင်းပဲ အပါခေါ်သွားတာ၊ အတိုက်အခံလုပ်ပြီး ခေါ်လာကြပြီးမှ ဒီဘဲမ်ဘိ တာဝန်ကို မင်း ကျေအောင်ယူချင်ယူ၊ သူ မကျေရင် ဘာမှ မပြောနဲ့၊ သူ့ကြောင်တာဝန်ကိုလဲ သူ ကျေအောင် လုပ်လိမ့်မယ်၊ မင်း တာဝန်ယူရတာမှ မဟုတ်ဘဲ"

"အဆင်မပြေတဲ့ တစ်နေ့ပဲ ခိုင်းမိပါတယ်၊ ရှက်တယ်တဲ့၊ အရေးမပါတဲ့ အကြောင်းပြချက်နဲ့"

"ဟဲ့...သူ ရှက်ချင်ရှက်မှာပေါ့၊ သူ့လွတ်လပ်ခွင့် သူ့သဘောပဲ၊ ဒါ သူ့တကယ် ရှက်လို့ပါဆိုတာ သူ ရှင်းပြပြီးပြီ"

"မေမေက သူ ပြောပြထားတာတွေ အမှန်ယူ အမှတ်ပေးပြီး နေဒွန်းပဲ အပြစ်ပုံချနေတာပဲ၊ ကဲ... ရှက်လို့ဆင်းမကျောင်းနိုင်တော့ ဘဲမ်ဘိအိမ်ပေါ်မှာ အီးပါထားတယ်၊ တစ်နေကုန် အိမ်မှာရှိရက်နဲ့ လုံးဝ သန့်ရှင်းမထားဘဲ နေဒွန်း ချွေးရဲ့ချေး နေဒွန်းပဲ ကျုံးဆိုပြီး သက်သက်ကတ်သတ်ချန်ထားတယ်၊ အတော် စိတ်ထားမပြည့်ဝတာ၊ ပြန်ရောက်မှ နေဒွန်းပဲ ကျုံးလိုက်ရတယ်"



"မင်းတောင်မှ မင်းချွေးရဲ့ အညစ်အကြေး မင်း ရှင်းလိုက်ရတာကို နစ်နာသလို အခု ပြောနေသေးတာပဲ၊ သူလဲ ဘယ်လုပ်ချင်မလဲ၊ ရှုံမှာပေါ့၊ မိန်းမတွေဟာ ယောက်ျားတွေထက် ပိုရှုံတတ်ကြတာချည်းပဲ"

"ဟာ...မေမေ ပြောမှ ယောက်ျားဆိုရင်ပဲ မရှုံမရှာနဲ့ သိမ်းကျုံးလုပ်သင့်သလိုဖြစ်နေပြီ"

"ဟဲ့...မင်းချွေးပဲလေ"

"မေမေကလဲ သူ့အတိုင်းပဲ ခွဲခြမ်းခွဲခြား ပြောတယ်၊ ဒီတစ်အိမ်တည်းမှာ နေနေကြတာပဲ၊ အားလုံး တူတူပဲ"

"တူတူပဲဆိုရင် ဝဝတာဝန်ရော မင်း ဘာယူဖူးသလဲ"

"ကျွတ်...တော်ပါပြီဗျာ၊ မေမေတို့ မိန်းမချင်းက တစ်လေတည်းပဲ၊ ဘာဆက်ပြောပြော နေဒွန်းပဲ လွန်နေမှာပဲ"

"ဟုတ်တယ်၊ လွန်နေမှာပဲ၊ မလိုချင်ဘဲ ယူခဲ့ရသယောင်စကားနဲ့ အနိုင်ကျင့်နှိပ်စက်တာက အဆိုးဆုံး၊ အဲဒါ မိကောင်းဖခင် သားစရိုက် မပီသဘူး၊ ငါတို့ပါ နာမည်ပျက်တယ်၊ သိက္ခာကျတယ်၊ ရှေ့တင်ပဲ ပြောလိုက်မယ်၊ မင်းကို ဒီလိုဒီလိုပဲ...လွှင့်သမီးနဲ့ သဘောကျတယ်၊ စဉ်းစားကြ ဆုံကြည့်ကြ ဒါပဲ ပြောခဲ့တယ်၊

www.burmeseclassic.com

www.burmeseclassic.com

မယုမနေရ တစ်ခွန်းမှ အကျုပ်မကိုင်ဘူး၊ ငါလဲ နလုံးရောဂါ မရှိဘူး၊ မင်းဟာမင်း လုပ်ပါ၊ မေမေ့ သဘောပဲဆိုပြီး နောက်ဆုံး ခေါင်းညိတ်တာ"

"ဟာ…မေမေကလဲဗျာ"

နေဒွန်းက ဥဒေါင်းပျိုထံ ခိုးကြည့်ကာ ခပ်ရှက်ရှက် ညည်းညူသည်။ မေမေနဲ့တော့ ခက်နေပြီ။ လျှောက်ပြောနေတာပဲ။ ဥဒေါင်းပျိုကတော့ သူတော်ကောင်းမလေးလို မျက်လွှာချ ငြိမ်တိုင်နေသည်။ မနေ့က သူ့ကို စူးစူးဝေါက်ဝေါက် ရန်တွေ့ပုံမျိုး မလုပ်ခဲ့သည့် အမျိုးအစားနှယ်။ အပိုတွေ။

"နောင်ဒါမျိုးစကားတွေ လုံးဝမကြားချင်ဘူး၊ ကွဲမှာကွာမှာမျိုးလဲ လုံးဝလက်မခံဘူး၊ တစ်ချိန်မှာ ကွဲဖို့ လက်ထပ်ရတာ မဟုတ်ဘူး၊ နှစ်ဖက်လုံး ဆွေမျိုး အသိုင်းအဝိုင်းထဲ အိမ်ထောင်ကွဲ အိမ်ထောင် ပျက် အိမ်ထောင်နှစ်ဆက်လဲ မရှိဘူး၊ တစ်ခုလပ်လဲ မရှိဘူး၊ မုဆိုးဖို မုဆိုးမပဲ ရှိတယ်၊ ကိုယ့်အချင်းချင်း ချစ်ခင် သင့်မြတ်မှပေါ့၊ ဘာမဟုတ်တဲ့ ခွေးနဲ့ကြောင်နဲ့ကိစ္စက နေပဲ ဒီလို စိတ်မချမ်းမသာဖြစ်ရတယ်လို့"

နေဒွန်းက ခေါင်းကို ကုတ်ဖွရင်း ဥဒေါင်းပျိုကို တေးကာ ကြည့်နေမိသည်။

"ဒေါင်ဒေါင်းကိုလဲ မေမေက သမီးရင်းလိုပဲ သဘောထား ဆုံးမမယ်၊ ကွဲကြောင်းကွာကြောင်း မကြံစည်ရဘူး၊ စိတ်မကူးရဘူး၊ မပြေလည်တာ ရှိရင်



ညှိနှိုင်းရတယ်၊ နောက်တစ်ခါ ဒီခွေး ဒီကြောင်ကြောင့် လင်မယား ပြဿနာတက်ရင်တော့ ခွေးရော ကြောင်ပါ သိမ်းသွားရလိမ့်မယ်၊ လွှင်လဲ ဒီတစ်သဘောပဲ ရှိမှာ သေချာတယ်၊ မင်းတို့ ဒီကို ပြောင်းတဲ့နေ့ကတည်းက ဒီခွေးနဲ့ဒီကြောင်ကြောင့်တော့ ပြဿနာဖြစ်တော့မှာပဲ ဆိုပြီး လွှင်တို့ လင်မယားရော မေမေတို့ရော သိပ် သဘောမကျချင်ကြဘူး၊ ဘယ်အချိန် ဘာဖြစ်မလဲ တထင့်ထင့်နဲ့"

"အမယ်လေး မေမေရာ သူ့ကြောင်ကချည်း နှိပ်စက်တာ၊ ဘဲမ်ဘီဆိုတာ တစ်မျက်ခွက်လုံး ပွစာကို တက်နေတာပဲ"

"ကဲ…တော်တော့၊ ဆက်ဖြစ်ရင်တော့ စကား အတိုင်းပဲ၊ ခွေးကိုလဲ မေမေတို့အိမ် ပြန်ခေါ်မယ်၊ ကြောင်ကိုလဲ မန္တလေးပြန်ပို့မယ်"

နေဒွန်းနှင့်ဥဒေါင်းပျို အကြည့်ချင်းဒက်ခနဲ တိုးကာ ချက်ချင်း မျက်နှာလွှဲလိုက်ကြပါသည်။

"ကဲ…သမီးလဲ မေမေ ရှင်းပြတာ ရှင်းပြီနော်၊ သူ ဘာရည်းစားမှ မရှိဘူး၊ သူ့ဟာသူ စိတ်ကစားတာ၊ ဟိုကလဲ မိန်းမလည်လေးပါ၊ မေမေလဲ လုံးဝသဘော မတူလို့ သူ့ဟာသူ စိတ်ဖြတ်ပြီးသား၊ သမီးကို သူ့ သဘောနဲ့သူ လက်ခံခဲ့တာ၊ နေဒွန်း မဟုတ်တာရုတ် တွေနဲ့ စကားအကြောတင်ရရုံလေး အနိုင်မယူနဲ့ ဒါပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ကဲ…မေမေ ပြန်မယ်"

ဒေါ်မြင့်မြင့်ဝေက ထိုင်ရာမှ ထရပ်လိုက်ပါသည်။ တံခါးဝသို့ ဥဒေါင်းပျိုက လိုက်ပို့သော်လည်း နေဒွန်းက ရှုပုပ်ပုပ် ထိုင်နေသည်။

"ချစ်ချင်ခင်ခင် နေကြကွယ်၊ ချမ်းမြေ့သာယာ နေတဲ့ သတင်းပဲ မိဘတွေက ကြားချင်တယ်"

"ဟုတ်"

ဥဒေါင်းပျိုက မပွင့်တပွင့်လေး ဆိုသည်။ ဒေါ်မြင့်မြင့်ဝေ ဆင်းသွားပြီး တံခါးပိတ်ပြီးလျှင် ဥဒေါင်းပျိုက အိမ်ထဲဘက် ဖြတ်ခနဲပင် လှည့်ဝင်သွား၍ နေဒွန်းက နောက်မှ ကပ်ကာ လိုက်ပါသွားရင်း…

"ဟိတ်…ဒီမှာ"

"ဘာလဲ"

ဥဒေါင်းပျိုက ခပ်ဆက်ဆက်ပင် လှည့်ထူးလိုက်သည်။

"တွေ့လား မေမေ့ရှေ့ကျ တစ်မျိုး၊ ကွယ်ရာကျ တစ်မျိုး၊ အိမ်ထဲမှာ အချင်းချင်းဖြစ်တဲ့ကိစ္စကို ဟိုတိုင်ဒီတိုင်နဲ့ ခင်ဗျား မရှက်ဘူးလား"

"မရှက်ပါဘူး၊ ဘာရှက်စရာရှိလဲ"

"သူ ရှက်ချင်တာကျ ကြံဖန်ရှက်၊ သူ မရှက်ချင်တာကျ မရှက်ပြန်ဘူး"

"ဒါ လူတိုင်းဒီလိုချည်းပဲဟာ၊ တစ်ယောက်နဲ့ တစ်ယောက် ရှက်တတ်ပုံ ဘယ်တူပါ့မလဲ၊ ရှင် အေး



အေးဆေးဆေးနေရင် ကောင်းမယ်၊ ကျွန်မကို လိုက်ရန် မလုပ်နဲ့"

"အောင်မာ သူက ခပ်မာမာနဲ့"

"ရှင်ရော ဘယ်တုံးက ပျော့ပျောင်းလို့လဲ"

"ခင်ဗျားဟာ ကြက်ခေါင်းဆိတ်မခံ အင်မတန် နှုတ်သီးပါးတယ်၊ ဒီမှာ…မေမေက သူ ထင်တာ ပြောသွားတာ၊ ကျွန်တော်က သူ မကြိုက်တဲ့ မိန်းကလေးနဲ့ ရည်းစားဖြစ်နေပါတယ်လို့ ဘယ်ဖွင့်ပြောထားမလဲ၊ ရည်းစားမဟုတ်ဘူးလို့ မေမေက ယုံနေပေမယ့် ဒါဟာ ရည်းစားဟောင်းပဲ၊ သူက သိပ်လှတယ်၊ ခင်ဗျားကို ကျွန်တော့်သဘောနဲ့ ကျွန်တော် လက်ခံခဲ့တာတော့ မှန်တယ်၊ ဒီအတွက် ခင်ဗျားကို အလျှော့ပေး အလိုလိုက်ပြီး ခင်ဗျားစိတ်တိုင်းကျပဲ အားလုံးဖြစ်ခွင့်ရမယ် မှတ်မနေနဲ့၊ လူကြီးတွေ စိတ်ဆင်းရဲမှာစိုးလို့ ငြိမ်နေတာ၊ ကျွန်တော် မရှိတုန်း ကျွန်တော့် အမေကို ဖုန်းဆက်ပြီး ကုန်းတိုက်တာ အင်မတန် မကောင်းတဲ့ လုပ်ရပ်ပဲ၊ နောင် ဒါမျိုး လျှောက်မတိုင်ပါနဲ့၊ ကိုယ့်ပြဿနာ ကိုယ်ရှင်းပေါ့၊ ခင်ဗျား အသက် အရွယ်ပဲ ဒီလောက်ရှိနေပြီ၊ ကိုယ့်အိမ်တွင်း ပြဿနာ ကိုယ်နိုင်အောင် ကိုင်တွယ်စမ်းပါ၊ ကျွန်တော့်မှာ ရည်းစားဟောင်း ရှိတယ်ဆိုပြီး အမေကို ပြေးတိုင်တာနဲ့ပဲ ခင်ဗျားကို ပိုချစ်လာမယ် မထင်နဲ့"

www.burmeseclassic.com

www.burmeseclassic.com

"ဘာ..."

ဥဒေါင်းပျိုမျက်နှာက နီရဲသွားပါသည်။ အတော်ကို ဒေါသထွက်သွားပုံနှင့် စကားပြောမည့် နှုတ်ခမ်းလေးတွေပါ တဆတ်ဆတ် တုန်လာတာကို နေဒွန်းက ကြည့်ကောင်းကောင်းနှင့် ကြည့်နေမိသည်။

"ရှင့်ကိုကော ဘယ်သူက ချစ်ဖို့ တောင်းပန်နေလို့လဲ၊ ရှင်သိထားဖို့က ကျွန်မမှာလဲ အသည်းနှင့်အောင် ချစ်ခဲ့ရတဲ့ ချစ်သူတစ်ယောက် ရှိခဲ့ပြီးသားဆိုတာပဲ၊ ရှင့်ကို ချစ်ဖို့ ရှင့်အချစ်ကို ခံယူချင်ဖို့များ ဝေးပါသေးတယ်"

"အပိုတွေ ဖြီးမနေနဲ့နော၊ ခင်ဗျားမှာ ရည်းစားမရှိခဲ့တာ ခင်ဗျားအမေ အသိဆုံးဆို"

ဥဒေါင်းပျိုက ခပ်မဲ့မဲ့လေး ပြုံးလိုက်ရင်း...

"ကျွန်မကကော ရှင်နဲ့ သဘောတူနေမှန်းသိသိနဲ့ ရည်းစားထားနေခဲ့တာကို အမေကို ဖွင့်ပြောပါ့မလား ကိုနေဒွန်းရဲ့"

နေဒွန်း မျက်ခုံးတွေ တွန့်သွားပါသည်။

"ဒါဖြင့် ခင်ဗျားကြိတ်ပြီးတော့ ခိုးပြီးတော့ ရည်းစားထားခဲ့တယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်၊ သူက ရှင်နဲ့တခြားစီပဲ ကိုနေဒွန်း၊ သိပ်သိမ်မွေ့နူးညံ့တယ် သဘောကောင်းတယ်၊ ဒါပေမဲ့ ကျွန်မက မေမေ့စကား မပယ်ရှားချင်ဘူး၊ တစ်ခါမှလဲ



မပယ်ရှားခဲ့ဖူးဘူး၊ ကိုကိုလဲ မေမေပေးစားသူ ယူခဲ့တာပဲမို့ အငယ်ဖြစ်တဲ့ ကျွန်မလဲ ဒီလမ်းစဉ်ပဲ လိုက်ခဲ့ရတာပဲ"

ဥဒေါင်းပျိုက ပြောပြီးသည်နှင့် မီးဖိုဘက် ခပ်တည်တည် ထွက်သွားပါသည်။ နေဒွန်းက ရှုးရှုးရှားရှား ဖြစ်ကာ ပါလာပြီးလျှင်...

"ခင်ဗျား တမင်အနိုင်လုပြောနေတာလား တကယ်လား"

"ဩော်...ရှင့်ကို အနိုင်ရတော့ရော ဘာအကျိုးရှိတာလိုက်လို့"

"တောက်...မင်းမှာ ရည်းစားရှိခဲ့တယ်ဆိုရင် လုံးဝလက်မခံခဲ့ဘူး၊ လက်ထပ်ဖို့ လုံးဝတောင် စိတ်ကူးခဲ့မှာ မဟုတ်ဘူး သိရဲ့လား"

"တူတူပဲပေါ့၊ ရှင့်မှာ ရည်းစားရှိမှန်းသိခဲ့ရင်လဲ ကျွန်မက ယူဖို့ ဝေးပါသေးတယ် ကိုနေဒွန်း၊ နှစ်ယောက်လုံး မသိလို့ ယူမိခဲ့ကြတာချည်းပဲ၊ ကြေပြီ"

"မကြေဘူး၊ ဒီအိမ်မှာ ငါနဲ့အတူနေနေပြီး အရင်ရည်းစား သိမ်မွေ့တာတွေ နူးညံ့တာတွေ တမ်းတနေရင်တော့ ငါ သည်းညည်းမခံနိုင်ဘူးကွ"

"ဒီလိုပဲပေါ့၊ ကျွန်မလဲ တူတူပေါ့၊ ရှင်နဲ့ လည်နေဖို့က ရှင့်ရည်းစား ရှင်တမ်းတနေတာဟာ ကျွန်မလဲ ကျွန်မ ရည်းစားကို တမ်းတနေမယ့် အချိန်ပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ရှင်လဲ ကြိတ်တမ်းတမနေဘူးဆိုရင် ကျွန်မလဲ ကြိတ်ပြီး တမ်းတမနေဘူးလို့ ရှင် ယုံထားလိုက်ပါ"

"မယုံဘူး၊ လုံးဝ မယုံဘူး၊ မင်းစိတ်ကို ငါက ဘယ်လိုလုပ် သိနိုင်မှာလဲ၊ ငါ့မှာငါ မတမ်းတလဲ မင်းက မသိအောင် ခိုးတမ်းတနေမှာပဲ"

"ဒါတော့ ရှင့်စိတ်နဲ့ရှင် နှိုင်းပြောနေတာပါ၊ ကျွန်မ က မြန်မာအမျိုးသမီး မိန်းမကောင်းတစ်ဦးပါ၊ ကာမပိုင် လင်ယောကျ်ားရှိနေပြီးရက်နဲ့ ဘယ်တော့မှ စိတ် မဖောက်ပြားဘူးဆိုတာ ရှင် သိထား၊ ရှင့်ကိုသာ မချစ် တာ ရှင့်အပြင် တခြားသူကို စိတ်နဲ့တောင် မပြစ်မှား ဘူးဆိုတာ ရှင် သဘောပေါက်ပါ"

ရှင့်ကိုသာ မချစ်တာ ဆို၍ ရင်ထဲအောင့်ရပေမယ့် နေဒွန်း က အနည်းငယ်တော့ ကျေနပ်သွားပါသည်။ ဥဒေါင်းပျိုဟာ အဲသလို ဖောက်လွဲဖောက်ပြန် သံစွာမဲ့မည့် မိန်းမစား မဟုတ် ဟုတော့ သူက အလိုအလျောက် ယုံကြည်မိပြီးသားပင်။ ဤ ယုံကြည်မှုက သူ့စိတ်ကို အေးစေသည်။

သူ့ဘဝမှာ ပပသည်ပင်လျှင် သူ့ကို ပြန်သာ လက် ခံမချစ်ခဲ့ပေမယ့် သာယာညှင်းပျောင်းချွဲနွဲ့စွာ စကားပြော တတ်မြဲပင်။ ဒီမိန်းမကကျမှ ခပ်တည်တည် တင်းမာမာ အနိုင် မခံစတမ်း ပြောတတ်တာ ကြုံဖူးတာ။ သူ့ကိုယ်သူများ ခပ်တင်း တင်း ပြောဆိုနေပေမယ့် ယောကျ်ားတို့က ကျရှုံးသောက်အောင်များ လှသည်လို့ အထင်ရောက်နေသလားမသိ။



သိပ်လှနေလို့ လှဂုဏ်မောက်နေလည်း တစ်မျိုးပေါ့။ ဟွန်း...။ နေဒွန်းသည် ဟင်းရည်အိုး နွှေးနေသော ဥဒေါင်းပျို ကို မီးဖိုဝမှ ခါးတောက်ကြည့်နေပါသည်။ သူမကတော့ ဘာမှ မဖြစ်ခဲ့သလို ခပ်အေးအေးပုံ ဖမ်းထားပြီ။ သူ့မှာသာ ရင်ထဲ ဗလောင်ဆူတာတွေ မငြိမ်သေး။

သူမကိုများ သိပ်ချစ်တဲ့ ယောကျ်ားတစ်ယောက်က ရှိသေးသတဲ့။ သူမလို ဓောင့်အင့်အင့်ဟန်ပန်နှင့် မိန်းမကိုလေ။ ပြောခဲ့ပုံကတော့ အတည်ပေါက်ပါပဲ။ အငယ်မို့ အစ်ကို့လမ်းစဉ် လိုက်ပြီး အမေစီမံရာကိုသာ နာခံသတဲ့။ ဟုတ်ကောဟုတ်ပါ့ မလား။ အလကား နေဒွန်းကို လိုက်ပြိုင်ပြောနေတာလည်းပဲ ဖြစ်နိုင် တာပါပဲ။

စာတ်ပုံမြင်တုန်းက သူမရဲ့ ရုပ်ရည်နှင့် အရိုးခံ မျက်ဝန်း ဟာ အချစ်ဆိုတာကို ကြုံဖူးခံစားဖူးဟန် မတူ။ ရည်းစားထားခဲ့ဖူး သေးဟန် မတူမို့ ဒါကိုလည်း သူက တစ်ချက် ထည့်သွင်း သဘောကျခဲ့တာ။ ခုတော့ ရည်းစားရှိဖူးသတဲ့။

ဟုတ်သည်ဖြစ်စေ မဟုတ်ဘူးဖြစ်စေ သူကကော ဘာ ကြောင့် အသည်းထဲ တကျိကျိယားနေပါသလဲ။ ရှင့် ရည်းစားကို ရှင်တမ်းတနေချိန်ဟာ ကျွန်မလည်း ကျွန်မ ရည်းစားကို တမ်းတ နေချိန်ပဲတဲ့။ ပြောပုံကိုက...။ စိတ်နဲ့တောင် မဖောက်ပြန်ဘူးလို့ပဲ ဆိုထားပြန်သေးတော့ နေဒွန်းကို ရှင့်ရည်းစား ရှင်တမ်းတရဲ့ တမ်းတကြည့်ရယ်လို့ ခြိမ်းခြောက်ရာ သဘောမျိုးလည်း ရောက်နေ သည်။

www.burmeseclassic.com

www.burmeseclassic.com



အတော်လည်တဲ့ မိန်းမ။ ကြည့်တော့ တည်တည် အေးအေး ရိုးရိုးကုပ်ကုပ်လိုလိုနှင့် သူ့ဘက်က ကစ်ချက်မှ ရှုံးမကျန် ရစ်ခဲ့ရအောင် အပြိုင်ပြောနိုင်သည်။ သူမမှာ ရည်းစားရှိခဲ့တာ တကယ်ဟုတ်မဟုတ်ကို နေဒွန်း အတော်သိလိုလှသည်။

သူ့မိဘ မေးလို့လည်းဖြစ်သည့်ကိစ္စမဟုတ်။ မေးလို့ဖြစ်ရင်တောင်မှ သူ့အမေမသိအောင် ထားခဲ့ပါတယ်ဟု ဆိုထားတာပဲ။ သိလည်း မန္တလေးအသိုင်းအဝိုင်းမှာပဲ တချို့တလေ သိကြမှာမို့ သူ ဘယ်လို စုံစမ်းရပါ့မလဲ။ စုံစမ်းကြည့်စရာ နည်းလမ်းကို မရှိပါ။

ကိုယ်က ပါးစပ်က အသားယူ အပါးတင် ပြောနေပေမယ့် ပပနှင့် တကယ် ရည်းစားဖြစ်ခဲ့ရတာ မဟုတ်ပေ။ ကိုယ်ကတောင် ရည်းစားတစ်ခါမှ မထားဖြစ်ခဲ့သော သန့်ရှင်းသူဖြစ်နေပါလျက် သူမက ရည်းစားဟောင်းကြီးနဲ့ဆိုရင် အတော်ခံပြင်းဖို့တော့ ကောင်းသည်။

သူမရဲ့ ရည်းစားဟောင်းက သူ့ထက်များ ချောမလား။ သူက ချောမောသူ မဟုတ်၍ သူ့ထက် ချောဖို့က များနေပါသည်။ ဒါဆိုရင် သူ့ကို မြင်တိုင်း သူမက ကြိတ်ကာ စိတ်ဆင်းရဲတစ်ဝက် ပြုံးလှောင်တစ်ဝက် ရှိနေတော့မှာပဲ။ တောက်...။ နေဒွန်းသည် ရင်ထဲ တလိပ်လိပ်ဖြစ်ကာနေသည်။

ညာပြောတာ ပြိုင်ပြောတာဟုလည်း ထင်ချင်သည်။ တကယ်ဟုတ်နေမလားလို့လဲ အခံရခက်သည်။ ဟိတ်... မင်း တကယ်ရည်းစားရှိခဲ့သလား မရှိခဲ့ဘူးလား။ ငါနော်... တော်တော်



ဒေါသထွက်လာနေပြီ။ အရိုးခံရုပ်နဲ့ ရည်းစားခိုးထားခဲ့တဲ့ မိန်းမ။ ဒါမှမဟုတ် ငါ့ကို အညှိုမခံ လီဆယ် ပန်းချင်းယှဉ်တဲ့ မိန်းမ။

ဘယ်ဟာကမှ မကောင်း။

"ဟင်...ရှင် ဘာလာကြည့်နေတာလဲ လူကို"

ရုတ်တရက် ဒီဘက်လှည့်ကာ ပန်းကန်ယူသော ဉဒေါင်းပျိုက နေဒွန်းကို အလန့်တကြားတွေ့ကာ ခပ်ဆတ်ဆတ် ဆိုလိုက်ပါသည်။

"အလကားကြည့်နေတာ မဟုတ်ဘူး၊ မေးစရာရှိလို့ ကြည့်နေတာ"

"ဘာမေးမှာလဲ"

"ခင်ဗျားရည်းစား ဘယ်သူလဲ"

"ဘာလို့ပြောရမှာလဲ"

"တကယ်ရှိရင် ပြောရမှာပဲ"

"တကယ်ရှိတယ်၊ ဒါပေမဲ့ ဘာကြောင့် ပြောရမှာလဲ၊ မလိုပါဘူး"

"လိုတယ်၊ မတော်တဆ ကျွန်တော်နဲ့ အပြင်မှာ ဆုံနေသိနေရင် ကျွန်တော်က ခင်ဗျားရည်းစားဟောင်းမှန်း သိမထားရင် အောက်တာပေါ့"

"ရှင်နဲ့ဆုံစရာ ဘာအကြောင်းမှ မရှိဘူး၊ မဆုံဘူး၊ စိတ်ချ"

"ဘယ်ပြောနိုင်မလဲ၊ ခင်ဗျားက ဘာကြောင့်လို့ ဝှက်ချင်ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဘာမှ လျှောက်ပြောနေစရာ ကိစ္စမှ မဟုတ်တဲ့"

"ကျွန်တော်က ခင်ဗျားယောက်ျားလေ၊ သိချင်တယ်၊ ဒါပဲ"

"အို…ရှင် နေရင်းထိုင်ရင်း လာရစ်နေပြန်ပြီ၊ မပြောဘူး"

"ပြောရမယ်"

"မပြောပါဘူး၊ မတော်ဆိုနေရင် ပြဿနာ တက်နေဦးမယ်"

"အောင်မာ…ဟားဟား…ခင်ဗျားအတွက်နဲ့များ ယောက်ျားနှစ်ယောက်က ရန်ဖြစ်ကြရဦးမယ်၊ ဟာဟ…ရယ်စရာ"

"ရှင် ဘယ်လိုဖြစ်နေလဲ၊ ရှင် သက်သက် ရန်လာစ,နေပြီနော်"

"မေးနေတာကို ဖြေပါလား"

"အို…မပြောဘူးဆို မပြောဘူးပေါ့၊ ဒါပဲ ပြီးပြီ"

"တောက်…"

"ကဲ…ရှင် အပေါက်ဝက ဖယ်၊ ကျွန်မ ဟင်းပန်းကန် ထမင်းစားပွဲကို ပို့မလို့"

"ကျွန်တော်လဲ ကျွန်တော့်ရည်းစား ပြောပြမယ်၊ ခင်ဗျားလဲ ပြောပြ"

"အို…ရှင့်ဟာရှင် ပြောချင်စိတ်ပေါက်ရင်တော့



ပြောပေါ့၊ ကျွန်မကတော့ မပြောနိုင်ပါဘူး"

"မင်း ဘယ်လိုမိန်းမလဲ၊ သိပ်ကတ်သတ်တယ်"

"ကျွန်မမှာ မပြောနိုင်တာ"

"ဘယ်ပြောနိုင်မလဲ မင်းမှာ တကယ်ရည်းစား မရှိခဲ့ဘူး မဟုတ်လား"

ဥဒေါင်းပျို့က နေဒွန်းကို တအံ့တဩ မျက်ခုံးလေး မြှင့်ကြည့်ကာ မရယ်စဖူး ခပ်မြူးမြူးလေး ရယ်ချလိုက်ပါသည်။ လက်ထပ်သည့် အချိန်ကစ၍ ဤသို့ ညင်းညှံ့ညှံ့ သံသာသာ ရယ်မောတာကို တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သည့် နေဒွန်းမှာ ဥဒေါင်းပျို့ ရယ်မောပုံလေးကို သတိလက်လွှတ် စိုက်၍ ကြည့်နေမိသည်။

ဖြူသွယ်လှပသော ပုလဲကွဲသို့ သွားတန်းလေးပေါ်လွင်က မျက်နှာလေးက နုနယ်သွားသည်မှာ မြင်နေကျ ရုပ်ပင် ပြောင်းသွားပါသည်။

"လက်စသတ်တော့ ရှင်က ကျွန်မ ရည်းစား မထားခဲ့ မရှိခဲ့ဘူးဆိုတဲ့ အဖြစ်ကို လိုချင်နေတာကိုး၊ ဒါပေမဲ့ ဆောရီးပဲ ကိုနေဒွန်း၊ ပြောမပြနိုင်တာက လွဲလို့ တကယ် ရှိခဲ့ဖူးပါတယ်၊ ကဲ…ရှင် ရှေ့က ဖယ်ပါ"

နေဒွန်းက ဒေါသတကြီး ဖယ်ကာ ထမင်းစားပွဲက ခုံကို ဆောင့်ဆွဲထုတ်ယူပြီး ခပ်ကြမ်းကြမ်း ထိုင်ချလိုက်ပါသည်။ သူ့တအားကို စိတ်တို စိတ်လှုပ်ရှားနေပါသည်။

"ဒီလိုမှန်းသိ လက်ကို မထပ်ဘူး ပပကိုပဲ

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်တယ် သိရဲ့လား၊ ပပကလဲ ငါ့ကို ခုထိ စိတ်မကုန်ဘူး သိရဲ့လား၊ အိမ်ထောင်ရေး မသာယာတဲ့ ငါ့ကို သနားနေတုန်းပဲ သိရဲ့လား၊ သူ ဆွေးနေရတယ် လို့ အမြဲတဖွဖွ ပြောတယ်၊ သိရဲ့လား''

သိရဲ့လားချင်း ထပ်ကာ နေဒွန်း ပေါက်ကွဲတုန်လှုပ် နေတာကို ဥဒေါင်းပျိုက ခပ်စိမ်းစိမ်း အေးစက်စက်ကြည့်ရင်း…

''ဪ…ရှင်တို့က ဆက်တွေ့နေကြတုန်းပေါ့''

''တွေ့မှာပေါ့၊ တစ်ရုံးတည်းပဲ၊ သူက ငါ့ကို မပြတ်လို့ကို ငါ့ရုံးကို အလုပ်ဝင်လာတာပဲ၊ နားလည် ပြီလား''

ဥဒေါင်းပျိုက ခပ်မဲ့မဲ့ကလေး နှုတ်ခမ်းတွန့်လိုက်ရင်း…

''ကိစ္စမရှိပါဘူးလေ၊ ဒါပေမဲ့ ရှင် သိထားဖို့ ယုံထားဖို့က ရှင် ကျွန်မကို အဝိုင်းပေးရင် ရှင်လဲ အဝိုင်း ပြန်ရမယ်၊ ရှင် ကျွန်မကို လေးထောင့်ပေး ရင် ရှင်လဲ လေးထောင့်ပြန်ရမယ်ဆိုတာကိုပဲ၊ ရှင်ပေး တဲ့ဟာမျိုး ကျွန်မက ပေးမယ်၊ ကျွန်မရတဲ့ဟာမျိုးကို ရှင်လဲ စာစ်နေ့ရမယ်၊ ဒါပါပဲ''

''တောက်…''

နေဒွန်းသည် ကိုယ့်ကိုယ်ကို အံ့သြလောက်အောင်ပင် အတော်တုန်ရီလှုပ်ရှားနေမိပါသည်။ ဥဒေါင်းပျိုကိုလည်း အစိမ်း လိုက် ချိုးဖဲ့ခြေမွချင်လောက်အောင် စိတ်တွေတိုသည်။ သူက ဤမျှ ဖြောင်းဆန်နေရသလောက် သူမက အေးတိ အေးစက်



ခံစားနိုင်တာကိုလည်း ဒေါမနဿပွားသည်။

တကယ်တမ်းတွင် သူ့ဘက်က သူမ အခံရခက်အောင် လီဆည်အနိုင်ယူတာတွေဖြစ်ပြီး သူမဘက်ကတော့ တကယ်ဖြစ် နေသလားဆိုတာကို တွေးရင်း အသားတွေပင် ပူလောင်အောင် အခံရခက်နေပါသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၅)

"ကိုနေဒွန်း ဘာတွေစဉ်းစားပြီး မကျေမချမ်း ဖြစ်နေလဲ ကိုနေဒွန်းရဲ့"

စားပွဲရှေ့ ပပ ရောက်လာ၍ နေဒွန်းက သူ့မျက်နှာကို ပြင်လိုက်ပါသည်။ ပပက လက်ထဲတွင် သူမ ရေးဆွဲထားသော အဆောက်အဦးပုံစံ စာရွက်လိပ်ကို ကိုင်ထားသည်။ နေဒွန်းကိုတော့ သူမရဲ့ ထုံးစံ ညှုတုတုကလေး ကြည့်ကာ ပြုံးနေသည်။

ပပသည် သူတို့ မန်နေဂျာ ကိုဇော်လင်းသက်နှင့်ခင်မင် တာကို အခွင့်ကောင်းယူကာ ခုတလော ကိုဇော်လင်းသက်ကို တကပ်ကပ်။ လိုအပ်တာထက် ပို၍ မူရာမာယာတွေပေး အရေး



ပေး။ အရင်ကတည်းက ပပဟာ ဘယ်လိုဆိုတာ သိပေမယ့်လည်း ဤမျှလောက် မျက်စိရှေ့ပြောင်ကျကျ ပေါ်တင်ကြီးတော့ မြင်တွေ့ မနေခဲ့ရစဖူး။

ခုကတော့ အသိသာကြီး။ မန်နေဂျာကို ဇွတ်အရောဝင် ညှုနေတာ တစ်ရှုံးလုံးလိုလို မြင်နေရပါသည်။ နေဒွန်း ကိုယ်တိုင် လည်း တွေ့နေရတော့ ခုမှပင် ပပ သူ့ကို လက်မခံတာဘဲ တော်ပါသေးရဲ့ရယ်လို့ စိတ်သက်သာနေရပါသည်။

ဇော်လင်းသက်က ပပ စိတ်ကြိုက်ပါပင်။ အရပ်မြင့် အသားဖြူကာ ရုပ်က သန့်ပြန့်နေ၍ ဟန်ပန်က စမတ်ကျသည်။ လခက ကောင်းသည်။ ရွှေတောင်ကြားမှာ ဟိန်းမားခန့်ထည် သော တိုက်ကြီးခြံကြီးနှင့်နေသည့် တကယ့် ထိတ်ထိတ်ကြဲ သူဌေး သား လူပျိုပင်။ ပပလည်း ဒါကိုပဲ မျက်စိကျ သဘောတွေ့နေပုံ ရပါသည်။

အရင်က ပပ တစ်ယောက်ပြီးတစ်ယောက် တွဲလိုက် ဖြုတ်လိုက် ဖြစ်နေတာတွေ့ဖူးပေမယ့် ထိုသူတွေကို သူမ ဘယ်လို ဆွဲဆောင်စည်းရုံးနေတာကို မျက်ဝါးထင်ထင်မမြင်ရ။ ခုမှပဲ ဩချ လန့်ဖျားရပါသည်။

ဇော်လင်းသက်က သဘောကောင်း ဖော်ရွေသူမို့ ပပကို လိုက်လျောဆက်ဆံပါသည်။ သို့ပေမဲ့ မရိုးမသား အမူအရာ မရှိဘဲ ပကတိ လူကြီးလူကောင်းဆန်လှသည်။ ခင်ခင်မင်မင်နေပေ မယ့် အနေမှန်ကာ နေတတ်လှပါသည်။ ဇော်လင်းသက်ကို ပပ လိုက်ကပ်နေတာ အားလုံး ရိပ်မိစွာ မျက်မြင်ဖြစ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပပက နေဒွန်းကိုပါ မထိခလုတ် ပြောဆိုတတ်မြဲပင်။

မိန်းကလေးပျိုဖြစ်ပါလျက် ပါးစပ် မစောင့်စည်း မထိန်းသိမ်းသူပဲဆိုရမလား၊ နေဒွန်းကတော့ ပပကို ချစ်ခဲ့ဖူးတာကို ခုမှပဲ နောင်တတွေရချင်လာပါသည်။ သူက ချစ်ရေးဆိုဖူးသူဆိုတော့ မထိခလုတ် ဆက်ဆံခံနေရသည်ပင်။ မိုးဦးတို့ ဝင်းထွန်းကြည်တို့ကျတော့ ခင်မင်သော်လည်း သူမကို စိတ်ဝင်စားဖူးသူ မဟုတ်၍ ထိုသို့ မထိခလုတ် ပရောပရီ စကားမျိုးတွေ အဆိုမခံရ။

မိုးဦးတို့သည်ပဲ ပပကို မလေးစား။ နေဒွန်းသည်လည်း တစ်စစ ပပအပေါ် မလေးစားနိုင်တော့ပါ။ ခုတော့ စားပွဲနား ပပကပ်လာလျှင်ပင် တခြားဝန်ထမ်းတွေ တစ်မျိုးထင်မှာ ရှက်ကာ မနှစ်မြို့ချင်ပြီ။

"ဘာလဲ ပပ"

"အမယ်…လေသံက ခပ်စိမ်းစိမ်းပါလားနော်"

"မဟုတ်ပါဘူး၊ အိမ်က စိတ်ရှုပ်လာလို့ပါ"

"ဟင်း…ကိုနေဒွန်းလေးတစ်ယောက်လဲ အိမ်ထောင်ဦးလေး ရှိသေး၊ မပျော်ရွှင်ရ မသာယာရပါလားနော်"

"အိမ်ထောင်ရေးနဲ့ မဆိုင်ပါဘူး၊ တခြားပါ"

"အမယ်…အငြင်းသွက်လိုက်တာ၊ ဧကန္တ ဇနီးချောလေးကို သိပ်အထိမခံနိုင်တော့ဘူး၊ အမေ ပေးစားတာပါ၊ အမေ ပေးစားတာပါနဲ့ သူ ချစ်လာပြီမဟုတ်လား"



နံဘေးစားပွဲမှ ဝင်းထွန်းကြည်က ရှုံ့မဲ့မဲ့ ရယ်နေပါသည်။

"ကဲပါ ပပရယ် ဘာလဲ ပြောပါ"

"သူများကိုတောင် သိပ်စိတ်မရှည်ချင်တော့ဘူး၊ မရဘူးနော်၊ ဟိုးတုန်းက ဘာပြောထားသလဲ"

တစ်ဖက်က တခွိခွိ အသံပင် ထွက်လာသည်။ နေဒွန်း၏ ရှုံ့မဲ့မိကာ…

"ပြဿနာပဲဗျာ၊ အဲလို လျှောက်လျှောက်မပြောနဲ့ ပပ၊ ကျွန်တော်က ယောကျ်ားလေး၊ ဘာမှ မထိနိုက်ဘူး၊ ပပက မိန်းကလေး"

"ဘာဖြစ်လဲ၊ အရင်ကလဲ ဒီလိုပဲ ပြောနေကျ"

"လက်မြှောက်ပါတယ်ဗျာ၊ ကဲပါ ကိစ္စရှိလား၊ ရှိရင်ပြော"

"ပပ ပုံကို ကြည့်စမ်းပါ၊ ပြီးတော့ နည်းနည်း အိုင်ဒီယာ ပေးစမ်းပါ၊ ပုံကြီးက ရိုးရိုးတုံးတုံးကြီး ဖြစ်နေတယ်"

"ဟောဗျာ တစ်ယောက်တစ်ပုံ ခွဲတင်နိုင်းထားတာ၊ ပပကို အိုင်ဒီယာပေးလိုက်တော့ ကျွန်တော့်ပုံထဲကျ ဘာသွားထည့်မလဲ"

"စိတ်မပုပ်နဲ့၊ မရဘူး၊ ပြောပြပေး၊ ကိုနေဒွန်းပုံ ညံ့ရင်ညံ့ပစေ၊ ပပပုံ ကောင်းအောင် ကောင်းကောင်းစိတ်ကူးပေး"

"ရောဂါပဲ၊ ဟော့ကောင် မိုးဦး အိုင်ဒီယာ အပို

www.burmeseclassic.com

www.burmeseclassic.com



များ မရှိဘူးလားကွာ"

"တွေ့လား ကိုနေဒွန်းက သိပ်စိမ်းကားလာ ဟာယ်နော်၊ ဒါ ဘယ်လိုဖြစ်ရတာလဲ၊ ဘယ်တုံးက ဒီလို စိမ်းဖူးလို့လဲ၊ မိန်းမတစ်ယောက်ရတာနဲ့ပဲ တစ်ခါ တည်း"

"ဟာ..."

နေဒွန်းသည် စိတ်ညစ်ကာ ခေါင်းကို ကုတ်မိသည်။ တချို့သော မိန်းမတွေဟာ ယောကျ်ားတစ်ယောက်က သူတို့ အပေါ် တစ်ကြိမ်တစ်ခါတုန်းက ချစ်ခဲ့မိဖူးရုံနှင့် နောင်တစ်သက်လုံး သူတို့အနှောင်အထုံးမှ မကျွတ်မလွတ် ဒရွတ်ငြိပါနေတော့မည်ဟု ထင်တတ်ကြပါကလား။

တစ်ကြိမ်တစ်ခါ ချစ်ခဲ့ဖူးစဉ်က အရေးပေးဦးစားပေး မှုမျိုးကို တစ်သက်လုံး ဆက်လက်ရယူ ပိုင်ဆိုင်သွားချင်တတ် ပါကလား။ ဤမိန်းမမျိုးထဲ ပပမှာ အပါအဝင် ဖြစ်ပါသည်။

"ကဲ...ကဲ...ထားခဲ့ ထားခဲ့၊ ကြည့်ပြီး စဉ်း စားပေးမယ်၊ ကိုယ့်ပုံတောင် ကိုယ် မပြီးသေးဘူးဗျာ"

"ရော..."

ပပက သူ့ပုံလိပ်ကို စားပွဲပေါ်ချကာ လက်ညှိုးလေး တစ်ချောင်းက နေဒွန်း နဖူးကို ထိမလို ထောက်မလို ရှေ့တိုး လာပြီး...

"ကောင်းကောင်းစဉ်းစားနော်...ဟွန်း..."

သူမ တကယ်လာထိမှာ ဟုတ်ချင်မှ ဟုတ်မှာပေမယ့်



နေဒွန်းက ခေါင်းကို နောက်တိမ်းပြီး သိသိသာသာ ရှောင်လိုက်ပါ သည်။ ပပ ထွက်သွားပေမယ့်လည်း သူက ပပအတွက်ရော သူ့အတွက်ပါ မစဉ်းစားနိုင်သေးပါ။ သူတို့ကို ပေးထားသော ရက်လည်း ကျန်ပါသေးသည်။ သူ့ခေါင်းထဲ လောလောဆယ် မကြည်သာသည်မှာ ဥဒေါင်းပျိုကြောင့်ပင်။

သူ အံ့အားလဲသင့်၊ ကြိုက်လဲမကြိုက်၊ ကျေလဲ မကျေ နပ်၊ ဘာမြစ်လို့လဲ မရ။ မနေ့ကမှ ကပ်၍ သူ သိခွင့်ရခဲ့ပါသည်။

"ရှင့်ကို ပြောစရာရှိလို့"

ညနေထမင်းဝိုင်းမှာ စကားမဆိုမဖူး ဆိုလိုက်၍ နေ ဒွန်းက အထူးတဆန်းပင် ဖြစ်မိပါသည်။

"ကျွန်မ အိမ်မှာ ပျင်းလဲ ပျင်းတယ်၊ လူကလဲ အလကား တန်ဖိုးမရှိသလို ဖြစ်နေတယ်၊ ကိုယ်က ပညာတတ်ဖြစ်ရဲ့သားနဲ့လဲ အသုံးမချရဘဲ ပညာတွေ ပုပ်သိုးသွားမှာမျိုး မဖြစ်ချင်ဘူး၊ ဒါကြောင့် ကျွန်မ ကုမ္ပဏီတစ်ခုမှာ အကောင့်တန့် လျှောက်ကြည့်လိုက် တာ အခု ခန့်စာရတယ်၊ အခုက လကုန်ရက်ဆိုတော့ မနက်ဖြန်ပဲ ရုံးစတက်ရတော့မယ်၊ အဲဒါ ပြောပြတာ"

"ဟာ...ကျွန်တော့်ကိုလဲ မပြောဘူး၊ ဘာမှ မတိုင်ပင်ဘူး၊ ဘယ်ဖြစ်နိုင်ပါ့မလဲ"

"မတိုင်ပင်ဖြစ်တာကတော့ အလုပ် ဒီလောက် လွယ်လွယ်ရမယ်လဲ မထင်တာနဲ့ မသေချာလို့၊ မဖြစ် နိုင်ဘူးဆိုတာက ဘာကြောင့်လဲ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ…ပြောနေစရာတောင် မလိုဘူး၊ အိမ်မှာ ခွေးနဲ့ကြောင်နဲ့၊ ပြီးတော့ အိမ်မှုကိစ္စကလဲ ရှိတယ်၊ ခင်ဗျားပဲ အိမ်ဖော် မခေါ်ချင်ဘူးဆို၊ ခေါ်ရင်လဲ အိမ်မှာ တစ်ယောက်တည်း ထားခဲ့ရမှာ မဖြစ်ပါဘူး"

"အိမ်ဖော် မခေါ်ပါဘူး"

"ဒါဖြင့် ဘယ်ဖြစ်မလဲ၊ အပိုတွေ စိတ်ကူးမယဉ်စမ်းပါနဲ့ ခင်ဗျားကလဲ"

"အို…ဒါ စိတ်ကူးယဉ်တာလား၊ ကျွန်မ စာရင်းအင်းနဲ့ ပတ်သက်ပြီး ဘွဲ့ရထားတာ၊ အလကား ထိုင်မနေချင်ပါဘူး၊ အစကတည်းက တစ်နေ့ အလုပ်ဝင်မှာ ဆုံးဖြတ်ပြီးသား၊ အိမ်ထောင်အစမို့ အခြေမကျသေးလို့"

"ခင်ဗျား အပြင်ထွက် အလုပ်လုပ်ပြီး အိမ်မှာ လစ်ဟင်းနေမှာ လုံးဝ လက်မခံနိုင်ဘူးဗျာ"

"ရှင် စိတ်ချပါ ကိုနေဒွန်း၊ အိမ်မှာ ဘာမှ မလစ်ဟင်းစေရပါဘူး၊ ထမင်းဘူးတွေ မပီရင် ရှင်ဆာတဲ့ အချိန် မစားရရင် ရှင့်အဝတ်တွေ လျှော်ပြီး မီးပူတိုက်ပြီး အသင့်မရှိရင် တစ်ခုခု လစ်ဟင်းရင် ရှင် ကျွန်မကို အပြစ်ပြောချင်သလို ပြောပါ"

"ဟာ…မကြိုက်ပါဘူးဗျာ"

"ရှင်လဲ ရှင် တတ်တဲ့ပညာနဲ့ အလုပ်ခွင် ဝင်တယ်၊ ကျွန်မလဲ ကျွန်မတတ်တဲ့ ပညာရပ်နဲ့ အလုပ်ခွင်



ဝင်တယ်၊ ဒါဆန်းတဲ့ကိစ္စလဲ မဟုတ်ဘူး၊ မလုပ်သင့်တဲ့ ကိစ္စလဲ မဟုတ်ပါဘူး၊ အကျိုးလဲ ယုတ်စရာ မရှိဘူး၊ ရှင့်မှာလဲ ဂုဏ်သိက္ခာကျဆင်း စရာဖြစ်တဲ့ ကိစ္စမျိုးလဲ မဟုတ်ပါဘူး"

"ခင်ဗျား အေးအေးဆေးဆေးနေလဲရသားနဲ့"

"ဒါတော့ ရွေးချယ်မှုပေါ့ ကိုနေဒွန်းရယ်၊ အေးအေးဆေးဆေး နေချင်တဲ့ သူကတော့ အေးအေးဆေးဆေး နေရတဲ့ လမ်းကို ရွေးမှာပေါ့၊ ကျွန်မကတော့ ကိုယ့်ပညာနဲ့ အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခု လုပ်ဖို့ အစကတည်းက ဆုံးဖြတ်ပြီးသား၊ ယောက်ျား ရှာပေးတဲ့ ဝင်ငွေကိုပဲ ငြိမ်ပြီး မှေးသုံးနေမယ့် မိန်းမမျိုး မဟုတ်ဘူး"

"ခင်ဗျားက စကားပြောလိုက်ရင် နည်းနည်းတော့ တစ်ဖက်သား ကသိကအောက်ဖြစ်အောင် ပြောရမှ"

နေဒွန်းသည် လုံးဝ မနှစ်မြို့တာ အမှန်ပင်။ ဒါပေမဲ့ ဤမိန်းမကို သူ တားလို့လည်းရမှာ မဟုတ်ဘူးဆိုတာ သိသည်။ မဖြစ်မနေ တားကိုတားသင့်သည့် ကိစ္စမျိုးကလည်းမဟုတ်။ စိတ်တွေရှုပ်ကာ သူ ဘာမှတော့ ဆက်မပြောနိုင်ပါ။

"ရှင် စိတ်မပူပါနဲ့ ကိုနေဒွန်း၊ ကျွန်မ အခု ဝင်လုပ်မယ့် ကုမ္ပဏီမှာ ကျွန်မရဲ့ ရည်းစားဟောင်း မရှိပါဘူး၊ အင်း…ရှင့်ပပလို ရှင်ရှိလို့ ဒီကို တမင်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာတာမျိုး သူက ကျွန်မ ကုမ္ပဏီကို နောက်မှ လိုက်ဝင်လာရင်တော့ မတတ်နိုင်ဘူးပေါ့လေ''

နေဒွန်းသည် ဖျဉ်းခနဲ ထူပူကာ ဥဒေါင်းပျိုကို အလန့်တကြား စူးစိုက်ကြည့်မိခဲ့သည်။ ဤစကားကို သူမ အသည်းစွဲစွဲ မှတ်ထားခဲ့သည်ပဲ။ ခုမှတော့ သူကလည်း လီဆည်လျှောက်ပြောပြီးခဲ့ပြီမို့ ဘွာခတ်မလွယ်တော့။

သူက အပိုင်းပေးရင် အပိုင်းပြန်ပေးမယ်။ လေးထောင့်ပေးရင် လေးထောင့်ပြန်ပေးမယ်တဲ့။ အခု သူက ဘာပေးမိခဲ့ပါလိမ့်။ သူဟာ တကယ်တော့ ဥဒေါင်းပျိုအပေါ် နှုတ်ဖျားက စကားနှင့်သာ အညွန့်တင် အသာစီး ယူနေခဲ့တာပါ။ သူဟာ ဥဒေါင်းပျိုကို အပိုင်းမဟုတ် လေးထောင့်မဟုတ် ပုံပျက်ပန်းပျက် အရာမျိုး လုံးဝမပေးခဲ့သေးတာ အမှန်ပါ။

သို့သော် သူမက ဘယ်လိုထင်နေမည်နည်း။

နေဒွန်းဆိုတဲ့လူဟာ ရုံးမှာ ရည်းစားဟောင်းနှင့် နေ့စဉ်တွေ့နေ ပျော်မြူးနေမည်လို့ ထင်ရင်ထင်မှာပါ။ ဒါကို မခံချင်ဖြစ်ရင် ဖြစ်နေမှာပါ။ သူ့လျှောက်တဲ့ ကုမ္ပဏီမှာ သူ့ရည်းစားဟောင်း မရှိပါလို့ ဆိုပေမယ့် နောင်ရောက်လာရင်တော့ မတတ်နိုင်ဘူးဟုလည်း ပြောသည်။

ဟုတ်မှ ဟုတ်ပါ့မလား။

သူ့ကို ကလဲ့စားချေဖို့များ ရည်းစားဟောင်းရှိရာ ကုမ္ပဏီကို သွားလျှောက်သလား။ အလုပ်ဝင်မည်ဟု တစ်ခါမှ ကြံ့စည်စိတ်ကူးသံ မကြားဖူးဘဲ ရုတ်တရက် ကောက်ကာငင်ကာ



အလုပ်လျှောက်လိုက်တာဟာ သူ့ကို ကလဲ့စားချေချင်လို့ပဲလား။

မယုံ။ အရာရာကို အဘက်ဘက်က လှည့်တွက်၍ နေဒွန်း သံသယဖြစ်နေမိသည်။ အလုပ်ဝင်ပုံလည်း ထူးသည်။ ဤစကားလည်း ပြောသည်။

''ခင်ဗျား အလုပ်ရတာ ဘာကုမ္ပဏီမှာလဲ''

''(----)ကုမ္ပဏီပါ၊ အိမ်ဆောက်ပစ္စည်း၊ အိမ်အလှဆင်ပစ္စည်းတို့၊ အိမ်သုတ်ဆေးတို့ ဆောက်လုပ်ရေးသုံးတဲ့ ပစ္စည်းမျိုးတွေ မလေးရှားက တင်သွင်းတဲ့ ကုမ္ပဏီ''

''ကုမ္ပဏီ ဘယ်နှစ်ခု အလုပ်လျှောက်လဲ''

''ဒီတစ်ခုပဲ လှမ်းလျှောက်လိုက်တာ၊အကောင့်တဲ့နေ့လိုတယ်ဆိုလို့လေ၊ ဒီနေ့ အင်တာဗျူးမှာ ကျွန်မ ဖြေတာတွေရော၊ နမူနာ သူတို့ကို အကြံပေးလုပ်ပြတာတွေရော ကြည့်ပြီး သိပ်သဘောကျသွားကြတယ်''

နေဒွန်း နည်းနည်းတော့ ဖျားပါသည်။ သူမဟာ တော်တဲ့ ထက်တဲ့ မိန်းမတစ်ယောက်လည်း ဖြစ်နေပြန်လေရဲ့။ ရှေ့ရှေ့မှာ ဝါရင့် စာရင်းကိုင်ပညာရှင်တွေ အများကြီး သူ့ထက်စော၍ ရှိပါလျက် အလုပ်မဝင်လုပ်ဖူးသူ သူမကို ရွေးချယ်တာဟာ တော်တာကို လက်ငင်းချက်ချင်းသိပြီး သိပ်သဘောကျသွားလို့သာ သေချာသည်။

ဟော...နောက်တစ်ခု ဖြစ်နိုင်တာ...။

အလုပ်ခန့်ဖို့ ရွေးသူဟာ သူ့ရည်းစားဟောင်းဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com



သူမကလည်း တမင် အဲဒီကို ဝင်လျှောက် ဟိုကလည်း သူမကိုပဲ ချိတ်ဆက်နှင့်ရွေး။ ဒီလိုလည်း မဟုတ်ဘူးလို့ ဘယ်သူ အာမခံနိုင်ပါသလဲ။

"ခင်ဗျား ရည်းစားဟောင်း အဲဒီကုမ္ပဏီမှာ မရှိတာ ခင်ဗျား ကျိန်နိုင်လား"

ဥဒေါင်းပျိုက မျက်ခုံးပင့်သွားပါသည်။ ထို့နောက် ရယ်ချင်တာကို အောင့်ထားရသလို ပြုံးစိစိ မဖြစ်တဖြစ် မျက်နှာနှင့်…

"ရှင်က အတော်ရယ်ရတာပဲနော်"

"ဘာမှ မရယ်ရဘူး၊ မေးတာဖြေပါ၊ လွှဲမပြောနဲ့"

"သူ မရှိဘူး အဲဒီမှာ၊ ဒါပေမဲ့ မကျိန်နိုင်ဘူး"

နေဒွန်းက စားပွဲကို လက်သီးနှင့် ထုကာ…

"မကျိန်နိုင်တာ ညာလို့ပေါ့"

"မဆိုင်ပါဘူးရှင်၊ ကျွန်မ ကျိန်တာကို အယုံအကြည် မရှိဘူး၊ ကျိန်တဲ့သူကိုလဲ အထင်မကြီးဘူး၊ ညာချင်တဲ့သူက ကျိန်ပြီး ညာမှာပဲ၊ ကျွန်မက ကိုယ့်ပါးစပ် ကိုယ့်စကားကို တန်ဖိုးထားပြီးသား၊ ကျိန်စရာ မလိုဘူး"

အသာကလေး တစ်မှတ်ယူလိုက်ပြန်ပြီ။ အထက်စီးမှာ အသာစီးယူကာ ခပ်မြိန့်မြိန့်နေလိုသော နေဒွန်းမှာ ဒလိမ့်ကောက်ကွေးချည်း ဖြစ်နေပါသည်။ တကယ်တမ်း ခပ်မြိန့်မြိန့်ရှိနေသူက သူမ ဖြစ်နေသည်။



"အင်းပါလေ ခင်ဗျားကို တားလို့လဲ မရဘူး၊ တားလေ ဇွတ်တိုးလေဖြစ်မှာ သိပြီးသားပါ၊ ခင်ဗျား သဘောပေါ့၊ ဒါပေမဲ့ ရှုပ်ရှုပ်ယှက်ယှက်သံကြားရရင်တော့ ကျွန်တော့်ကို အဆိုးမဆိုနဲ့၊ နေဒွန်းက မရဘူး"

"ရှင့်စကားက အထင်သေးစကားပဲ၊ ရှုပ်ရှုပ်ယှက်ယှက်သံ ကြားရအောင် ကျွန်မက ဘယ်လို မိန်းမစားမို့လဲ၊ ကိုယ့်သိက္ခာနဲ့ကိုယ်နေတာ၊ အလုပ်လုပ်ချင်လို့ အလုပ်ဝင်တာရှင့်၊ ရှုပ်ချင်ရင် အလုပ်ဝင်မှ မဟုတ်ဘူး အပြင်မှာ ဘယ်မှာမဆိုလဲ ရှုပ်လို့ရတယ်၊ အိမ်ထိုင်ပြီးတော့လဲ ရှုပ်လို့ရတယ်၊ ရှင် မနက်က ညနေစောင်းထိ ရုံးသွားတက်နေရတာပဲ၊ ဘာလုပ်ချင်လုပ်ချင် ရတယ်၊ အခုဟာက အလုပ်လုပ်ချင်တာ သက်သက်ပဲ"

နေဒွန်းက ဥဒေါင်းပျိုကို မကြည်မလင် ကြည့်ကာ ထိုစကားဝိုင်းက မကျေမချမ်းနှင့်ဘဲ ဒီနေရာတင် ရပ်သွားခဲ့ပါသည်။

ဒီမနက်တော့ ဘယ်အချိန် ထချက်ပြုတ် ထမင်းဘူးထည့်ထားသည် မသိဘဲ နေဒွန်း အိပ်ရာက နိုးချိန်၌ အားလုံးအသင့်ဖြစ်ကာ သူမက ရေချိုးနေပြီ။ နေဒွန်းက ဟိုလျှောက် ဒီလျှောက် အနည်းငယ် အီးရောကာ ဥဒေါင်းပျိုကို တစေ့တစောင်း အကဲခတ်နေသည်။

အိမ်မှာသာ တွေ့နေရသည့် ဥဒေါင်းပျိုရဲ့ အပြင်အဆင်က ရုံးတက်ရတော့မည်မို့ ပြောင်းလဲသွားသည်။ လက်တောင်ဆစ်ကျော်ရုံ စကောစကလက်နှင့် ဗမာအင်္ကျီလည်ပင်းစေ့ရင်ဖွဲ့အနက်

www.burmeseclassic.com

www.burmeseclassic.com



ရောင်ကလေး ဝတ်ကာ ခပ်ထူထူအိအိ အနက်ပြောင်ပေါ် ခြေသလုံးနားရောက်မှာ နှင်းဆီနီများနှင့် အရွက်စိမ်းပုပ်များပတ်လည်အနားပါသော လုံချည်ကို ဝတ်ထားပါသည်။

မျက်နှာ မျက်လုံးတို့မှာ ဘာမှ ခြယ်သထားသည် မမြင်ရဘဲ မျက်ခုံးထူနက်နက်ကလေး ထင်ထင်နှင့် အသားရောင်ဖြေဖြေ နှုတ်ခမ်းဆိုးဆေးသာ ဆိုးထားသော ဥဒေါင်းပျို့သည် ဤနေ့အဖို့ အထူးသပ်ရပ် ကြော့ရှင်းနေပါသည်။

ဘာမှ ထူးခြားပြင်ထားတာ မတွေ့သော်လည်း မျက်စိများလောက်အောင် ပုံပြောင်းနေ၍ အတော်ပြင်ဆင်ထားသည်ဟု နေဒွန်းက ယူဆလိုက်သည်။ ဆံပင်ရှည်လေးကိုလည်း လည်ကုပ်ရင်းမှာ ရိုးရိုးပဲ အမွေးလုံးနက်နက်လေးနှင့် စည်းထားပါသည်။ သို့ပေမဲ့ အိမ်မှာချည်း တစ်ပတ်နွမ်း အဆင်အယင်နှင့် တွေ့နေကျဖြစ်လေရာ မျက်စိထဲ အကြီးအကျယ် ဆန်းနေတော့တာပင်။

"ကျွန်မက ဒီနေ့မှ စအလုပ်ဝင်ရမှာဆိုတော့ စောစောသွားမှ ဖြစ်မယ်"

နေဒွန်း မြန်မြန်မလုပ်ရင် တကယ်ပဲ ဖွတ်ထွက်ချသွားမှာကို ယုံကြည်၍ နေဒွန်းက အပြေးအလွှား ဝတ်စားလဲလှယ်ရင်း...

"လိုက်ပို့မှာပေါ့၊ ဘယ်လိုဖြစ်နေလဲ၊ ယောကျ်ားတစ်ယောက်လုံးရှိတာ၊ နောက်နေ့တွေလဲ အတူထွက်ပြီး ခင်ဗျားကို အရင်ပို့ပြီးမှ ကိုယ့်ရုံး ကိုယ်သွားမှာပေါ့၊ ခင်ဗျားရုံးကိုလဲ ဘယ်မှာလဲ ဘာလဲ ကြည့်ရဦးမှာ"

"ရှင် လိုက်ပို့ရင်တော့ အဆင်ပြေတာပေါ့၊ ရှင်



လိုက်ပို့ချင် မပို့ချင် မသိလို့၊ မနေ့က ဘတ်စ်ကားလိုင်းတွေတောင် မေးမြန်းလာတယ်၊ ဒီထိပ်ကနေ နံပါတ် (---)စီးသွားရင် တစ်ဆင့်ပဲတဲ့၊ (---)လမ်းမှာလေ၊ ရှင်တို့ ရုံးနဲ့တောင်မှ မဝေးလှပါဘူး၊ တစ်မှတ်တိုင်စာပဲ ရှိတယ်"

"ဒါဖြင့် အဆင်ပြေတာပဲ၊ လမ်းဒီလောက် သင့်တာ မပို့ချင်ဘဲ ရှိမလား၊ ကျွန်တော့်ကို စိတ်ကောင်း စေတနာ မရှိတဲ့လူလို့များ ထင်နေလား"

"ရှင့်ကို ဘာမှ မထင်ပါဘူး၊ ကျွန်မအတွက်က ပို့လဲ ရတယ်၊ မပို့လဲ ရတယ်ဆိုတဲ့ သဘောပါ"

"ဟင်း...ရန်ကုန်က ဘတ်စ်ကားတွေ ဘာများ ထင်နေလဲ၊ မရိုးမရွလေး ဒီပုံစံမျိုးနဲ့ တက်သွားရင် အထဲကျ မိုင်းတိုးခံရပြီး သွားတိုက်ဆေးဘူးညှစ်လိုက်သလို ဖြစ်သွားမယ်"

"ရှင်နော်...ညှစ်ပတ်တယ်"

မနက်က ဥဒေါင်းပျို့ကို သူမရဲ့ ရုံးသို့ ဝင်ပို့ခဲ့ပါသည်။ ကားပေါ်က သူ မဆင်းသော်လည်း ဟင်းလင်းဖွင့်ထားသော ရုံးခန်းမကြီးထဲ မသင်္ကာဖြစ်ဖို့အရွယ်တော် ယောကျ်ားတွေ တပြုံကြီးတွေ့ခဲ့ရပါသည်။ သူ့စိတ်သည် အခဲမကြေ မရိုးမရွ ဖြစ်နေပါသည်။

ဥဒေါင်းပျို့ အလုပ်ဝင်လုပ်တာကို သူ့စိတ်ထဲ မရှင်းဘဲ တထင့်ထင့် တနုံ့နုံ့ ဖြစ်နေသည်။ ဒါဟာ တစ်ခုခုရှိကို ရှိနေလို့

www.burmeseclassic.com

www.burmeseclassic.com



စိတ်က အလိုအလျောက် နိမိတ်ပြနေတာပဲလို့ ထင်သည်။ သူသည် နေရှင်းနေရင်းကပင် နေလို့မရတော့။ စိတ်ထဲ တစ်မျိုးကြီးဖြစ်လာကာ ထိုင်ရာမှ ထရပ်လိုက်ပါသည်။

နံဘေးမှ ဝင်းထွန်းကြည် မော့ကြည့်သဖြင့်…

"ဟော့ကောင် ငါ အပြင်ခဏ လစ်လိုက်ဦးမယ်"

"ဘယ်လဲ"

"ကိစ္စတစ်ခုရှိလို့ပါကွာ"

"ရှိုးကောရှိုးရဲ့လား"

"မရှိုးစရာ ဘာရှိလဲကွ၊ မင်းကလဲ အရေးထဲ"

"သိဘူးလေ၊ ခုလေးတင်ပဲ ပပ အပြင်ခဏ ဆိုပြီး ထွက်သွားတယ်၊ ခဏနေတော့ မင်းက ခဏ ဆိုပြီး အခု ထွက်မယ်လုပ်တယ်"

"ဟာ…ဘာဆိုင်လဲကွ၊ ပပ အပြင်ထွက်သွားတာ ငါသိတောင် မသိလိုက်ဘူး"

ဝင်းထွန်းကြည်က ပခုံးတွန့်ကာ ပြုံးစိစိလုပ်နေ၍ သူ စိတ်တိုသည်။

"မင်း ငါ့ကို ပပနဲ့ မဟုတ်တရုတ် တစ်မျိုးတစ်မည် ထင်စရာ မရှိဘူးနော် ဟော့ကောင်၊ ငါ ဒီလို ကောင်စား မဟုတ်ဘူး၊ မင်းတို့လို သူငယ်ချင်းရင်း တွေကတောင် တစ်မျိုးထင်မလိုလို သံသယ ဝင်မလိုလို လုပ်နေရင် ငါ ဘယ်လိုသွားနေမလဲ၊ နေရင်းထိုင်ရင်း ဟိုက ရိသဲ့သဲ့လုပ်နေရတဲ့ကြားထဲ"



"အေးပါကွာ၊ မဟုတ်ရင် ပြီးတာပဲ၊ ငါတို့က မထင်တောင် ခုနက ပပ အပြင်ထွက်သွားတာ သိတဲ့ ဒေါ်ခင်ကြူတို့၊ မနီလာတို့က တစ်မျိုးထင်ရင်ထင်မှာ၊ နဂိုကမှ သူတို့က မျက်စိဒေါက်ထောက်ကြည့်နေတာ၊ မင်းနဲ့ပပနဲ့ အရင်က တစ်ခုခုတော့ တစ်ခုခုပဲလို့ တွတ် နေကြတာကွ၊ ငါတို့ကိုတောင် လာအစ်နေလို့ ကျောင်း တုန်းက သူငယ်ချင်းတွေပါပဲ၊ ပပက ဒီလိုပဲ နေတတ် ထိုင်တတ်တာလို့ ပြောလိုက်ရတယ်"

"အဲဒီ ပပကြောင့် တစ်မျိုး၊ ကိုယ့်ဟာနဲ့ကိုယ် စိတ်ရှုပ်ရတဲ့ကြားထဲ"

"ဘာစိတ်ရှုပ်နေတာလဲ၊ ဒေါင်ဒေါင်းလား"

"သူပဲ ရှိတာပဲ၊ ငါ့ကို တစ်မျိုးပြီးတစ်မျိုး စိတ် ဒုက္ခပေးနေတာ"

"ခု ဘာလုပ်လို့လဲ"

"ခု အလုပ်ဝင်လုပ်တယ်"

"ဘယ်မှာလဲ"

"(---) ကုမ္ပဏီမှာ"

"အဲဒါ ဘာဖြစ်လဲကွ"

"မင်းတို့ မသိပါဘူးကွာ၊ နောက်ကွယ်မှာ မသမာ မှု ရှိရင် ရှိနေမှာ"

ဝင်းထွန်းကြည်က နားမလည်နိုင်သလို မျက်မှောင် ကုပ်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ နောက်ကွယ်က မသမာမှုတွေ က…"

"ငါလဲ မသိဘူး၊ ရှိရင်ရှိမယ်လို့ ပြောတာ"

"ဟာ…မင်း ရူးနေလား၊ ဘာများ တကယ်ရှိလို့လဲလို့၊ ရှိရင် ရှိမယ်လို့အကြောင်းမဲ့ ထင်နေတာ ရူးနေလို့လား၊ အလုပ်ဝင်တာ ဘာဆန်းလဲ"

"ဟာ…ဝင်စရာလားကွ၊ ဘာလုပ်စရာလိုလဲ၊ အိမ်မှာနေပေါ့"

"အိမ်မှာ အလကားကြီး ဖြစ်နေမှာပေါ့ကွ၊ ပျင်းလို့နေမှာပေါ့"

"မဟုတ်ပါဘူးကွာ၊ အလုပ်ဝင်တာ တစ်ခုခုကို အကြောင်း ရှိရမယ်၊ အဲဒါ ငါ အခုလိုက်စုံစမ်းမလို့"

"ဟာ…မင်း သွားပြီ၊ မင်းဦးနှောက် တစ်ခုခုတော့ တစ်ခုခုပဲ"

နေဒွန်းသည် ဉဒေါင်းပျို့ရဲ့ စကားအလုံးစုံကိုလည်း လျှောက်ဖွင့်ပြောမနေချင်ပေ။

"မင်း ဘာမှ မသိပါဘူးကွာ၊ မသိရင် မသိသလို နေစမ်းပါ၊ ငါတို့ကြားမှာ တစ်ခုရှိနေတယ်ကွ၊ တခြားလူတွေ နားမလည်ပါဘူး"

"ဟာကွာ…မိန်းမ အလုပ်ဝင်လုပ်တာနဲ့ပဲ ဟိုထင်ဒီထင်နဲ့၊ ဘာမှ ထူးခြားမှု မရှိတဲ့ အရာတစ်ခုကို မရှုပ်ရှုပ်အောင် ဆွဲဖွနေပြန်ပြီ၊ ကြည့်ရတာ ခေါင်ခေါင်း



ကို မချစ်ဘူး မချစ်ဘူးနဲ့ မင်း နည်းနည်း ခံစားလာပြီ ထင်တယ်"

"ဘာမှ မဆိုင်ဘူး ဟေ့ကောင်…မင်း မသိဘဲ ထင်မြင်ချက်တွေ ပေးမနေနဲ့၊ ဒီလောက် လုပြီး ခုထိ ငါ့ကို အရေးပေးနေသေးတဲ့ ပပကိုတောင် စိတ်ဖြတ်လိုက်ပြီဆိုရင် လုံးဝကို ပြတ်တဲ့ကောင်ကွ၊ ငါ့အသည်း နှလုံးက မာတယ်ကွ"

"ဟေ…ဟားဟား၊ ကောင်းပါပြီ၊ ကောင်းပါပြီ၊ အသည်းမာကြီး…မိန်းမ ဘာကြောင့်အလုပ်ဝင်လုပ်ရတာလဲဆိုတာ စုံစမ်းစစ်ဆေးဖော်ထုတ်လိုက်ပါဦး"

နေဒွန်းက စူပုပ်ပုပ်နှင့် ရုံးထဲက ထွက်လာပါသည်။ သူ့ပုံက ဉဒေါင်းပျို့နှင့်ပတ်သက်ပြီး အူယားဖားယားများ ဖြစ်နေသလား။ ဒါတောင် ပင်းထွန်းကြည်မို့ ဤမျှလောက်သာ ဝေဖန်တာ။ မိုးဦးဆိုရင် ဒီထက် ပိုမိုနှိပ်ကွပ်မည်။ မိုးဦးကို မန်နေဂျာကိုဇော်လင်းသက်ခေါ်ထား၍ သူ့နေရာမှာ မရှိ၍သာပင်။

နေဒွန်းသည် ကားနှင့်ဆိုလျှင် တစ်ပတ်ကြီး ပြန်ကွေ့ပတ်ရဦးမည်ဖြစ်ကာ ပါကင်ရထားသော နေရာလေးပါ ပျောက်သွားမည်စိုးရ၍ ကားကို မယူ။ ဘတ်စ်ကားတစ်မှတ်တိုင်စာ ခရီးကို လမ်းပဲ လျှောက်လာလိုက်ပါသည်။

ဇောနှင့်လျှောက်လာတုန်းက ဘာမှမဖြစ် ရုံးနား ရောက်မှ ခြေလှမ်းတွေ တုံ့လိုက်တော့မှပင် ချွေးတွေ ဖြိုက်ခနဲ စိမ့်ထွက်လာပါသည်။ တစ်ကိုယ်လုံး လှုအိုက်စိတ်အိုက်နှင့် ပူလောင်လာ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လမ်းပေါ်မှာ ရာသီဥတုကလည်း ပူလောင်လှသည်။ သူကိုယ်တိုင်မှာလည်း ပူလောင်နေသည်ပဲမို့လား။

ဥဒေါင်းပျိုတို့ ကုမ္ပဏီ ရှိုးရွမ်းမ်ကြီးက ကျယ်ပြန့်ခမ်းနားလှပါသည်။ ရှေ့ဘက် ပလက်ဖောင်းပေါ်မှာ ပလတ်စတစ်စ ခင်း၍ ရောင်းချသော လမ်းဘေးသည် နှစ်သည် သုံးသည် ရှိသည်။

ရောက်လာပြီးတဲ့အခါမှာ နေဒွန်းသည် ယောင်လည်လည်နှင့် ဘာစလုပ်ရမလဲရယ်လို့ ဇဝေဇဝါ ဖြစ်နေပါသည်။ ပလက်ဖောင်းပေါ်က အသည်တွေဆီမှာ ဟိုဟာကြည့်သလို ဒီဟာကြည့်ဂလို လုပ်နေရင်း သူ သိပ်စိတ်မရှည်တော့။ ဒီအတိုင်းပဲ ဝင်ချသွားတော့မည်ရယ်လို့ စိတ်ကူးကာ အခန်းကြီးထဲ လှမ်းဝင်ဖို့ ပြင်လိုက်သည်။

သို့သော် မဝင်ဖြစ်သေးဘဲ ဟိုးအတွင်းဘက်နားတစ်နေရာ၌ တန်းခနဲ လှမ်းတွေ့လိုက်ရသော ဥဒေါင်းပျိုထံ ကြည့်ကာ ခြေလှမ်းတုံ့သွားပါသည်။ ဥဒေါင်းပျိုသည် အဝေးအမြင်၌ ပို၍ ကျက်သရေရှိရှိ တင့်တင့်တယ်တယ်လေး ဖြစ်နေပါသည်။

သူရှိရာဘက်သို့ ဘေးတိုက်ပြုကာ ဥဒေါင်းပျိုက လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် မတ်တတ်ရပ်နေသည်။ ထိုသူက ရှပ်အင်္ကျီလက်ရှည် အပြာနု၊ ဘောင်းဘီရှည်နက်တို့နှင့် စမတ်ကျ ရှိလှပါသည်။ ဈေးဝယ်သူ ကြည့်ရှုသူ မဟုတ်ဘဲ ရုံးကလူသာ ဖြစ်မှာ သိသာနေသည်။



ထိုသူက ခြေဟန်လက်ဟန်များနှင့် အားရပါးရ ပြုံးပြုံးရွှင်ရွှင် စကားပြောနေသည်။ ဥဒေါင်းပျိုက ရင်ဘတ်တွင် ကတ်ထူဖုံး စာအုပ်ရှည်တစ်ခုကို ပိုက်ထားကာ ထိုသူကို မော့မော့ကလေး ကြည့်၍ ဂရုတစိုက် နားထောင်ခေါင်းညိတ်နေပါသည်။

ဥဒေါင်းပျိုမျက်နှာကလေးက ကြည်လင်နေသဖြင့် မပြုံးမရယ်လှဘဲနှင့်ကို ရွှန်းလဲ့နေပါသည်။ အိမ်က မျက်နှာပေးမျိုးနှင့်များ တခြားစီပေါ့။ ထိုသူကတော့ အတော်ပြုံးကာ ရယ်ကာ တရင်းတနှီးနိုင်လှသည်မှာ ခုမှ သိကြသူချင်း ပုံစံမပေါက်။ ဟိုးယခင်က ဘည်းက ခင်ခင်မင်မင် ရှိခဲ့ဖူးသူလိုပင်။ ထိုသူသည်ပဲ ဥဒေါင်းပျို၏ ရည်းစားဟောင်းဆိုတာ ဖြစ်လေမလား။

နေဒွန်းသည် ရပ်ကြည့်နေရာမှ တရွေ့ရွေ့ ရှေ့တိုးကာ ခန်းမကျယ်ကြီးထဲကို လှမ်းဝင်လိုက်ပါသည်။

"ဘာအလိုရှိပါသလဲရှင်"

ကောင်မလေးတစ်ယောက် အနားကပ်လာကာ မေးသဖြင့် နေဒွန်းက အူကြောင်ကြောင် ပြုံးပြလိုက်မိပါသည်။

"ဦး စိတ်ကြိုက်ကြည့်ပါ၊ တစ်ခုခု သိချင်တာ ရှိရင် ခေါ်လိုက်ပါရှင်"

အသက်နှစ်ဆယ့်ခုနစ်နှစ်ရွယ် သူ့ကို အသက်နှစ်ဆယ်ရွယ်လောက်က 'ဦး' ဆို၍ သူ့မှာ ခန့်ခန့်ညားညားကြီး နေပြရမလိုဖြစ်နေသည်။ ခန်းမကျယ်ထဲမှာ တပ်ဆင်ချိတ်ဆွဲပြထားသည်တို့ကို သူ့လိုပဲ ဝင်ကြည့်နေသူတွေ ရှိပါသည်။ ဆိုင်တွင်းဘက် ပြင်ဆင်အလှဆင်ရာတွင် သုံးသော အသစ်အဆန်း အလှ

www.burmeseclassic.com

www.burmeseclassic.com



အပ ပန္နည်းများ စုံလင်လှပါသည်။

နေဒွန်းက တစ်ချက်သာ ငေးကြည့်လိုက်ပြီး လိုရင်းကျကျပင်...

"ကျွန်တော် ဥဒေါင်းပျို့နဲ့တွေ့ချင်လို့ပါ"

"ဥ..."

"ဥဒေါင်းပျို၊ ဒီနေ့မှ အသစ်ဝင်တဲ့ စာရင်းကိုင်ပါ"

"သြော်...ဟိုအကောင့်တဲ့အစ်မကြီး၊ မဥဒေါင်းပျို့နော်၊ ဆောရီးနော် နာမည်ကို နားကြားလွဲ သွားလို့ပါ၊ ခေါ်ပေးမယ်နော်၊ သြော်...ဟိုနားမှာတင် ရပ်နေတယ် အတော်ပဲ"

ကောင်မလေးက သွက်သွက်ကလေး အပြေးလှမ်းသွားပါသည်။ ကောင်မလေး သွားပြောလိုက်လျှင် ဒီဘက်လှည့်ကြည့်လိုက်သော ဥဒေါင်းပျို့က နေဒွန်းကို တွေ့သည်နှင့် ကြည်လင်နေသော မျက်နှာကလေး မှုန်မှိုင်းသွားပါသည်။ ရှေ့က လူကလည်း နေဒွန်းဘက် လှည့်ကြည့်သည်။ ဥဒေါင်းပျို့သည် သူမရှေ့က လူကို တစ်စုံတစ်ခု ပြောကာ နေဒွန်းထံသို့ လျှောက်လာပါသည်။

နီးကပ်လာသော ဥဒေါင်းပျို့ မျက်နှာလေးမှာ နေဒွန်း ဘာများလုပ်မလို့လဲဟု စိတ်ထင့်ခြင်းနှင့် အလိုမကျ ရှိနေသည်။

"ဘာလာလုပ်တာလဲ"

အနားရောက်သည်နှင့် ခပ်ဆတ်ဆတ် မေးပါသည်။



"ခင်ဗျား ရုံးကို အခြေအနေ လာကြည့်တာလေ"

"ဘာအခြေအနေကြည့်စရာလိုလို့လဲ"

"လိုတာပေါ့၊ ဒီလိုပဲ လွှေလာရတာပေါ့"

"ရှင် ဘယ်လိုဖြစ်နေလဲ၊ ကျွန်မ အလုပ်လုပ်တဲ့ကိစ္စကိုပဲ မသမာမှုကြီးတစ်ခုကျနေတာပဲ၊ ဒီနေ့မှ အလုပ်ဝင်တယ်၊ ညွှသည်လိုက်လာတာ ဘယ်ကောင်းမလဲ"

"ညွှသည်မဟုတ်ဘူး ကျွန်မယောက်ျားလို့ ပြောလိုက်ပေါ့"

"တူတူပေါ့၊ ယောက်ျားလာလဲ ညွှသည်ပဲ၊ အမေအမေလာလဲ ရုံးမှာတော့ ညွှသည်ပဲဟာ"

"ခင်ဗျားနဲ့ ရပ်စကားပြောနေတာ ဘယ်သူလဲ" ပပ

ဥဒေါင်းပျို့က ဖွေကြည့်နေရင်း ကျွတ်ခနဲ စုတ်လိုက်ပါသည်။ ရောက်

"အဲဒါ မန်နေဂျာလဲ ဟုတ်တယ်၊ ဒီဟာရဲ့ ပိုင်ရှင် တ်သူဌေးလဲ ဟုတ်တယ်" ။

"ရာထူးကြီးလှပါလား၊ ဒီလူက အစ်ကတည်းက ခင်ဗျားနဲ့သိတာလား"

"မသိပါဘူး"

"မသိဘဲနဲ့ တယ်ရင်းနှီးပါလား"

"ကိုနေဒွန်း...ရှင် ဘာလို့ လိုက်ရစ်နေတာလဲ၊ ဒီနေ့မှ ဝင်တဲ့ ဝန်ထမ်းသစ်မို့ သူ ဖေးဖေးမမ ခင်ခင်

www.burmeseclassic.com

www.burmeseclassic.com



မင်မင် ပြောဆိုနေတာပေါ့၊ လိုအပ်တာရှိလဲ ပြောဖို့ တာဝန်လဲကျေဖို့ အရင် ထွက်သွားတဲ့ အကောင့်တန့်က အလုပ်တော်ကြောင်း၊ ဒါပေမဲ့ ကိုယ်ရေးကိုယ်တာများပြီး ပေါ့ဆကြောင်း ဒါတွေ ပြောနေတာ၊ အရင်လူ ကိုယ်ရေးကိုယ်တာများကြောင်း ပြောနေတုန်း ခုမှ အလုပ်ဝင်တဲ့ ကျွန်မကလဲ ကိုယ်ရေးကိုယ်တာကိစ္စပေါ်လာတယ်၊ ဒါ ဘယ်ကောင်းမလဲ"

"ဟင်း...ခင်ဗျား ရုံးကို ကျွန်တော်လိုက်လာတာ ခင်ဗျား မကြိုက်ဘူးမို့လား"

"ကျွန်မ ရှင့်ရုံးကို ဒီလိုပဲ လိုက်လာခဲ့ဖူးသလား၊ ခေ
အငေ ဒသာ ရှင့်လို သံသယမကင်းရုပ်ကြီးနဲ့ ရောက်လာ ဝိုရင် ရှင် ဆတ်ဆတ်ခါ ဒေါသထွက်နေမှာ၊ ရှင် သိချင်းစာပြီး တွေးကြည့်ကြည့်စမ်းပါ"

ပါသည်
ကြည့်
လ ဒါမှန်ပေသည်။ ရုံးကို မိန်းမလိုက်လာလျှင် မိုးဦးတို့ နွမ်းကြည့်တို့က အနည်းဆုံး လှောင်ပြောင်ရယ်မောကြပေ သည်။ ကျန်လူတွေထဲက နှုတ်က ဘာမှဖွင့်မပြောဘဲ စိတ်ထဲက ကြိတ်ဟားတဲ့သူ ဟားနေမည်။ ဒါပေမဲ့ သူက ယောက်ျားမို့မိန်းမ လိုက်လာတာ မကောင်းတာပါ။ မိန်းမတွေက ဘာအရေးလဲဟု နေဒွန်းက သူ့ကိုယ်သူ ဘဲမွေးနုလေးနှင့် သပ်လိုက်ပါသည်။

"လုပ်ရတာ အဆင်ပြေလား"

"ပြေသားပဲ"

"ပထမဆုံး အလုပ်ဝင်တဲ့နေ့မို့ ဘယ်လိုလဲ ဘာလဲ



ယောက်ျားက စိတ်ပူတာကို ခင်ဗျားဟာ ကျေးဇူးမတင်တတ်တဲ့ မိန်းမ"

"အမယ်လေး...အသံကောင်းဟစ်ပြီး အမှတ်ယူလိုက်တာ၊ ရှင် ကျွန်မကို မသင်္ကာလို့ လိုက်စစ်တာ ဒါပဲ၊ ဒီလောက် မအသေးဘူး"

နေဒွန်းက စူပုပ်ပုပ်နှင့် နောက်ကြောင်းပြန်လှည့်လိုက်သည်။ အပေါက်ဝသို့ ထွက်လာရာ နောက်မှ ဥဒေါင်းပျိုက ပါလာပါသည်။

"ပြန်မယ်"

"ပြန်ပေါ့"

"ဟယ်...ကိုနေဒွန်း ဟားဟား...မိပြီ၊ ပပ လစ်တယ်ဆို သူက လိုက်လစ်တာပဲ အားကျမခံ"

ရုတ်တရက် ထိုအဆောက်အဦးရှေ့ ဘွားခနဲ ရောက်လာသူမှာ ဗရုတ်သုတ်ခ ပပ ဖြစ်နေတော့သည်။ နေဒွန်းအတော် စိတ်ညစ်သွားကာ ဥဒေါင်းပျိုထံ မလှုံမလဲ ငုံ့ကြည့်လိုက်ပါသည်။ ဥဒေါင်းပျိုက ပပကို ခပ်အေးအေး စိုက်ကြည့်နေသည်။ ပပဆိုတဲ့ နာမည်ကြားကတည်းက သိနေမည်ပင်။

"ပပက ဒီနားက သူငယ်ချင်းတစ်ယောက်ဆိုင်ကို လာတာ၊ ကိုနေဒွန်းက ဘယ်ကို လာတာလဲ"

"ဒီကို"

ပပသည် နေဒွန်းနား ရပ်နေသော အမျိုးသမီးကို ဖြတ်ခနဲ ကြည့်ရင်း...

www.burmeseclassic.com

www.burmeseclassic.com



"သူက..."

"သူက ကျွန်တော့်မိန်းမ ဥဒေါင်းပျို"

"ဩော်..."

ပပက ဥဒေါင်းပျိုကို တအံ့တဩ အကဲခတ်ကာ...

"ခုမှ မြင်ဖူးတော့တယ်၊ ပပက သူ့နဲ့တစ်ရုံးတည်းပဲ၊ ဟိုးကျောင်းတုန်းကတည်းက ရင်းနှီးကြတာ"

"ဟုတ်ကဲ့၊ နာမည်ကြားဖူးပါတယ်"

ဥဒေါင်းပျိုက တည်တည်ငြိမ်ငြိမ်ပင် တုံ့ပြန်ပါသည်။ ပပကိုလည်း လုံးဝအကဲခတ်နေတာ နေဒွန်းသိသည်။ မိန်းမချင်းနှစ်ယောက်သား စိတ်ဝင်တစား အပြန်အလှန် အကဲခတ်နေကြပါသည်။

"ဩော်...သူက ပြောပြဖူးလား"

"သူက မပြောပြဖူးပါဘူး၊ ယောက္ခမ...သူ့အမေက ပြောဖူးတာပါ"

ပပ မျက်နှာက ရှုံ့မဲ့သွားကာ အောင့်သက်သက် ရယ်လိုက်ပါသည်။ နေဒွန်းအမေက ပြောသည်ဆိုသည်နှင့် ဘယ်လိုပြောမည်ဆိုတာကို ပပလည်း သိသည်။ အားလုံးလည်း သိသည်။ ဥဒေါင်းပျိုဟာ အေးအေးရိုးရိုး စကားလေးနှင့်ပင် ပပကို အထိနာအောင် ပြောနိုင်စွမ်းတာပင်။

"ကဲလေ...ပြန်မလို့ မဟုတ်လား၊ လာ...သွားစို့"

ပပကြောင့် နေဒွန်း အကျပ်ရိုက်ရပါသည်။ အိမ်မှာသူက ပပကလည်း သူ့အပေါ် စိတ်မကုန်သလို သူကလည်း နောင်တပဲရသယောင်ယောင် ဟန်လုပ်ပြောထား၍ အခု ပပနှင့် ဥဒေါင်းပျို ရှေ့မှအတူ လှည့်ပြန်သွားလျှင် သူ့စကားနှင့်လည်း ကိုက်ညီ ဥဒေါင်းပျိုအပေါ်လည်း အကြောကြီး နှိပ်စက်ခွင့် ရမည်ပင်...။



သို့သော် သူသည် ဤသို့ ပြုမူဖို့ရာ ဝန်လေးနေယဉ်းနေပါသည်။ တကယ်တမ်း အမှန်အကန်က သူဟာ ဖြောင့်စင်းရိုးသားသူပင်တည်း။ ဥဒေါင်းပျိုအပေါ်မှာ အိမ်ထောင်ရေးသစ္စာကို စောင့်ထိန်းနိုင်ခဲ့သူ ဖြစ်ပါသည်။ ကိုယ်ရောစိတ်ပါ သူဟာ မဖောက်ပြန်ခဲ့ပါ။

ဤသန့်ရှင်းသော အဖြစ်အပျက်ကို မည်းညစ်အောင် ကိုယ်တိုင်လုပ်ချလိုက်ရမှာ သူ ဝန်လေးနေပါသည်။

သူ ဝန်လေးနှေးတုံ့နေတာကို ဥဒေါင်းပျိုကပင် ဝင်၍ ဆုံးဖြတ်အဆုံးသတ်ပစ်သည်။

"ကဲ...ရုံးကိုချည်း ပြန်ကြမှာပဲ၊ အတူသွားလိုက်လေ ကိုနေဒွန်း၊ ကျွန်မလဲ အလုပ်ရှိသေးတယ်"

"ဟင်...ကျွန်မတဲ့၊ ဥဒေါင်းပျိုကလဲ စိမ်းလိုက်တာ၊ ကိုယ့်ယောက်ျားနဲ့စကားပြောတာပဲ၊ ကိုယ့်နာမ်စားသူ့နာမ်စားကို ချစ်စနိုး သုံးသင့်တာပေါ့"

"ဒါတွေ အလိုပါဘူး မပပ၊ ကျွန်မက စကားကိုချွဲပျစ်ပြီးလဲ မပြောတတ်ဘူး၊ ယောက်ျားတွေကြိုက်အောင် ကျူအောင်လဲ ပြောကျင့်မရှိဘူး၊ ကျွန်မဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



စိမ်းတဲ့သဘောနဲ့သုံးတာလဲ မဟုတ်ပါဘူး၊ တရင်းတနှီးသုံးတာပါပဲ၊ ရိုးရိုးရှင်းရှင်း ဖြောင့်ဖြောင့်စင်းစင်းက အားလုံးထဲမှာ တန်ဖိုးအရှိဆုံးပဲလို့ ကျွန်မက ယူဆလို့ပါ"

"သြော်…သြော်"

ပပမှာ ကရော်ကမယ် ပခုံးလေး ဆက်တွန့်ရုံကလွဲပြီး ပြန်ပြောစရာ ရတ်တရက် ရှာ၍ ရပုံ မပေါ်ပေ။ နေဒွန်းသည် မိန်းမနှစ်ယောက်ကို အပြိုင်ယှဉ်၍ ကြည့်မှ ရုပ်ရည်ရူပကာအားဖြင့် အများကြီး ပိုမို ချောမောလှပနေသည့် ပပမှာ အမူအရာအသရေအားဖြင့် ဥဒေါင်းပျိုလောက် ဘယ်လိုနည်းနှင့်မှ မတင့်တယ်နေတာကို ထင်းထင်းကြီး မြင်ရပါသည်။

အလှုပ်အရှား အငဲ့အဆတ် အန္တ့အစောင်းများလှသည့် ပပဟာ ငြိမ်သက်အေးမြနေသည့် ဥဒေါင်းပျိုရှေ့မှောက်၌ တိမ်တိမ်ကလေး ဖြစ်နေပါသည်။

"ကဲ…ကဲ ကိုနေဒွန်း သွားတော့လေ၊ ကျွန်မလဲ အလုပ်ရှိလို့ ဝင်လိုက်တော့မယ်နော် မပပ"

"ဟုတ်ကဲ့ ဟုတ်ကဲ့ ကောင်းပါပြီ"

လှည့်ထွက်လာရင်း နေဒွန်း ပခုံးကို ပပက ပခုံးချင်းတိုက်လိုက်တာကို ဥဒေါင်းပျို မမြင်နိုင်တော့ပါ။ လှည့်ဝင်သွားကတည်းက နောက်ကိုလည်း တစ်ချက်မှ ပြန်ငဲ့မကြည့်လေပါ။

"ရှင့် မစ္စစ်စ်က မခံချင်စရာ အောင့်သက်သက်





ဖြစ်စရာပါလား ကိုနေဒွန်းရဲ့"

နေဒွန်းသည် ရုံးကို ပပနှင့်အတူ တွဲပြီး ပြန်ဝင်ရမှာကိုပဲ စိတ်ရှုပ်နေမိပါတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

# (၆)

နေဒွန်းက ခွေးစာခွက်နှင့် ကြောင်စာခွက်ထဲ ထမင်းထည့်ပုံပေးနေသော ဥဒေါင်းပျိုကို ကော်ဖီသောက်ရင်း ကြည့်နေမိပါသည်။ ဒီနေ့အဖို့တော့ ထုံးစံအတိုင်း သူ ဝတ်နေကျ တံတောင်ဆစ်ကျော်ရုံ မတိုမရှည် စကောစကလက်နှင့် ဇမာအင်္ကျီလေးက ဆွတ်ထွေးနေသော ပန်းနုရောင်သန့်သန့်ကလေး။ လုံချည်က မီးခိုးရောင်ပေါ် အောက်နားက ပန်းနုလိုင်းစင်းကျဲကျဲလေးတွေ ဒူးနားထိပါသည့် ဘာရိုးရာထဘီလေးမှန်း မသိတာလေး။ ချစ်စဖွယ်။

ခုဆိုရင် ရက်တွေကိုလည်း လတွေက တစ်လီပြီး တစ်





လီစားခဲ့ပြီ။ ခွေးနဲ့ကြောင်နဲ့ဟာလည်း ဘာပြဿနာမှ မတက်ရင်းနှီးချစ်ခင်နေကြပြီ။ ဗိုလ်ကျသော ဝဝက ဘဲမ်ဘီရဲ့ အစာခွက်ကို အရင်လာနမ်းရှုပြီး ကြိုက်ရာရှိလျှင် တဆွနှစ်ဆွ စားလိုက်ပြီးမှ သူ့အစာခွက်ကို ပြန်စားသည်။

ဒါကို ဘဲမ်ဘီက ကြည်ဖြူစွာ စောင့်ပြီးမှ ဝဝ ထွက်သွားမှ သူ့အစာ သူ စားပါသည်။ အဲဒီအပြင် နေ့လယ်နေ့ခင်း အိပ်ကြလျှင်လည်း ခွေးရင်ခွင်မှာ ခေါင်းမှီပြီး ကြောင်က ဝင်အိပ်နေတာမျိုးမို့ နေဒွန်းက ဓာတ်ပုံတောင် ရိုက်ယူထားဖူးပါသေးသည်။

ဒါဖြင့် ဘူတို့အိမ်ထောင်ရေးမှာ ရင်းနှီးချစ်ခင်စည်းလုံးစွာ သာယာမလာသေးသည်မှာ ဘာကြောင့်များပါလဲ။ နှစ်ဦးနှစ်ဖက်ရဲ့ ရည်းစားဟောင်းဆိုသည့် အရိပ်မည်းကြီးက ကိုယ်စီကို မာန်တွေထားမကုန်အောင် ခြောက်လှန့်ရိုက်ခတ်နေတာပင်။ သူ့ရည်းစားဟောင်းကိုသာ သူ တမ်းတနေတာ ငါ့ကို မချစ်ပါဘူးဆိုသည့် အသိက သူ့ရော ကိုယ့်မှာပါရှိနေမည်ဟု နေဒွန်း သိသည်။

ကိုယ့်မှာလည်း ဒီအတွေးရှိသည်။ ထို့ကြောင့် သူ့မှာလည်း ရှိမှာပင်။ ဒါပေမဲ့ ကိုယ့်ဘက်ကိုယ်သေချာနေတာ တစ်ခုက ကိုယ်ဟာတော့ ရည်းစားဟောင်းကို လုံးဝလုံးဝ တမ်းတမနေဘူးဆိုတာပါပဲ။ တမ်းမတတဲ့အပြင် နေ့စဉ် ကြုံဆုံနေရတာကိုပဲ တစ်စထက်တစ်စ သည်းမခံချင် စိတ်ပျက်လာတာ။

ကိုယ့်ဘက်က ဤသို့ပေမယ့် သူ့ဘက်က ဤသို့မဟုတ်နိုင်တာ နေဒွန်း သိသည်။ ဥဒေါင်းပျိုထားခဲ့မည့် ရည်းစားဟာ ပပလို သဘောမျိုးဆန်မည့် ယောကျ်ားတစ်ယောက် ဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com

လုံးဝမဟုတ်။ အတည်အတန့်ကို နှစ်သက်လှသည့် ဉဒေါင်းပျိုဟာ ခန့်ညားတည်တံ့သည့် ချစ်သူမျိုးကိုသာ ရွေးချယ်ခဲ့မှာပါ။

ဉဒေါင်းပျိုမျက်စိထဲဝင်မည့် လူမျိုးဟာ မိကောင်းဖခင် သားသမီး ပုံမျိုးထွက်နေမည့် လူရည်သန့်တစ်ယောက် ဖြစ်လိမ့်မည်။ ထို့ကြောင့် ပပကို နေဒွန်း ခုနေခါ ကြည့်မရချင်တော့သလို မျက်စိနောက်ချင်လာသလို ထိုသူကို ဉဒေါင်းပျိုက ဖြစ်မှာမဟုတ်။ ဖြစ်စရာမလို။

ထိုသူဟာ မန္တလေးကလား ရန်ကုန်ကလား။ ဤကိစ္စနှင့် ပတ်သက်၍ အပြန်အလှန် အခဲမကြေ စကားနာ ထိုးမှုမျိုးဟာ သူတို့နှစ်ဦးကြား အမြဲလို ရှိနေခဲ့ပေမယ့် သူ့ မှာသာလျှင် ပရမ်းပတာ ဖရိုဖရဲ စနစ်တကျ မရှိစွာ ပေါက်ကွဲရန်လုပ်ရလျက် ဉဒေါင်းပျိုက သွေးအေးမှင်သေလှပါသည်။

သူမရဲ့ စကားနာထိုးမှု မကျေလည်မှုတွေရှိပေမယ့် ဘယ်တော့မှ ရူးရူးဝါးဝါး ရုပ်ပျက်ဆင်းပျက် မဟုတ်။ စီစဉ်တကျ သပ်ရပ်စနစ်ကျသော စကားတို့နှင့် မျက်နှာမပျက် ထိုးနှက်ရုံပင်။ သူမမို့ပဲ မိန်းကလေးဖြစ်ပါလျက် စိတ်တည်ငြိမ်နိုင်လိုက်တာ။

၆ နေဒွန်းက ဤသို့မဟုတ်။ ဤကိစ္စစသည်နှင့် ဝရန်းသုန်းကား ဖြစ်ပြီ။ ရင်ထဲလည်း ဖြောင်းဆန်၊ အပြင်က လူလည်း ဖြောင်းဆန်။ ဟန်ဆောင်မရ ဣန္ဒြေဆည်မရအောင် ပေါက်ကွဲလှုပ်ရှားမိသည်။ ဤသို့ဖြစ်ရသူက စင်စစ်တော့ ရှုံးရသည်သာပင်။ ဉဒေါင်းပျို ဘာကြောင့် သွေးအေးနိုင်သလဲ။

ဒီအချက်ကို သူ မသက်ာ။ သူ့အပေါ် စိတ်လှုပ်ရှား



မှုကို မရှိတာ။ ဒါဟာ အပြင်မှာ ဟိုလူနှင့်များ ဆုံခွင့်ရနေလို့လားလို့ နေဒွန်း တွေးကြည့်သည်။ သူလည်းပဲ ပပနှင့် ဆုံနေတွေ့နေပေမယ့် သူ ပပအပေါ် စိတ်မှ မညွှတ်တော့တာ။ ဒါကြောင့် ရိုးမြေကျပေါင်းပါတော့မည့်လို့ သူ ဆုံးဖြတ်ထားသော ဇနီးသည်အတွက် ပူလောင်တုန်လှုပ်တာ။

ဉဒေါင်းပျိုဟာ ချစ်သူဟောင်းကို ရံဖန်ရံခါလည်း ဆုံခွင့်ရကာ သို့မဟုတ် ဆုံခွင့်မရဘူးပဲဖြစ်စေ စိတ်မကုန် စိတ်မပြတ်သေးဘဲ လက်ရှိခင်ပွန်းသည်နှင့် ပတ်သက်၍ ခံစားမှုလုံးဝမရှိတာ။ ဤပုံစံမျိုး ဖြစ်နေသည်။ သူက လှုပ်ရှားပူလောင်လာအောင် ပပနှင့်ပတ်သက်၍ဆွလျှင်ပင် သူမကတော့ သွေးအေးမြ။

သူ့မစိတ်ထဲ ပပနှင့် ပြန်ယူသွားလည်း အေးတာပဲ ငါလည်း လွတ်လပ်သွားတာပေါ့လို့ တွေးနေမှာပဲဟု နေဒွန်းထင်သည်။ အပြင်ပန်းမှာထက် အတွင်းဘက်မှာ ကြိတ်၍ နေဒွန်း တစ်နေ့ကခြား တစ်စတစ်စ ရှုံးလျက်ရှုံးလျက် နေသည်။ ဘယ်အရေးကိစ္စမှာမဆို ဂရုစိုက်တဲ့သူဘက်က အရှုံး၊ ဂရုမစိုက်တဲ့သူက မရှုံးဘူးမို့လား။

သေချာတာက သူဟာ ဉဒေါင်းပျိုအပေါ် တစ်စုံတစ်ရာသော အတိုင်းအတာထိ ဂရုတစိုက် လေးနက်မှုရှိနေသည် ဖြစ်နေပြီဆိုတာပင်။ သူမဘက်ကတော့ အင်း...သူ့အပေါ် ဤသို့ ဂရုစိုက်မှု လေးနက်မှုရှိဟန် မတူသေးပါတကား။

"မနေ့က ကိုကို ဖုန်းဆက်တာ ကိုနေဒွန်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးပြီနော်"

"ဟင်…အင်းလေ၊ ပြောတယ်"

"အဲဒါ ညနေရုံးဆင်းကျ အန်တီလေးတို့အိမ်သွားချင်လို့၊ ကိုကိုနဲ့တွေ့ရအောင်၊ ပြီးတော့ မေမေတို့က ကျွန်မ ကြိုက်တာတွေ ထည့်ပေးလိုက်တယ်"

ဤစကားပြောပုံကတော့ ကလေးကျနေတာပင်။

"ကိုသိမ်းမင်းရောက်နေတာ သွားရမှာပေါ့၊ ဒါပေမဲ့ တောင်းပန်ရမှာပဲ၊ ကျွန်တော် ဒီည မအားဘူး"

"ဩော်…ဟုတ်လား၊ တောင်းပန်စရာမလိုပါဘူး၊ အလုပ်ရှိလို့ပဲဟာ"

"အလုပ်တော့ အလုပ်ပေါ့၊ ဒါပေမဲ့ ကုမ္ပဏီက ဒင်နာပေးတာပေါ့၊ နှစ်ပတ်လည်ပွဲလေ၊ မသွားလို့လဲ မဖြစ်ဘူး၊ ပြီးတော့ အမျိုးသားတွေက စောစောပြန်ဖြစ်ကြမယ် မထင်ဘူး၊ အမျိုးသမီးတွေလောက်သာ စောစော ပြန်ကြတာ၊ အမျိုးသားတွေကတော့ သောက်ရင်း ညဉ့်နက်တဲ့ထိပဲ၊ အရင်နှစ်အလုပ်ဝင်စက ဒင်နာပွဲတစ်ကြိမ် ကြုံပြီးပြီ"

"အင်းပေါ့…ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ကျွန်မတော့ သွားလိုက်မယ်၊ မနေ့နေ့လယ်ကတည်းက ရောက်တာဆိုတော့ ဒီနေ့ ညနေမရောက်ရင် မကောင်းဘူးပေါ့၊ ကိုကိုက ဘယ်နှစ်ရက်နေမယ်လဲ မသိသေးဘူး"

"ခင်ဗျားတစ်ယောက်တည်းသွားနေရမှာပေါ့"



"ရပါတယ်၊ ကားငှားသွားလိုက်မယ်၊ ဒီတိုက်ဟိုးဘက်အပေါ်ထပ်က တက္ကစီသမားတစ်ယောက်ရှိတယ်၊ သူ့မိန်းမနဲ့လဲ ဈေးသွားရင်း ခင်နေတော့ ကားအော်ဒါတွေဘာတွေလိုရင် ပြောဖို့ ကျွန်မကို မှာထားတယ်"

"ဒီအချိန် သူ အားဦးမှလေ"

"သူက ငါးနာရီခွဲလောက်ဆိုရင် ကားသိမ်းလာပြီ၊ သူ ပြန်လာမှ ပြောပြီး ငှားသွားလိုက်မယ်၊ အပြန်တော့ အန်တီလေးတို့ အိမ်က ပြန်ပို့မှာပါ"

"အင်းလေ…အဆင်ပြေနေရင်လဲ သွားလိုက်ပေါ့၊ မပြန်ခင် နောက်တစ်ခေါက်မှ ကျွန်တော်နဲ့သွားတာပေါ့၊ ကျွန်တော် ပါမလာဘူးဆိုရင် ကိုသိမ်းမင်းက တစ်မျိုးထင်နေဦးမယ်၊ ကျွန်တော့် ကုမ္ပဏီကိစ္စဆိုတာ သေချာပြောပြဦး"

ဥဒေါင်းပျိုက ခပ်ပြုံးပြုံးလုပ်နေပါသည်။

ကုမ္ပဏီရဲ့ ခုလို ပွဲမျိုးကို နေဒွန်းတို့ ပျော်မြဲပါ။ သူငယ်ချင်းအုပ်စုနှင့် အလုပ်ခွင် မိတ်ဆွေတို့နှင့်အတူ ကုမ္ပဏီစားရိတ်နှင့် စိတ်တိုင်းကျ စားကြရ သောက်ကြရသည် မဟုတ်လား။ ဒီလိုပွဲမျိုးဆို အနှေြာမရှိ ဝန်ထမ်းတို့ သဘောရှိ စီစဉ်ပေးလေ့ရှိသော သူတို့ရဲ့ ဘော့စ်ကြောင့် ဘီယာကို ရေသောက်သလို ဝဝစ ‌သောက်နိုင်သည်။

သို့ပေမဲ့ ဒီနေ့အဖို့ရာ နေဒွန်းမှာ အရင်လောက် မပျော်။

www.burmeseclassic.com

www.burmeseclassic.com



စားကြသောက်ကြ ပေါက်ကရ ပြောဆိုနောက်ပြောင် ရယ်မော ကြလို့ ပျော်ရမှာထက် ဥဒေါင်းပျိုနှင့် အန့်တီလေးတို့ အိမ်ကိုသာ လိုက်လိုပါသည်။ သူတို့စုံတွဲဟာ နေဒွန်းမိဘ အိမ်ရော၊ ဥဒေါင်းပျို အမျိုးအိမ်ကိုပါ မရောက်ကြပါ။

ပထမတော့ ဘာရယ်မဟုတ် အပြင်မထွက်ဖြစ်ကြ တာပင်။ နောက်တော့ ထွက်နေမကျ၍ အတူထွက်ရမှာကိုပင် ရှိုးတိုးရှန့်တန့်ဖြစ်လာသလိုလို။ ဥဒေါင်းပျိုကလည်းပဲ မတောင်းဆို ပါ။ ဒီတော့ သူကလည်း လောကွတ်ချော်၍ လိုက်မပို့ပါ။ နေဒွန်း ၏ အမေကဆိုလျှင်…

"မင်းတို့လင်မယားက အတော် တာဝန်ပျက် ကွက်တဲ့ လင်မယားပဲ၊ အမိကက မင်းပဲနော် နေဒွန်း မင်း မောင်းပို့မှ ရောက်မှာ၊ ဘယ်အမျိုးအိမ်မှ မဝင် မထွက်၊ ကိုယ်က လူငယ်ဆိုတာ ဆွေမျိုးလူကြီးသူမ အိမ်တွေ ဝင်ထွက်ပေးရတယ်၊ ဒါမှ လူငယ်တာဝန် ကျေတယ်၊ မင်းတို့မလာလို့ ပြောပြောနေကြတယ် သိရဲ့ လား"

နှစ်ကြိမ် သုံးကြိမ်လောက်ပင် ပြောဖူးပါသည်။ နေဒွန်းက မသွားချင်လို့ မဟုတ်ပါ။ မသွားဖြစ်သော ဓလေ့ကြီး ကြာလာ တော့ သွားကြရအောင်လားဟု သူက စပြောဖို့ကို တစ်မျိုးကြီးဖြစ် နေတာ။ နှစ်ယောက်တွဲထွက်ရမှာကိုပဲ ရှက်သလိုကြီး ဖြစ်နေတာ။

ခုတော့ ရုံးကို အတူသွားကြတာ ရိုလာ၍ ရိုးတော့ ရိုးနေပါပြီ။ ဒါပေမဲ့ ဥဒေါင်းပျိုကလည်း သွားချင်တဲ့အကြောင်း



သွားသင့်တဲ့အကြောင်း နည်းနည်းကလေးတောင် စကားမစ။ အခု ပထမဦးဆုံးအကြိမ်အဖြစ် သူ့အဒေါ်အိမ်မှာ တည်းသော သူ့အစ်ကို ကို တွေ့ဖို့ သွားမည့်ကိစ္စမှာ သူ မပါလာရင် ဘယ်လိုပဲအကြောင်း ပြပြ မလာချင်လို့လား ထင်ကြမှာ စိုးရိမ်ပါသည်။

ထို့ကြောင့် သူပါ အတူပါလိုပါသည်။ ဒါအတွက် ဥဒေါင်းပျိုကို တစ်ရက်နောက်ဆုတ်ပြီးမှ သွားဖို့ ပြောရန်ကလည်း မသင့်ပါ။ သူ မလိုက်နိုင်သေးတာနှင့်ပဲ အစ်ကိုကို သွားတွေ့ဖို့ ဖျက်ရမည်ဆိုတော့ သူမကလည်း ဖျက်ချင်မည်မထင်ပါ။

ထိုညနေတွင် ရုံးအဆင်း နေဒွန်းက အိမ်တစ်ခေါက် ပြန်ပါသေးသည်။ သူ ရုံးဆင်းနောက်ကျ၍ ဥဒေါင်းပျိုက မရှိ တော့ပါ။ ရုံးအသွားတွင် အတူတူဖြစ်သော်လည်း ရုံးအပြန်တို့တွင် တစ်ခါတစ်ရံ အတူဖြစ်၍ တစ်ခါတစ်ရံ ဥဒေါင်းပျိုက စော၍ ပြန်ရတတ်သည်။ သူတို့အလုပ်က ငါးနာရီခွဲလောက်မှ ပုံမှန်ပြန်ရ တတ်သော်လည်း ဥဒေါင်းပျိုတို့ ကုမ္ပဏီကတော့ ရုံးလုပ်ငန်းပိုင်းက လူတွေကို စောပြန်ခွင့်ပေးပါသည်။

လေးနာရီခွဲ ငါးနာရီလောက်။ တစ်ခါတစ်ရံ အလုပ် လက်စသတ်ချင်လျှင် တစ်ခုခု အပြီးဖြတ်လိုလျှင် ဥဒေါင်းပျိုက ရုံးမဆင်းသေးဘဲ နေဒွန်း လာကြိုတဲ့အထိ စောင့်ပါသည်။ တစ်ခါ တစ်ရံတော့လည်း စောပြန်သွားတတ်သည်။ လာကြိုဖို့ မကြိုဖို့ကို ရုံးကို ဖုန်းလှမ်းဆက်လေ့ရှိပါသည်။

နေဒွန်းအိမ်ရောက်လာတော့ ဥဒေါင်းပျို ရှိသည့်အတွက် ဟာတာတာကြီးပင်။ သူ ရေဝင်ချိုးပြီးနောက် အင်္ကျီလဲရန် ဗီရိုကို

www.burmeseclassic.com

www.burmeseclassic.com



ခွဲဖွင့်လိုက်သည်။ သူနှင့်ဥဒေါင်းပျို နှစ်ဦးပေါင်းကာ အိမ်ခန်းဝယ်ကတည်းကပါသော ဤနံ့ရုံကပ် ဗီရိုမှာပဲ အဝတ်အစား ထည့်ကြပါသည်။

တစ်ယောက်တစ်ခြမ်း သတ်မှတ်ထားတာပင်။ ဗီရိုကြီးက ကြီးမား၍ ဆန့်သည့်အပြင် နေရာတွေပင် ပိုပါသေးသည်။ နေဒွန်းသည် အင်္ကျီထုတ်ဝတ်ပြီး သူ့ဘက်ခြမ်းက တံခါးနှစ်ချပ်ပြန်ပိတ်ပြီးသည့်အခါ ဥဒေါင်းပျိုဘက်က ဗီရိုတံခါးနှစ်ချပ်ကို သွားဖွင့်လိုက်ပါသည်။

တစ်ခါမှ မဖွင့်ဖူးပါ။ ဥဒေါင်းပျို ဖွင့်ခိုက်တော့ အတွင်းကို မြင်ဖူးနေတာပါပင်။ ခုလည်းပဲ ဘာမှကိစ္စမရှိဘဲ ဥဒေါင်းပျို အိမ်မှာ မရှိခိုက်မို့ စပ်စပ်စုစု ကလိမွှေနှောက်တဲ့သဘောပင်။

သပ်ရပ်သော အင်္ကျီအထပ်ကို ဟိုထိဒီထိ တို့ထိကြည့်ပြီး အံဆွဲကို ခွဲဖွင့်လိုက်၏။ အံဆွဲထဲမှာ တိုလီမိုလီများနှင့် ယွန်းဘူး ရှည်တစ်ဘူးရှိသည်။ ယွန်းဘူးရှည်တွင် သော့သေးသေးလေး တစ်လုံး ခတ်ထားပါသည်။ ထိုသော့ကို ကြည့်ပြီး နေဒွန်းက မျက်မှောင်ကုပ်မိသည်။

ဒီလူလေးနှစ်ယောက်ရှိတဲ့ အိမ်မှာ သော့ခတ်ဘာခတ်နဲ့။ ဒီဘူးပုံစံဟာလည်း ရည်းစားစာတွေ ဓာတ်ပုံတွေ ထည့်လို့ကောင်းသည့် ပုံစံဖြစ်၍ သိပ်မသင်္ကာချင်။ ရတနာ ပစ္စည်းတွေဘာတွေ ထည့်တာလည်း ဖြစ်နိုင်သေး၍ နေဒွန်းက ဘူးကို မ,ကာ ခလောက်ကြည့်လိုက်ပါသည်။

အထဲက ထွက်လာသံမှာ လက်ဝတ်ရတနာ တိုလီမုတ်စ



တွေ ဟိုတိုက် ဒီခိုက်သံ မဟုတ်ဘဲ စက္ကူကတ်ပြား မာမာလို အရာမျိုး ဟိုဘက်ထိပ် ဒီဘက်ထိပ်သို့ ပြေးကပ် ထိခတ်မိသံ ဖြစ်နေ၍ ပိုလို့ပင်စိတ်ထဲ သံသယဝင်သည်။ တခြား ဘာကတ်ပြား တွေကိုများ ယွန်းဘူးထဲ သော့ခတ်စရာ အကြောင်းရှိလို့လဲ။

သေချာတာပေါ့။ ဒါဟာ စာတွေ ဓာတ်ပုံတွေပဲ။ ဥဒေါင်း ပျိုမှာ ရည်းစားရှိခဲ့ဖူးပါသည်ဆိုတာကို ခုချိန်ထိ သူ့မှာ မယုံချင့် ယုံချင်ပင်။ ဒီထဲက အရာတွေဟာ စာလို ဓာတ်ပုံလို ပစ္စည်းတွေပဲ ဆိုတာ သေချာနေမှတော့...။

တောက်...။ ဒင်းက တကယ်ပဲ ရည်းစားထားခဲ့သည် ထင်ပါရဲ့ကွာ။ နေဒွန်း ဒေါသဖြစ်ရာမှတစ်ဆင့် စိတ်မကောင်း ဖြစ်မိပါသည်။ သူကဖြင့် ပါးစပ်ကသာ အနိုင်ယူ အရသာခံ ပြောနေခဲ့တဲ့သူ။ သူမက တကယ်...။ ဤအသိက သူ့ကို ဝမ်းလည်းနည်းစေသည်။

ကုမ္ပဏီက စီစဉ်ထားသည့် စားသောက်ဆိုင်သို့ သူ စိတ်မပါ လက်မပါ ပြန်ထွက်ခဲ့ရပါသည်။ စားကြသောက်ကြ တော့လည်း အစားအစာတွေဟာ သူ့ပါးစပ်ထဲ အရသာ မရှိလှ သလိုပင်။ သူ့နံဘေးမှာ ဝန်ထမ်းတွေချင်း နောက်ပြောင်ကျီစယ် ပျော်ပါးမြူးတူးနေကြသံတွေထဲလည်း သူ စိတ်မပျော်။ ဘီယာ ကိုလည်း သူ နည်းနည်းပဲ သောက်ဖြစ်ပါသည်။ အရက်ပြင်းကို တော့ စိတ်မပျော်၍ ထိပင်မထိဖြစ်။

တဖြည်းဖြည်း အမျိုးသမီးပိုင်းတွေ စားပြီးသောက် ပြီး၍ ပြန်ကြတဲ့အခါ သူလည်း ပြန်ချင်လာပါပြီ။ နောက်ပိုင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသား ဝန်ထမ်းတွေအတွက် စပါယ်ရှယ် အရက်အကောင်းစားများ စီစဉ်ပေးထားပါသေးသည်။ ဒါကိုသိလျက် သူ ဆက်ကို မနေချင်။

"ငါ ပြန်ချင်ပြီကွာ"

"ဟာ...အဓိပ္ပာယ် မရှိတာ နေဒွန်းရာ၊ အပိုတွေ ပြောမနေနဲ့၊ ဘာလဲ ဒေါင်ဒေါင်းက စောစော ပြန်ခဲ့လို့ မှာလိုက်လား"

"မမှာပါဘူး၊ သူလဲ အိမ်မှာ မရှိပါဘူး၊ သူ့အစ်ကို မန္တလေးကလာတာ အဒေါ်အိမ်မှာ တည်းနေလို့ အဲဒီကို သွားတယ်၊ သူလဲ အပြန်ညဥ့်နက်မှာပါ"

"ဒါနဲ့များကွာ၊ မင်းကလဲ၊ ရုပ်ကြီးကလဲ မပျော်သလိုဘဲ၊ ဒီလောက်ပျော်စရာကောင်းနေတာ"

"ပျော်ပါတယ်ကွာ၊ ပင်ပန်းလာလို့ပါ"

"ဘာပင်ပန်းတာလဲ၊ ငါတို့တူတူချင်း မနက်ရုံးတက်၊ ညနေ ရုံးပြန်ချိန်ပြီး ထွက်လာကြတာ၊ မင်းက ဘာတွေထူး ပင်ပန်းနေလဲ၊ မပြန်ရဘူး၊ လုပ်မနေနဲ့"

နေဒွန်းက ဖွတ်တရွတ် ခါးခါးသီးသီးကြီးတော့ ဆက်ငြင်းမနေတော့ပါ။ ပြန်သွားလျှင် ဥဒေါင်းပျိုရောက်ဦးမှာ မဟုတ်သေးဘူးဆိုတာလည်း သိနေ၍ ဖြစ်ပါသည်။ မိန်းမတွေအားလုံး ကုန်သွားချိန်မှာ ဘော့စ်နှစ်ဦးလည်းပဲ ပြန်ဖို့ထကာ အားလုံးဆက်လက်ပျော်ပါးစွာ စားသောက်သုံးဆောင်ကြဖို့ အားလုံးစီစဉ်ပေးခဲ့ကြောင်း၊ မပြန်ကြသေးဘဲ တပျော်တပါး ဆက်နေကြဖို့



ကြိုက်သလို ထပ်မှာယူဖို့ မှာကြားပြီး အသီးသီး ပြန်သွားကြပါသည်။ ရုံးက ယောကျ်ားဝန်ထမ်း စုစုပေါင်း ဆယ့်တစ်ယောက်သာ ကျန်ပါသည်။ ဟိုသည် ပြန့်ကျဲနေရာမှ စုစည်းလိုက်ကြကာ တစ်ဝိုင်းတည်း ဖွဲ့လိုက်ပါသည်။

အားလုံးလိုလိုဟာ ဒီလိုပွဲမျိုး နှစ်ခါသုံးခါကော့ နွှဖူးကြပြီးဖြစ်၍ တစ်ယောက်အကြောင်းလည်း တစ်ယောက် သိကြပါသည်။ တစ်ယောက်ရေချိန်လည်း တစ်ယောက်သိ ကြပါသည်။ သူတို့သေချာမသိတာ ဇော်လင်းသက်တစ်ယောက်ကိုသာ။

မန်နေဂျာလည်းဖြစ် အကြောင်းကောင်းကောင်း မသိရသေးသူလည်းဖြစ်နေ၍ အားလုံးက ဇော်လင်းသက်ကိုချည်း ဝိုင်းတိုက်နေကြတာပင်။ ဇော်လင်းသက်မှာ ငြင်းရင်းဆန်ရင်းကပဲ ဟိုလူ့ထံက တစ်ခွက် ဒီလူ့ထံက တစ်ခွက် ဘီယာရော အရက်ပြင်းရော ရောကာ ဗိုက်ထဲ၌ ကော့ကတေးလ် ဖြစ်နေပေပြီ။

အတော်မူးစိုက်နေပြီဖြစ်သော ဇော်လင်းသက်မှာ နဂိုသဘောကောင်းထက် ပို၍ ကောင်းလာတော့ကာ တဟဲဟဲနှင့် ရွတ်အာလဲ သွက်လာတော့ပြီ။ သူ့ကိုပဲ ဦးတည် ဝိုင်းစကာ ကိုယ်ရေးကိုယ်တာတွေ အစ်အောက်ထုတ်ကုန်ကြပြီ။ ပထမတော့ ပနှင့် ဟိုလိုလား ဒီလိုလား ဝိုင်းမေး ဝိုင်းစ,နေကြတာပင်။

ဇော်လင်းသက်က အကြောက်အကန် ငြင်းဆန်သည်။

"မဟုတ်ဘူးဗျ၊ လုံးဝ မဟုတ်ဘူး၊ ကျွန်တော် ကြိုက်နှစ်သက်တာ ဒီပုံစံမျိုး မဟုတ်ဘူး"

"ဟာ...သိပြီ၊ တို့ မန်နေဂျာကြီးက မဟာဆန်

www.burmeseclassic.com

www.burmeseclassic.com



သူလေးတွေမျိုးကိုမှ ကြိုက်တာ ထင်တယ်၊ အဲသလိုပဲ ထင်တယ်၊ ဒါကြောင့် ပပနဲ့ မဖြစ်နိုင်ပါဘူးလို့ ကျွန်တော် မပြောဘူးလား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ လုံးဝ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူလဲ၊ မဟာဆန်သူလေး ဘယ်သူလေးလဲ၊ ပြော…ပြော…လျှို့မထားနဲ့ပြော"

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားတို့ကလဲဗျာ"

"ဟာ…ကိုဖော်လင်းသက်ကလဲဗျာ ပေါင်းလာတာ ကြာပြီ၊ ဘာအစအနမှ မသိရဖူးဘူးဗျာ၊ လူရင်းတွေလို့ သဘောထားရင် ပြောဗျာ"

"ဟုတ်တယ်၊ ခင်ရင် ပြောမြဗျာ၊ ဘယ်တော့ ထူးမလဲ၊ ဘယ်တော့ စားရမလဲပေါ့ဗျာ"

"ခင်ပါတယ်ဗျာ၊ ပြောလဲ အလကားပါဗျာ၊ ဘာမှ အကြောင်းမထူးတော့တာတွေ မပြောပါရစေနဲ့တော့ဗျာ"

"ဟာ…အတိတ်ဓာတ်လမ်းလေးပေါ့၊ ဘာဖြစ်သွားလို့လဲဗျာ၊ ဘာလို့ ဝေးသွားကြတာလဲ၊ လုပ်ပါဗျာ၊ ပြောပါ"

"ဟာ…ခင်ဗျားတို့ အတော်ဆိုးတဲ့ သူတွေပဲဗျာ"

ကိုဖော်လင်းသက်မှာ အရက်ရှိန်ကြောင့်အပြင် ရှက်ရှက်လာသလို မျက်နှာက အတော်နီမြန်းလာပါသည်။ နေဒွန်းသည်လည်း ပြုံးစိစိ ဖြစ်လာကာ အစ,ထုတ်ခံနေရသော ဖော်လ



သက်ကို ငေးစိုက်ကြည့်နေရင်း ဘဲကင်တွေ စားနေမိသည်။

"ပြောဗျာ…ပြောဗျာ…လုပ်ဗျာ"

"ဝေးသွားပါပြီဗျာ"

"ဘာလဲ ယောကျ်ားယူသွားတာလားဗျို့ ဟားဟား…"

"အေးပေါ့ဗျာ၊ ခင်ဗျားတို့ကတော့ ရယ်နိုင်ကာပေါ့လေ၊ ကျွန်တော်ကတော့ ဒီကိစ္စနဲ့ပတ်သက်ရင် ဒီနေ့အထိ မရယ်နိုင် မပြုံးနိုင်သေးပါဘူးဗျာ"

"အေးလေ…ဟော့ကောင် မရယ်နဲ့ကွာ၊ သူတစ်ပါး ခံစားရတဲ့ ကိစ္စကို မင်းက ရယ်စရာလား"

ရယ်သူက နှုတ်ပိတ်လိုက်ကာ မေးသူတွေကလည်း လူနာအမဲခြောက်ဖုတ်တောင်းသလို တရရ တတ,တ,ဖြစ်နေတော့သည်။ များသောအားဖြင့်ကတော့ ဝိုင်းရယ်မော သဘောကျနေကြကာ နှစ်ယောက်သုံးယောက်ကသာ အတင်းကပ်မေးနေကြတာဖြစ်ပါသည်။ နေဒွန်းကလည်း ပြုံးစိတိတ်ဆိတ်စွာ နားထောင်နေတဲ့ အုပ်စုကမှင်။ အားလုံးထဲမှာ နေဒွန်းက သောက်တာအနည်းဆုံး။ မမူးဆုံးပင်။

"လုပ်ပါဦး ကိုဖော်လင်းသက်ရာ၊ ဘယ်လိုဖြစ်သွားတာလဲ၊ ကျွန်တော်တို့မန်နေဂျာလို အဘက်ဘက်က ပြည့်စုံတဲ့သူ ပျိုတိုင်းကြိုက်မယ့်နှင်းဆီခိုင်ကို သူက ဘယ်လိုထားသွားခဲ့တာလဲဗျာ"

"ဓာတ်လမ်းရိုးရိုးလေး တစ်ပုဒ်ပါဗျာ၊ မိဘ

www.burmeseclassic.com

www.burmeseclassic.com



ပေးစားတဲ့သူနဲ့ ယူသွားတာပေါ့ဗျာ၊ ဒါပါပဲ၊ ရိုးအီနေတဲ့ ရှေးဟောင်းဇာတ်လမ်းတစ်ပုဒ်ပေါ့ဗျာ"

"ဟာ...မကျေနပ်ဘူးဗျာ၊ သူ့မိဘတွေက ခင်ဗျားနဲ့ဘာကြောင့် သဘောမတူနိုင်ရတာလဲ၊ ဘာများဖြစ်ချက်ရှိလို့လဲ"

"ဘာဖြစ်ချက်ရယ်ဘာရယ်ဆိုတဲ့ အဆင့်ထိ မရောက်ခဲ့ပါဘူးဗျာ၊ ကျွန်တော်နဲ့ သဘောတူတယ် မတူဘူးလဲ မရှိလိုက်ရပါဘူး၊ သူတို့သဘောတူထားတာ တစ်ယောက်ရှိတယ်ပေါ့၊ ဒါပါပဲဗျာ ဆက်မမေးကြပါတော့နဲ့"

ကိုဇော်လင်းသက်က ခေါင်းကို ငိုက်စိုက်လုပ်ထားလိုက်ပါသည်။ သူ့အတော်လည်း မူးနေပေပြီ။

"ဟာဗျာ...စိတ်မကောင်းဘူးဗျာ၊ ခင်ဗျားကသာ လိုချင်ရင် ခေါင်းခေါက်လို့ရတဲ့အနေအထားပါ၊ အသစ်တစ်ယောက် အစားထိုးဗျာ"

"မလုပ်ပါနဲ့ဗျာ၊ သူလေးကိုပဲ ခေါင်းထဲကကော ရင်ထဲကကော ခုထိ ထုတ်ပစ်လို့မရသေးပါဘူး၊ အစားလဲ မထိုးနိုင်ပါဘူးဗျာ"

ကိုဇော်လင်းသက် လေသံက တဖြည်းဖြည်း ရောဂါတက်လာသလို ဆွေးလျှလာပါသည်။

"တွေ့ကြသေးလား၊ နောက်ထပ်"

"မတွေ့ပါဘူး၊ မတွေ့တာ ကြာပါပြီ၊ သူက ရန်ကုန်က မဟုတ်ပါဘူးဗျာ"



"ဘယ်ကလဲဗျ"

"မန္တလေးကပါ"

"သြော်...မန်းသူလေးပေါ့၊ နာမည် ဘယ်လိုခေါ်လဲ"

"ဟာ...နာမည်ကတော့ မပြောပါရစေနဲ့ဗျာ၊ ခင်ဗျားတို့ကလဲ၊ သူ့နာမည်ပါ ခင်ဗျားတို့ သိသွားလို့ မကောင်းပါဘူး၊ တော်ကြာ အကြောင်းတိုက်ဆိုင်တာရှိလာရင် သူ့ခမျာ နစ်နာပါတယ်ဗျာ"

"ဟာ...နာမည်လေးတော့ ပြောပြပါဦးဗျာ၊ ဆုံစရာလဲ မရှိပါဘူး၊ မန္တလေးနဲ့ရန်ကုန်နဲ့ဟာကို အလှမ်းဝေးပါတယ်ဗျ၊ ပြောပြစမ်းပါ"

"ဟာဗျာ..."

"ပြောပြစမ်းပါဗျာ"

"ခင်ဗျားတို့ အတော်ခက်တဲ့လူတွေပဲဗျာ"

"ပြောပါဗျာ ပြော...ပြော"

"တစ်လုံးပဲ ပြောမယ်ဗျာ၊ နာမည်က သုံးလုံး၊ တစ်လုံးက 'ဒေါင်း'တဲ့၊ ဒါပဲဗျာ၊ ခင်ဗျားတို့ တော်ကြတော့"

နေဒွန်းသည် ရင်ထဲ ဒိတ်ခနဲ ဖြစ်ကာ စားဖို့ကောက်ယူလိုက်သည့် ဘဲကင်တစ်တုံးကိုပင် ယောင်ယမ်းပြီး ပန်းကန်ထဲ ပြန်ချလိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဗျာ၊ တော်ကြတော့ဗျာ၊ ခင်ဗျားတို့ လာအစ,ဖော်တာ ကျွန်တော် ထိပြီဗျ၊ မကောင်း ဘူးဗျာ၊ တော်ကြတော့"

"တော်တော့...တော်တော့ ဟေ့ကောင်တွေ၊ တို့ လူကြီး သနားပါတယ်ကွာ"

"အေးပါဗျာ၊ သနားပါတယ်ဗျာ၊ ဒေါင်းမလေး အသည်းခွဲသွားတာပေါ့"

"သူ့ခမျာတော့ အသည်းမခွဲရှာပါဘူးဗျာ၊ ရိုးရိုး အေးအေးလေးပါ၊ ကံကြမ္မာက ဖြစ်လာတာ ဘယ် တတ်နိုင်မလဲဗျာ၊ သူ့ကို အပြစ်မတင်ပါဘူး၊ အပြစ်လဲ မရှိဘူး၊ ကျွန်တော့်ကံပေါ့ဗျာ"

"ခင်ဗျားအတော်ချစ်တာကိုး၊ စိတ်မကောင်းပါ ဘူးဗျာ"

နေဒွန်းသည် မျက်မှောင်ကုတ်ကာ မတင်မကျနိုင်နေ မိ၏။ မန္တလေးကတဲ့။ ပြီးတော့ နာမည်ထဲမှာ 'ဒေါင်း'တစ်လုံး ပါသတဲ့။ ဒေါင်းဆိုတဲ့ နာမည်စာလုံးဟာ ဟိုဘက်ခေတ်က တော နယ်ပိုင်းမှာသော်လည်းကောင်း၊ အငြိမ့်လောက ဇာတ်လောကမှာ သော်လည်းကောင်း အမှည့်များတဲ့ အမည်မျိုး။

ခုခေတ်မိန်းကလေးတွေထဲမှာတော့ ဤနာမည်စာလုံး မှည့်ထားသူဟာ အတော်ရှားပါးမှာ သေချာပါသည်။ အမည်ရော၊ နေရပ်ပါ တိုက်ဆိုင်နေ၍ နေဒွန်း နေမထိ ထိုင်မသာ ဖြစ်လာသည်။ နာမည်အပြည့်အစုံကို ဖွင့်မေးလိုက်ချင်ကာ မေးလဲမမေးဝံ့။





ရုံးမှာ ဥဒေါင်းပျိုအမည်ကို သိသူ အတော်များပါသည်။ သူ့မင်္ဂလာပွဲကို ဖိတ်စဉ်က ဖိတ်စာမှာ တွေ့မိဖတ်မိကြမှာပင်။ ဆန်းသော အမည်မို့လဲ ပြန်ကြားလိုက်ရလျှင် အမှတ်ထင်ထင် မှတ်မိကြမှာပင်။ ဖြေလိုက်မှာလဲကြောက် သိကလဲ သိချင်လှပါ သည်။

ဖြစ်နိုင်သလား မဖြစ်နိုင်ဘူးလား။ ဖြစ်မယ်ဆိုရင်လည်း ဖြစ်နိုင်တာပင်။ လုံးဝ လွဲမယ်ဆိုရင်လည်း လွဲနိုင်တာပင်။ ဒါပေမဲ့ နေဒွန်းစိတ်တွင် ဖြစ်များဖြစ်နေရော့သလားဟူသည့် ဘက်ကိုသာ သံသယဝင်နေမိပါသည်။ ဤသံသယစိတ်နှင့် မမူးဘဲ နားထင် နားရင်းတွေပင် ပူလာပါသည်။

"ကိုယ်တို့လူ ကျန်ရစ်ရတာ စိတ်မကောင်းဘူးဗျာ၊ မကျေနပ်ဘူး"

"ဟုတ်တယ်ဗျာ၊ ခင်ဗျားက နည်းနည်းတောင် ထပ်မကြိုးစားကြည့်ခဲ့ဘူးလား"

"သူ စိတ်ညစ်မှာ စိုးပါတယ်ဗျာ၊ သူ့အမေ စကား ကို သူက သိပ်နားထောင်တာဗျ၊ သူ့အစ်ကိုတုန်းကလဲ ဒီလိုပဲ သူ့အမေ ကြိုက်တဲ့ချွေးမ ရွေးချယ်ပေးစားတာ ယူခဲ့တာပဲ၊ မိဘစကားနားထောင်ကြတဲ့ အစဉ်အလာရှိ တယ်ဗျ၊ တကယ်တော့ သူ့အစ်ကိုသိမ့်မင်းနဲ့ ကျွန် တော်ကလဲ သူငယ်ချင်းအရင်းတွေပါ"

"ခွမ်..."

စကားဝိုင်းဟာ ဖန်ခွက်ကွဲသံကြောင့် ပွဲပျက်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဒွန်း လှမ်းယူကိုင်မ,လိုက်သော ဘီယာဖန်ခွက်သည် နေဒွန်း နှုတ်ခမ်းဝ မရောက်မီ လမ်းခုလတ်၌ လက်မှ ပြုတ်ကျကာ သမံတလင်းပြင်ပေါ်၌ ခွမ်ခနဲ ကွဲကြေသွားခဲ့တာပါပဲ။

"ဟာ…နေဒွန်း မူးပြီဟေ့"

"အေးလေကွာ အလန့်တကြားကွာ၊ မင်းကလဲ"

နေဒွန်းသည် သမံတလင်းပေါ်မှ ဖန်ကွဲစများကို အဓိပ္ပာယ်မဲ့ စိုက်ကြည့်နေမိကာ ရင်တွေ တဒိတ်ဒိတ် တုန်ရီလှုပ်ရှားနေသည်။ နားထင်နားရင်းသာမက တစ်ကိုယ်လုံး ထူပူစပ်ဖျဉ်းလာခဲ့ပြီ။ အလွန်အမင်း အံ့ဩထိတ်လန့်သွားရ၍ မျက်နှာလည်း ပျက်နေပါသည်။

စားပွဲထိုးတစ်ယောက်က ဖန်ခွက်ကွဲကို ဂေါ်ပြားရှည်နှင့် လာလှဲယူသွားသည်။ နေဒွန်းက ငိုင်နေဆဲ။ သူ့နားထဲမှာ ကိုဇော်လင်းသက်စကားတွေ ပဲ့တင်ထပ်ကာ အထပ်ထပ် အပြန်ပြန် မြည်ဟီးနေသည်။ မန္တလေးက ဒေါင်းဆိုတဲ့အထိ သံသယအဆင့်မှာသာ ရှိပါသေးသည်။

အခုတော့…။

ဘယ်လိုမှ မလွဲမှားနိုင်တော့ပါ။ အစ်ကိုအမည်က သိမ်းမင်းတဲ့။ မိဘသဘောတူပေးစားသည့် ဇနီးကိုပဲ ယူခဲ့ရတာ…။

"နေဒွန်း ဘာဖြစ်နေတာလဲ"

မိုးဦးက ပခုံးကို လှမ်းပုတ်သည်။

"ဘာမှ မဖြစ်ပါဘူး"

"ဖန်ခွက်လေးကွဲတာကို လန့်နေလိုက်တာကွာ၊



မူးနေပလား၊ မင်း ငါတို့ကို လိုက်ပို့ရမှာနော်"

"အေးပါ၊ သိပါတယ်၊ ငါ မမူးပါဘူးကွာ"

နေဒွန်းအသံက ဆုတ်နစ်နေပါသည်။ သူ ဘာဖြစ်သွားပါသနည်း။ ဘာကြောင့် အသည်းအသန် ခံစားဖို့လိုက်ရပါသနည်း။ ဥဒေါင်းပျိုဟာ ဘယ်သူ့ချစ်သူဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ သူ့ဇနီးသည် မဟုတ်လား။ ဥဒေါင်းပျိုကိုယ်တိုင်က ရည်းစားရှိခဲ့ပါသည် ဝန်ခံပြီးသားပဲ။

ရည်းစားရှိခဲ့ပါသည်ဆိုမှတော့ သူမရဲ့ ချစ်သူဟာ ကိုဇော်လင်းသက် မဟုတ်လျှင်လည်း တခြားယောကျာ်းတစ်ယောက်တော့ ဖြစ်ရပေတော့မည်။ တစ်ယောက်ယောက်တော့ ဖြစ်ရမည်ဆိုသည့်အခါမှာ ဘာကြောင့် သူ့ပတ်ဝန်းကျင်က လူတစ်ယောက်လာဖြစ်နေခဲ့ရတာလဲ။

သူနှင့် တစ်ကုမ္ပဏီတည်း တစ်ရုံးတည်းက လူတစ်ယောက်မှ ဘာကြောင့် ဥဒေါင်းပျိုရဲ့ချစ်သူဟောင်းလာဖြစ်နေရတာတဲ့လဲ။ နေဒွန်းသည် ရင်ထဲနင့်သိပ် ပြည့်ကျပ်လာသည်။ ကိုဇော်လင်းသက်ကို ခပ်ငေးငေး စိုက်ကြည့်နေမိပါသည် တကယ့်လူတော်လူကောင်း လူချောလူချမ်းသာပင်။

အန်တီလွင်ကသာ သူ့ကို သဘောကျမနေခဲ့ သဘောမတူနေခဲ့ဘူးဆိုလျှင် ကိုဇော်လင်းသက်နှင့် သဘောမတူနိုင်စရာ အကြောင်း ရှိကို မရှိပါ။ သဘောတူမှာပါ။ ကံကြမ္မာသေသာ တစ်ဆစ်ကလေး လှည့်ပြောင်းခဲ့မည်ဆိုလျှင် ဥဒေါင်းပျိုသည် ခုချိန်မှာ သူ့မန်နေဂျာ၏ ချစ်ဇနီးဖြစ်နေပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုဇော်လင်းသက်သည် နေဒွန်းနှင့်လည်း ဒီလောက်ကြီး မခင်သေး။ နေဒွန်းဇနီး ဘယ်သူဆိုတာ သိဖို့ဝေးပါသေးသည်။ တစ်နေ့သောအခါ သိသွားကြလျှင် သူတို့နှစ်ယောက် အဘယ်သို့ မျက်နှာချင်းဆိုင်ကြရမည်နည်း။ ခုကိုပဲ သူ့တစ်ဖက်တည်းကသာ သိရှိသွားခဲ့ရပါလျက် ကိုဇော်လင်းသက်ကို မျက်နှာချင်းဆိုင် စေ့စေ့ကြည့်ဖို့ သူ့မှာ ခက်ခဲပင်ပန်းရချေပြီ။

ကိုယ့်ဇနီးရဲ့ အရင်ချစ်သူတဲ့…။ သူ ဥဒေါင်းပျိုကို အတော် မြတ်နိုးချစ်ခင်ခဲ့ပုံပဲ။ အမည်ကို လူသိလျှင်ပင် မိန်းကလေး ဘက် နစ်နာမည်စိုးရိမ်ကာ ယောကျ်ားတစ်ရာတွင် တစ်ယောက်၌ ရှိဖို့ခက်သော ဆင်ခြင်ပုံမျိုးနှင့် ဆင်ခြင်နိုင်ခဲ့သည်။ 'ဒေါင်း'တစ်လုံး လွတ်ထွက်လာခဲ့ရတာတော့ အမူးလွန်နေလို့ပဲ ဖြစ်နိုင်ပါသည်။

နေဒွန်း သက်ပြင်းတွေ တစ်ချက်ပြီး တစ်ချက် ပင်ပင် ပန်းပန်း ရှိုက်မှုတ်နေမိပါသည်။ သွားပြီ…ဥဒေါင်းပျိုရယ် သွားပြီ။ မင်းရဲ့ချစ်သူဟောင်းက ရှေ့မှာ ကိုယ့်အထက်က မန်နေဂျာလာဖြစ် နေရသည်ရယ်လို့။

"ဟော့ကောင်…မင်း ဘာဖြစ်နေလဲ၊ အားလုံး ပျော် ပျော်ရွှင်ရွှင်ရှိနေကြတာ၊ မင်းတစ်ယောက်ပဲ ရုပ်ကြီး မှိုင်ငိုင်နေတယ်"

"ဘာမှ မဖြစ်ပါဘူး မိုးဦးရာ၊ ခုနကတည်းက ငါ ပင်ပန်းနေတယ်လို့ ပြောသားပဲ"

"မဟုတ်ပါဘူး၊ မျက်နှာကြီးက ခုမှ ပိုဆိုးလာ သလိုပဲ"



"ငါ ငြီးစီစီဖြစ်လာတယ်ကွ"

"သိပ်လဲ မသောက်ဘူး မဟုတ်လား"

"မသောက်ဘူး၊ ဝစ်စကီတွေ တစ်စက်မှ မ သောက်ဘူး၊ ဘီယာနည်းနည်းပဲ"

ပြောရင်း သက်ပြင်းချလိုက်မိပြန်သည်။ သူတို့ သိပ်ချစ် ခဲ့ကြမှာပဲ ထင်ပါရဲ့။ ကိုဇော်လင်းသက်ဘက်ကတော့ သိပ်ချစ်ခဲ့မှာ သေချာသည်။ သူ့အပြောအဆိုကလေး နည်းနည်းလေးထဲမှာကို ပေါ်လွင်နေသည်။ ဥဒေါင်းပျိုကရော…။ သူမကလည်း ကိုဇော် လင်းသက်ကို သိပ်ချစ်ခဲ့တာပဲလား။

ပြဿနာနှင့် မုန်တိုင်းလမ်းခွဲခဲ့ကြတာလည်း မဟုတ်။ ဘာဆိုဘာမှ ပြဿနာ မရှိဘဲ မိဘစကား နားထောင်လိုသည့် ချစ်သူရဲ့ ဆန္ဒကို တစ်ဖက်က လိုက်လျောစွန့်လွှတ်ပေးခဲ့သည့် ဇာတ်လမ်း။ သူတို့ ရင်နာကြမှာပဲ။ ဤနည်းဤပုံ ခွဲကြရခြင်းဖြစ်၍ နဂိုထက်တောင် ပိုပြီး အချစ်ကြီး ချစ်နေကြဆဲ ဖြစ်မှာပဲ။

နေဒွန်းရဲ့ ရှေ့မှာ ကိုဇော်လင်းသက် ရှိနေသည်ဆိုတာ ဥဒေါင်းပျို သိရရင် ဘယ်လိုနေမလဲ။ အနည်းဆုံး စိတ်လှုပ်ရှား သွားမှာပဲ။ နေဒွန်း ရင်ထဲမှာ ထူပူလောင်မြိုက်နေပါသည်။ သံသယဝင်ခဲ့သော်လည်း သူ့စိတ်ထဲမှာ ဟုတ်ချင်မှဟုတ်မှာပါ ဆိုတာကို တစ်ချိန်လုံး ဆုပ်ကိုင်ဖြေသိမ့်နေခဲ့တာ။

ခုတော့ ဥဒေါင်းပျိုမှာ ရည်းစားရှိခဲ့တာဟာ အမှန် တကယ် အဖြစ်အပျက်တစ်ခု ဖြစ်နေခဲ့ပြီ။ တကယ်တော့ သူဟာ ဥဒေါင်းပျိုကို သူ့အရင်က ဘယ်ယောကျ်ားတစ်ယောက်နှင့်မှ မချစ်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးစေချင် သံယောဇဉ်မတွယ်ဖူးစေချင်သောဆန္ဒ ရင်ထဲ တိတ်တခိုး ရင့်သန်နေခဲ့တာ။

ခုတော့ သူ့ဆန္ဒ မပြည့်ပြီ။ ဥဒေါင်းပျိုဟာ တကယ်ပဲ ချစ်သူရှိခဲ့ပြီ။ သူ့ဘက်တွင်တော့ ပပကို အစွဲကြီး စွဲလမ်းခဲ့မိ ဖူးတာမှန်သော်လည်း လောက်လောက်လားလား ချစ်သူရည်းစား ရယ်လို့တော့ လုံးဝကို မထားခဲ့ဖူးတာပါ။

ချစ်ခင်စွဲလမ်းဖူးသည့် ပပကိုလည်း ဥဒေါင်းပျိုကို လက်ထပ်ဖို့ သူ ဆုံးဖြတ်လိုက်နိုင်ကတည်းက စိတ်ထဲက အပြီး ထုတ်ပယ်ဖို့ စိတ်ဒုံးဒုံးချခဲ့ကာ ခုဆိုရင် စိတ်ထဲက ရင်ထဲက ထုတ်ပယ်နိုင်ခဲ့ရုံသာမက နည်းနည်းကလေးမှ စွဲလမ်းမှုတွေ ရှာ မရတော့သည်သာမက မျက်စိထဲ နောက်ကာ တစ်စက်ကလေး မှကို နှစ်သက်လို့ပင် မရတော့တာပါ။

ဥဒေါင်းပျို…။ ဥဒေါင်းပျိုရယ်…။ ကိုယ့်ရင်ထဲမှာ နှမြောမိတယ်၊ ကြေကွဲမိတယ်၊ ဝမ်းနည်းမိတယ်၊ ဒေါသဖြစ် မိတယ်။ ကိုယ် ဘယ်လိုမှ လိုက်ပြုပြင်လို့ မရတော့တဲ့ မင်းရဲ့ အတိတ်ဇာတ်ကြောင်းကို တန်ခိုးဣဒ္ဓိပါဒ်နဲ့ ဖျက်ပစ် နိုင်ချင်တယ်။ မင်းဘဝမှာ မင်းနှလုံးသားကို ပုံချစ်ရတဲ့သူဟာ မင်းရဲ့ ခင်ပွန်းသည် လင်ယောကျ်ားသာလျှင်ပဲ ဖြစ်စေချင်မိတယ်။

♥♥♥



(၇)

"ကိုနေဒွန်း အားလားဗျာ"

ကိုဇော်လင်းသက် ခေါ်သံကြောင့် နေဒွန်း ထိုင်ရာက ထ,လိုက်ရပါသည်။ ကိုဇော်လင်းသက်က သူ့ရုံးခန်းဝမှာ ရပ်နေ သည်။ ခုရက်ပိုင်း သူသည် ကိုဇော်လင်းသက်ကို အလိုအလျောက် ရှောင်ဖယ်ဖယ်ရှိနေမိတာ သူ့ဟာသူလည်း သတိထားမိပါသည်။

"ဆရာ…ဘာပြောမလို့လဲ"

"အားရင် ခဏလေးဗျာ၊ တစ်ခုလောက် လုပ်ပေး ပါ၊ ခုတလော ကိုနေဒွန်း နေသိပ်မကောင်းဘူးလား"

"ဟုတ်ကဲ့၊ ကျွန်တော် ခုတလော နည်းနည်း

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေး မကောင်းဘူး ဆရာ"

"ဟုတ်လား၊ ဘာဖြစ်တာလဲ"

"ဟိုဟာပါ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ ခေါင်းအုံအုံနေတာပါ၊ ကျွန်တော်က အဲလို မကြာခဏ ခေါင်းကိုက်တတ်တာပါ"

"ဪ...ဟုတ်တယ်၊ ကိုမိုးဦး ပြောဖူးတယ်၊ ခင်ဗျားက ခေါင်းကိုက်တတ်တယ်တဲ့၊ ခုရော အိုကေ ရဲ့လား"

"အိုကေပါတယ် ဆရာ၊ ဆရာ ဘာလုပ်နိုင်းမလဲ မသိဘူး"

"ကျွန်တော် ဒေါ်ပပကို အိုးအိမ်ရုံးကို လွှတ်လိုက်တာ ဒီက ထည့်ပေးလိုက်ဖို့ စာရွက်တစ်ရွက် လိုသွားတယ်၊ သူလဲ ဟိုကနေ ဖုန်းလှမ်းဆက်တယ်၊ အဲဒါ ပြန်မလာနဲ့လို့ လွှတ်ပို့မယ်လို့ ပြောလိုက်တယ်၊ အဲဒါ ဒီကနေ ဒီစာရွက် ယူပြီး ကိုနေဒွန်း လိုက်သွားပေးပါ၊ ခင်ဗျားက စီးတော်ယာဉ်လဲပါတော့ အဆင် ပြေတယ်"

"ဟုတ်ကဲ့ပါ"

ဟုတ်ကဲ့ပါအပြင် သူမည်သို့မျှား ငြင်းစရာရှိပါသနည်း။ ပပက ကျွန်တော့်ကို ရှိသ့ဲသ့ဲ ပြောတတ်လို့ တခြားတစ်ယောက် လွှတ်ပါရယ်လို့ ပြောလို့ရသည့် ကိစ္စမျိုးမှ မဟုတ်ဘဲ။ ကိုဇော် လင်းသက် လက်စွဲသုံးနေကျ မိုးဦးကလည်း မရှိ။ သူတို့ရဲ့



ဆောက်လက်စ ဆိုက်ကို သွားနေရသည်။ ပပမှာ မိန်းကလေး ဖြစ်သော်လည်း အပြင်ရုံးကနားကိစ္စမျိုး၌ သူမကို သုံးလေ့ရှိပါ သည်။

တိတိတာတာ ချွဲချွဲပျစ်ပျစ်နှင့်ပင် သူမက အလွယ်တကူ အဆင့်တပြေ ကြံဖန်စီမံတတ်သူ ဖြစ်ပါသည်။

"ဒါဖြင့် ရော့...ကိုနေဒွန်း လိုက်သွားလိုက်ပါဦး"

နေဒွန်းသည် ဇော်လင်းသက်ထံမှ စာရွက်ဖိုင်ပြားလေးကို လှမ်းယူရင်း လှည့်ထွက်ခဲ့ရပါသည်။ ဟိုတစ်ခါလည်း ပပအပြင် ထွက်သွား သူက ခဏအကြာ သူ့ကိစ္စနှင့်သူ ထွက်သွားကာ ၃ ခေါင်းပျို ရုံးရှေ့ ဆုံပြီး ရုံးကို အတူပြန်ဝင်လာကြတုန်းက ရုံးက အမျိုးသမီးအုပ်စုက မသင်္ကာသလိုလို တစ်မျိုးကြီးတွေလိုလို ကြည့် တာခံရပါသည်။

ကြည့်ကြသူတွေကိုလည်း အပြစ်တင်လို့ မရ။ ပပကိုက အနေအထိုင် မမှန်တော့ ကြည့်ချင် ဝေဖန်ချင်ကြမည်ပင်။ ခုလည်းပဲ ပပနှင့်အတူ ရုံးကို တွဲကာ ပြန်ဝင်လာရပါဦးမည်။ ဘာတတ်နိုင် ပါ့မလဲ။

နေဒွန်းသည် ပပရှိနေရာ ရုံးသို့ ကားနှင့်လိုက်သွားရပါ သည်။ ရုံးကိုဝင် ပပကိုရှာ လိုအပ်သော စာရွက်စာတန်းများပေး။ ပပက သူ့ကို မြင်ကာ ဝမ်းသာအားရဖြစ်နေသည်။

"ကိုဇော်က တစ်ယောက်လွှတ်လိုက်မယ်ဆိုတာ ကိုနေဒွန်း ရောက်လာတာကိုး၊ ဝမ်းသာလိုက်တာ"

"ဘာဝမ်းသာစရာရှိလဲဗျာ၊ ဘယ်သူရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



လာ တူတူပဲဟာ''

သူ စိတ်ရှုပ်ရှုပ်နှင့် ဘုတောလိုက်မိပါသည်။

''တွေ့လား၊ ခုတလော သူ့စိတ်ချည်းပဲ၊ အချိုးကို မပြေဘူး''

ရုံးမှာ တစ်ခဏနှင့်ပင် ကိစ္စပြီးပြတ်သွားပါသည်။ အတူ ထွက်လာကာ ကားပေါ်ထိုင်မိလျှင်...

''ကဲ...အခု မြို့ထဲဘက်သွားလိုက်၊ သုံးဆယ့်နှစ် လမ်းဘက်''

''ဟာ...ဘယ်တွေခြေရှည်ဦးမှာလဲ''

''အောင်မာ...လူကိုလာပြီး သဟောက်သဟာနဲ့ မပို့လဲနေ၊ ခု ကားပေါ်က ဆင်းမယ်၊ ပုံဆွဲစက္ကူလိပ် တွေ ဝယ်ဖို့ မှာလိုက်တယ်''

''သြော်...ရုံးကိစ္စဆိုလဲ ပြီးတာပဲပေါ့၊ သွားလိုက် တာပေါ့''

''ရုံးကိစ္စ မဟုတ်ရင် ဘယ်မှ မပို့ဘူးပေါ့''

''ရုံးချိန်အတွင်းကြီးလေ၊ တခြားလျှောက်သွား နေတာ ကောင်းပါ့မလား၊ ရုံးကိစ္စ မဟုတ်ဘဲ လမ်းပေါ် မှာ ကိုယ်ရေးကိုယ်တာကိစ္စနဲ့ သွားနေရင် တာဝန်မဲ့ရာ ကျတာပေါ့''

''တော်ပါ၊ အပိုတွေ လျှောက်ပြီး၊ သူ့ကိုယ်သူ စံပြဝန်ထမ်းကောင်းကြီးကျနေတာပဲ၊ လမ်းကြုံခရီး ကြုံလေးရော မရဘူးလား၊ လမ်းသင့်နေလို့ ကိုယ့်ကိစ္စ



ဝင်လိုက်တာမျိုးလေ''

''ဘယ်ကိုလဲ''

''ကုန်စျေးတန်းထိပ်နားလေ၊ မုန့်ဟင်းခါးစားချင် လို့''

နေဒွန်းက ခေါင်းကို ကုတ်မိပါသည်။

''လုပ်ပါ၊ ဗိုက်ဆာနေလို့၊ ဘာကြာမှာလိုက်လို့၊ မုန့်ဟင်းခါး အရမ်းစားချင်နေတာ''

နေဒွန်းက ဘာမှ မပြော။ ကားကိုသာ မောင်းလာမိပါ သည်။ အင်း...ကားပေါ်မှာ သူနှင့်ပပ နှစ်ယောက်တည်း ယှဉ်တွဲ ထိုင်လျက်။ ခုလို အချိန်မျိုးမှာ ဥဒေါင်းပျိုမြင်လျှင် ဘယ်လို ထင်မှာပါလိမ့်။ ပပနှင့် ဟိုတစ်ခါ ဆုံတွေ့လိုက်ရတုန်းကလည်း အိမ်မှာ ဥဒေါင်းပျိုက ဘာထင်မြင်ချက် ဘာမှတ်ချက်မှ မပေးပါ။

ဘာမှလည်း စကားစပ်၍ မပြောပါ။ စိတ်မဝင်စား သယောင် ဖြစ်သည်။ သူ တကယ့်ပဲ ပပနှင့်ပတ်သက်၍ စိတ်မဝင် စား မလှုပ်ရှားတာလား။ ဒါမှမဟုတ် ဒေါသပဲ ဖြစ်စေ၊ တစ်စုံ တစ်ခုတော့ ခံစားရပါလျက် ဘာမှ မဖြစ်သလို နေနေတာလား။

.သူမထံမှာ နေဒွန်းနှင့် ပတ်သက်၍ ဘာဆိုဘာမှ ခံစား ချက် မရှိဘူးပဲလား။ ဟိုတစ်နေ့က ကုမ္ပဏီနှစ်ပတ်လည် ဒင်နာ ပွဲမှာ ကိုဇော်လင်းသက်ထံမှ မမျှော်လင့်ဘဲ သိလိုက်ရပြီးတဲ့နောက် သူ့စိတ်တို့ ညှိုးချုံးပူလောင်နေခဲ့ပါသည်။ အိမ်မှာလည်း ဥဒေါင်းပျို ကို စေ့စေ့မျက်နှာချင်း မဆိုင်ချင်။

ဆိုင်ကြည့်မိလျှင် သူမဟာ သူ့အရင်တုန်းက ချစ်သူရှိခဲ့တဲ့

www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်။ သူမမှာ ချစ်မြတ်နိုးခဲ့ရသော ယောကျ်ားတစ်ယောက်ရှိသည်ဆိုတာကို ပို၍ပို၍ သတိတရ ဖြစ်နေမိသည်။ သို့သော်လည်း မတူးပါဘူးလေ။ သူမကို စေ့စေ့မကြည့်မိဘဲလည်း ဒါကိုပဲ သူ သတိတရ တွေးနေမိတာပါပဲ။

သူ့မှာလည်း ချစ်ခဲ့သော မိန်းမတစ်ယောက် ရှိခဲ့ဖူးတာပဲ။ တကယ်ဆို ကြေတာပေါ့။ သို့သော် သူ့စိတ်၌ ဤမျှပြေဖို့မလွယ်။ သူ ပပကို ချစ်သည်ဆိုတာ ဘာချစ်ခဲ့တာလဲ။ အခု အမြဲဆုံတွေ့နေကြရပါလျက် ဘာခံစားချက်မှမှ သူ့ထံမကျန်တော့တာ။

ပပက လက်ခံပြီး လက်ထပ်ဖြစ်သွားခဲ့ကြလျှင်တောင် ခုလို ပြောင်းလဲသွားသော သူ့စိတ်နှင့်ဆို ပြဿနာပင်။ ဒုက္ခအကြီးအကျယ် ရောက်ဦးမည်။ သူက မေ့ပျောက်နိုင်ရုံတင်တောင် မကဘဲ နီးစပ်နေရပါလျက်နှင့်ကို ဘာစိတ်မှ မရှိတော့တာ။ လုံးလုံး စိတ်မလှုပ်ရှားတော့တဲ့အပြင် အထင်ခံရမှာကိုတောင် စိုးရိမ်ကာ ကြည့်ကျက်ရှောင်နေတာ။

ဉဒေါင်းပျိုရင်ထဲမတော့ ဤသို့ဟုတ်ပါ့မလား။ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်လို့ပဲ ဆိုရမလား။ သူဟာ တစ်စစနှင့် ဤမတွေးနိုင် မအန်နိုင် အတွေးရဲ့ တရိရိ နှိပ်စက်ညှဉ်းပန်းမှုအောက်မှာ စိတ်နှလုံး ကြေပြုန်းချင်စပြုပြီ။

"ဟိုနားလေးမှာ ဟိုမှာ...ဟိုမှာ"

ပပ အသံကြောင့် အတွေးနှင့် သတိလက်လွှတ်ဖြစ်နေရာမှ ယောင်ယမ်းဘရိတ်အုပ်လိုက်ရပါသည်။

"ဟိုလမ်းထဲ ဝင်ရပ်မလား၊ ဆိုင်ကတော့ ဟိုမှာ"



နေဒွန်းသည် ကားကို အဆင်ပြေအောင် ကြံဖန်၍ ရပ်လိုက်ရပါသည်။

"ကဲ...လာ...ဆင်း"

"ပပ သွားစားလိုက်ပါ၊ ကျွန်တော် မစားချင်တော့ဘူး"

"ဘာဖြစ်ရတာလဲ၊ သိပ်ကြီးကျယ်မနေပါနဲ့၊ ကားပေါ်မှာ လူတစ်ယောက် ထိုင်စောင့်နေတော့ စားရတဲ့လူက ဘယ်လိုလုပ်ပြီး အဝင်ဖြောင့်မှာလဲ၊ ကဲပါ...လာပါ ပြောနေရတာက ကြာတယ်၊ ဆင်း အိုက်တင်ခံမနေနဲ့"

နေဒွန်းသည် နောက်ဆုံးမတော့ စိတ်ပျက်ပျက်နှင့်ပင် ကားမှန်တွေတင်ကာ ကားပေါ်က ဆင်းလိုက်ရပါသည်။ ကားပေါ်က ဆင်းပြီးစပင်ရှိသေး ပပသည် နောက်နားက ဒိုင်နာလိုကားတစ်စီးဆီ လက်ညှိုးညွှန်လိုက်ရင်း...

"ဟော...ဟိုမှာတော့"

နေဒွန်းက ပပ လက်ညှိုးညွှန်ရာကို ကြည့်လိုက်ပါသည်။ ကုမ္ပဏီ အမည်ကို ကားကိုယ်ထည်ဘေး ရိုက်နှိပ်ထားသည့် ဒိုင်နာနောက်ပွင့်ကားတစ်စီးရဲ့ ရှေ့ခန်းမှာ ထိုင်နေသည့် ဉဒေါင်းပျိုကို မြင်လိုက်ရ၍ နေဒွန်းမှာ တုန်သွားသလားပင် ထင်ရအောင် လန့်ဖျတ်အံ့အားသင့်သွားပါသည်။

ဉဒေါင်းပျိုက သူတို့နှစ်ဦးကို ခပ်တည်တည် ကြည့်နေပါသည်။ ပပနှင့် နေဒွန်းမှာ ဉဒေါင်းပျိုရဲ့ ကားနံဘေး၌ အလို

www.burmeseclassic.com

www.burmeseclassic.com



အလျောက် ရပ်မိကြကာ နေဒွန်းက နှုတ်ကြီးဆိတ်နေ၍ ပပကသာ နှုတ်သွက်သွက်နှင့်…

"ဥဒေါင်းပျို ဘယ်လာတာလဲ"

"ပစ္စည်းလိုက်ဖြန့်တာလေ၊ ကောင်လေးတွေ ဒီနားက ဆိုင်မှာ ပစ္စည်းသွားချနေကြတယ်၊ ပစ္စည်းဖြန့်တဲ့ တာဝန်ခံ အမျိုးသမီး ခွင့်ယူထားလို့ ကျွန်မလဲ အလုပ်နည်းနေလို့ လိုက်ကူပေးတာ"

"သြော်…ပပတို့ ဟိုနားက ဆိုင်မှာ မုန့်ဟင်းခါး လာစားတာ"

နေဒွန်းသည် စိတ်ပျက်သွားကာ ရှုံ့မဲ့လိုက်မိပါသည်။ ရုံးကိစ္စနှင့် သွားလာရင်း ပပ ဆတ်ဆော့ပြီး ခြေရှည်ကာ စင်စားဖြစ်သည်ဆိုတာကို အူယားဖားယား ဝင်ရှင်းပြဖို့ရာကိုလည်း သူက မာနတကြီး ရှက်နေပြန်ပါသည်။ ဒီပုံတိုင်းကတော့ သူတို့နှစ်ယောက် ရုံးက ထွက်ပြီး အပျော်မုန့်ဟင်းခါးထွက်စားသည်ရယ်လို့သာ ဥဒေါင်းပျို ထင်မြင်ယူဆဖို့ ဖြစ်နေပြီ။

ဥဒေါင်းပျိုက နေဒွန်းကို ဖြတ်ခနဲ ကြည့်လိုက်ကာ ဘာမှ မပြော။

"လိုက်စားပါဦးလား"

"ဟင့်အင်း…တော်ပြီ၊ ကျွန်မ မုန့်ဟင်းခါး မကြိုက်ဘူး၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး စားကြပါ"

"လာပါ၊ ဒီမုန့်ဟင်းခါးက နာမည်ကြီး၊ တော်



တော်ကောင်းတယ်၊ သူ့ကို မနည်းပူဆာခေါ်လာရတယ်၊ လာစားပါလား"

"ဟင့်အင်း မစားတော့ဘူး၊ တော်ပြီ"

ပပက နေဒွန်းကို လှည့်ကြည့်ရင်း…

"ခေါ်ဦးလေ၊ သူက နှုတ်ပိတ်ကြီးနဲ့"

"သြော်…သူ မစားတော့ဘူးလို့ ပြောနေပြီပဲ၊ သူက မစားဘူးဆိုရင် စားမှာမဟုတ်တော့ဘူး၊ ထပ်ခေါ်ဖို့ မလိုဘူးလေ"

"ဟုတ်တယ်၊ ကျွန်မအကြောင်း ကိုနေဒွန်း ကောင်းကောင်း သိပါတယ်၊ ကျွန်မ တကယ်မစားတော့ဘူး၊ သွားကြပါ သွားစားကြပါ"

"ဒါဖြင့် သွားစားလိုက်ဦးမယ်"

ပပထွက်သွားရာသို့ပါသွားခါနီး နေဒွန်းနှင့်ဥဒေါင်းပျို အကြည့်ချင်း ဒိုင်းခနဲ ဆုံပါသည်။ ခုလိုကျမှ မလိုက်တော့ဘူးဆိုပြီး ကားဆီပြန်လည်း အပိုသက်သက် လှောင်ချင်စရာပဲ ဖြစ်နေလိမ့်မည်။ အခုကိုပဲ ဥဒေါင်းပျိုမျက်လုံးထဲမှာ သူ့ကို အထင်တသေး မုန်းတီးလှောင်ပြောင်လိုရိပ် ငွေ့ငွေ့ယှက်သမ်းနေသည်။

သူ အတော်ခံရခက်သည်။ စိတ်လည်းထိခိုက်မိသည်။ သို့ပေမဲ့ ခုလောလောဆယ် အချိန်မှာ သူ့ဘက်က ဘာမှဖြေရှင်းလို့လည်း မရ။ အိုးမလုံအုံမွှင့်ရာကျဦးမှာလည်း စိုးရသည်။ ပပ အပေါ်သာ စုပြုံအမြင်ကတ် ဒေါသဖြစ်မိကာ နေဒွန်းက ပပ နောက်မှ လိုက်သွားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ပပက ခွေးခြေလေးမှာ ဝင်ထိုင်ကာ သူ့ဖို့ပင်မှာပြီးနေပြီ။

"ဘာနဲ့စားမလဲ မှာလေ"

"မမှာတော့ဘူး"

"ဘာဖြစ်တာလဲ"

"အစကတည်းက စားမှ မစားချင်တာ"

"ပြီးတာပဲ၊ တကတည်း သူ့ပဲ လိုက်ချော့နေရတယ်"

နေဒွန်းသည် ခွေးခြေတစ်လုံး ဆွဲယူကာ စိတ်ညစ်ညစ်နှင့် ထိုင်ချလိုက်ပါသည်။

"ဘာလဲ မိန်းမမြင်သွားတာနဲ့ပဲ စိတ်ညစ်နေပလား၊ တော်တော်ကြောက်လား"

နေဒွန်း ဒေါပွသွားကာ...

"ကြောက်တာတွေ မကြောက်တာတွေနဲ့ မဆိုင်ပါဘူး၊ မိန်းမမြင်သွားတာ ကောင်းသောအလားအလာလို့များ ထင်ချင်လို့လား၊ ပပ ဘယ်သူဆိုတာလဲ သူသိတယ်၊ ခုလို တွဲရက်တွေ့တာဟာ တစ်မျိုးထင်ချင်စရာပဲ၊ ဒါမျိုးဟာ အိမ်ထောင်ရေးမှာ ဆင်ခြင်သင့်တဲ့ကိစ္စပဲ"

"အမယ်လေး...အဖြစ်သည်းနေလိုက်တာ၊ ရှုံးက မိတ်ဆွေချင်းပဲ၊ ကိစ္စရှိလို့တောင် မတွက်ရဘူးလား"

"ရှုံးက မိတ်ဆွေချင်း မကဘူး၊ ပပနဲ့ကျွန်တော်က



ဒီလောက်ဇာတ်မရှင်းဘူး၊ ကျွန်တော် တစ်ချိန်က ပပကို ကြိုက်ခဲ့ဖူးတာ သူ သိတယ်၊ ပြီးတော့ အခုပြရတဲ့ အကြောင်းကိစ္စကလဲ ရှုံးကိစ္စ မဟုတ်ဘူး၊ မုန့်ထွက်စားတဲ့သဘော ဖြစ်နေတယ်"

"ရှုံးကိစ္စသွားရင်း ဝင်စားတာလို့ ပြောပြပေါ့"

"ဒါကို သူက ယုံဦးမကိုး၊ အကြောင်းကြောင်းက သံသယဖြစ်ချင်စရာ ဖြစ်နေတာပေါ့၊ သံသယဖြစ်ရင်လဲ ဖြစ်တဲ့သူ အပြစ်မရှိဘူး"

"အမယ်လေး...သည်းနေလိုက်တာ ကိုနေဒွန်းရယ် တကတည်းမှပဲ၊ မုန့်ဟင်းခါးတောင် ဖြောင့်အောင် မျိုမကျရတော့ဘူး"

"ဒါ သည်းနေတာ မဟုတ်ဘူး ပပ၊ ကျွန်တော် ဘာပဲဖြစ်ဖြစ် ဒီမိန်းမကို ယူထားပြီးပြီ၊ ရှင်းအောင်နေရမယ်၊ သက်သက် အထင်သေးစရာဖြစ်ရတာ မကောင်းဘူး၊ ကျွန်တော် အိမ်ထောင်ကျပြီးကတည်းက ပပကို ဘယ်လိုဆက်ဆံသလဲ၊ ပပ ကာယကံရှင်မို့ အသိဆုံးပဲ"

ပပက နေဒွန်းကို ခပ်ငေးငေး ငုံ့ကြည့်လိုက်ပါသည်။

"ကျွန်တော် ရိုးသားစွာ သစ္စာရှိစွာ နေခဲ့တယ်၊ ဒီလိုနေတဲ့အတွက် ဒီလိုပဲ အမြင်ခံရချင်တယ်၊ အခု သူလဲ စိတ်အနှောင့်အယှက် ဖြစ်မှာပဲ၊ ကျွန်တော်လဲ စိတ်အနှောင့်အယှက် ဖြစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး သူ့မိန်းမသူ ချစ်နေလိုက်တာ"

"ချစ်တာတစ်ခုတည်းအတွက် ဒီသဘော ပြောနေတာ မဟုတ်ဘူး၊ ဒါ အိမ်ထောင်ရေးတစ်ခုရဲ့ စည်းကမ်း၊ ယောက်ျားက မိန်းမကို ငဲ့ပြီး စည်းကမ်းစောင့်ရမယ်၊ မိန်းမက ယောက်ျားကို ငဲ့ပြီး စည်းကမ်းစောင့်ရမယ်၊ မိန်းမကို ချစ်တယ်ဆိုရင်လဲ ဒါဟာ ဘာမှ ရှုတ်ချပျက်ရယ်ပြုနေစရာ စကားနာ ထိုးနေစရာကိစ္စ မဟုတ်ဘူး၊ လင်ယောက်ျားတစ်ယောက်လုပ်နေပြီး ကိုယ့်မိန်းမကို မချစ်လို့ ဘယ်သူ့ကို သွားချစ်ရဦးမှာလဲ၊ ဒါကို မကောင်းမှုတစ်ခု လုပ်သလို လှောင်ပြောင်စရာ မဟုတ်ဘူး"

ပပမျက်နှာက တစ်မျိုးဖြစ်သွားပါသည်။ မျက်မှောင်ကုပ်ကုပ် လေသံမာမာနှင့် ပြောနေသော နေဒွန်းကိုလည်း နည်းနည်းရှိန်သွားပုံရပါသည်။

"ကျွန်တော် အရင်က ကြိုက်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်နဲ့ ခုထိ နှစ်ယောက်တွဲ အပြင်မှာ သွားလာနေတယ်လို့ ဥဒေါင်းပျိုက ထင်မှာ ကျွန်တော် ခံချင်မလား ပပ တွေးကြည့်စမ်းပါ၊ တကယ်လဲ ကိုယ်မလုပ်ဘူး၊ ဒီနောက်ပိုင်းမှာ ပပရေ…ကျွန်တော်တို့နှစ်ယောက် ဘယ်သွားရအောင် ဘာသွားစားရအောင်လို့ ကျွန်တော် ဘယ်နှစ်ခါခေါ်ဖူးသလဲ"

ပပ မျက်နှာပျက်ကာနေပါသည်။



"ကျွန်တော်က အိမ်ထောင်သည်ပါ၊ တကယ်တမ်း နာမည်ပျက်စရာရှိရင် ပပအရင်နာမည် ပျက်မယ်၊ အိမ်ထောင်သည် ယောက်ျားတစ်ယောက်နဲ့ အပျိုလေးတန်မဲ့ တွဲပြီး အလုပ်ကိစ္စမဟုတ်ဘဲ ဟိုသွားဒီသွားဆိုတာ ပပအတွက် မကောင်းပါဘူး၊ ကျွန်တော့်လို အိမ်ထောင်ကျတာ မကြာသေးဘဲ ခုထိ ညှိရဆဲ ယောက်ျားတစ်ယောက်အတွက်လဲပဲ မကောင်းဘူး၊ ဒီနေ့ကိစ္စဟာ အမျိုးမျိုးဖြစ်သွားနိုင်တဲ့ ဥဒေါင်းပျိုရဲ့ စိတ်ထဲက ခံစားချက်ကို လိုက်ချေဖျက်ရှင်းလင်းဖို့ ခက်တဲ့ အနုတ်လက္ခဏာတစ်ခုပဲ"

ပပသည် မျက်နှာကလေးနီလာကာ…

"ကိုနေဒွန်း စကားတွေက ပပကို အထင်သေးလွန်းတယ်၊ ကိုနေဒွန်းဟာ သိပ်ခင်တဲ့ သူငယ်ချင်းမိတ်ဆွေတစ်ယောက်မို့သာ ပပ သည်းခံနေလိုက်တာမှတ်ပါ၊ ပပလဲ ဒီလိုဖြစ်အောင် ရည်ရွယ်တာ မဟုတ်ဘူး၊ ခင်မင်စိတ်အရင်းခံနဲ့"

"မိန်းမပျိုလေးတစ်ယောက်ဟာ အဲဒီ ခင်မင်စိတ်အရင်းခံဆိုတာကို နေရာတကာမှာ ချသုံးလို့ မရဘူး ပပ၊ ဒါလုပ်ရင် ဒီလိုဖြစ်မလားဆိုတဲ့ ဆင်ခြင်တဲ့ အတွေးနဲ့ လှုပ်ရှားမှ တန်ကာကျတယ်၊ ဘာမှ မစဉ်းစားဘဲ လုပ်လိုက်တာဆိုတဲ့ အပြုအမူမျိုး မိန်းမပျိုတစ်ယောက်မှာ မရှိရဘူး"

www.burmeseclassic.com

www.burmeseclassic.com

နေဒွန်းသည် ပြောလက်စရှိတုန်း ပြောခွင့်သာတုန်း ပြောချင်နေတာတွေအားလုံး လျှောက်ပြောပစ်လိုက်ပါသည်။

“မိန်းမ အထင်လွဲမှာ ကြောက်ပြီး ဒီလောက်ထိ သွေးရူးသွေးတန်း ဖိနှိပ်ပြောနေစရာ မလိုပါဘူး၊ ရှင့်ကိုလဲ မိန်းမ ဒီလောက်ကြောက်မယ့်လူလို့ မထင်ခဲ့မိပါဘူး၊ ပုံစံကြည့်တော့ သူကပဲ ဟောက်ထားနိမ်ထားသလိုလို၊ အရေးကျတော့ မျက်နှာက ဆီးရွက်လောက်ပဲ ရှိတယ်”

“ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ဘာမှ ကြောက်စရာအကြောင်း မရှိဘူး၊ ဘယ်ယောကျ်ားမှလဲ မကြောက်ကြဘူး၊ ကြောက်တယ်ဆိုတဲ့ ယောကျ်ားတွေဟာ ဒီမိန်းမအပေါ် ပုံနေတာ၊ ညှာတာနေတာ၊ သနားတာ၊ ဦးစားပေးချင်တာ၊ တစ်ကြောင်း မထောက်တစ်ကြောင်း ထောက်နေတာ၊ ဒါတွေပါပဲ၊ ဒါတွေရှိနေတာကို မိန်းမကြောက်တယ်လို့ ပတ်ဝန်းကျင်က သမုတ်နေကြတာပါ၊ ကျွန်တော်လဲ အခု ပပနဲ့ ဘာမှမဟုတ်ဘဲ အထင်လွဲခံရမှာမျိုးကို မခံချင်တာ၊ သူ တစ်မျိုးထင်သွားပြီဆိုတဲ့ အသိအပေါ်မှာ စိတ်ကျဉ်းကျပ်တာ၊ ဒါပဲ၊ ကိုယ့်ဇနီးသည်ကိုလဲ စိတ်မဆင်းရဲစေချင်ဘူး၊ အဲဒီစေတနာပဲ”

“ပြောတတ်လိုက်တာနော်၊ တယ်ပြောတတ်၊ ဟိုးတုန်းက ပပအတွက် ရင်ကွဲပက်လက် အသက်ထွက်တော့မလို ရူးရတော့မလို ခံစားချက်တွေ စကားတွေ



ရော ဘယ်ရောက်သွားပလဲ”

“ဘယ်ရောက်သွားရမလဲ၊ လေထဲမှာ အားလုံး ပျောက်သွားပြီ၊ ပပ တကယ် ယုံစမ်းပါ၊ ပပ ခုလို နှစ်ယောက်အတူ စားဖို့ အခွင့်အရေးလေးမျိုး၊ သွားဖို့ အခွင့်အရေးလေးမျိုးပေးလိုက်ရင် ကျွန်တော် ပျော်သွားလိမ့်မယ် မထင်နဲ့၊ ပတ်ဝန်းကျင်က တစ်မျိုးထင်မှာကို တောင် ကြောက်သေးတယ်၊ ပျော်လဲ မပျော်ဘူး၊ တစ်ခါ ချစ်ဖူးရုံနဲ့ တစ်သက်လုံး ကိုယ့်အနား တငင်ငင် သံယောဇဉ်မပြတ်ဖြစ်နေလိမ့်မယ်လို့လဲ အထင်မမှားပါနဲ့၊ ကိုယ့်အပေါ် လိုက်ကြိုက်နေတုန်းက ကိုယ် ကြိုးဆွဲရာရလို့ တစ်သက်လုံး ဆက်ကြိုးကိုင်သွားလို့ရဦးမှာပဲလဲ မထင်ပါနဲ့၊ မထိခလုတ် ထိခလုတ် လာလုပ်ပေးနေလို့လဲ ကျွန်တော့်ရင်တွေ ပူနွေးခုန်လှုပ်လာလိမ့်ဦးမယ် မထင်ပါနဲ့၊ အဲလို ထင်နေရင်တော့ အတော်လွဲနေတယ်”

ပပသည် အတော်ထိသွားသလို မုန့်ဟင်းခါးပန်းကန်ကို ဆောင့်ချလိုက်ပါသည်။

“ခင်မင်လို့ အခွင့်အရေးပေးနေတာကို ရှင် စကားပြောတာ အတော်လူပါးဝတယ်”

ဆတ်ခနဲ ထ,ကာ ပပက ထွက်သွား၍ နေဒွန်းမှာ အူကြောင်ကြောင်နှင့် ပိုက်ဆံရှင်းလိုက်ရပါသည်။ ကားဆီ ပြန်လျှောက်လာတော့ ဥဒေါင်းပျိုတို့ကားကြီးက မရှိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



စိတ်တအားဆိုးပြီး အတူပြန်မလိုက်တော့ဘူး ထင်ရသည့် ပပက သူတက်ရမည့် ကားတစ်ဖက်ဘေးမှာ ရပ်နေတာ မြင်ရတော့ နေဒွန်းက မပြုံးမိအောင် အောင့်ထားရပါသည်။

ထိုညနေ နေဒွန်း အိမ်ပြန်ရောက်တော့ အိမ်မှာ ဥဒေါင်းပျို မရှိပေ။ သူမ ရုံးဆင်းခါနီး နေဒွန်းကို ဖုန်းဆက်ကာ စောပြန်မှာမို့ ဒီနေ့လာမကြိုဖို့ တိုတိုပဲ ပြောပြီး ဖုန်းချသွားခဲ့ပါသည်။ အိမ်ရောက်တော့ သော့ခလောက်ခတ်လျက်သားနှင့် ဆီးကြိုနေ၍ နေဒွန်း အမောဆို့သွားသလိုပင်။

ကိုယ့်သော့နှင့်ကိုယ် ဖွင့်ဝင်ကာ ရေမိုးချိုးပြီးလျှင် ဟိုလျှောက်ဒီလျှောက်နှင့် ဂနာမငြိမ် ဖြစ်နေမိသည်။ ဘယ်များသွားပါလိမ့်။ ဈေးကိုများလားရယ်လို့ တွေးကာ စောင့်သေးသည်။ သူတို့နားက ဈေးလေးက ညဘက်ထိ စည်လေ့ရှိပါသည်။ ဈေးဆိုလျှင် ပြန်ရောက်သင့်သည့်အချိန်ကို လွန်လာပြီ။



ထမင်းစားပွဲပေါ်၌ ထမင်းအသင့်ခူးကာ ပြင်ဆင်ပြီး အုပ်ဆောင်းနှင့် အုပ်ထားပါသည်။ ဟင်းရည်အိုးက မသွားခင် ပြန်ဆူပြီးမှ မီးပိတ်သွားသလို ဟော့ပလိတ်ပေါ်တွင် နွေးပူဆဲ။ ဘယ်ကိုများ သွားနေပါလိမ့်။

စောင့်ရင်းစောင့်ရင်းက နေဒွန်း စိတ်ထင့်လာပါသည်။ နေ့လယ်က အဖြစ်ကိုများ စိတ်ဆိုးပြီး ပြန်မလာတော့ဘူးများလား။ ရန်ကုန်မှာလည်း ဥဒေါင်းပျို သွားနေလောက်စရာ အန်တီလေး အိမ်တစ်အိမ်ပဲ ရှိပါသည်။ အန်တီလေးတို့အိမ် ဖုန်းဆက်မေးလို သော်လည်း သူသည် ပေါ့တီးပေါ့ဆ နမော်နမဲ့နှင့် ထိုအိမ်ဖုန်းကို မမှတ်မိပါ။

မေမေ့ထံ လှမ်းပြီး တစ်ဆင့်မေးလျှင်လည်း မေမေ့ထံက ဘာဖြစ်သလဲ ဘာလဲညာလဲ စစ်ဆေးစူးစမ်းမှုတွေလာမည်။ သူပဲ အကြိမ်းမောင်းခံရမည်။ နေဒွန်းသည် နေရထိုင်ရ ခက်လာကာ ကားသော့ဆွဲပြီး ထွက်လာခဲ့သည်။ အန်တီလေးတို့ အိမ်ကို မောင်းလာရင်း ဟိုကျ မလိုက်ဘူး ဘာညာလုပ်နေရင် ဘယ်လိုစီမံရပါ့ ရယ်လို့ တထိတ်ထိတ် တွေးလာပါသည်။

အဲသလို အိမ်က ဆင်းသွားတာမျိုးရော ဟုတ်ပါရဲ့လား။ အိမ်မှာ ဗီရိုလေးဘာလေး ဖွင့်ကြည့်မိခဲ့ရကောင်းသား။ ဟုတ်သည် ဆိုပါစို့။ သူမ အဒေါ်တွေနှင့် အလည်ရောက်နေသော သူမ အစ်ကိုရှေ့ အဖြစ်သနစ်တွေ ဖြေရှင်းရရင်တော့ အတော်မျက်နှာပူ ရှက်ဖို့ကောင်းမှာပဲ။

နေဒွန်းသည် စိတ်ညစ်ကာ တစ်လမ်းလုံး နဖူး၌ စို့စို့

www.burmeseclassic.com

www.burmeseclassic.com



လာသော ချွေးကို သုတ်ရင်းသုတ်ရင်း လာရသည်။ ကောင်းကောင်းနေပါလျက် အလကားနေ ဖြေရှင်းရ အထင်လွဲခံရဦးမည်။ သူ့တွင် ဥဒေါင်းပျိုကို စတင်နူးညံ့ပျော့ပျောင်းပေးဖို့ မာနလေးတစ်ခု တင်းခံနေတာက လွဲ၍ ဘာအပြစ်မှ ရှိတာမဟုတ်ပါ။

စိတ်တိုလိုက် စိတ်ညစ်လိုက် ချွေးသုတ်လိုက်နှင့် အန်တီလေးတို့ အိမ်ကို ရောက်လာပါသည်။ ခြံထဲမှာ ကိုသိမ်းမင်း ရှိနေကာ ဆယ်လူလာဖုန်းတစ်လုံးနှင့် စကားပြောနေသည်။ နေဒွန်းကို မြင်လျှင် ဖုန်းပြောရင်း ခြံတံခါး လာဖွင့်ပေးကာ ဖုန်းကိုလည်း အမြန်ပဲ လက်စသတ်လိုက်ပါသည်။

"နေဒွန်းရေ…ဘာလဲကွ ဒေါင်ဒေါင်းလာကြို တာလား"

ဟော…ဥဒေါင်းပျိုရောက်တာတော့ သေချာပေပြီ။ နေဒွန်းက ယောင်ကန်းကန်းနှင့် ခေါင်းကိုသာ နှစ်ချက်လောက် ဆင့်ညိတ်လိုက်မိပါသည်။

"အေး…မင်း ဒီနေ့ရုံးဆင်းနောက်ကျမှာမို့ ပါမလာဘူးတော့ ပြောသား၊ ဒေါင်ဒေါင်းက ခုပဲ ပြန်သွားပြီကွ"

"ဩော်…"

နေဒွန်း ရင်ထဲတွင် အလုံးကြီးတစ်လုံးကျကာ ခုမှပဲ ပြုံးနိုင်လာပါသည်။

"ကျွန်တော်က မီဦးမလားလို့ လာကြိုတာပါ"

"ပြန်တာ ဆယ့်ငါးမိနစ်လောက်ရှိပြီ၊ အန်ကယ်



က ဒီနေ့ ဒင်နာတစ်ခုရှိတော့ အပြန်လဲ ပြန်ပို့နိုင်မှာ မဟုတ်ဘူး ကားမအားဘူးဆိုပြီး ညထိမနေတော့တာ၊ ကားပဲ ငှားပြန်သွားတယ်"

"ဩော်…ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ကိုသိမ်းမင်းရော မပြန်ဖြစ်သေးဘူးနော်"

"အေး…မပြန်ဖြစ်သေးဘူး၊ နေဦးမယ်၊ ကိစ္စလေးတွေ မပြတ်သေးလို့"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

ယောက်ဖပုံစံမှာ အေးအေးဆေးဆေးပင်မို့ ဥဒေါင်းပျို ဘာမှ ပြောဆိုဖောက်သည်ချ တိုင်တန်းမထားမှာ သေချာပါသည်။ အင်း…ခုလို သေချာမှ စဉ်းစားကြည့်တော့လည်း ဥဒေါင်းပျို ပုံစံဟာ အရေးကြီး ဟိုကိုဆင်း ဒီကိုဆင်း လုပ်မည့် ပုံစံမျိုးထဲက မဟုတ်ပါ။

ကိုယ့်ဟာကိုယ် ခပ်တင်းတင်း မထိခိုက်သလို အရေးမပါသလိုသာ ကြည့်ကျက်ဖြေရှင်းမည့် ပုံပါပင်။ တစ်ကြိမ် နေဒွန်းမေမေကို လှမ်းတိုင်ဖူးတာကဖြင့် နေဒွန်း ရည်းစားကို တမ်းတနေသည်ရယ်လို့ အံ့အားတသင့် အလန့်တကြား သိလိုက်ရကာ အတော် ပေါက်ကွဲသွားလို့သာပင…။ ခုနောက်ပိုင်းမှာတော့ ဥဒေါင်းပျိုက စထုံတက်တေး အရေးမပါ ဟန်မူရာမျိုးနှင့်သာ သူ့အားသူကိုး ဖြေရှင်းနိုင်သည့်အသွင်ကို ဆောင်ထားသည်။

ယောက်ဖကို အနည်းငယ် စကားစမြည် ပြောဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်ပင် မတက်တော့ဘဲ ပြန်ထွက်လာပါသည်။ နေဒွန်း အိမ်ပြန်ရောက်လျှင် ဦးခေါင်းပျိုလည်း ပြန်ရောက်နေပြီ။ အပြင်သံပန်းတံခါးကို ခေါက်၍ ကပ်ထားကာ အတွင်းသစ်သားတံခါးသာ သော့ကျန်နေ၍ နေဒွန်းက ဘဲလ်တီးလိုက်သည်။

ချပ်ခနဲ တံခါးလာဖွင့်သော မျက်နှာက အေးအေးပင်။ တံခါးဖွင့်ပြီးလျှင် ဘာမှ မမေးမစမ်းဘဲ ပြန်ဝင်သွားပါသည်။ ရုံးအိတ်မပါတာရယ်၊ မနက်က အဝတ်အစား မဟုတ်တာရယ်ကြောင့် ရုံးက နောက်ကျမှ ပြန်ရောက်တာ မဟုတ်ကြောင်းတော့ သိပေမည်။ သို့ပေမဲ့ ဘယ်သွားသလဲ စိတ်ပဲ မဝင်စားတာလား စိတ်မဝင်စားသယောင်ပဲ ဆောင်ထားတာလေလား။

နေဒွန်းက အင်္ကျီလဲပြီးလျှင် ခုတင်ပေါ် မတ်မတ် မှီကာ စာတစ်အုပ်ဖတ်နေသော သူ့မကို...

"ထမင်းစားမယ်"

"အဆင်သင့်ပဲ၊ ဟင်းရည်တောင် ပြန်ရောက်မှ တစ်ခါ ထပ်နွေးလိုက်သေးတယ်"

"ခင်ဗျားရော..."

"စားခဲ့ပြီ"

နေဒွန်းသည် ခါးကို စုံထောက်ကာ ဝမ်းနည်းတာလား၊ ဒေါသထွက်တာလား မသိသော ခံစားမှုနှင့် ရင်ထဲ ပြည့်ကယ်လာသလိုပင်။

"ဘယ်က စားခဲ့တာလဲ"

"ဩော်...ရှင်ကလဲ အလကား အပိုတွေ မေး



နေပြန်ပြီ၊ ရှင် ခုပဲ အန်တီလေးတို့အိမ် လိုက်သွားတယ် မဟုတ်ဘူးလား၊ ကျွန်မ ရောက်ခဲ့တာ ရှင် သိခဲ့မှာပဲ၊ အဲဒီအိမ်ကပေါ့"

ဟင်း...။ ခပ်အေးအေးနှင့် စုံထောက်မ။ တွေးတာကလည်း ဒက်ထိပဲ။ နေဒွန်း စိတ်တထင့်ထင့်နှင့် အန်တီလေးတို့အိမ် လိုက်သွားလိမ့်မည်ဟု တွက်ဆနိုင်နေသည်။

"အဲဒီသွားမယ်ဆိုလဲ ရုံးကို ဖုန်းဆက်တုန်းက ပြောပါလား၊ အဲဒီတုန်းက မေ့ရင်တောင် အိမ်ရောက်ပြီး အိမ်က ထွက်ခါနီး ရုံးလှမ်းဆက်ရင် မီသေးတယ်၊ အလကား စိတ်ပူရအောင် လုပ်တယ်၊ ဘာလို့ မပြောဘဲ သွားရတာလဲ"

"ဩော်...ဘာမှ မဟုတ်ပါဘူး၊ မပြောဖြစ်လိုက်တာပါ၊ တော်ကြာ ကြိုစေချင်တယ်ထင်ပြီး သက်သက်အလုပ်ရှုပ်နေဦးမယ်"

"ဟိုရောက်ပြီး အပြန် မပို့နိုင်တာ ကားမအားတာ သိရရင်လဲ အိမ်ကို ဖုန်းဆက်ပြီး လာကြိုဖို့မှာပါလား၊ မှောင်မှ တက္ကစီနဲ့ ပြန်ရတယ်"

"ဩော်...ရပါတယ်၊ ရှင် ကြိုချင်မှာလား မသိ မကြိုချင်မှာလား မသိ၊ ရှင့်မှာလဲ ရှင့်ကိစ္စ ဝိစ္စတွေ ရှိဦးမှာပေါ့၊ လာကြိုပါဆိုပြီးမှ မကြိုနိုင်ဘူး ငြင်းရင် ကျွန်မပဲ စိတ်ကသိကအောက် ဖြစ်ရမယ်လေ"

"ဒီမှာ ဦးခေါင်းပျို ခင်ဗျားရဲ့ စိမ်းဖော်ဖတ် လေသံ

www.burmeseclassic.com

www.burmeseclassic.com



ကြီးလဲ ပြုပြင်ဖို့ သင့်ပြီ၊ ကျွန်တော်တို့နှစ်ယောက် ပုံစံဟာ အိမ်ထောင်သက် နှစ်ဝက်ကျိုးလာတဲ့ လင်မယားပုံစံကို မပေါက်ဘူး၊ သွားမယ်ဖြင့် သွားမယ်၊ လာကြိုဖြင့် လာကြို၊ ဒါမျိုးတွေကို ဘာမှ မပြောနိုင်စရာ အကြောင်း မရှိပါဘူး"

"ဟင့်အင်း…ကျွန်မ ရှင့်ကို အဲလို ဟိုလိုက် ဖို့ ဒီလိုက်ဖို့ တောင်းဆိုချင်စိတ် မရှိဘူး၊ ဒီနေ့က စပြီး ဖိုမရှိဘူး၊ မုန့်ဟင်းခါးစားချင်လို့ လိုက်ကျွေးပါ၊ သွားစားကြရအောင်ဆိုတာမျိုး ဘယ်တော့မှ ပြောမယ် မထင်နဲ့"

"ဟော့ဟော့ဟော့…ဒီမှာ ဒီကိစ္စကို ပြောပြမယ်နော်၊ လုံးဝ မုန့်ဟင်းခါးအပျော်ထွက်စားတာ မဟုတ်ဘူး၊ ရုံးအလုပ်နဲ့ ထွက်တာ လမ်းမှာ သူက ဆာတယ်ဆိုပြီး…"

"အို…ဘာပဲဖြစ်ဖြစ် ရပါတယ်၊ မပြောပြပါနဲ့ ရတယ်"

"ဟာ…ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ အမှန်ကို အမှန်အတိုင်း လက်ခံရမယ်"

"လက်ခံတာ မခံတာ ရှင့်အတွက် အရေးမကြီးပါဘူး ကိုနေဒွန်း၊ ရှင်နဲ့ကျွန်မ မတော်တဆ လာပြီး အိမ်ထောင်ကျရပေမယ့် ရှင့်ကလွှာ ရှင့်ဘက်မှာ ရှင် စိတ်ချမ်းသာသလိုနေ၊ ကျွန်မကလွှာ ကျွန်မဘက်မှာလဲ



ကျွန်မ စိတ်ချမ်းသာသလို နေမယ်၊ ရှင့်ပပကို ပထမဆုံး စဆုံဖူးတဲ့နေ့ကတည်းက အဲဒီဆုံးဖြတ်ချက်ချထားတယ်"

"ဘာရှင့်ပပလဲ"

"ရှင့်ပပပဲလေ၊ ရှင်ပဲ ပြောခဲ့တာပဲလေ၊ ရှင် သူ့ကို မယူခဲ့မိတာ လွမ်းဆွတ်ကြေကွဲ နောင်တရနေတယ် မို့လား၊ ရှင်ပဲ ပြောခဲ့တာပဲလေ၊ ရှင် သူ့ကို ပြန်ယူချင် သပဆိုရင်လဲ ရတယ်၊ စိတ်ချမ်းသာတာလုပ်ပါ"

"ဘာ…မင်း ဒီစကားပြောတာ မင်းဘက်ကကိုက မင်းရည်းစားကို ပြန်ပေါင်းခွင့်ရချင်နေလို့၊ ငါနဲ့ကွဲရရင် မင်းရည်းစားဟောင်းနဲ့ ပြန်ပေါင်းမယ်၊ ဒါပဲ မဟုတ်လား မင်းအကြံ၊ ငါ့အလွန်ဖြစ်အောင် ငါ့ဘက် ပုံချနေတာ"

"ရှင်တောင် ရည်းစားဟောင်းကို ပြန်ပေါင်းချင် နေသေးရင် သူများဘက်ကို အပြစ်မမြင်ပါနဲ့ ကိုနေဒွန်း၊ ကိုယ်ချင်းစာပေါ့"

"ကိုယ်ချင်းစာရအောင် ငါ့စိတ်က ဖောက်ပြန်နေတာ မဟုတ်ဘူး၊ မင်းစိတ်ထဲကသာ ဖောက်ပြန်နေတာ၊ မင်းသာ တမ်းတနေတာ၊ ယွန်းဘူးထဲမှာ စာတွေ ဓာတ်ပုံတွေ ထည့်ထားပြီး အမှတ်တရလုပ် လွမ်းဆွတ်နေတာ ငါ မသိဘူးထင်လား"

www.burmeseclassic.com

www.burmeseclassic.com



ဥဒေါင်းပျိုက မျက်ခုံးပင့်သွားရင်း...

"ရှင် သူများအံဆွဲကို နိုးကြည့်တယ်"

"ကြည့်တာ ဘာဖြစ်လဲ"

"ကျွန်မက စိတ်ဖောက်ပြန်တယ်ဆိုရင် ရှင်က ကိုယ်ဖောက်ပြန်နေတာပေါ့၊ အပြင်မှာ ရှင်က လူ အကောင်လိုက် တွဲနေတာပဲ"

ဥဒေါင်းပျိုက သူမရဲ့ သားရေအိတ်ကို ဆွဲယူဖွင့်မွှေကာ သော့တစ်ချောင်းထုတ်ယူလိုက်ပါသည်။

"ရော့...သော့၊ ယွန်းဘူးကို ရှင် ဖွင့်ကြည့်လိုက်စမ်းပါ၊ ဘာစာ ဘာဓာတ်ပုံမှ ကျွန်မ သိမ်းဆည်း မထားဘူး"

"အေး...မကြည့်ဘူးမထင်နဲ့၊ ကြည့်မယ်"

နေဒွန်းသည် ဒေါသတကြီး သော့ကို ဆွဲယူကာ ဥဒေါင်းပျိုရဲ့ အံဆွဲကို ဖွင့်၍ ယွန်းဘူးထုတ်ယူလိုက်ပါသည်။ ယွန်းဘူးက သော့ကို ဖွင့်၍ အဖုံးလှန်လိုက်လျှင် အထဲမှ ကတ်ထူမာမာ ချပ်ပြားလေးတစ်ခု ထွက်လာသည်။ ထိုချပ်ပြားကလေးမှာ ခေါက်ညှပ်၍ အိတ်သဖွယ် ပြုလုပ်ထားသော ပစ္စည်းလေး တစ်ခုပင်...။

နေဒွန်းက ခေါက်ဖုံးထားသော အဖုံးမာလေးကို ဖွင့်လိုက်လျှင် အတွင်းမှာ စိန်ကြိုးကုံးတစ်ကုံးနှင့်လက်ကောက်ပျော့ တစ်ခုကို တွေ့လိုက်ရပါသည်။

"မေမေက စိန်ကြိုးနဲ့ စိန်လက်ကောက်ပျော့



ပေးထားတာ၊ အဲဒီပစ္စည်းမျိုးထည့်တဲ့ ကတ်ပြားလေးပဲ၊ ကဲ...ဘယ်မှာလဲ ဓာတ်ပုံနဲ့စာ"

နေဒွန်း အူကြောင်ကြောင်ဖြစ်သွားပါသည်။ ဤကတ်ပြားကလေးက ဘူးကို တိုးတိုက်သံကို သူက ဓာတ်ပုံတွေစာတွေ ထင်မိသည်။ ပစ္စည်းတွေကလည်း ကတ်ပြား ခေါက်အိတ်ကလေးနှင့်မို့ အသံမမြည်ခဲ့ပါ။ ဘူးကို ပြန်ပိတ် သော့ခတ်ပြီး သူ ခပ်ငိုင်ငိုင် ဖြစ်နေပါသည်။

ဥဒေါင်းပျိုသည် ခပ်မဲ့မဲ့ကလေးနှင့် သူ့သော့သူ ပြန်ယူသိမ်းရင်း...

"ရှင် ထပ်သိဖို့က စာတွေ ဓာတ်ပုံတွေ သိမ်းထားမှ တမင်တလို့ လွှမ်းဆွတ်လို့ရတာ မဟုတ်ဘူးဆိုတာပဲ"

"ဘာ..."

နေဒွန်းသည် ဥဒေါင်းပျိုကို ဒေါသတငြီးငြီးနှင့် စူးစိုက်ကြည့်နေမိသည်။ အနိုင်လုပြီးပဲ ပြောပြော ဟုတ်လို့ပဲ ပြောပြော သူမရဲ့ ရည်းစားဟောင်း ဘယ်သူဆိုတာကိုပင် သိထားပြီးဖြစ်၍ ရင်ထဲက မီးကို ဘယ်လိုမှ ငြိမ်းသတ်မရ။

ကိုဇော်လင်းသက်ဆိုတဲ့သူဟာ နေဒွန်းထက် ရုပ်ရည်မှာရော စည်းစိမ်ချမ်းသာမှာရော ပေါင်းသင်းဆက်ဆံရေးနှင့် သဘောသကာယမှာရော အစစ အဖက်ဖက်က သာသည်ဆိုတာ သူကိုယ်တိုင်ပင် သိပါသည်။ အဖက်ဖက်ကသာသူနှင့်ချစ်ခဲ့ပြီးမှ အဖက်ဖက်က ညံ့သူကို မချစ်မနှစ်သက်ဘဲ ယူထားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့် မိန်းမတစ်ယောက်ဟာ တစ်ချိန်လုံး နောင်တနှင့် ပူဆွေးနေမှာပဲ။

သူ့တုန်းက နောင်တရကြောင်း နှုတ်မှပင် ထုတ်ပြောခဲ့ပါလျက် သူမအလှည့်မှာကျ ရင်ထဲမှာပင် ထိုနောင်တ ရှိနေမှာကြောက်လှသည်။ သူ့ရင်တွေ နာကျင်လာရပါသည်။

"သိပါတယ်၊ ကျွန်တော် သိပါတယ်၊ အားလုံး သိတယ်၊ ကုန်ကုန်ပြောမယ်၊ ခင်ဗျားရည်းစားဟောင်း ဘယ်သူလဲဆိုတာလဲ ကျွန်တော် သိပါတယ်"

"ဟင်..."

ဥဒေါင်းပျိုက မျက်ခုံးလေးနှစ်ဖက် မြင့်တက်သွားလျက်....

"ရှင်က ဘယ်လိုလုပ်သိလဲ၊ လာလိမ့်မနေနဲ့"

"သိတယ်၊ အကြောင်းတိုက်ဆိုင်ပြီး သိခွင့်ရလိုက်တယ်၊ ကိုသိမ်းမင်းရဲ့ သူငယ်ချင်း ကိုဇော်လင်းသက် ဟုတ်တယ် မဟုတ်လား"

ဥဒေါင်းပျိုရဲ့ မျက်ဝန်းများ ပြူးကျယ်သွားရပါသည်။

"ဟင်...ရှင်...ရှင်...ကိုကိုဇော်နဲ့တွေ့လို့လား"

ကိုကိုဇော်တဲ့။ နေဒွန်းရင်ထဲ နင့်သွားပါသည်။ ဥဒေါင်းပျိုရဲ့မျက်နှာ တအားအံ့သြတုန်လှုပ်သွားတာကိုလည်း ကျေနပ်သည်။ ဘယ်တုန်းကမှ မတုန်လှုပ်ဘဲ ရုပ်တည်နဲ့ အေးစက်စက်နေတဲ့ မိန်းမ။ သူ့အကြောင်းပေါ်သွားတော့မှပဲ တုန်လှုပ်နေတော့တာဆိုတာ။



"ပြောစမ်းပါ၊ ရှင်...ကိုကိုဇော်နဲ့ ဘယ်မှာတွေ့လဲ"

"ဘယ်မှာတွေ့တွေ့ အရေးမကြီးပါဘူး၊ ခင်ဗျား သိပ်အံ့သြသွားသလား၊ ဘယ်လိုလုပ်သိပါလိမ့်လို့ တုန်လှုပ်သွားပြီမှလား"

ဥဒေါင်းပျိုက အံ့သြတုန်လှုပ် မှုပျက်နေသော ဟန်ပန်ကို သိမ်းဆည်းပြုပြင်လိုက်ရင်း...

"ဟင့်အင်း...မတုန်လှုပ်ပါဘူး၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပဲ၊ ဘယ်သူနဲ့ ဘယ်သူနဲ့တွေ့တွေ့ မဆန်းပါဘူး"

"အေး...မင်းနဲ့ မတွေ့ဖို့တော့ လိုတယ်"

"စဉ်းစားပါဦး ကိုနေဒွန်းရယ်၊ ရှင့်ကျတော့ ရှင့်ပပနဲ့ နေ့တိုင်းတွေ့ခွင့်ရနေတာ မဟုတ်လား"

"ငါ့ကိုယ်ငါ ယုံတယ်၊ မင်းကို ငါ မယုံဘူး"

ဥဒေါင်းပျိုက နေဒွန်းကို ရင်ဆိုင်ကြည့်နေရာမှ ပြုံးတုံ့တုံ့လုပ်သည်။ ဤပုံစံကို အင်မတန်မှ အသည်းယားကာ ကိုင်ကက်ဆောင့်ပစ်လိုက်ချင်လှသည်။ သူ့ရင်ထဲ ရှန်းကြွပြောင်းဆန်နေသလောက် သူမရဲ့ တုန်လှုပ်မှုကတော့ တစ်ခဏသာ နှစ်မိနစ်မျှသာ။ ဤမထုံတက်တေး နေတတ်ကျင့်ကို ဘယ်လိုများ မွေးမြူထားပါလိမ့်။

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုလဲ မယုံဘူး၊ ရှင့်ကိုလဲ မယုံဘူး"

www.burmeseclassic.com

www.burmeseclassic.com

နေဒွန်းသည် ဥဒေါင်းပျိုကို ဒေါသတကြီး စိုက်ကြည့်နေရာမှ တဖြည်းဖြည်း ဒေါသလျော့လာသည်။ သူ့ရင်ထဲ၌ စိတ်မကောင်းခြင်းနှင့် ဝမ်းနည်းမှုတို့သာ ပိုလာပါသည်။ ဒီမိန်းမအပေါ် ဘယ်တုန်းက စတင်၍များ သူ ချစ်မိသွားခဲ့တာပါလိမ့်။

♥♥♥



(၈)

ဖုန်းမြည်သံထွက်ပေါ်လာ၍ သူ့ရဲ့ အလုပ်ခန်းထဲမှာ ပုံတစ်ပုံဆွဲနေသော နေဒွန်းက ထိုင်ရာမှ ထလိုက်ပါသည်။ စကားကိုက် အတိအကျ ချိန်ကိုက်မှတ်ဆွဲနေရ၍ နေရာမှ မထခင် အစက်ချမှတ်ထားရာနှစ်ခုကို မျဉ်းဖြောင့်ဆက်သွယ်လိုက်ပါသေးသည်။

ပြီးမှ လာပြန်ဆွဲလျှင် သူ မှတ်ထားသည့် အစက်ကလေးတွေရောရှုပ်ကုန်မှာစိုးသည်မို့ပင်။ သူတို့အိမ်ကို ဖုန်းက လာခဲလှပါသည်။ ထိုလာခဲသော ရှားပါးဖုန်းတို့မှာ နေဒွန်းထံကို သာပင်။ ဥဒေါင်းပျိုထံသို့ ရံဖန်ရံခါ ကိစ္စရှိမှသာလျှင် အန်တီလေး

www.burmeseclassic.com

www.burmeseclassic.com



က ဆက်လေ့ရှိပါသည်။

ထို့ကြောင့်လည်း ဖုန်းလာလျှင် နေဒွန်း ထ,ကိုင်လိုက်သည်သာ များသည်။ ဥဒေါင်းပျိုက ဖုန်းကိုင်ခဲလှပါသည်။ ခုလည်း ဧည့်ခန်းထောင့်မှာ ထားသော ဖုန်းက သုံးလေးကြိမ်အော်မြည်နေပြီမို့ မျဉ်းတစ်ကြောင်း ဆွဲလိုက်အပြီးမှာ နေဒွန်းထ,လျှောက်လာခဲ့ပါသည်။

သို့သော် သူ တံခါးဝမရောက်မီ ဖုန်းကို အပြင်မှာ ဥဒေါင်းပျိုက ကိုင်လိုက်ပါသည်။ ဖုန်းမြည်တုန်း သူမလဲ ဖုန်းအနားက ဖြတ်လျှောက်တုန်းမို့ ခရီးကြုံလမ်းကြုံ ကိုင်လိုက်ဟန်တူပါသည်။

''ဟယ်လို…''

''ဟုတ်ပါတယ်၊ အခု ပြောနေပါတယ်၊ ဘယ်သူပါလဲရှင်''

ဥဒေါင်းပျိုတစ်ဖက်တည်းက စကားတွေကိုသာ ကြားနေရပါသည်။ နေဒွန်းသည် ဟစိစိ ဖွင့်ထားသော တံခါးမှုက်ရဲ့ ပတ်တာကြားနေရာ ကျဉ်းကျဉ်းကလေးမှ ဥဒေါင်းပျိုကိုလှမ်းကြည့်နေမိသည်။ သူ့ဖုန်းဆိုရင်လည်း သွားရအောင်လို့ပါ။ သို့ပေမဲ့ 'အခုပြောနေပါတယ်၊ ဘယ်သူပါလဲ'ဆိုသဖြင့် ခေါ်တာဟာ ဥဒေါင်းပျိုကို။ ခေါ်သူဟာ အန်တီလေးတို့ ကိုသိမ်းမင်းတို့မဟုတ်သည့် သူစိမ်းဆိုတာ သိသာပါသည်။

''ရှင်…ဟယ်၊ ကိုကိုဇော်''

ဥဒေါင်းပျိုအသံလေးက ခပ်အုပ်အုပ်ကလေးသာ အလန့်



တကြားဖြစ်သွားတာပင်။ လန့်သွားချိန်၌ပင် အသံနိမ့်ဖို့ မမေ့။ ဒါဟာ မရိုးသားတာ သိသာလွန်းနေသည်။ ဒါ့အပြင် ဥဒေါင်းပျိုက သူ့ရှိရာ အလုပ်ခန်းဘက်သို့ ဖြတ်ခနဲတစ်ချက် ခိုးကြောင်ခိုးဝှက် ငဲ့ကြည့်လိုက်ပါသေးသည်။

နေဒွန်းသည် ရုတ်တရက် ရင်တွေဆောင့်ခုန်လာကာ သွေးတွေပါ ဆူပွက်ပူနွေးလာသလိုပင်။

''ကိုကိုဇော် ဖုန်းနံပါတ် ဘယ်က ရလဲဟင်''

''သြော်…ကိုကို့ဆီကလား''

''ကိုကို့ဆီက ချော့တောင်းရတယ်၊ ကိုကိုက ဘာဖြစ်လို့ မပေးချင်တာလဲ''

''သြော်…ဘာဖြစ်လို့လဲဟင်''

''ကိုကိုဇော် ဘာပြောမလို့လဲဟင်''

တစ်ဖက်ကို နားထောင်လိုက် ဒီဖက်က ပြောလိုက်နှင့် ဥဒေါင်းပျို ဖုန်းပြောနေသော အသံကလေးမှာ သူ့အပေါ် ခပ်တင်းတင်း ပြောဆိုသံနှင့်များကွာပါ့။ တိုးအုပ်ဖွဖွ ညင်သာလှပါသည်။ မနည်းအာရုံစိုက် နားစွင့်မှ ကြားရလောက်အောင် ညင်းညှံ့ညှံ့ကလေး ဖြစ်သည်။

''ဟာ…အိမ်တော့မလာနဲ့''

''ဟင့်အင်း…အိမ်မလာနဲ့ဦး၊ ဘာမှ မဖြစ်ပါဘူး''

''ဘာကိစ္စလဲဟင် ကိုကိုဇော်''

''ဘယ်ကိုလာရမှာလဲဟင်''

''ဟင့်အင်း…ဒေါင်ဒေါင်း မသိဘူး၊ အဲဒီဆိုင်''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့…ပန်းဆိုးတန်းက ဂျေဒိုးနတ်တော့ သိတယ်"

"ဟုတ်ကဲ့…လာခဲ့ပါမယ် ကိုကိုဇော်"

"ဒေါင့်ဒေါင်းတို့ရုံးက ဆယ့်တစ်နာရီခွဲလောက်ကနေ ဆယ့်နှစ်နာရီခွဲလောက်ထိ လန့်ချ်တိုမ်းမ် အအားပေးတယ်၊ အဲဒီအချိန်ပဲ လာခဲ့မယ်လေ ကိုကိုဇော်၊ နက်ဖြန် ကိုကိုဇော် အဲဒီကပဲ စောင့်လေ"

"ဟုတ်ကဲ့…ဟုတ်ကဲ့ ကိုကိုဇော်"

"ဟုတ်ကဲ့…ဒါပဲနော်"

နေဒွန်းသည် ကမန်းကတန်း နေရာမှ ဖွာကာ စားပွဲဆီ အသံမပြည်အောင် လာထိုင်လိုက်ပါသည်။ ရင်တွေ တဒုန်းဒုန်းခုန်ကာ လက်ဖဝါးတွေ အေးစက်စေးထိုင်းနေလေသည်။ အပြင်ဘက်မှ ဥဒေါင်းပျိုအသံက ခေတ္တတိတ်နေသည်။ ခဏနေမှ ခြေသံတရှပ်ရှပ်။

နေဒွန်းက ခုံကို အသံမြည်အောင် ရွှေ့၍ ထ.လိုက်ရင်း အခန်းဝသို့လာကာ…

"ဖုန်းက ဘာတဲ့လဲ"

"ကျွန်မဖုန်းပါ"

ခင်ဗျားဆီ ဘယ်သူဆက်တာလဲရယ်လို့ ဆက်မေးဖို့အထိတော့ မသင့်လှဘူးထင်၍ နေဒွန်း မေးရခက်သွားပါသည်။ ဥဒေါင်းပျိုကလည်း အဖြေပေးပြီးသည်နှင့် ခပ်ငုံ့ငုံ့ လှည့်ထွက်သွားလေရာ နေဒွန်းမှာ တရိရိ အခံရခက်ပြီး ကျန်ခဲ့ပါသည်။



ရည်းစားဟောင်းနှင့် စကားပြောမှန်းလည်း သိသည်။ နောက်နေ့ တစ်နေရာမှာ ချိန်းတာကိုလည်း အတိအကျ သိသည်။ သိပါလျက် ပြောရခက်သည်။ ဟောဒီ ပါးစပ်ကြီးက ဘယ်လိုလုပ်ပြီးတော့ ထွက်ရပါ့။

အိမ်မလာနဲ့ဦးဆိုတော့ တစ်ဖက်က လာချင်လို့ ပူဆာနေတဲ့ သဘောပေါ့။ ငြင်းသူကလည်း မလာနဲ့ဦးဆိုတာက 'နောက်မှလာ'ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ကိုဇော်ပင်းသက်ကို ဤလိုလူစားရယ်လို့ သူ မထင်ခဲ့မိပါ။ ကိုသိမ်းမင်းက ဖုန်းနံပါတ်မပေးလိုသဖြင့် ချော့တောင်းရတာလည်းပါသည်။ အစ်ကိုလုပ်တဲ့သူက ဘယ်ပေးချင်ပါ့မလဲ။ အိမ်ထောင်ကျသွားတဲ့ ညီမဆီ ညီမရဲ့ ရည်းစားဟောင်းသူငယ်ချင်းကို ဘယ်အစ်ကိုက လွှတ်ချင်မှာလဲ။

သူ့အိမ်ထောင်နဲ့သူ ဖြစ်နေတဲ့ ညီမထံ ရည်းစားဟောင်းက ဖုန်းတဂွမ်ဂွမ်ဆက်လိုက် အပြင်ကို ချိန်းလိုက် လုပ်နေမှာကို ဘယ်အစ်ကိုက ကြိုက်မှာလဲ။-ဒါကြောင့် ဖုန်းနံပါတ် မပေးချင်တာပေါ့။. ဖုန်းဆက်တာအထိကတော့ ထားလိုက်ပါတော့။ အပြင်တစ်နေရာကို တွေ့ဖို့ ချိန်းတာကတော့ လုံးဝမသင့်ပါ။

ရိုးရိုးသားသား ဆုံတွေ့ကြမှာပါလို့ ဘယ်လိုပဲ ပြောပြော ဘယ်လိုမှ မဖြစ်နိုင်တာပင်။ တကယ်တမ်း ရိုးသားလျှင်လည်း အပြင်မှာ ဆုံဖို့ ပတ်ဝန်းကျင်အမြင် မသင့်တော်ဘူးဆိုတာ ဒီအရွယ်ရောက်မှ မသိဘဲတော့ မနေပါ။ လုံးဝ မကောင်းသောအမှုကို ကျူးလွန်ခြင်းပါပင်။

နေဒွန်းသည် မီးဟပ်ခံရသလို တစ်ကိုယ်လုံး လောင်

www.burmeseclassic.com

www.burmeseclassic.com

မြိုက်နေကာ အလုပ်စားပွဲမှာ ခေါင်းငိုက်စိုက်ဖြစ်နေပါသည်။ ကိုဇော်လင်းသက်ဟာ ဉဒေါင်းပျို့အပေါ် စိတ်မပြတ်သေးဘူး ထင်ပါရဲ့။ ခုနေများ ဉဒေါင်းပျိုကသာ လက်ခံလျှင် သူတို့ ရေ့ ဆက်တိုးကြမှာပဲထင်ပါရဲ့။

နေဒွန်းသည် ရှုံးရောက်ရောက်ချင်းပင် နေ့ဝက် ခွင့်တင် လိုက်ပါသည်။ ခွင့်တိုင်ရတာကလည်း မန်နေဂျာ ကိုဇော်လင်း သက်ဆီမှာပင်မို့ သူ အောင့်သက်သက် ဖြစ်နေပါသည်။ ကိုယ့် မိန်းမကို ချိန်းတွေ့မည့်လူထံမှာ ကိုယ် ထွက်မည့်ကိစ္စကို ခွင့်တိုင် နေရသည်။ သူလည်း နေ့လယ်ကျ ထွက်သွားမှာပဲ။

သူ ထွက်သွားတာကျတော့ သူက မန်နေဂျာဆိုတော့ ခပ်တည်တည်ပေါ့။ နေဒွန်းသည် ကိုဇော်လင်းသက်ကိုလည်း မကြည့်ချင်အောင် မုန်းတီးရွံရှာနေကာ မျက်နှာကိုပင် ပြင်လို့မရ။

"ကိုနေဒွန်း နေမကောင်းလို့လား"

"နေကောင်းပါတယ်၊ ကိုယ်ရေးကိုယ်တာ ကိစ္စပါ၊ အရေးကြီးလို့ပါ"

"ရပါတယ်၊ ခွင့်ယူပါ၊ ကိုနေဒွန်းက ခွင့်ယူ တတ်တာမှ မဟုတ်တာ၊ တစ်ခါတလေမှ ယူတာ၊ မနက်ကတည်းကပဲ ပြန်ရင် ပြန်လိုက်ပါ"

"ရပါတယ်၊ ကျွန်တော် ဆယ့်တစ်နာရီလောက်မှ ပြန်မယ်"

ကိုဇော်လင်းသက်ကတော့ နေဒွန်းကို အံ့သြနေမှာပင်။ အံ့အားသင့်ရလောက်အောင်ကိုပဲ နေဒွန်းမျက်နှာက မကြည်သာ။



ကိုဇော်လင်းသက်ကိုလည်း စေ့စေ့တည့်တည့် မကြည့်။ ပြော စရာရှိတာ ပြောဆိုပြီးလျှင် သူ့နေရာသူ ပြန်လာကာ လုပ်စရာရှိတာ လုပ်သည်။ တစ်မိနစ်ကလေးမျှပင် သူ့စိတ်တို့က ငြိမ်သက်မနေဘဲ ဂနာမငြိမ် ဖြစ်နေပါသည်။

ဆယ့်တစ်နာရီထိုးဖို့ ငါးမိနစ်အလိုမျှတွင် သူ ရုံးက အရင်ထွက်ပါသည်။ သူ ထွက်လာချိန်မှာ ကိုဇော်လင်းသက် သည်လည်း ဟိုလူကို ဟိုဟာမှာ ဒီလူကို ဒီဟာမှာနှင့် အံပြင် ထွက်တော့မည့် အရိပ်အယောင် ရှိနေပေပြီ။ နောက်ကျပြီး မှလိုက်လျှင် မတော်တဆ တွေ့ရှိရိပ်မိစရာဖြစ်မည်စိုး၍ သူ ကြိုထွက်ရတာပင်။

သူ့မျက်စိနှင့် တပ်အပ်တွေ့မြင် သေချာချင်တာက လွဲ၍ တစ်စုံတစ်ခု ရင်ဆိုင်ဖြစ်ပွားဖို့ သူ့မှာ ရည်ရွယ်ချက် မရှိပါ။ တကယ်တော့လည်း တပ်အပ်တွေ့မြင်ရရင်လည်း သူ ပိုမိုခံစား ခံပြင်းဖို့သာ ရှိတာပင်။ အကျိုးတစ်စုံတစ်ရာ ရှိစရာတော့ လုံးဝ မရှိပါ။

ဒါနဲ့များ သူ ဘာကြောင့် သူမတို့စုံတွဲကို လိုက်ကြည့် လိုရပါသနည်း။ သူ့ဟာသူလည်း အဖြေမသိ။ နေဒွန်း ရင်ထဲတွင် ဆောက်တည်ရာ မရသလို ဖြစ်နေကာ သူ ဘာတွေကို ဘာ ရည်ရွယ်ချက်နှင့် လုပ်နေမိတာလဲလဲ မသိ။ ခံပြင်းဒေါသထဲမှာ ဝမ်းနည်းမှုစွက်ကာ စိတ်ပင်ပန်းလှသည်။

ပန်းဆိုးတန်းလမ်းပေါ်က ဂျေဒိုးနတ်ဆိုင်နဲ့ လမ်းတစ် ဖက်ခြမ်းမှာ ကားကို ထိုးရပ်ကာ ဆိုင်ဘက်ကို မမှိတ်မသုန်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိသည်။ ရုံးက ထွက်လာတာက ဆယ့်တစ်နာရီ မထိုးမီ ငါးမိနစ်။ နီးနီးပဲမို့ ဒီကို ရောက်တာက ဆယ့်တစ်နာရီနှင့် ငါးမိနစ်ပင် သေချာမပြည့်ချင်သေးပါ။

ဆယ့်ငါးမိနစ်ခန့် သူ စောင့်လိုက်ရကာ ကိုဇော်လင်းသက်ရဲ့ကား ရောက်လာပါသည်။ ဆိုင်ဘက်ခြမ်းမှာ ကားထိုးပြီး ကားပေါ်က ဆင်း၍ ဆိုင်ထဲ ဝင်သွားသည်။ ဆိုင်ထဲမှာ ဥဒေါင်းပျိုကို မတွေ့သေး၍ ပြန်ထွက်လာကာ သူ့ကားနံဘေး ရပ်စောင့်နေပါသည်။

နေဒွန်းသည် ကိုယ်ကို မှီလျှောကာ တတ်နိုင်သမျှ သူ့ကို မမြင်သာအောင် ထိုင်၍ မြင်ကွင်းကို မျက်လုံးမှေးစင်း ကြည့်နေသည်။ ရုပ်လက်ရှည်ကွမ်းရိုးစင်း၊ စတိုင်ဘောင်းဘီနက်ပြာရောင်နှင့် သန့်ပြန့်ခန့်ညားသော ကိုဇော်လင်းသက်ရဲ့ ပုံစံဟာ ရုပ်လက်တိုကွက်စိပ်နှင့် ပုဆိုးသာ အမြဲဝတ်လေ့များသော သူ့ပုံစံနှင့်တော့ တခြားစီပါပဲ။

နေဒွန်းသည် အလုပ်ကို ဝင်လာကတည်းက သူ ခင်မင်လေးစားမိခဲ့သော ကိုဇော်လင်းသက်ကို ခုတော့ လုံးဝ မခင်မင် မလေးစားနိုင်ပြီ။ ဒီရုပ်ကို မြင်ရင် ဘယ်သူက သူများ မိန်းမ ကြာခိုချင်တဲ့ကောင်လို့ ထင်ရဲမလဲ။ အလကား လူ။ ရုပ်ရည်နှင့် အဆင့်အတန်းကို မထောက်။

"တောက်…"

တစ်ယောက်တည်း ကားထဲမှာ တောက်တွေခတ်ကာ နေမိသည်။



ဆယ့်တစ်နာရီခွဲပြီး ငါးမိနစ်လောက်မှာ ဟိုးလမ်းထိပ်ဘက်၌ ဥဒေါင်းပျိုရဲ့ အရိပ်ကလေး ပေါ်လာပါသည်။ ဝါဖျော့ဖျော့ ဝတ်စုံနှင့် နူးညံ့ညင်သာ သိမ်မွေ့စွာ လျှောက်လာသော ဥဒေါင်းပျိုကို သူ အဝေးမှ ငေးကြည့်နေမိသည်။

ဥဒေါင်းပျို ခုလို လမ်းလျှောက်လာနေတာကို စသိကြကတည်းက ခုထိ သူ တစ်ကြိမ်မှ ထိုင်ကြည့်မနေမိဖူးသေး။ တစ်ခါမှ မမြင်ဖူးသေးပါ။ သိမ်မွေ့၍ လှုပ်လီလှုပ်လဲ့ လျှောက်ပုံနွဲ့သော်လည်း ဣန္ဒြေရသည်။ ကြည့်လို့လည်း ကောင်းလှပါသည်။ နေဒွန်းရင်ထဲမှာ နှမြောခွေးမြေ့စွာနှင့်လျက် အားငယ်ငယ်နှင့် ငေး၍သာပဲ ကြည့်နေမိလေသည်။

ဥဒေါင်းပျိုကို လှမ်းတွေ့လိုက်သော ကိုဇော်လင်းသက် လှုပ်ရှားလာကာ ရှေ့သို့ သုံးလေးလှမ်းတိုးလျှောက် ကြိုနှင့်တာ၊ ဥဒေါင်းပျိုက မလှမ်းမကမ်းမှ ကြည်ကြည်ကလေး လှမ်းပြုံးပြတာ၊ နှစ်ယောက်အတူ ယှဉ်ပြီး စကားပြောဆိုရင်းက ဆိုင်လှေကားထစ်များကို ဖြည်းဖြည်းတက်သွားတာ၊ လမ်းမနှင့်အနီးဆုံး မျက်နှာစာ မှန်ချပ်နှင့် ကပ်ရပ် နှစ်ယောက်စားပွဲမှာ ဝင်ထိုင်လိုက်တာ။

ဒါတွေကို ကြည့်ရင်း သူ့ရင်ထဲမှာ နာနာလာသည်။ သေချာနေပြီဖြစ်ပါလျက် ဘာကြောင့်များ မျက်စိနှင့်ပါ အသေအချာ အပ်ချမတ်ချ မြင်ချင်ရသေးတာလဲ။ မင်း ကိုယ့်ဒုက္ခ ကိုယ်ရှာလှပါလား နေဒွန်း။ ခုလို တွေ့ရတော့ မင်းအတွက် ဘာကောင်းလာသလဲ။

နေဒွန်းသည် စတီယာရင်ပေါ် လက်ကို ဝိုင်းပိုက်ကာ

www.burmeseclassic.com

www.burmeseclassic.com



တင်လျက် ထိုလက်အပေါ် မေးစေ့ကို လှမ်းချိတ်တင်ရင်း မှန်ချပ်နောက်က နှစ်ယောက်တွဲကို ငေးမောနေမိပါသည်။ သွားပြီးတော့လည်း အမိမဖမ်းလိုပါ။ ကိုဇော်လင်းသက်နှင့် ရှေ့ဆက် မျက်နှာချင်းဆိုင်ရခက်ပြီး အလုပ်ပဲ ထွက်ရထွက်ရ သူ မမှုသော်လည်း လူရှေ့သူရှေ့ ဝရုန်းသုန်းကား ရုပ်ပျက် ဆင်းပျက် အရုက်တကွဲ ဖြစ်ရှာမည့် ဥဒေါင်းပျိုအတွက် သူ မှုရပါသည်။

ဤသို့ အရှက်တကွဲ အဖြစ်မျိုးနှင့် ဥဒေါင်းပျိုရဲ့ ကျက်သရေရှိသော သွင်ပြင်လေးဟာ မအပ်စပ်ပါ။ မတန်ပါ။ ဒီကြားထဲကပင် သူမဟာ လင်ယောကျ်ားမျက်ကွယ်၌ အချစ်ဟောင်းနှင့် ချိန်းဆိုတွေ့ဆုံသူ အမှန်တကယ်ပင် ဖြစ်နေခဲ့ပါသည်။

ကိုဇော်လင်းသက်က ခေါင်းအတိမ်းအငဲ့၊ လက်အလှုပ်အရှားတို့နှင့် အကြောင်းအရာတစ်ခုကို သူပဲ ဆက်တိုက်ပြောဆိုနေသည်။ ဥဒေါင်းပျိုသည် ကိုဇော်လင်းသက် မျက်နှာကို ငေးစိုက်ကာ ခေါင်းလေးညိတ်ကာညိတ်ကာ နားသာထောင်နေပါသည်။ တစ်ချက်တစ်ချက်၌ ဦးခေါင်းလေးက စိတ်မချမ်းသာသလို ငိုက်ကာကျသွားလေသည်။

ဘာတွေပြောနေကြမှာပါလိမ့်။ အိမ်ထောင်ရေး အခြင်းပြေရဲ့လား၊ ကိုယ်တော့ အမြဲသတိရနေတယ်၊ ခေါင်းထဲက ရင်ထဲက ခုထိ ထုတ်လို့မရသေးပါဘူး စသဖြင့်တွေသာ ဖြစ်နိုင်တာပင်။ သူတို့စကားပြောဆိုကြရင်း ဥဒေါင်းပျိုရဲ့ ခင်ပွန်းသည်ဟာ နေဒွန်းဆိုတာကိုလည်း ကိုဇော်လင်းသက် သိကောင်းသိသွားနိုင်ပါသေးသည်။



သူ သိသွားပြီဆိုရင်တော့ ရုံးမှာ နေဒွန်းကို မျက်နှာချင်းဆိုင်ဖို့ရာ အမ်းပြီး နှစ်ဦးသား ခပ်တန်းတန်းဖြစ်သွားမှာ သေချာသည်။ ဒင်နာညက သူ မူးမူးနှင့် အစ်ထုတ်သမျှ အတော်များများ ပေါ်သွားခဲ့တယ်ဆိုတာကို နောက်ပိုင်းလည်း ကိုဇော်လင်းသက်က ရယ်ကာမောကာ ခပ်ရှက်ရှက် ဝန်ခံနေတာပဲ။

အိုကွာ…ဖြစ်ချင်ရာဖြစ်။ သိရင်လဲသိ။ မသိရင်လဲနေ။ နေဒွန်းအတွက် ဘာမှ သိပ်အရေးမကြီးတော့ပါပြီ။ သူ ရှေ့ဆက်ပြီး ဘာလုပ်ရင်ကောင်းမလဲဆိုတာသည်သာ အဓိက အရေးကြီးနေပြီ။ ဥဒေါင်းပျိုကိုပဲ ကွာရှင်းလိုက်ရ မလား။ ဤသို့ စဉ်းစားဖို့တော့ စောပါသေးသည် ထင်သည်။

စောင့်တော့ ကြည့်ရဦးမည်။ ရှေ့ဆက် အကဲခတ်ရဦးမည်။ ဒီတစ်ကြိမ်အပြီး မတွေ့ကြတော့ဘဲ ပြီးစီးသွားလျှင် တစ်မျိုးပေါ့။ သိပ်တော့ မထင်ပါ။ ရှေ့ဆက် သူတို့ လှုပ်ရှားပတ်သက်မှုအပေါ် မူတည်ပြီး ဆုံးဖြတ်ချက်ကို ချရမှာပါပဲ။ ဤမျှ မျက်ဝါးထင်ထင်မြင်နေရပါလျက် ဥဒေါင်းပျိုကို ဤမျှ မိုက်မဲမည်ဟု နေဒွန်းက မထင်ချင်သေးပါလေ။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ ညနေက စပြီး နောက်ပိုင်းရက်တွေလည်း ဥဒေါင်းပျို မျက်နှာမကောင်းလှတာကို နေဒွန်း ရိပ်မိနေပါသည်။ နေဒွန်းလည်း မျက်နှာမကောင်းနိုင်ပါ။ ဘယ်လိုများ ကောင်းနိုင်ပါ့မလဲ။ ကိုယ့်မိန်းမက ရည်းစားဟောင်းနှင့်သွားတွေ့တဲ့ကိစ္စကို မျက်မြင်တွေ့ထားရတဲ့ဟာ။

အရင်ကမှ စကားနည်းသော်လည်း ပြတ်ပြတ်ထောင့်ထောင့် မချိုမသာ စကားသံတို့ကို ဥဒေါင်းပျိုထံမှ ကြိုကြားပြတ်တောင်း ကြားရတတ်ပါသေးသည်။ ခုတော့ စကားကမပြောတော့သလောက် အိမ်ထောင်ကျခါစ ရက်များတုန်းကလိုထမင်းစားဖို့လာခေါ်တာလောက်သာ ရှိတော့သည်။

အစကတည်းက ခြောက်သွေ့တဲ့ သူတို့ အိမ်ထောင်ရေးဟာ ခုမှ ပိုပြီးတော့ပင် ခြောက်ချားစရာ ကောင်းနေပါသည်။ အေးစက်ကာ ကိုယ်စီဟာ စိတ်မချမ်းသာနေကြတာ တစ်ယောက်ကိုတစ်ယောက် ရိပ်မိသည်။

နေဒွန်း စိတ်မချမ်းသာတာက ဥဒေါင်းပျိုကြောင့်ပင်။ သူမ စိတ်မချမ်းသာတာကတော့ ကိုဇော်လင်းသက်နှင့် ပတ်သက်မှာပေါ့။ ငိုင်ငေးတိတ်ဆိတ်နေသော သူ့ကိုလဲ ဥဒေါင်းပျိုက အလွန်ပင် အကဲခတ်ပါသည်။ အကဲခတ်မှန်း သိသော်လည်း ပုံစံကို သူ မပြင်နိုင်။



ကိုဇော်လင်းသက်နှင့် ဥဒေါင်းပျိုတို့ ဆုံကြစဉ်က နေဒွန်းအကြောင်း စကားစပ်မိကြပုံ မပေါ်ပါ။ ကိုဇော်လင်းသက်ဟာ ဘာမှ အမူအရာ မပျက် ဟန်ပန်မပြောင်းလဲဘဲ နေဒွန်းကို ပကတိ ကြည်လင်နွေးထွေးစွာ ဆက်ဆံမြဲပင်။ ဘာမှ မသိတာ သေချာလှပါသည်။

အဆက်အဆံ ပြောင်းသွားသူကတော့ ပပပင်။ ပပသည် အင်မတန် စကားနည်းသွားပါသည်။ နေဒွန်းတစ်ဦးတည်း အပေါ်ကိုလားဆိုတော့ မဟုတ်ပါ။ တစ်ရုံးလုံးမှာပင် ဘယ်သူ့ကိုမှ မြူးထူးသွက်လက်စွာ မပြောဆိုနိုင်တော့ဘဲ ငြိမ်ကုပ်၍ သူ့အတွေးနှင့်သူ ရှိနေသလို ဖြစ်နေသည်။

မုန့်ဟင်းခါးစားဖြစ်တဲ့နေ့က ဘာပဲဖြစ်ဖြစ် ပပကို ပြောမိတာတွေ နည်းနည်းလေးတော့ မညှာမတာဆန်သွားသလားဟု နေဒွန်း တွေးမိပါသည်။ သူ ပြောတာတွေဟာ အမှန်တွေချည်းဖြစ်သော်လည်း ပပ ကောင်းဖို့ ရည်ရွယ်ရင်းဖြစ်သော်လည်း သိပ်ကြီး တုတ်ထိုးအိုးပေါက် ဘွင်းဘွင်းကျသွားတော့လည်း မိန်းကလေးတစ်ယောက်အဖို့ အရှက်ရ ရကောင်းရနိုင်ပါသည်။

ဒီစကားတွေဟာ ပပကို ဤမျှထိ နာသွားစေသည်ဆိုလျှင်တော့ သူ စိတ်မကောင်းပါ။ ပပသည် တစ်ရုံးလုံး အံ့အားသင့်ရအောင်ကို ငြိမ်ကုပ်သွားတာဖြစ်သည်။ မျက်နှာကလည်း မကောင်းပါ။ သဘောရိုးငြိမ်ကုပ်သွားတာမျိုး မဟုတ်ဟု တစ်ရုံးလုံးမှာ မှတ်ချက်သံတွေ ထွက်နေပါသည်။

တဖြည်းဖြည်း အနည်ထိုင် အေးချမ်းသွားပုံ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထိခနဲ တုံးတိပြောင်းလဲသွားတာဖြစ်၍ အံ့ဩမည်ဆိုလဲ အံ့ဩစရာပင်။ ကိုဇော်လင်းသက်ကိုလည်း အရင်လို အရေးပေးပြီး တကော်ကပ် လုပ်မနေတော့ပါ။ ကပ်ချွဲမနေတော့ပါ။ နေဒွန်းကိုလည်း မှန်တန်းသာ။

ကိုယ့်စကားတွေကြောင့်လားဟု စိတ်မကောင်းသလို ဖြစ်နေသော နေဒွန်းက ငြိမ်ကုပ်နေသလိုရှိသော ပပကို မိုးဦးတို့ ဝင်းထွန်းကြည်တို့နှင့်အတူ ရယ်မောဖေးမပါသေးသည်။ မိုးဦးတို့ ကိုလည်း သူ့စကားတွေ ပြန်ပြောပြကာ...

"ဒီစကားတွေကြောင့် ဒီလောက်အထိ နာသွားတယ်ဆိုရင်တော့ စိတ်မကောင်းဘူးပေါ့ကွာ၊ မင်းတို့လဲ နည်းနည်းဖေးမပါဦး၊ ငါကပဲ ပြန်ချော့သလို သဘောသက်ရောက်ရင် မကောင်းလို့ပါ၊ မင်းတို့လဲပါတော့ ပိုကောင်းတယ်"

မိုးဦးနှင့် ဝင်းထွန်းကြည်ကလည်း ပပကို နောက်ဟယ် ပြောင်ဟယ်နှင့် တလိုက်တလျော လုပ်ပေးကြပါသေးသည်။ သို့ပေမဲ့ အရင်က ဒီလိုနောက်မိလျှင် လက်သီးဆုပ်နှင့် တအုံးအုံး လိုက်ထုမဆုံးမည်ဖြစ်သော ပပက ခုတော့ ပြုံးရုံမျှလောက်ပင်။ အပြန်အလှန် သူတစ်ခွန်း ကိုယ်တစ်ခွန်းလည်း ထွက်မလာ။

နေဒွန်းကိုလည်း မခေါ်မပြောတာတော့ မဟုတ်။ အားလုံးနှင့်တန်းတူသာ အပြောအဆို နည်းသွားရုံလောက်မို့ သူ့ကို တအား စိတ်နာသွားတာတော့ မဟုတ်လောက်ဟု ယူဆရပါသည်။ ပပ တစ်ယောက် ဤသို့ဖြစ်သွားသည်နှင့် သူတို့ ရုံးဟာလည်း



အတော်ငြိမ်သက်သွားပါသည်။

အမျိုးသား အချို့လဲ နေရထိုင်ရ အသက်ရှူချောင် အဆင်ပြေသွားကာ အမျိုးသမီး အချို့လဲ မျက်စိနောက် သက်သာ၍ စကားတင်းဆိုစရာ အကြောင်းရပ်တွေ နည်းပါးသွားပါသည်။

နေဒွန်းသည် အိမ်မှာဆိုလျှင်လည်း ဥဒေါင်းပျိုထံ ဖုန်းလာလေမလားဟု နားစွင့်ရ၊ ရုံးမှာဆိုလျှင်လည်း ကိုဇော်လင်းသက် အပြင်ထွက်တိုင်း ဥဒေါင်းပျိုနှင့်များ ချိန်းထားလေသလားရယ်လို့ သင်္ကာမကင်းဖြစ်ရ ငြိမ်းချမ်းသည်ရယ်ပဲ မရှိပါ။

"ကိုနေဒွန်း...ဖုန်း"

နေဒွန်းမှာ ရောက်တတ်ရာရာ အတွေးက တစ်ဖက် အလုပ်က တစ်ဖက် ရှိနေဆဲ ဖုန်းလာသည်ဆိုသဖြင့် ထလာခဲ့ပါသည်။ ရုံးကို ဖုန်းဆက်သူရယ်လို့လည်း ဥဒေါင်းပျိုသာ ရှိသည်ပင်။

"ဟယ်လို..."

"ကိုနေဒွန်း၊ ကျွန်မပါ"

"အင်း"

"ဒီညနေ ကိုနေဒွန်းအားလားဟင်"

"ရုံးလာကြိုဖို့ကိုလား"

"မဟုတ်ဘူး၊ ဘူတာကြီးမှာ ညီမသည်တစ်ယောက် ကြိုချင်လို့၊ ရှင် မအားရင်လဲ ကိုယ့်ဟာကိုယ်ပဲ သွားလိုက်မယ်၊ ကိုယ့်ဟာကိုယ် သွားမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် အိမ်တစ်ခေါက်ပြန်မဝင်တော့ဘူး၊ ကြိုခဲ့ပြီးမှ ပြန်ရောက်မယ်၊ အဲဒါ ပြောတာပါ"

"ဧည့်သည်က ဘယ်သူလဲ"

"ကျွန်မ သူငယ်ချင်း မိမိနိုင်တဲ့"

"သူ့ကို ကြိုပြီးတော့ ဘယ်ကို ပို့ပေးရမလဲ"

"ဘယ်ကိုမှ မပို့ပေးရဘူး၊ အိမ်ကိုလိုက်လာမှာ"

"ဟင်…အိမ်မှာ တည်းမှာ"

"အင်း…တစ်ရက်တည်းပါ၊ သူက အဆောင် ကြိုငှားပြီးသား၊ အဲဒီအဆောင်ကိုပဲ တန်းသွားမလို့ဟာ ကျွန်မက အိမ်မှာ တစ်ညအိပ်ပြီး တစ်ရက်တော့ နေပါဦးလို့ မနည်းခေါ်ထားတာ၊ ကျွန်မမှာ သူငယ်ချင်းဆိုလို့ ဒီတစ်ယောက်ပဲ ရှိတာ"

ခုရက်ပိုင်းအတွင်း ဒီနေ့ဟာ စကားအများဆုံး ပြောဖြစ်တာပင်။ ဥဒေါင်းပျိုအသံက တက်ကြွကြွကလေး ရွှင်လန်းရှုပ်နေပါသည်။ သူ့သူငယ်ချင်းလာမှာကို အရမ်းပျော်သည် ထင်ပါရဲ့။

"အင်း…အင်း…ကြိုပေးမယ်လေ၊ အားပါတယ်၊ ဒီလိုလုပ်မယ်၊ ခင်ဗျား ရုံးကို လာကြိုပြီးရင် အိမ်မပြန်ကြဘဲ တစ်ခုခု သွားစားမယ်၊ ရထားချိန်ရောက်မှ ဘူတာကြီးကို သွားကြတာပေါ့၊ နို့မို့ရင် အိမ်ပြန်ဦး ပြန်ထွက်ဦးနဲ့ လမ်းပေါ်မှာတင် အချိန်ပုပ်တယ်"

"ဟုတ်ကဲ့၊ ဒါဖြင့် စောင့်နေမယ်"



"စောင့်နေလေ၊ ဒါပဲနော်"

ဖုန်းချ[illegible]သော် နေဒွန်းက တစ်ခဏ စိတ်ကြည်လင်သွားပါသည်။ ဥဒေါင်းပျိုအသံကို ကြည်ကြည်ကလေး ကြားရပြီး ဒီလောက်လေး ပြောလိုက်ရတာကိုပင် သူ့စိတ်၌ ချမ်းသာသလို ဖြစ်ရတာဟာ အံ့သြစရာပါပဲ။ တစ်ဦးတည်းသော ခင်မင်သည့် သူငယ်ချင်းလာမည်ဆိုတော့ ပျော်သည်ထင်ပါရဲ့။

အမြဲတမ်းပဲ အချင်းချင်း ထိုသို့ ကြည်လင်ပြေလည်နေရရင် ဘယ်လောက်များ ကောင်းလိမ့်မလဲ။ ဤအခြေအနေမျိုးဆိုတာကကော ရောက်ကော ရောက်လာဦးမှာလား။ ထိုညနေ ရုံးအဆင်းတွင် ဥဒေါင်းပျိုကို သွားကြိုလာပြီးလျှင် မြို့ထဲက ဆယ်ကိုးလမ်းမှာပဲ တစ်ခုခု သွားစားကြပါသည်။

စုံတွဲကလေး အပျော်ထွက်တာ မရှိဖူး၍ ခုလို ဆိုင်မှာ အတူထိုင်စားနေရတာဟာ ကြည်နူးစရာပင်။ နေဒွန်းရင်ထဲ ကြည်နူးနှစ်သိမ့်နေမိကာ ရည်းစားဖြစ်ခါစ အတူထွက်လည်ရသလို ခံစားချက်မျိုးနှင့် ဖိုလှိုက်နေပါသည်။

ဥဒေါင်းပျိုမျက်နှာလေးဟာလည်း သူ့လိုပဲ တစ်စုံတစ်ရာ ခံစားရလို့လား ဒါမှမဟုတ် သူ့သူငယ်ချင်းလာမှာကို ပျော်နေတာပဲလား မသိ တင်းမာမနေဘဲ မျက်နှာကြော ပြေလျှော့ကာ တစ်မျိုးကလေး နုဖတ်နေပါသည်။ ထိုညနေခင်းသည် ဘာပဲပြောပြော သူတို့နှစ်ဦးအတွက် သာယာခဲ့ပါသည်။

နှစ်ဦးသားရဲ့အကြိုက်ဟာလည်း မမျှော်လင့်ဘဲ တူညီနေတာကို တွေ့ရပါသည်။ အငြင်းအခုံဖြစ်ပွားဖွယ် ဘာတစ်ခုကိုမှ

www.burmeseclassic.com

www.burmeseclassic.com



မကြုံခဲ့ရပါ။

ဘူတာသို့ မန္တလေးရထားဝင်မည့် အချိန်နားနီးတော့ သူတို့နှစ်ယောက် ဘူတာမှာ သွားစောင့်ကြပါသည်။ ဥဒေါင်းပျို့ မျက်နှာကလေးဟာ စိတ်လှုပ်ရှား မျှော်လင့်မှုနဲ့ အင်မတန် နုနယ် ချစ်စဖွယ် ဖြစ်နေပါသည်။ ရထားဝင်လာပြီဆိုလျှင် ကလေးတစ်ယောက်သဖွယ် ခွဆွကလေး လှုပ်ရှားနေတော့ကာ...

"ကိုနေဒွန်း ကြည့်ပေးပါဦး"

"ဟာ...ကျွန်တော်မှ မမြင်ဖူးပဲဗျာ"

"ဟာ...ဟုတ်သားပဲ၊ ဟိုလေ...ကျွန်မလိုပဲ၊ ရှီးရှီး မြန်မာအင်္ကျီပဲ ဝတ်တတ်တယ်၊ ကျွန်မလို ပုံစံပဲ၊ ဆံပင် ရှည်ရှည် ခပ်သွယ်သွယ်ပဲ"

နေဒွန်းသည် ထိုပုံစံ မိန်းမမျိုးကို ရှာဖို့ထက် ထိုပုံစံ ဥဒေါင်းပျို့ကိုပဲ ကြည့်နေမိပါသည်။ ကျီးကန်းတောင်းမှောက် မျက်လုံးလေးနှင့် ရထားပေါ်မှ ဆင်းပြီလာသော လူအုပ်ထဲ ခြေဖျား ထောက်ထောက် တမော့မော့ ရှာဖွေနေသည်မှာ အရင်က ဘူ့ခြေကြီးကြီးဟန်လေးပျောက်၍ ကလေးမငယ်လေးလို ဖြစ်နေပါသည်။

"ဟိုဟာလား မသိဘူး၊ ဟိုမှာ...ဟုတ်တယ်၊ ကိုနေဒွန်း လက်ခုပ်တီးပေးပါ၊ မိမိနိုင်လို့ အော်ပေးပါ"

သူ့ဟာသူတော့ မတီးမခေါ်။ နေဒွန်းကို တာဝန်ပေးနေ၍ နေဒွန်းလည်း သူမရဲ့ အူယားဖားယားခတ်ဆက်ကူးကာ...

"မိမိနိုင်...မိမိနိုင်"



လူကို မမြင်ဘဲ လက်ခုပ်လက်ဝါးတီးကာ နာမည်ကို တကြော်ကြော်ဟစ်အော်ရပါသည်။

"ကျယ်ကျယ်လေး၊ ဟိုမှာ...ဟိုဘက်လှည့်ရှာ နေပြီ၊ ကျွန်မက အော်ရမှာ၊ လက်ခုပ်တီးရမှာ ရှက် လို့ပါ၊ ကျယ်ကျယ် အော်ပေးပါနော်"

နေဒွန်းသည် ရှက်ပုံထူးလှသော ဥဒေါင်းပျို့ကို ရယ်ချင်ပက်ကျိ ငဲ့ကြည့်မိကာ ပါးစပ်ကလည်း အသံကို မြှင့်လျက်...

"မိမိနိုင်...မိမိနိုင်"

ဥဒေါင်းပျို့ ဘယ်သူ့ကို ညွှန်နေသည်လည်း နေဒွန်းမသိ။ သူ သိသည်မှာ သူသည် ပါးစပ်ကသာ အာပြဲအာလဲ အော်ဟစ်ခေါ်နေပြီး မျက်စိကတော့ ဥဒေါင်းပျို့ကိုသာ ချစ်စနိုး နိုးကြည့်နေမိ၏။ လက်ခုပ်တီးရတာကို ရှက်သတဲ့။ အကျယ်ကြီး အော်ခေါ်ရတာကို ရှက်သတဲ့။ အင်း...ဘဲမိဘိကို ကြိုးဆွဲပြီး အောက်ဆင်းအီးတည်ရမှာ ရှက်တာကို ခွင့်လွှတ်ရပေတော့မှာပဲ။

ဒီဘဝမှာတတ်တာလေးတွေကိုပဲ ထူးထူးဆန်းဆန်း လာရှက်နေပြန်တာကိုး။ ရှက်တတ်သူလေးရဲ့ အထူးတဆန်း ရှက်မှုတို့ကို နားလည်သဘောပေါက်ရပေတော့မည်။

"မိမိနိုင်...မိမိနိုင်"

တာဝန်ကျေအောင် အဆက်မပြတ် အော်ဟစ်ခေါ် မျက်လုံးတို့ကတော့ ဥဒေါင်းပျို့ထံကိုပဲ နိုးကာစွေကာ...။

"ဟာ...ကိုနေဒွန်းကလဲ ဒီမှာလေ ရောက်နေ ပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဪ"

မိမိနိုင်ဆိုသည့် အမျိုးသမီးကား ပြုံးစိစိနှင့် သူတို့ရှေ့ ရောက်နေပါပြီ။ နေဒွန်းသည် ရှက်ရှက်နှင့် မိမိနိုင်လက်ထဲက အိတ်တို့ကို ဆွဲလွှဲသည်။

"နေပါစေ ရပါတယ်၊ နေပါစေ"

မိမိနိုင်က ပြန်ဆွဲ သူက အတင်းဆွဲ။ လက်စသတ်တော့ မိမိနိုင်ဆိုသူဟာ မန္တလေးမှာ ညွှန်ပွဲလုပ်တုန်းက စပ်စပ်စပ်စပ် နေရာတကာ ပါနေသော ခပ်သွက်သွက် အမျိုးသမီး ဖြစ်နေမှန်း ခပ်ရေးရေး မှတ်မိလာပါသည်။

"ပေးပါ၊ ကျွန်တော် ဆွဲခဲ့ပါ့မယ်"

သားရေသေတ္တာက တစ်လုံး၊ ကြိမ်ခြင်းကြီးက တစ်လုံး၊ ပခုံးမှာလည်း ခပ်ဖောင်းဖောင်း ဟင်းဒ်ဘက်အိတ်ကြီးကြီး လွယ်ထားသေးသည်။ နေဒွန်းက သားရေသေတ္တာနှင့် ဟင်းဒ်ဘက်ကြီး ဆွဲကာ ကြိမ်ခြင်းကြီးကို မိန်းကလေးနှစ်ယောက် တစ်ယောက် တစ်ကိုင်း မှုဆွဲလာပါသည်။

"နင့်ပစ္စည်းတွေကလဲ များလိုက်တာဟယ်၊ ငါ မင်္ဂလာဆောင်ပြီး လူပါ ပြောင်းလာတာတောင် ဒီ လောက်မများဘူး"

"အမယ်…ငါလဲ ဘာထူးလဲ၊ ငါက ဒီမှာ လာ နေမယ့်ဟာ၊ ဟိုမှာ ငါ့ပစ္စည်းတွေ ကျန်ခဲ့တော့ ဘာ လုပ်ရမှာလဲ၊ နိုင်သလောက် သယ်တာပေါ့၊ ဒါတောင် တချို့လုံချည်အင်္ကျီတွေ အများကြီး ထားခဲ့ရတယ်၊



ပိုသစ်တာတွေပဲ ဦးစားပေး ယူလာခဲ့ရတယ်၊ ဟဲဟဲ… နင် ဘယ်လိုလဲ"

"ဘာဘယ်လိုလဲလဲ"

"သိဘူးလေ၊ ဟိဟိ…"

ရှေ့က သွားနေသော နေဒွန်းမှာ နောက်က ကပ်ပါ လာသော အသံတွေကို ကြားနေရကာ ရယ်ချင်လာပါသည်။ မိမိနိုင်ဆိုသူဟာ ဥဒေါင်းပျို့နှင့် ပုံပန်းသဘောချင်း ဆင်လှ၍ ရုပ်ရည်သာ မတူတာပါ။ ရုပ်ချင်းမဆင်ပေမယ့် ရိုးသား၍ ဉာဏ် ထက်မြက်မည့် သဏ္ဌာန်ချင်းလည်း တူပါသည်။ မိမိနိုင်က မျက်လုံးပြူးလေးနှင့်ဖြစ်ကာ ဥဒေါင်းပျို့ထက် အပြုံးအရယ်များပြီး မျက်နှာပိုချိုသည်။

ကားပေါ်ပစ္စည်းတွေ တင်ပြီးသော် ဥဒေါင်းပျို့ကပါ မိမိနိုင်နှင့် နောက်ခန်းထဲ လိုက်ဝင်ထိုင်၍ မိမိနိုင်က တွန်းလှုတ် နေပါသည်။

"ဟဲ့…နင်က ရှေ့သွားလေ"

"ရပါတယ်"

"ဘယ်ရမလဲ၊ နင့်ယောကျ်ားက ဒရိုင်ဘာလိုဖြစ် နေမှာပေါ့"

ဥဒေါင်းပျို့မျက်နှာက ရှက်သွေးဖြန်းသလို ဖြစ်သွားကာ မိမိနိုင်ကို ရိုက်ပုတ်နေသည်။

"ဟဲ့…ဘာလာရိုက်ရတာ ရှိလို့လဲ"

"ငါလဲ နင်နဲ့စကားပြောချင်လို့ နောက်မှာပဲထိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာ"

"ရပါတယ် မမိမိနိုင်၊ သူ ထိုင်ချင်သလို ထိုင်ပစေ ပါ၊ ကိစ္စမရှိဘူး"

နေဒွန်းတစ်ယောက်တည်း ရှေ့ခန်းမှာ ကားမောင်းလာ ...ာ နောက်ခန်းမှ နှစ်ဦးသား တွတ်တွတ်ထိုးနေသည်။

"နင်ကတော့ ယောကျ်ားရပြီး အိုကေနေတာ ပေါ့လေ"

"ဘာအိုကေရမှာလဲ"

"ဘာလဲ မအိုကေဘူးလား၊ ကိုနေဒွန်း ဒီကောင်မ ကို သိပ်အလိုလိုက်မနေနဲ့၊ အလကား ရောင့်တက်တတ် တယ်"

'ဒီကောင်မ' ဆိုသော အသံက နားထဲရိုင်းထောင့် မနေဘဲ ...ငြိမ်းချစ်ခင်ရိပ်ပေါ်လွင်လွန်းကာ နားထောင်ကောင်းနေပါသည်။ ...နေဒွန်းက ရယ်၍ပဲ နေမိပါသည်။ သူ့စိတ်လည်း အလိုလို ရွှင် ...ကာနေသည်။

"နင်က အလုပ်အဆင်သင့်ရပြီလား"

"ရတော့ ဘယ်ရဦးမလဲ၊ ဒီကျမှ ရှာမှာပေါ့"

"နင်ကလဲ အလုပ်တစ်ခုရဖို့ လွယ်တယ်ထင် လို့လား"

"ဘာလို့ မလွယ်ရမလဲ၊ နင်တောင်ရသေးတာ၊ နင်တတ်တာနဲ့ ငါတတ်တာ တူတူပဲနော်၊ ဟင်း... တစ်မူးမသာချင်နဲ့၊ နင့်တုန်းက အလွယ်လေးဆို၊



စာထဲမှာ ပါတာပဲ၊ လျှောက်ပြီး မကြာခင် အင်တာ ဗျူးခေါ် တန်းကောက်ခန့်တာပဲဆို"

သြော်...သူတို့ စာအဆက်အသွယ် ရှိသကိုး။ ဥဒေါင်းပျို ...မ္ဘလေးကို စာထည့်တာ တစ်ကြိမ်မှ သူ မသိခဲ့၍ မိမိနိုင်ဆီ ...စာရေးတာအပြင် တခြား ဘယ်ကိုတွေ ဘာတွေရေးနေဦးမလဲ ...ရယ်လို့ အတွေးတစ်ချက်များသွားရပြန်ပါသည်။

"ငါ့တုန်းက ဒီလို ကံကောင်းပေမယ့် နင့်ကျ ဒီလောက် ကံကောင်းချင်မှ ကောင်းမှာပေါ့"

"ဒါပေါ့၊ ကံကိုမှ ပြိုင်လို့မရတာ၊ ဒီလောက် နှစ်ယောက်တွဲနေတဲ့ကြားက နင် စွံပြီး ငါမစွံတာ မျိုးပေါ့၊ ဟီဟိ..."

ဥဒေါင်းပျို့ရဲ့ ဖြန်းခနဲ ရိုက်ပုတ်သံ ထွက်လာပါသည်။

"အ၊နာတယ်၊ ကိုနေဒွန်း...ကိုနေဒွန်း ခွေးကို သူ့ကြောင်က အပြတ်နိုင်တယ်ဆို့ ဟုတ်ရဲ့လား၊ ဒီ ဟာမ ကြွားများကြွားနေတာလား၊ သူ့ကြောင်ခံရမယ် ထင်တာ၊ မဟုတ်ဘူး အသာစီးပဲဆို"

"နင် ဘာတွေလျှောက်ပြောနေတာလဲ"

"နင့်စာထဲက ဟာတွေလေ"

"သိပ်ကို အာချောင်တယ်"

"ဟုတ်ပါတယ်ဗျာ၊ ကျွန်တော့်ခွေးပဲ မျက်နှာ အကုတ်ခံနေရတာ"

"သြော်...သူ ကြွားရေးတာ မဟုတ်ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နေဒွန်း အံ့သြမိပါသည်။ စာထဲမှာ ခွေးနဲ့ကြောင် ကိစ္စကအစ အတော်စုံစုံလင်လင် ထည့်ရေးတာမျိုးပဲ။

"တကယ်ခင်ဗျ"

"သူက ကြွားတတ်တယ်၊ သူ ညှံ့တာဆို မပြောဘူး ဖုံးထားတတ်တယ်၊ သူ့အကျင့်တွေ ကိုနေဒွန်း သိလောက်ရောပေါ့"

"မသိသေးဘူးခင်ဗျ"

"ဟင်…နှင် ခုထိ ဖုံးထားဖိထားနိုင်တယ်ပေါ့"

"မိနိုင်…နှင် ဘယ်လိုဖြစ်နေလဲ၊ ကိုယ့်သူငယ်ချင်းကိုယ် အပုပ်ချစရာလား၊ ကိုယ့်သူငယ်ချင်းဘက်က ရပ်တည်ရမှာကို"

"နှင့်ဘက်က ရပ်တည်ရအောင် နှင်က ဘယ်သူနဲ့ ယှဉ်ပြိုင်ငြင်းခုံနေလို့လဲ"

"နှင်လာတာ ငါးပါးမှောက်မှာပဲ"

"အောင်မာ…သူက တစ်ညလေး လာအိပ်ပါဆိုလို့လဲ လာအိပ်ရသေး၊ ငါးပါးမှောက်တွေဘာတွေ လာပြောမနေနဲ့၊ တစ်ပါးအစ်ထပ်မှောက်ပစ်လိုက်မယ်၊ ဟွန်း…ဒီမှာ ကိုနေဒွန်း သူ့ကို အရှုံးပေးလို့မရဘူး၊ အပြိုင်တွယ်မှ"

"ဟုတ်ကဲ့"

"မိနိုင်နော်…နှင် ဘယ်လိုဖြစ်နေလဲ"

"ဒီလိုပဲဟာ၊ ဘာထူးခြားနေလို့လဲ၊ သူ့အကျင့်



တွေပေါ်မှာ စိုးနေတာ သိလား ကိုနေဒွန်း"

"ကိုနေဒွန်း၊ ကိုနေဒွန်းနဲ့ တဒွန်းတည်း ဒွန်းနေပါလား"

"ဘာဖြစ်လဲ၊ နှင့်ယောကျ်ားကို ခေါ်တာ မကြိုက်လို့လား"

"နှင်နော်…"

နေဒွန်းသည် ပျော်ပင်ပျော်လာမိပါသည်။ ဥဒေါင်းမျိုကိုလည်း သူငယ်ချင်းနှင့်တွေ့လျှင် ခုလို ပူပူညံညံ ဆူဆူလောင်လောင်လေးပါလားဆိုတာ ခုမှ သိပါသည်။ ဥဒေါင်းမျိုဟာ မထုံတက်တေး အေးစက်စက်ကြီး တကယ်တော့ မဟုတ်ပါ။

"ဟိုမှာ အားလုံးနေကောင်းကြရဲ့လား"

"ကောင်းပါ"

"မေမေတို့ကော ဘာမှာလိုက်သေးလဲ"

"စာတို့ စားသောက်စရာတို့ ထည့်ပေးလိုက်သေးတယ်၊ စားစရာ သောက်စရာတွေက အများကြီး၊ နှင်တို့အိမ်ဖို့ချည်း မဟုတ်ဘူးတဲ့၊ နှင့်ယောက္ခမအိမ်ကောပါတယ်နော်၊ နှင့်အစ်ကိုလဲ အလုပ်ကိစ္စသွားတာ ကြာနေလို့ ပြီးရင် ပြန်ခဲ့လို့ မှာလိုက်တယ်၊ ဟဲ့…နှင့်အမေကြောင်လေ ဆွိဆွိလေ…အကောင်လေးတွေ ပေါက်ပြီ သိလား၊ လေးကောင်တောင်၊ ဘေးခြံက အန်တီစောတို့ ကြောင်ကြီးနဲ့ မွေးတာတဲ့ ဟီဟီ…၊ နှင့်အမေလဲ မြေးလေးကောင် အသစ်နဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်နေတာပေါ့ဟယ်၊ မအားဘူးပေါ့"

"ဟယ်...ဟုတ်လား၊ ဆွိဆွိက လေးကောင်တောင် ပေါက်တယ်"

"ဝဝရော..."

"ဝဝက တခြားမှ မထွက်ရဘဲ၊ တိုက်ခန်းထဲဆိုတော့ အိမ်တွင်းပုန်းပေါ့ဟယ်၊ ဘယ်ပေါက်ပါ့မလဲ၊ အပျိုကြီးပေါ့ဟာ"

"နှင်ရော..."

"ဘာ...ခွေးမ"

ဥဒေါင်းပျို အသံက အကျယ်ကြီးနှင့် အင့်တောင်တောင်ကြီး ထွက်ပေါ်လာကာ မိမိနိုင်ကို ရိုက်ပုတ်သံများဟာလည်း အဝတ်လျှော်သံကဲ့သို့ တဘတ်ဘတ် ဆက်တိုက်။ နေဒွန်းသည် ကြိတ်၍ ရယ်နေရင်းက အသံမလုံဘဲ တရှီရှီနှင့် သွားကြားလေထွက်သံ ထွက်လာရပါသည်။

နောက်ကြည့်မှန်မှ ခိုးကြည့်လိုက်မိသော ဥဒေါင်းပျို မျက်နှာသည် နှင်းဆီပန်းကဲ့သို့ ပါးပြင်တွေ ရဲလွှင်ကာ တစ်မျိုးကြီး အောက်သိုးသိုးနှင့်။ သူမလဲ နောက်ကြည့်မှန်ထဲက နေဒွန်း မျက်လုံးကို လှမ်းခိုးကြည့်ပြီး ဖြတ်ခနဲ မျက်နှာလွှဲသွားပါသည်။

"အမယ်လေးဟယ်...သေပါပြီဟယ်၊ ဒီလောက်တောင်ပဲ ရိုက်ရလား၊ တစ်ကိုယ်လုံး ပုပ်တော့မယ်"

"ပုပ်ပုပ်...သေသေ၊ ဂုဏ္ဍာမ"

"ဘယ်လိုဖြစ်တာလဲ ဒါလေးမေးမိတာကိုပဲ



ရှက်သလို လုပ်နေပြန်ပြီ၊ ကိုနေဒွန်း သူက သိပ်ရှက်တတ်တာ သိလား၊ ရှက်တာလား ရှက်ဟန်ဆောင်နေလား မသိပါဘူး၊ ဟိုဟာရှက်ရ ဒီဟာ ရှက်ရနဲ့၊ မုန့်သည်ခေါ်ရတာလဲ ရှက်တယ်တဲ့၊ ဈေးဆစ်ရတာလဲ ရှက်တယ်တဲ့၊ သွားရင်းလာရင်းနဲ့ လက်ထဲက တစ်ခုခု ပြုတ်ကျရင်လဲ ရှက်တယ်၊ တစ်ခါ သူချော်လဲတာ ရှက်ပြီး လုံးဝမထတာ၊ အတင်းဆွဲထူလဲ မထ၊ နာလဲ မနာဘဲနဲ့သိလား၊ ခေါင်းကြီးကို ငုံ့ထားပြီး ငိုရော"

နေဒွန်းသည် ရှက်တတ်သူလေးအကြောင်း ခုမှ သိရကာ ပြုံးမိပါတော့သည်။

"ခုနကလဲ မမိနိုင်ကို အော်ခေါ်ရမှာ လက်ခုပ်တီးရမှာ သူ ရှက်လို့တဲ့"

"ဟုတ်တယ်၊ အဲဒီအတိုင်းပဲ၊ ကျွန်တော့်ကို လှမ်းတွေ့လိုက်ရက်နဲ့ ပြေးလိုက်လို့ မမိနိုင်ရင် အော်ခေါ်ရမှာ လက်ခုပ်တီးရမှာ ရှက်ပြီး မခေါ်တော့ဘူး၊ လူချင်းလွဲရော"

"ဒါ့ဟာဒါ ရှက်တာ ဘာဖြစ်လဲ"

ဥဒေါင်းပျိုက နေဒွန်းကို စောင်းပြောချင်ပုံနှင့် မိမိနိုင်ကိုသာ မာန်မဲလိုက်ပါသည်။

"ဘာမှ မဖြစ်ပါဘူး၊ ပြောတောင် မပြောရဘူးလား"

"ဒါ ဆိုက်ကားစီးရတာ ဘယ်လောက်ရှက်လဲ

www.burmeseclassic.com

www.burmeseclassic.com



နင် သိတယ်မဟုတ်လား၊ ဒါပေမဲ့ ငါ အခု ဆိုက်ကားကို ခေါက်ချည်းခေါက်ပြန်စီးတယ်"

"ဟင်...အဟုတ်"

"အဟုတ်ပေါ့၊ ဈေးက နည်းနည်းလှမ်းတယ်၊ ငါ ဈေးဆွဲခြင်းနဲ့ လမ်းလျှောက်မပြန်နိုင်တော့ ဆိုက်ကားနဲ့စီးပြန်ရတယ်၊ ဈေးဆိုတာက မသွားလို့ ရတာမှ မဟုတ်ဘဲ၊ ကိုယ်မတတ်နိုင်တော့လဲ ရှက်တာကို ခေါင်းကြီးငုံ့ပြီးတော့ စီးရတာပဲ၊ ခုတော့ သိပ်မရှက်တော့ပါဘူး"

"တယ်လိမ္မာပါလား"

နေဒွန်းမှာတော့ ဥဒေါင်းပျိုကို ရုတ်တရက် သနားသွားမိပါသည်။ အိမ်ရှင်မဖြစ်လာ၍ သူမခမျာ ဈေးမဝယ်လို့ကလဲ မရ။ ခြင်းကလည်း မနိုင်။ ဒီတော့ ဆိုက်ကားကို ရှက်ရှက်နှင့်ပဲ စီးရရှာတော့သတဲ့။ သူကလည်းပဲ ဒီဈေးဝယ်ရေးကိစ္စကို တစ်ခါမှ မကူညီမိဖူးသလို တစ်ခါမှလည်း စိတ်ထဲ သတိတရ မဝင်စားမိပါ။

ဆွဲခြင်းကြီး လေးသလား၊ ဈေးက လှမ်းသလား ဆိုတာတွေကို တစ်ကြိမ်မှကို မတွေးဖူးတာ။ သူနှင့်မဆိုင်သလို မပတ်သက်သလို နေမိပါသည်။ အောက်သက်မကြေတာပဲ ခေါ်ချင်ခေါ်။ မေမေတို့ အိမ်မှာတုန်းကလည်း ဒီအလုပ်မျိုးတွေ သူ သိမှ မသိခဲ့ဘဲ။ မေမေတို့ အိမ်မှာတော့ အိမ်က အဖော်မိန်းမက ဈေးဝယ်ပါသည်။ ဒါကြောင့် မေမေ့ ညည်းညူသံလည်း တစ်ခါမှ



မှတ်မှတ်ရရ မကြားရဖူး၍ သူ မစဉ်းစားတတ်တာ ဖြစ်ပါမည်။

ခုလို ကြားရတော့ ဥဒေါင်းပျိုကို သနားမိပါသည်။

"မန္တလေးတုန်းကဆို ဒေါင်ဒေါင်းကို သူ့အမေက ဈေးမသွားခိုင်းဘူး ကိုနေဒွန်းရဲ့၊ သူက ဈေးဝယ်ရင် ဆစ်ရမှာလဲ ရှက်တော့ သူ့ဝယ်ခိုင်းရင် ဈေးကြီးတယ် ဒါကြောင့် သူ့ကို မခိုင်းဘူး၊ ဒီတော့ သူက ဈေးမသွားရဘဲ ဇိမ်ကျနေတာပေါ့၊ မိန်းမ...ခုမှ ချစ်ချစ်ကြီးစားဖို့ ဆိုတော့ မညည်းမညူ"

"ဟဲ့...နင် ဘယ်လိုဖြစ်နေလဲ"

"ဟင်...နင်ရော ဘယ်လိုဖြစ်နေလဲ၊ ဘာမှကို ပြောခွင့် မရှိပါလား၊ ဘာဟွေဖြစ်နေတာလဲ"

ဥဒေါင်းပျိုက စကားလွှဲကာ...

"ငါအခု ဈေးလဲ ဆစ်နေပါပြီနော်၊ အမြဲ ဈေးဝယ်လာရတော့ ဈေးက မဆစ်လို့ မရတော့ဘူးဟ၊ သားဈေးငါးဈေးက ကြီးတယ်"

"အမယ်လေး...အိမ်ရှင်မကြီးကျနေတာပဲ၊ နားကြားပြင်းကပ်လိုက်တာ၊ ဒီညစာ ငါ့ကို ဘာကျွေးမှာလဲ၊ ကြည့်ရတာ သားဈေးငါးဈေးကြီးလို့ ကန်စွန်းရွက်ကြော်၊ ပဲပင်ပေါက်ကြော်နဲ့ ကျွေးတော့မယ် ထင်တယ်"

"မဟုတ်ပါဘူး၊ နင့်ဖို့ ကတ်ကြေးကိုက် [illegible]လာတယ်၊ ငါတို့လဲ ဒီနေ့ အပြင်မှာပဲ စားလိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရုံးအဆင်း အိမ်မပြန်တော့ဘူးလေ၊ အပြင်မှာစား၊ ပြီးတော့ နှင့်ဖို့လဲ ကတ်ကြေးကိုက် တစ်ခါတည်း ဝယ်လာတယ်"

"ဒါပဲလား"

"ဆာတေးပါတယ်၊ တခြား အကင်လေးတွေပါ သေးတယ်"

"ဒါပဲလား"

"ဒါပဲဟယ်၊ တစ်ခါတည်း ငတ်လိုက်တာ"

ပြီးလျှင် နှစ်ယောက်သား ရယ်နေကြပါသည်။ နေဒွန်းလည်း အလိုလို ပျော်နေပါသည်။ မှတ်မှတ်ရရ ပြောရမည်ဆိုလျှင် အိမ်ထောင်စ၍ကျကတည်းက ဒီနေ့ရဲ့ ဒီညနေခင်းကလေးဟာ အပျော်ရဆုံးပါပဲ။ အပျော်ဆုံးဆိုလို့လည်း အပျော်တွေ အများကြီးထဲက ရွေးရတာ မဟုတ်ပါ။

ဒီတစ်ရက် ဒီတစ်ညနေသာ မှတ်မှတ်ရရ ပျော်ရွှင်စိတ်ချမ်းသာလှသည်။ မိမိနိုင်ကို အဆောင်မပြောင်းစေဘဲ အိမ်မှာ ခေါ်တင်ထားရမည့်ပုံ ပေါက်နေပါသည်။ အိမ်ရောက်ကြလျှင်လည်း မိမိနိုင် ဗိုက်ဆာလာ၍ ချက်ချင်းပဲ စားသောက်စရာတွေကို ပြင်ဆင်ပြီး ထမင်းစားပွဲ၌ ထိုင်ကြပါသည်။

ပုံမှန်ဆိုလျှင်တော့ ထိုဝိုင်းမှာ ဝင်ထိုင်ဖို့ နေဒွန်းက ဝန်မလေးသော်လည်း ခုတော့ ကိုယ်တို့နှစ်ယောက်က ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတာ ကိုယ်တိုင်တွေသာ အသိဆုံးမို့ နေဒွန်းက အခန်းအောင်းဖို့ ပြင်သည်။





"ကိုနေဒွန်း...ကိုနေဒွန်း...လာဦး"

မိမိနိုင်သည် အားနာတတ်သူ မဟုတ်။ စကားလုံးအသုံးအနှုန်းတွေက အစ ရင်းနှီးနေလွန်း၍ ရိုင်းရာပင်ကျချင်သည်။ သို့သော် နေဒွန်းက သဘောကျပါသည်။

"ဗျ..."

"လာထိုင်စားဦးလေ၊ ကျွန်တော်ချည်းပဲ ဒီအကင်တံတွေ အများကြီး ဘယ်ကုန်မှာလဲ"

"စားပါ၊ စားကြပါ"

"လာစားပါ၊ စကားပြောရင်းပေါ့၊ ဒီမိန်းမကလဲ မစားဘူးတဲ့၊ ဗိုက်ပြည့်ပြီတဲ့၊ လာပါ၊ ရှင်တို့နှစ်ယောက်ကို ယှဉ်ပြီး အကဲခတ်မလို့"

"ဟာ...နင် ဘာဖြစ်နေလဲ"

ဥခေါင်းပျိုအော်တာကို လှည့်မကြည့်ဘဲ မိမိနိုင်က နေဒွန်းကိုပဲ ကြည့်ကာ...

"ဟုတ်တယ်၊ အကဲခတ်ရဦးမယ်၊ ဒီမိန်းမက အလကားနေရင်း သိပ်ရှက်နေတယ်၊ အဲဒါကို သိပ်မသက်ာဘူး၊ ကျွန်တော် သိပ်ဘဝင်မကျဘူး၊ ထိုင်ပါဦး၊ ဘာဖြစ်နေကြလို့လဲဟင်"

နေဒွန်းသည် ပြုံးမိကာ ခပ်လှမ်းလှမ်း စားပွဲထိပ်တွင် ဝင်ထိုင်လျက် အကင်တစ်တံကို လက်လှမ်းလိုက်ပါသည်။ သူ့မှာ နေရခက်နေသလိုရှိသော်လည်း မိမိနိုင် ဤသို့ တရင်းတနှီး တပိုင်တနိုင် ပြောဆို ဆက်ဆံနေတာကိုတော့ သူ ကြိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

သူက တရင်းဘနီး လုပ်နေ၍ နေဒွန်းနှင့်ဥဒေါင်းပျိုပါ အလိုလို အနည်းငယ် ရင်းနှီးလာရယောင်ယောင်ပင်။

"ဟော…သိပြီ"

ရုတ်တရက် မိမိနိုင်က ဟစ်ကြွေးလိုက်၍ လန့်ပင်လန့်သွားမိပါသည်။ ဘာတွေများ သိသွားရပြန်သည် မသိပေ။

"ရထားပေါ်က ဆင်းပြီး နှစ်ယောက်လုံးကို ယှဉ်တွဲပြီး လှမ်းမြင်လိုက်ရတဲ့ အချိန်က စပြီး ရှင်တို့နှစ်ယောက်သား အပြန်အလှန် စကားတစ်ခွန်းမှ ပြောတာ မတွေ့ရသေးဘူး၊ သိပြီ၊ လွန်ခဲ့တဲ့ တစ်ရက်နှစ်ရက်က သို့မဟုတ် ဒီနေ့ပဲ ရန်ဖြစ်ထားကြပြီး စိတ်ကောက်နေကြတယ် မဟုတ်လား"

မိမိနိုင်က လက်ညှိုးလေးထောင်ကာ အပိုင်ဆိုသည်။

"မဖြစ်ပါဘူးဗျာ"

"ဘယ်က ဟုတ်ရမှာလဲ"

ငြင်းဆိုသံနှစ်ခုက ပြိုင်တူတထပ်တည်း ထွက်လာပါသည်။

"အင်း…ထင်တော့ ထင်ပါတယ်၊ မဖြစ်နိုင်ပါဘူးလို့"

"နင်ဟာ အတော်တတ်နိုင်တယ်နော်၊ ခုပဲ ဖြစ်ရမယ်၊ ခုပဲ မဖြစ်နိုင်ဘူးနဲ့"

"ဒီလိုပဲ အကဲခတ်ရတာပေါ့၊ မဟုတ်လဲ ပြီးရောပေါ့ ဟဲဟဲ…"



မိမိနိုင်က ကတ်ကြေးကိုက်ကို တစ်ဖွန်းခပ်စားရင်း…

"ဒီမယ်…ကိုနေဒွန်းကို ပြောပြရဦးမယ်"

ဥဒေါင်းပျိုက ဘာများပြောဦးမလဲ စိတ်ထင့်ပုံနှင့် မိမိနိုင်ကို မျက်ခုံးလေး တွန့်ကာ ကြည့်နေသည်။

"ကိုနေဒွန်း ဓာတ်ပုံကိုရတော့ ကြည့်ပြီး ဒီကောင်မ ဘာပြောတယ်မှတ်လဲ"

"ဟဲ့…မိနိုင်"

ဥဒေါင်းပျိုက မိမိနိုင် ပါးစပ်ကို အတင်းလှမ်းပိတ်သည်။ မိမိနိုင်က ခေါင်းကိုတိမ်းကာ ရှောင်ရှားရင်း ရယ်သံပါကြီးနှင့်…

"ရုပ်ကလေးက မှုန်တေတေ ဂျစ်ကန်ကန်နဲ့တဲ့…"

"မိနိုင်နော်…"

"ရူး…ဖူး…ကြွက်…ကြွက်စုတ်လေးတဲ့ ရူး…"

"တော်ဟာ…မိနိုင်၊ ငါ တကယ်စိတ်ဆိုးမှာနော်၊ သွား နင့်ကို မခေါ်တော့ဘူး"

"ဘာဖြစ်တာလဲဟ၊ နင်ကလဲ"

"ဆက်မပြောနဲ့ဟာ"

ဆက်မပြောနဲ့ဆို၍ ပြောစရာ ကျန်သေးတာ သိသာသည်။ တကယ်မျက်နှာနီမြန်းလာသော ဥဒေါင်းပျိုကို မိမိနိုင်က အံ့တသြ ကြည့်နေပါသည်။ နေဒွန်းသည် သူ့ကို ကြွက်စုတ်လေးပြော၍ စိတ်မဆိုးနိုင်ဘဲ အံ့သြရယ်ချင်နေပါသည်။ ဥဒေါင်း

www.burmeseclassic.com

www.burmeseclassic.com



ပျိုမှာ သူနှင့်ပတ်သက်၍ စိတ်ဝင်စားသော မှတ်ချက်ရှိသည်ဆိုတာ ဟာ အံ့အားသင့်စရာပဲ။

"အေးပါ…အေးပါ၊ တကတည်း ပါးစပ်
လိုက်ပိတ်တာ နှုတ်ခမ်းနီတွေကောင် ပျက်ကုန်ပြီ၊
ဪ…ဟဲ့…နင် ကိုကိုဇော်နဲ့ရော တွေ့သေးလား"

ရုတ်တရက် အသံတိတ်သွားကြကာ ဥဒေါင်းပျိုက နေဒွန်းကို ဖြတ်ခနဲ ကြည့်သည်။ တစ်ချိန်လုံး ပြုံးနေမိသည့် နေဒွန်းမျက်နှာကလည်း ရုတ်ခြည်း တည်သွားပါသည်။ မိမိနိုင်က ရုတ်တရက် တိတ်သွားတာကိုပဲ သတိမပြုမိနိုင်ကာ…

"ဟဲ့…တွေ့လားလို့"

"မတွေ့ပါဘူးဟာ၊ ကဲ…စကားသိပ်များတယ်၊
မြန်မြန်စား"

နေဒွန်းက ဥဒေါင်းပျိုကို ကြည့်နေပါသည်။ ညာတယ်။ မင်းညာတယ်။ မတွေ့ဘူးတဲ့။ မိမိနိုင်ကလည်း ဒီစကားမျိုးကို ဒီလို သူ့ရှေ့မှာဘာကြောင့် ဖွင့်မေးချရပါသနည်း။ နေဒွန်းစိတ်တွေ ပြောင်းလဲအုံ့မှိုင်းသွားခဲ့ပါသည်။

♥♥♥



(၉)

"ဒေါင်ဒေါင်းလဲ သိပ်စိတ်ညစ်တာပဲ ကိုကိုဇော်
ရယ်"

အိပ်ခန်းထဲက ထွက်မည်အပြု ကြားလိုက်ရသော ဆို့နစ်တိုးတိတ်သည့်အသံကလေးကြောင့် နေဒွန်း ခြေလှမ်းတွေ ရပ်သွားပါသည်။ ရုံးမှာကတည်းက ခေါင်းကိုက်နေကာ ရုံးက ပြန်လာအပြီး စားသောက် ဆေးသောက်လိုက်သော်လည်းပဲ ခေါင်းကိုက်က မသက်သာ၍ သူ အိပ်ရာထဲ ဝင်ကာ လှဲနေရသည်။

အိပ်ပျော်တာတော့ မဟုတ်။ ခေါင်းကို သက်သောင့်

www.burmeseclassic.com



သက်သာ ပုံစံလေးမှာ ထားပေးတာပင်။ သို့ပေမဲ့ အိပ်မပျော့် တပျော် ခပ်မှေးမှေး ဖြစ်သွားခဲ့သည် ထင်ပါသည်။ သူ့စိတ်ထဲမှာ ဖုန်းခေါ်သံကြားနေသလိုလို ဘာလိုလို ဖြစ်ပြီး နိုးလာသလို အာရုံစုစည်းနိုင်တော့ ဘာသံမှ မကြားရတော့ပါ။

သို့သော် ဖုန်းသံကို နေဒွန်း စိတ္တဇဖြစ်နေပြီလေ။ ခုတလော ဖုန်းလာလျှင် ဥဒေါင်းပျိုက အရင်ကနှင့်မတူဘဲ ကိုင်ဖို့ ကြိုးစားသည်။ သူမ ဖုန်းပြောနေတာကိုလည်း သူ တွေ့တာ နှစ်ခါ သုံးခါရှိပါပြီ။ ပြောလျှင်လည်း တိုးတိုးတိုးတိုး တွတ်တွတ်တွတ်တွတ်နှင့် ဘေးလူ မကြားအောင် ပြောသည်ဟု ထင်ရသည်။

ထို့ကြောင့် ဖုန်းသံကို နေဒွန်း စိတ္တဇ ဖြစ်နေသည်။ ဖုန်းသံကြားလျှင် သူ အမြန်သွားဖို့ ကြိုးစားနေမိသည်။ အိပ်မက်ထဲမှာပင် ဖုန်းခေါ်သံတွေ ကြားနေရသည်အထိ ဖုန်းသံကို သူ စွဲလမ်းနေသည်။

ဒါကြောင့်လည်း ခေါင်းကိုက်ရက်ကြီးနှင့် သူ ထ,လာတာ။ အခန်း၀ မရောက်ခင် အသံတိုးတိုးလေးကို ကြားနေရပြီ။ သိပ်စိတ်ညစ်တာပဲတဲ့…။ နေဒွန်းသည် တအိအိ ပြိုကျနေသော မြို့ရိုးကြီးတစ်ခုကို မျက်စိရှေ့မှောက်၌ မြင်နေရသူလို ကြေကွဲပျက်သုဉ်းမိသည်။

ရင်နာသည်။ သူ့ရင်တို့ အမှန်တကယ်ပင် နာလှပါသည်။ ခေါင်းကလည်း တအားကိုက်နေကာ နေဒွန်းသည် သူ့ကိုယ်သူ တစ်ခုခုဖြစ်တော့မလားပင် ထင်မိသည်။ မချိတင်ကဲ



ယူကျုံးမရ။ ဘာနှင့်မှ နှိုင်းမရနိုင်သော ဆုံးရှုံးနိမ့်ပါးမှုကို ခံစားရပါသည်။

“ထူထောင်ပြီးတဲ့ အိမ်ထောင်တစ်ခုကို ဖျက်ပစ်ခဲ့ဖို့ဆိုတာ လွယ်တာမှ မဟုတ်တာ ကိုကိုဇော်ရယ်၊ ကိုယ်ဖြစ်ချင်တဲ့ စိတ်ဆန္ဒတစ်ခုကိုပဲ ဦးစားပေးလို့ ဘယ်ရပ့်ါမလဲ”

ဥဒေါင်းပျိုအသံလေးက တိုးတိုးလေး ကြေကြေကွဲကွဲ။ နေဒွန်းသည် အကြောအခြင်တွေ သေကုန်သလို နေရာမှာပင် ကြေကြေကွဲကွဲ ရပ်ကာ မလှုပ်မရှေ့နိုင်အောင် ဖြစ်နေပါသည်။

ဩော်…တစ်ဖက်က သူတို့ရဲ့ အိမ်ထောင်ရေးကို ဖြတ်တောက်ရပ်စဲခဲ့ဖို့ပင် တောင်းဆိုနေပါပကော။ ဥဒေါင်းပျိုဘက်ကတော့ မိန်းကလေးမို့ ပြီးတော့ ကိုယ်တိုင်က အိမ်ထောင်ရှင်မို့ လှုပျိုဖြစ်တဲ့ ကိုဇော်လင်းသက်လောက်တော့ ဆုံးဖြတ်ရ လွယ်ကူဟန် မတူ။

“ဒေါင်ဒေါင်း…ကြိုးစားကြည့်ပါဦးမယ် ကိုကိုဇော်ရယ်”

နေဒွန်းသည် ရပ်နေရာမှ အားလျော့စွာ လှည့်ထွက်ကာ လိုမ့်အိပ်ထား၍ ကြေမွနေသော အကျီကို အကျီချိတ်မှ တစ်ထည်နှင့် လဲလှယ်လိုက်ပါသည်။ ဒါတွေကို သူ ဘယ်သူ့ကို ရင်ဖွင့်ရပါမလဲ။ သူ့ရင်ထဲမှာ မဆံ့မကာ ဖြစ်နေပါပြီ။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေလို့ မရတော့ပါဘူး။

နေဒွန်းသည် မိမိနိုင်လာနေသွားသော တစ်ညနှင့် တစ်

www.burmeseclassic.com

www.burmeseclassic.com



ရက်ကို တမ်းတမိလှပါသည်။ ထိုညက အိမ်မှာ အိပ်ပြီး နောက်တစ်နေ့ ရုံးပိတ်ရက် တစ်နေကုန် သူတို့ ဆွဲထား၍ မိမိနိုင် အဆောင်ကို မဝင်ရသေး။ ညနေစောင်းမှ မိမိနိုင်နေမည့်အဆောင်ကို သူတို့ လိုက်ပို့လိုက်ကြပါသည်။

မိမိနိုင်ရဲ့ တရင်းတနှီး ပြောဆိုနေထိုင်တတ်မှုကြောင့်ပင် အဲဒီတစ်ညနဲ့ နောက်တစ်ရက်တာအတွင်း သူ စိတ်ချမ်းသာခဲ့ရသည်။ သူနှင့်ဥဒေါင်းပျိုတို့ဟာ အရင်ကထက် ရင်းနှီးသလိုလိုလေးလည်း ဖြစ်ခဲ့ရပါသည်။ မိမိနိုင်စကားတို့အပေါ် ဥဒေါင်းပျို ရှက်သွားတာ အနေခက်သွားတာလေးတွေက သူ့နှလုံးသားကို ကိုင်လှုပ်လှုပါသည်။

မိမိနိုင် ပြန်သွားပြီးတဲ့နောက်လည်း သူတို့နှစ်ယောက်ဟာ မိမိနိုင်ပါ ရှိနေစဉ်က အရှိန်လောက် မဟုတ်သော်လည်း ဟိုးအရင်ကထက်တော့ နည်းနည်းပိုပြီး ပြောဖြစ်ဆိုဖြစ်နှင့် ကျန်ရစ်ရတာပါပင်။ သူ့မှာတော့ ရင်တွေခုန်လိုက်ရတာ။ မျှော်လင့်လိုက်ရတာ။

ဒီလိုလေးနှင့် တဖြည်းဖြည်းချင်း သူတို့အကြား အခြေအနေဟာ တစ်စတစ်စ စိုပြည်သာယာလာတော့မလားရယ်လို့ပင်။ ခုတော့…ဥဒေါင်းပျိုက ငယ်ချစ်ကို အဆက်ကို မဖြတ်နိုင်တာပါ။ တကယ်ဆို မဆက်သွယ်ပါနဲ့တော့ ကိုကိုဇော်ရယ်လို့ တစ်ခွန်းတည်း ပိတ်ပြောလိုက်လို့ရပါသည်။

ဒီဘက်က လက်ခံလိုက်လျှော စကားပြောပြီး ချိန်းဆိုတဲ့ နေရာကိုပင် အရောက်သွားနေမှတော့ ယောကျ်ားသား



ဆိုတာမျိုးက ကိုယ့်ဘက်ကို အပိုင်တွက်ပြီပေါ့။ အပိုင်တွက်နေတဲ့ ကိုဇော်လင်းသက်ထက် အနေအထိုင် မဆင်ခြင်ရကောင်းလားရယ်လို့ ဥဒေါင်းပျိုကိုသာ စိတ်ထဲက ပိုမျက်မိသည်။

နေဒွန်း အိပ်ခန်းထဲက အထွက်တွင် ဥဒေါင်းပျိုကလည်း အိပ်ခန်းထဲ အဝင်မို့ တိုးတိုက်မိကြမလို ဖြစ်သွားပါသည်။ ဥဒေါင်းပျိုက ကိုယ်ကို ရှိုကာ အရှိန်သတ်ရပ်လိုက်ရင်း…

"ကိုနေဒွန်း…ရှင် ခေါင်းသိပ်ကိုက်နေတယ် မဟုတ်လား"

နေဒွန်းက မဲ့လိုက်မိကာ…

"အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမလဲ၊ အကောင်းလဲ မေးရသေးတယ်၊ သူ့ဟာသူ ခေါင်းကိုက်တာနဲ့ပဲ စိတ်က တိုနေပြီ၊ ဆေးသောက်မလားမေးတာ၊ တစ်ခုခု သောက်လိုက်ပါလား"

"မလိုပါဘူး၊ ဘာစေတနာမှ လာပြမနေနဲ့၊ အယုံအကြည် မရှိဘူး"

"ဟင်…ရှင်ဘယ်လိုဖြစ်တာလဲ"

ဥဒေါင်းပျို မျက်နှာမှာ ဖြန်းခနဲ ရဲတွတ်ရာမှ ညို့မှောင်ပျက်ယွင်းသွားပါသည်။ မျက်လုံးထဲမှာ အရှက်၊ ဒေါသ၊ ခံပြင်းခြင်းနှင့် ဝမ်းနည်းခြင်းပါ တရိပ်ရိပ် တဖြတ်ဖြတ် ပြောင်းလဲကောက်လက်သွားခဲ့သော်လည်း ဒါတွေကို နေဒွန်း ဂရုတစိုက်လည်း စောင့်ကြည့်မနေမိတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



လုပ်ရက်တဲ့ ဥဒေါင်းပျိုအပေါ် စကားနှင့် ပြတ်တောက် ရက်စက်လိုက်ရတာကိုပဲ စိတ်ထဲ ကျေနပ်ပြီး နေသာထိုင်သာ ရှိသွားသလို လှည့်မကြည့်တော့ဘဲ ကားသော့ဆွဲ တံခါးကို ဟင်းလင်းဖွင့်၍ ထွက်လာခဲ့လိုက်ပါသည်။

ဒါကလေး ပြောရုံနှင့် သူကျတော့ အခံရခက်တတ်လိုက်တာ။ ကိုယ်လုပ်နေပုံကကျတော့ ဘယ်လောက် ဖောက်ပြန်ရက်စက်အကျင့်ပျက်နေသလဲဆိုတာ မစဉ်းစားတော့ဘူးတဲ့လား။ သူမကိုသာ ချစ်မလာမိလျှင် နေဒွန်းဤသို့ခံစားရမှာ လုံးဝ မဟုတ်ပါ။

ခုတော့ ကိုယ့်ရင်ထဲမှာ သူမအတွက် အချစ်ရှိနေမိခဲ့ပြီ။ ဒါကြောင့်လည်း ပိုပြီး ခံစားမုန်းတီးလိုက်ချင်သည်။ ခုလိုဖြစ်နေပါသည်ဆိုမှ ချစ်မိတဲ့စိတ်က သေးသေးကလေးကနေ လျော့ကျပျောက်ပျက် မသွားဘဲ တိုး၍ ပွားများပူလောင်လာသည်။ ချစ်လည်းချစ် မုန်းလည်းမုန်း။ ကိုယ်ရောစိတ်ပါ နာကျင်လှပါသည်။

နေဒွန်းသည် ပထမတော့ စဉ်းစားမရဘဲ နောက်တော့ မိုးဦးအိမ်ကို ဦးတည်မောင်းလာခဲ့ပါသည်။ သူ့ကိစ္စဟာ လူကြားထဲ ချပြောနေဖို့ကောင်းလှသည် မဟုတ်၍ ကိုယ့်ဟာကိုယ် ကျိတ်မြိုကာ တစ်ယောက်တည်း လျှို့ဝှက်ခံစားနေခဲ့သည်မှာ အရင်းနှီးဆုံး သူငယ်ချင်းနှစ်ဦးပင် ဘာတစ်လုံးမှ မသိသေးပါ။

မိုးဦးတို့ တိုက်ခန်းတံခါးကို ခေါက်လိုက်လျှင် မိုးဦး အမေက တံခါးလာဖွင့်ကာ...

"မိုးဦးရေ...မောင်နေဒွန်းဟေ့၊ သား ဘာဖြစ်



လာတုံး မျက်နှာလဲ မကောင်းပါလား"

"အန်တီ...ကျွန်တော့်ကို ကော်ဖီပူပူနဲ့ အကိုက်အခဲပျောက်ဆေး တစ်ပြားလောက် အရေးပေါ်တိုက်ပါဗျာ၊ ခေါင်းတွေတအားကိုက်လို့"

"ဩော်...အေး...အေး၊ ရမယ်၊ ထိုင်...ထိုင်"

မိုးဦး သူ့နံဘေးလာထိုင်လျှင် နေဒွန်းသည် ဆက်တီအမှီပေါ် သူ့ခေါင်းကို မှေ့တင်ကာ ခြေပစ်လက်ပစ် ဖြစ်နေပါသည်။

"ခေါင်းဒီလောက် ကိုက်နေတာ ဆေးခန်း မသွားဘဲ ငါ့ဆီ ဘာလာလုပ်တာလဲ"

"ခေါင်းကိုက်တာ မသေနိုင်ဘူးကွာ၊ ငါ စိတ်ညစ်တယ် မိုးဦးရာ၊ ငါ့ရင်ထဲမှာ တစ်ယောက်တည်း ကျိတ်ပြီး ဆက်မခံစားနိုင်တော့ဘူး၊ တစ်ယောက်ယောက်ကို ရင်ဖွင့်ရမှ ပြီးမယ်၊ မင်းနဲ့ဝင်းထွန်းကြည်ပဲ ရှိတာ၊ မင်းက အိမ်ပိုနီးလို့ မင်းဆီ ရောက်လာတာ၊ ငါ တအားခံစားနေရတယ် မိုးဦးရာ"

"မင်း ဘာဖြစ်လို့လဲ၊ ဥဒေါင်းပျိုလား"

"သူပဲ ရှိတာ၊ သူကလွဲရင် ဘယ်သူရှိလို့လဲ၊ အတော်ကြောက်ဖို့ကောင်းတဲ့ မိန်းမကွာ"

"ဟာ...သူ့ရုပ်သူရည်လေးကကွာ...ကြောက်ဖို့ကောင်းတယ်ဆိုတာ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ ဘာလုပ်လို့လဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြောချင်ပေမယ့် ခုတော့တစ်လုံးမကျန် အားလုံး ပြောမယ်ကွာ၊ သူ့မှာ ရည်းစားဟောင်း အချစ်ဟောင်း ရှိတယ်"

"သူကိုယ်တိုင် ပြောတာလား"

"ဟုတ်တယ်၊ ငါတို့ အိမ်ထောင်ကျခါစ တစ်ခါ စကားအခြေအတင်ဖြစ်ရင်း ငါကလဲ ငါ့မှာ ရည်းစားဟောင်းရှိတယ်ပေါ့၊ သူ့ကို ယူမိရင်ကောင်း သားဆိုပြီး သူ့အပေါ် စကားတင်စီးရရုံ၊ သူ အခံရခက်ရုံ ပြောခဲ့မိတယ်၊ အဲဒီမှာ သူကလဲ ကျွန်မမှာလဲ ရည်းစားဟောင်းရှိတယ်လို့ ဖွင့်ပြောတာပဲ"

"သြော်...ဒါဆိုရင် မင်း တမင်ပြောသလို သူလဲ လုပ်ကြံပြီး အရှုံးမပေးစတမ်းပြောတာ ဖြစ်နိုင်တာပဲဟာ"

"အင်း...ဖြစ်နိုင်တယ်လို့ ငါ ယူဆခဲ့တယ်၊ ယုံလှချည်ရဲ့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒါတကယ် ဟုတ်တာ သိလာရတယ်"

"ဘယ်က သိလဲ"

နေဒွန်းက သူတို့ရဲ့ ကုမ္ပဏီ နှစ်ပတ်လည် ဒင်နာညက ရုံးက ဝန်ထမ်းတွေနှင့် ကိုဇော်လင်းသက်တို့ရဲ့ အပြန်အလှန် ပြောစကားအားလုံးကို လုံးစေ့ပတ်စေ့နီးပါး မှတ်မိနေသည်ဖြစ်ရာ မိုးဦးကို အားလုံး တစ်ခုချင်း ပြန်ပြောပြလိုက်ပါသည်။ ကိုဇော်လင်းသက်ပါလာ၍ မိုးဦးက အံ့အားသင့်ကာ...




"ဟာ...မန္တလေးက ဖြစ်တယ်၊ နာမည်မှာ 'ဒေါင်း'ပါတယ်ဆိုတာနဲ့ပဲ..."

"အစ်ကို နာမည် သိမ်းမင်းဆိုတာ လုံးဝ နိုင်လို့ နေပြီလေ၊ မန္တလေးမြို့မှာ ဒေါင်းဆိုတဲ့ နောက်မိန်းကလေးတစ်ယောက်ရှိရင်တောင် သူ့အစ်ကိုကတော့ သိမ်းမင်းအထိ လိုက်မဟိုက်ဆိုင်ဘူး"

"အို...ဒါပေမဲ့ တိုက်ဆိုင်မှုတွေဟာ အံ့သြစရာကောင်းလောက်အောင် တစ်ခါတလေမှာ..."

"ဟော့ကောင်...တော်တော့၊ ငါ့မျက်စိနဲ့ မြင်ပြီးပြီ"

"ဟင်...ဘာကိုလဲ"

"သူတို့နှစ်ယောက်ကို"

"ဟာ...မင်းအဟုတ်ပြောနေတာလား"

"ဒါတွေကို ငါက ဘာ့အတွက် မင်းကို လာလုပ်ကြံပြောနေရမလဲ မိုးဦး၊ သူတို့ဖုန်းဆက်ချိန်းကြတာကို ဥဒေါင်းပျိုဘက်က ပြောတဲ့စကားတွေအရ ငါ ခိုးနားထောင်ပြီး သိတယ်၊ ငါ လိုက်ချောင်းခဲ့တယ်၊ ငါ နေ့လယ်ပိုင်း တစ်ဝက်ခွင့်ယူတဲ့နေ့ကလေကွာ..."

"သြော်...အဲဒီနေ့က မင်းသွားပြီး မကြာခင် ကိုဇော်လင်းသက်လဲ အပြင်တော့ထွက်တယ်ကွ"

မိုးဦးမှာ နေဒွန်းကိုယ်တိုင် ပြောနေ၍ မယုံကြည်စရာ မရှိသော်လည်း ကိုဇော်လင်းသက်နှင့် အရင်းနှီးဆုံး တွဲလုပ်နေသူ

www.burmeseclassic.com

www.burmeseclassic.com

လည်းဖြစ်၍ မယုံချင်အောင် ဖြစ်နေပါသည်။ ကိုဇော်လင်းသက်ဟာ သိက္ခာရှိတဲ့ ယောကျာ်းကောင်းတစ်ယောက်ပါ။ သူနှင့်တွဲသွားတွဲလာတွဲလုပ်နေရတာမို့ မိန်းမကိစ္စလည်း သိပ်စိတ်မဝင်စားဘူးဆိုတာ သိသာသည်။

ပပကိုတော့ သူ မကြိုက်လို့ သဘောမကျလို့များ အနေမှန်မှန်နှင့် နေနိုင်ခဲ့တာလား။ သူ့ရဲ့ လူကြီးလူကောင်းဆန်မှုနှစ်လိုဖွယ် ရင့်ကျက်တည်ငြိမ်မှုတို့ဟာ ဤအပြုအမူမျိုးကို ပြုမည့်သူဟု လုံးဝမထင်ရစေပါ။

"ဟုတ်ပါတယ်ဆို မိုးဦးရာ၊ ငါက ညာပြောစရာလား၊ ငါ ပန်းဆိုးတန်း ဂျေဒိုးနက်ဆိုင်ရှေ့မှာ ကားသွားရပ်ပြီး စောင့်ကြည့်နေတာ၊ ကိုဇော်လင်းသက် အရင်ရောက်လာတယ်၊ နောက် ဥဒေါင်းပျို လမ်းလျှောက်ရောက်လာတယ်၊ ပြီးတော့ မျက်နှာစာမှန်ချပ်နားပဲ ကပ်ထိုင်တာ"

မိုးဦးက ငြိမ်နေပါသည်။ နေဒွန်းသည် ဆေးပဲ ထပ်သောက်လိုက်လို့လား။ သူ့ရင်ထဲက ခံစားချက်တွေပဲ ဖွင့်အန်လိုက်ရလို့လားတော့ မသိပါ။ ဒေါင်းကိုက်တာပင် အနည်းငယ်လျော့ပါးသွားပါသည်။

"ဒီမယ် နေဒွန်း…ဒီလို တွေ့ဆုံရုံနဲ့တော့ကွာ မိတ်ဟောင်းဆွေဟောင်းတွေကော မဖြစ်နိုင်…"

"ဟော့ကောင်၊ တော်ကွာ၊ ရပ်…မင်းက မယုံတဲ့ဘက်ကပဲ လိုက်ပြီး…"



"မယုံလို့ မဟုတ်ဘူး နေဒွန်း၊ ငါ့စိတ်ထဲမှာ မဖြစ်စေချင်တဲ့ဆန္ဒက များနေလို့၊ မဖြစ်နိုင်စရာတွေဘက်က တွက်ကြည့်နေတာ"

"တွက်ကြည့်မနေနဲ့၊ ကိုဇော်လင်းသက် ပါးစပ်က 'ဒေါင်း'ဆိုတာဟာ သူ့ချစ်သူပါလို့ ပြောပြီးသား၊ အဲဒီ ဒေါင်းဟာလဲ တကယ်ပဲ ဥဒေါင်းပျိုဖြစ်တာ တွေ့ပြီးပြီ၊ ငါ ဥဒေါင်းပျိုကိုလဲ ဖွင့်မေးပြီးပြီ"

"ဟင်…သူက ဘာတဲ့လဲ"

"မင်းရည်းစားဟောင်းက ဇော်လင်းသက် မဟုတ်လားဆိုတော့ မျက်နှာကို ပျက်ထွက်သွားတာပဲ၊ ရှင်ဘယ်က သိလဲ ဘယ်လိုသိလဲ၊ ကိုကိုဇော်နဲ့ တွေ့သလား၊ စုံနေတာပဲ၊ ကဲ…မင်း ဘယ်ဘက်က လှည့်တွက်ကြည့်ဦးမလဲ"

"အင်း…"

မိုးဦးက သက်ပြင်းရှည်ကြီး ဆွဲချလိုက်ပါသည်။

"ခုတလော ဖုန်းခိုးခိုးပြောနေတာလဲ တွေ့တွေ့နေတယ်၊ အခု ဒီညနေတော့ သူ ဖုန်းပြောနေတုန်း ငါက အိပ်ခန်းဝက နားထောင်နေတယ်၊ ဘာပြောနေတယ်ထင်လဲ မိုးဦး"

"ဘာပြောနေလဲ"

"ကိုဇော်လင်းသက်က ငါ့ကို ကွာခဲ့ဖို့ ပြောနေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ...ဒါတော့ကွာ"

"မင်း မဖြစ်နိုင်ဘူး ပြောမလို့လား"

"မဟုတ်ပါဘူးကွာ၊ မဖြစ်သင့်ဘူး ပြောမလို့ပါ"

"သူ့စကားကို ငါ့ဘက်က မကြားပေမယ့် ဥဒေါင်းပျိုပြောတဲ့ စကားကို ငါ့ဘက်က ကြားနေရတာပဲ၊ သူ စိတ်ညစ်တယ်လို့လဲ ညည်းတယ်၊ ပြီးတော့ သူ့စကားအတိုင်း ငါ ပြောပြမယ်နော်၊ ထူထောင်ပြီးတဲ့ အိမ်ထောင်တစ်ခုကို ဖျက်ပစ်ခဲ့ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူးတဲ့၊ ကိုယ်ဖြစ်စေချင်တဲ့ဆန္ဒပဲ ဦးစားပေးလို့ မရဘူးတဲ့၊ ဒီစကားလုံးပဲ၊ ဒါဟာ ဟိုဘက်က ဒီစကား ပြောတာက လွဲရင် ဘာရှိဦးမလဲ"

"အေး...မရှိနိုင်ဘူး၊ ဒါပေမဲ့ ဥဒေါင်းပျိုက ငြင်းတဲ့သဘောမျိုးစကားကိုဆိုတာပဲ မဟုတ်လားကွ"

"ဒါပေမဲ့ နောက်ဆုံးတော့ ကြိုးစားကြည့်ပါဦးမယ် ကိုကိုဇော်ရယ်လို့ သူ ဝန်ခံလိုက်တယ်"

မိုးဦး နှုတ်ဆိတ်သွားပါသည်။ သူ့မှာ ဘာမှ ပြောစရာ မရှိတော့ပါ။ အတော်စိတ်ညစ်သွားမိတာ အမှန်ပင်။ ထို့ကြောင့် လည်း နေ့ခွန်းကိုယ်တိုင် ဘယ်လောက်ထိ ခံစားနေရမလဲဆိုတာ ကိုယ်ချင်းစာနိုင်သည်။ သို့သော် သူ မနှစ်သိမ့်တတ်တော့။

"ငါ ဘာဆက်လုပ်ရမလဲ မိုးဦးရာ၊ ဘာလုပ်ရင် ကောင်းမလဲ"

"ဆုံးဖြတ်ချက်ကိုတော့ မြန်မြန် မချပါနဲ့ကွာ၊



အချိန်ယူပါ"

"ဘာလဲ သူတို့က ဖွင့်ဟတောင်းဆိုလာတဲ့ထိ လား"

"ဖွင့်ဟတောင်းဆိုမဆို ကြည့်ရဦးမှာပေါ့ကွ၊ သူက မတောင်းဆိုတော့ဘဲ ဒီတိုင်းပဲ ဆက်နေသွားရင် နေသွားမှာပဲ"

"သူတို့ဘက်က တောင်းဆိုလာမယ်ဆိုရင်တော့ မတောင်းဆိုခင် ငါက အရင်ကြိုဖွင့်လှတ်ချင်တယ်ကွာ၊ သူက ကျွန်မကို ကွာပေးပါ၊ ကျွန်မ ကိုကိုဇော်နဲ့ ပြန်ယူတော့မယ်ဆိုမှ ဟုတ်ကဲ့ ဆိုပြီး ကွာပေးရရင် အောက်တယ်"

"အောက်တယ်တွေဘာတွေဆိုတာက မာနစကားပါကွာ၊ အိမ်ထောင်ရေးမှာ မာနထားတွာ မကောင်းပါဘူး"

"ငါက မာနမရှိ၊ အရှက်မရှိ နွားကြီးလို လုပ်ပြီး နေရမှာလား"

"မင်း သွေးပူနေတယ်ကွ၊ မဆုံးဖြတ်ပါနဲ့ဦး နေ့ခွန်းရာ"

"ဟုတ်တယ်၊ သွေးပူတယ်၊ ဘာဖြစ်လို့ သွေးပူရဟာလဲဆိုတော့ သူ့ကို ငါက ချစ်နေပြီ၊ ငါ့ဘက်က ချစ်နေမိပြီ မိုးဦး၊ သူ့ကိုသာ မချစ်မိရင် ကိုယ့်လက်ထဲကနေ ငယ်ချစ်ဟောင်းလက်ထဲ ပြန်ပို့ပါသွား

www.burmeseclassic.com

www.burmeseclassic.com



သွား ငါ ဘာမှ မဖြစ်ဘူး၊ ခံလဲ မခံစားဘူး"

မိုးဦးက နေဒွန်းကို ငေးစိုက်ကြည့်နေမိပါသည်။ ဒီကောင် တကယ်ချစ်နေပြီ။ အသေအလဲ ချစ်နေရှာပြီ။ ခုပဲ ထိုင်ငိုချ လိုက်တော့မလို ဖြစ်နေသော နေဒွန်းမျက်နှာမျိုးကို တစ်သက်လုံး ပေါင်းလာတဲ့တစ်လျှောက် တစ်ကြိမ်မှ မတွေ့မြင်ဖူးခဲ့ပါ။ နည်းနည်းကလေး ရှက်သေးလို့ ထိန်းထားနေသေးတာပင်။ မျက်ဝန်းတွေကတော့ နီရဲစိုရွှဲလျက်နေပါသည်။

"ခုဆိုရင် ငါတို့ အိမ်ထောင်သက်က တစ်နှစ် မပြည့်သေးဘူးကွာ၊ ဒီအချိန်မှာ ကွဲသွားရင် ငါ့ အတွက် အများကြီးခံသာပါသေးတယ်၊ ဒီထက်ကြာမှ ဒီထက် သံယောဇဉ်များမှ ဒီထက် မျှော်လင့်ပြီးမှ ကွဲကြရင် ငါ ပိုပြီး မသက်သာဘူး"

"မင်း ဒါတွေသိနေတာ သူ သိလား"

"ကိုဇော်လင်းသက်ဆိုပြီး အတိအကျ သိနေ တာကိုတော့ သူ သိတာပေါ့၊ ဒါပေမဲ့ ငါ လိုက် ချောင်းတာတွေ သူ ဖုန်းပြောသံ နိုးနားထောင်တာ တွေတော့ သူ မသိနိုင်ဘူး"

"ဥဒေါင်းပျို ကြည့်ရတာ စိတ်မပြတ်သားသေး ပါဘူးကွာ၊ အိမ်ထောင်တစ်ခု ဖျက်ခဲ့ဖို့ မလွယ်ဘူးလို့ သူ ပြောသားပဲ မဟုတ်လား၊ ရည်းစားဟောင်းကို မေ့ထွာမကုန်တာက သတ်သတ်၊ သူဟာ သိက္ခာ တရားကို တန်ဖိုးထားမယ့် မိန်းမတစ်ယောက်ဖြစ်တာ



ဟာလဲ သတ်သတ်ပဲကွ၊ ဥဒေါင်းပျိုဟာ သူ့အကျင့် သိက္ခာကို ပစ်စလက်ခတ်လုပ်ပစ်မယ့် မိန်းမတစ် ယောက်ရဲ့ စရိုက်လက္ခဏာမျိုး မရှိဘူးလို့ ငါ ယုံတယ်၊ မင်းလဲ ယုံတယ်မဟုတ်လား"

"သူ့ရုပ်လေး ကြည့်ရင်တော့ ဒီလို ထင်စရာ ပဲပေါ့ကွာ၊ ဒါပေမဲ့ တကယ်ကြုံနေရတာထက် ဘယ် ဟာက သေချာဦးမှာလဲ"

"ငါ ဆိုလိုတာက ကိုဇော်လင်းသက်အပေါ် သူ ချစ်နေဆဲပဲဆိုရင်တောင်မှ မင်းနဲ့ကွာဖို့ကို သူ အလွယ် တကူ မစဉ်းစားဝံ့ပါဘူး၊ သူ့စိတ်ကို ငါ ထည့်မတွက် ဘူး၊ လူ့အသိုင်းအဝိုင်းထဲမှာ ကွဲရဲ့စရာဖြစ်မှာမျိုးကို သူ ဆင်ခြင်တတ်ဦးမှာပါ"

"ဒီလို ထင်ရတယ်လေ၊ ဒါပေမဲ့ အဲဒါဟာ ဘယ်လောက်နိုင်လုံလို့လဲ၊ လူကွဲရဲ့မှာ ဆွေမျိုးတွေ ဒေါသဖြစ်မှာက ဘယ်နှစ်နှစ်ခံမလဲ၊ သူ တကယ် မျှော်ရမှာက ရှေ့တစ်သက်လုံးဆိုရင် သူ လဲရင်လဲ မှာပဲ"

"ဒီလိုတွေးမှတော့ မင်းကိုတောင် လက်ခံမနေ ဘူး၊ ခိုးရာလိုက်ပြေးသွားလို့ရတယ်လေ၊ သူ့အမေဟာ မင်းနဲ့သဘောတူပေမယ့် ဒေါသဖြစ်လဲ ခဏပေါ်လို့ သူ တွက်ရင် ခိုးရာလိုက်သွားခဲ့မှာပဲ၊ လူကြီးမိဘစကား နားထောင်လိုတဲ့ သဘော၊ မိဘမျက်နှာဂုဏ်သရေကို

www.burmeseclassic.com



မဖျက်ချင်တဲ့သဘောက မင်းကို လက်ထပ်ဖို့ လက်ခံက တည်းက ပေါ်လွင်နေပြီပဲ၊ မင်းနဲ့မယူခင်က ခိုးရာလိုက် မပြေးခဲ့ဘဲ မင်းနဲ့ယူပြီးမှတော့ နောက်တစ်ယောက် နဲ့…၊ မဖြစ်နိုင်ပါဘူးကွာ''

''လိုက်မပြေးဘဲ ငါ့ကို ကွာပြီးမှ သူတို့ချင်း ပေါင်းနိုင်တာပဲ၊ ပြီးတော့ သူ့စိတ်သူနိုင်တယ်ထင်လို့ ငါ့ကို လက်ခံပြီးမှ သူ့စိတ်သူ မနိုင်လို့သာ ဒီလူ ဟောင်းနဲ့ပြန်ဆက်သွယ်တာပေါ့''

''ဖြစ်နိုင်ခြေတွေကတော့ အမျိုးမျိုးပေါ့ကွာ၊ ဒါပေမဲ့ စောင့်ကြည့်ပါဦး နေဒွန်းရာ၊ အချိန်ယူပါဦးကွာ''

နေဒွန်းစိတ်တို့သည် ဆောက်တည်ရာမရ ရင်ထဲ ပေါ့ပါးသက်သာသွားသည်ဆိုတာဟာလည်း ရာခိုင်နှုန်း အနည်း အကျဉ်းသာ။ ရင်နာသည်။ ဝမ်းနည်းသည်။ ယူကျုံးမရလည်း ဖြစ်မိသည်။ သူ ဤအဖြစ်မျိုးနှင့် ကြုံဆုံရလိမ့်မည်ဟု အိပ်မက်ပင် မမက်ဖူးခဲ့။ ဥဒေါင်းပျိုကိုလည်း ဤလို မိန်းမတစ်ယောက် ဖြစ်လိမ့်မည်ရယ်လို့ စတွေ့ကတည်းက သူ လုံးလုံးမထင်ယောင် မိခဲ့ပါချေ။

♥♥♥



ရုံးဆင်းပြီဆိုသည်နှင့် အားလုံးပင် အလျိုလျို တက် သုတ်ရိုက် ပြန်ကြသည်ချည်းပင်။ ဒါမျိုးကျ အမျိုးသမီးတွေက ပိုသွက်ပါသည်။ တဖြည်းဖြည်းနှင့် အမျိုးသမီးတွေ အားလုံး ကုန်ပြီ။ အမျိုးသားတချို့သာလျှင် ခပ်ဖြည်းဖြည်း ပြန်ဖို့ပြင်ဆဲ ပြန်ဖို့ စတင်ထွက်ခွာဆဲ။

နေဒွန်းက သူ့အံခွဲကို သော့ခတ်ကာ ထ၊ ရပ်လိုက် ပါသည်။

''နေဒွန်း တူတူပြန်ရအောင်လေကွာ''

မိုးဦးက လှမ်းအော်လိုက်၏။

''ငါ ဒီမှာ ပြီးပြီ၊ လက်စသတ်ပါပြီ''

ဝင်းထွန်းကြည်က ဒီနေ့ ဆိုက်ထဲမှာ။ ဒီရက်တွေမှာ ဥဒေါင်းပျိုနှင့်နေဒွန်း စကားလည်း မပြော မခေါ်။ ဥဒေါင်းပျိုကို လာကြိုရမလား နေဒွန်းကလည်း လှမ်းမမေး။ ဥဒေါင်းပျိုက လည်း ကြိုဖို့ မကြိုဖို့ လှမ်းမပြော။ နေဒွန်း စိတ်ခတ်ထွေ ပြိုကွဲနေမှန်းသိ၍ မိုးဦးက အပြန်တွေအတူလိုက်နေတာ သုံးရက် ရှိပါပြီ။

အိမ်မှာ ထမင်းမစားဘဲ နေဒွန်း အပြင်မှာ စားနေ၍

www.burmeseclassic.com

www.burmeseclassic.com



အရက်တွေဘာတွေ သောက်ဖြစ်ကာ အပျက်ပျက်နှင့် နှာခေါင်းသွေးထွက်ဆိုတာမျိုးဖြစ်မှာစိုးသည်။ အပြန်ကျအတူလိုက်။ တစ်နေရာမှာ တစ်ခုခု ဝင်စားပြီးမှ အိမ်ပြန်ကြသည်။ မိုးဦးကို ပို့ပြီးလျှင် နေဒွန်းအိမ်က မဝေးတော့ပြီမို့ ဒီသုံးရက်လုံးတော့ နေဒွန်းက အိမ်ပဲတန်းပြန်လိုက်ပါသည်။

မသိမသာလေး နေဒွန်းကို အဖော်ပြုကာ မိုးဦး ထိန်းပေးနေတာပင်။ နေဒွန်း မပြောနှင့် မိုးဦးပင်လျှင် အလိုလို နေရင်း ကိုဇော်လင်းသက်ကို မျက်နှာချင်းမဆိုင်လိုဘဲ ဖြစ်နေသည်။ စိတ်နာသလို ဖြစ်နေမိသည်။ ဝင်းထွန်းကြည်နှင့်တော့ အေးအေးဆေးဆေး မဆုံဖြစ်သေး၍ လုံးစေ့ပတ်စေ့ မပြောပြရသေးပါ။

နေဒွန်း ဥခေါင်းပျိုနှင့် မပြေမလည် ကွိုင်နေတဲ့ အကြောင်းလောက်ပဲ အရိပ်အမြွက် ပြောရပါသေးသည်။

"မင်းက ကြာဦးမှာလား"

"မကြာပါဘူးကွာ၊ ပြီးပါပြီဆို၊ ခဏလေးပါကွာ"

"လူကုန်နေပြီ"

"သူ့ဟာသူ ကုန်ကုန်ပေါ့၊ မင်းမှာ ဘာအရေးကြီးတာရှိတာမို့လဲ"

ရုံးမှာ မိုးဦး၊ နေဒွန်းနှင့် ရုံးအုပ် ကိုမြင့်ဦးတို့သာ ကျန်ပါသည်။ ကိုမြင့်ဦးကတော့ ကိုဇော်လင်းသက် ပြန်အလာထိ စောင့်ရမည့်သူပင်။ မိုးဦးက ကမန်းကတန်း ထ,ကာ စာရွက်အချို့ကို ရုံးခန်းထောင့်တစ်နေရာမှ သံဗီရိုထဲ ထည့်ဖို့သွားရင်း...



"ဟင်...ပပ မပြန်သေးပါလား"

သံဗီရိုနံဘေးက ပပစားပွဲတွင် ပပက စားပွဲပေါ် လက်ပိုက်တင်ကာ ခေါင်းမှောက်ချပြီး အိပ်နေသည်။

"ပပ...ပပ...ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား၊ အိပ်နေတာလား"

မိုးဦး အသံပြုလိုက်၍ ပပက အနည်းငယ် လှုပ်ရှားလိုက်ကာ...

"မအိပ်ပါဘူး၊ မူးနေလို့"

"မူးနေတယ်၊ ဘာဖြစ်လို့လဲ"

"မသိပါဘူး"

"ဆေးခန်းသွားလိုက်မလား"

"ဟင့်အင်း...ရတယ်၊ ခဏနေ ပြန်မှာ"

"လူတောင်မရှိတော့ဘူး၊ မူးနေရင် လိုက်ပို့ရမလား၊ နေဒွန်းကားရှိတာပဲ"

"ရပါတယ်"

မိုးဦးက ကြားထဲက ဝင်ပြီး တာဝန်ခံနေပါသည်။ နေဒွန်းက လှမ်းကြည့်နေမိသည်။ ပပဟာ ခုတလော အချိုးအချိတ် ပြောင်းသွားပြီး အရင်လို စိတ်ညစ်စရာ မဟုတ်တော့၍ တစ်ကြောင်း၊ မူးနေသည်ဆို၍ တစ်ကြောင်း မိုးဦးလည်း အတူပါမည် ဖြစ်၍ လည်းကောင်း အိမ်ပဲ ပြန်ပို့ရပို့ရ ဆေးခန်းပဲ ပို့ရပို့ရ ပို့ပေးဖို့ စေတနာ ရှိပါသည်။

"ဒီမှာကွ...ပပ မူးလို့တဲ့"

www.burmeseclassic.com

www.burmeseclassic.com



“ပပ ဆေးခန်းသွားလိုက်ပါလား”

“ရတယ်၊ မသွားပါဘူး”

ပပသည် သူမကို ဂရုတစိုက် လုပ်နေကြပြီဖြစ်၍ ဆက်ထိုင်မနေချင်တော့ပါ။ သူတို့နှင့်လည်း ဆေးခန်း မသွားလိုပါ။ ထို့ကြောင့် အိတ်ကို ဆွဲကာ ထိုင်ရာမှ ထလိုက်ပါသည်။ လိုအပ်လျှင်လည်း အိမ်ရောက်ပြီးမှ အနီးအနား အသိဆေးခန်းသာ ပြလိုသည်။ မူးဝေနေသော်လည်း ဟန်နိုင်မည်ထင်၍ စားပွဲမှ ပတ်အထွက် ရုတ်တရက် ခွေခနဲ ပြိုယိုင်သွားပါသည်။

“ဟဲ့…ဟဲ့…ပပ…ပပ”

မိုးဦးက ကမန်းကတန်း အော်ဟစ်ပြေးလွှားကာ ပပကို သမံတလင်းပေါ်ပုံကျမသွားအောင် ဖေးမပွေ့ထိန်းလိုက်ရပါသည်။

“ပပ…ပပ”

ပပက မိုးဦးလက်ထဲ ပျော့ခွေအေးစက်နေသည်။

“ဟာ…ဒုက္ခပဲ၊ ခေါ်လို့လဲ မရဘူး၊ ဟော့…နေဒွန်း”

“ဟာ ဘယ်လိုဖြစ်တာလဲ”

“သတိလစ်ပြီထင်တယ်”

“လာ…လာလေ မင်း ပွေ့ခဲ့၊ ဆေးခန်းအမြန်သွားလိုက်ရအောင်လေ”

“အေး…အေး”

ကိုမြင့်ဦးလည်း ဘေးမှ ဝိုင်းဝန်းကူညီကာ ပပကို



နေဒွန်းကားနောက်ခန်းထဲ ထည့်လိုက်ကြပါသည်။ ပပကား သတိလစ်နေသလို ခွေခေါက် ပျော့နွမ်းနေသည်။ ငယ်သူငယ်ချင်းဖြစ်၍လည်း သူတို့ စိုးရိမ်စိတ်ပူနေမိကြပါသည်။

“ဘာများဖြစ်ပါလိမ့်ကွာ၊ ပပက ကျန်းမာရေးကောင်းပါတယ်”

“အေးကွ…ခုတလောတော့ သိပ်မျက်နှာမကောင်းဘူးနော်”

“ငါ မင်းကို ပြောပြတယ် မဟုတ်လား၊ ငါ ပြောပစ်လိုက်တယ်ဆိုတာလေ၊ အဲဒီနောက်က စပြီး နေတာထိုင်တာလဲ ပြောင်းပြီး စကားလဲ နည်း၊ မျက်နှာလဲ သိပ်မကောင်းတာ၊ ငါပြောလိုက်တာတွေက မိန်းကလေးတစ်ယောက်အတွက်များ အရမ်း အထိနာစေသွားသလား မသိပါဘူးကွာ”

“အထိနာလဲပဲ ခုလို နေပုံထိုင်ပုံ ပြင်သွားတာတော့ ကောင်းတဲ့ အကျိုးဆက်ပဲကွ”

“ငါ (---)ဆေးခန်းကြီး သွားလိုက်မယ်နော်၊ ဆရာဝန် စုံတယ်၊ ဘာတွေညာတွေ စစ်ရဆေးရမယ်ဆိုလဲ အားလုံးအဆင်ပြေတယ်”

“အေး…ကောင်းတယ်”

မြို့ထဲက နာမည်ကြီး ဆရာဝန်စုံ ဆေးခန်းကြီးတစ်ခုဆီ သူတို့ ရောက်လာကြပါသည်။ ခရီးက အနီးလေးမို့ သုံးလေးမိနစ်ပဲ မောင်းလိုက်ရပါသည်။ ဆေးခန်းရှေ့ ကားရပ်စဉ်တွင်ပင်

www.burmeseclassic.com

www.burmeseclassic.com



ပပ လှုပ်ရှားလာကာ…

"မူးတယ်၊ ခေါင်းမူးတယ်၊ အန်ချင်တယ်"

"ဆေးခန်းရောက်ပြီ ပပ၊ လာ…ဆင်းရအောင်၊ ဆရာဝန် ပြလိုက်ရင် ဆေးတိုက်လိုက်ရင် ကောင်းသွားမှာပါ"

"ဟင်…ဆေးခန်း မပြချင်ဘူး၊ အိမ်ပဲ ပို့ပေးပါ"

"ဘယ်ဖြစ်မလဲ ပပ၊ တအားမူးနေတာ၊ ကြည့်ရတာ အားနည်းနေပုံပဲ"

"အိမ်ပဲ ပို့ပေးပါ ကိုနေဒွန်းရယ်"

မိုးဦးက ဝင်ကာ…

"ဆေးခန်းပြရမယ် ပပ၊ မဖြစ်ဘူး၊ ခုနက သတိတောင်လစ်တာ ထင်တယ်၊ မဖြစ်ဘူး၊ လာ… လာ…ဆင်း၊ ရောက်လဲ ရောက်နေပြီဟာကို၊ အစိမ်းမှာယ်မဲ့ ငြင်းမနေပါနဲ့၊ ကျွန်တော့်ကိုတွဲ"

ပပသည် မျက်နှာလေးငယ်ငယ်နှင့် မိုးဦးတွဲခေါ်မှု၌ မငြင်းဆန်နိုင်တော့ဘဲ ပါသွားပါသည်။ နေဒွန်းက ကားတံခါး ပိတ် သော့ခတ်ကာ နောက်က လိုက်ဝင်ခဲ့ပါသည်။ မိုးဦးက ပပကို တွဲကာ နေသာအောင်ထားတုန်း နေဒွန်းက စာအုပ်တွေ ဘာတွေလုပ်ကာ လူရှင်းနေသော အမ်မ်အက်စ်စီ ဆရာဝန်မ တစ်ဦးထံ ဝင်ပြလိုက်ပါသည်။

ပပပုံစံက ယိမ်းယိုင်နေ၍ နှစ်ဦးလုံး တစ်ဖက်စီက တွဲကာ အခန်းထဲထိ ပါသွားကြပါသည်။ အခန်းထဲမှာလည်း ဆရာဝန်မ



အပြင် သူနာပြုအမျိုးသမီးပါ ရှိနေ၍ ပြီးတော့ သူတို့ယောက်ျားချင်းလဲ အဖော်နှစ်ယောက်ရှိနေ၍ ပြန်မထွက်ဖြစ်ကြဘဲ ပပကို ခုတင်ပေါ်တင်ပေးပြီး ခုံနှစ်လုံးမှာ သူတို့က ထိုင်နေကြပါသည်။

ဆရာဝန်မကလည်း သွေးစမ်း၊ ပရက်ရှာတိုင်း၊ ဝမ်းဗိုက်ကို အနည်းငယ် စမ်းသပ် အနည်းငယ် မေးစမ်း ဤမျှသာပင်။ ဆရာဝန်မက တိုးတိုးသက်သာ ပြောဆိုမေးမြန်းနေ၍ မေးတာတွေလည်း မကြားရပါ။ စမ်းသပ်နေတာကိုလည်း မျက်နှာလွှဲပြီး နံရံပေါ်က ပိုစတာတွေ ပညာပေးလမ်းညွှန်တွေကို လျှောက်ကြည့်နေမိကြပါသည်။ ဆရာဝန်မ စမ်းသပ်သည်မှာ တစ်ခဏလေးသာပင်။ ပြီးလျှင် သူ့စားပွဲထံပြန် ဝင်လာစိုင်ကာ စာအုပ်မှာ ရေးခြစ်ရင်း…

"ဘာမှ မဖြစ်ပါဘူး၊ သူ အားနည်းနေလို့ပါ၊ ရှင်တို့ထဲက သူ့ခင်ပွန်းက ဘယ်သူလဲ"

"ဗျာ…"

"ဗျာ…"

"ရှင်တို့က လူနာနဲ့ ဘာတော်ကြတာလဲ"

"သူငယ်ချင်းတွေပါ၊ ရုံးမှာ တစ်ရုံးတည်းပါ၊ ရုံးဆင်းချိန်မှာ မူးလဲလို့ ဆေးခန်းလိုက်ပို့ပေးတာပါ"

"ဪ…စိုးရိမ်ဖို့ မရှိပါဘူး၊ ပရက်ဂ်ရှိနေလို့ အခန့်မသင့် မူးသွားတာပါ"

"ဗျာ…"

ဒီတစ်ခါ ဗျာက နှစ်သံထပ်ကာ တစ်သံတည်းပဲ ထွက်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ကိုယ်ဝန်ရှိလို့ မူးတာ ပျို့တာမျိုးပါ၊ သွေးအားလဲ နည်းနည်း နည်းပုံရတယ်၊ အားဆေးသောက်ရမယ်၊ လောလောဆယ်တော့ ဘာမှ လုပ်ပေးစရာ မလိုပါဘူး၊ ကိုယ်ဝန် စရှိတဲ့အတွက် သွေးစစ်ရမှာတွေ အာလ်ထရာ ဆောင်းဒ်ရိုက်ရမှာတွေ ရှိတယ်၊ အိုဂျီထပ်ပြပြီးမှပဲ လုပ်လို့ရပါတယ်၊ နည်းနည်း အနားယူ၊ အားရှိမှာလေးတွေ စားပေး၊ ညီမလေး ခံတွင်းတွေ့မယ်ထင်တာတွေ စားပေးပေါ့၊ သိပ်မစပ် သိပ်မငံရင် ပြီးတာပဲ၊ ဘာစား စားရတာပဲနော်"

နေဒွန်းနှင့်မိုးဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပါသည်။ ပပကတော့ မျက်နှာငယ်လေးနှင့် ခုတင်ပေါ်မှ ဖြည်းဖြည်းဆင်းနေသည်။

"ညီမလေး လန်းသွားအောင် ရှောက်ချိုသီး ရည်လိုမျိုး ဖရက်ရှ်ဂျူ့စ် တစ်ခုခုလေး သောက်ရင် သောက်လိုက်ပေါ့၊ တခြား ဘာမှ လုပ်စရာမလိုပါဘူး၊ ကောင်းကောင်းစား နားနားနေနေလေး အနားယူလိုက်၊ ကောင်းသွားမယ်"

"ဟုတ်ကဲ့"

ပပအသံက တိမ်ဝင်နေသည်။ နေဒွန်းတို့လည်း ဘာမှ ထပ်မပြောနိုင်ကြတော့ပါ။ ပပမျက်နှာမှာ တစ်သက် တစ်ခါ ဆိုသလို အင်မတန် သနားစရာကောင်းနေပါသည်။ သုံးဦးသား



အခန်းထဲမှ ထွက်လာကြပြီးလျှင် မိုးဦးက...

"ဒီမှာ ခဏထိုင်နေကြဦး၊ ပပ တကောက် ကောက်နဲ့ မူးလာဦးမယ်၊ ငွေရှင်းရတာ တစ်နေရာ၊ ဆေးဝယ်ရတာ တစ်နေရာနဲ့၊ ကျွန်တော် သွားဝယ် လိုက်မယ်"

"ကိုမိုးဦး ပိုက်ဆံယူသွားလေ"

"ပါပါတယ်၊ နောက်မှ အေးဆေးပေါ့"

မိုးဦး ထွက်သွား၍ ပပကို နီးရာ ခုံတန်းတစ်ခုမှာ ဝင်ထိုင်စေလိုက်ရပါသည်။ နေဒွန်းကတော့ ဝင်မထိုင်တော့ဘဲ နံဘေးမှာသာ ရပ်နေသည်။ ပပကိုလည်း ကြည့်နေရမှာ အားနာ၍ ဟိုကြည့်ဒီကြည့် လုပ်နေမိစဉ် ထိုင်နေသည့် ပပထံမှ ရှိုက်သံ ကလေး ထွက်လာခဲ့ပါသည်။

နေဒွန်း ငုံ့ကြည့်ကာ စိတ်ညစ်လှပါသည်။ အားပေး ရမှာကိုပဲ အားနာနေသဖြင့် ဘာလုပ်ရမည် မသိ။ ပပကား ရှိုက်သံထွက်လာ၍ မထူးတော့ပြီလို မျက်နှာကို အုပ်ကာ ငိုနေပါ တော့သည်။

"ပပ...ပပ...မငိုနဲ့လေ"

"ဟင့်အင်း...ဟင့်အင်း"

"မငိုပါနဲ့ ပပရယ်"

လူတွေက လှည့်ကြည့်လာကြ၍ နေဒွန်းသည် ပပရဲ့ ခုံတန်းမှာပင် ထိုင်ချလိုက်ရကာ...

"လူတွေကြည့်ကုန်ပြီ၊ ဘယ်ကောင်းမလဲ ပပ

www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ မငိုပါနဲ့”

“ပပ ရှက်တယ်...ရှက်တယ်”

“ကျွန်တော်နဲ့ မိုးဦးကိုတော့ မရှက်ပါနဲ့တော့၊ မမျှော်လင့်ဘဲ ကြုံသိလိုက်ရပေမယ့် ကျွန်တော်တို့ သူငယ်ချင်းကောင်း မိတ်ဆွေကောင်းတွေပါဗျာ၊ ဒီသတင်းဟာ ဒီမှာပဲ ပြီးဆုံးရပ်တန့်သွားမယ်ဆိုတာလဲ စိတ်ချပါ”

“သတင်းက ပြီးဆုံးရပ်တန့်သွားတောင်မှ အဖြစ်အပျက်ကြီးက ပြီးဆုံးရပ်တန့်နေမှာမှ မဟုတ်တာကိုနေဒွန်းရယ်၊ ကိုနေဒွန်း ပပကို ရက်ရက်စက်စက် ဝေဖန်ဆုံးမခဲ့ပေမယ့် အဲသလို ဆုံးမတာ နည်းနည်း နောက်ကျသွားတယ်”

နေဒွန်း ငြိမ်၍သာ ငိုင်နေမိသည်။ ဘယ်သူလဲ...ဟု မေး၍ မကောင်းတတ်ပါ။ သူ ဒီလောက်လည်း မသိချင်လှပါ။ သို့ပေမဲ့ ပပရဲ့ အခု စကားအရ သူမ ကိုယ်တိုင် ဤ အဖြစ်ကို လိုလားလက်ခံ ကျူးလွန်ခဲ့တာမျိုး ဟုတ်ပုံမရပေ။ ပပ ကိုက, မိုက်လို့ အညာလွယ်လို့ဆိုလျှင် ထားလိုက်တော့။ အဲသလို မဟုတ်ဘူး ဆိုရင်တော့ အဖြစ်က အတော်ဆိုးဝါးရှိုင်းစိုင်းသည်။

နေဒွန်းသည် ပပအတွက် ယူကျုံးမရဖြစ်နေကာ ငိုင်နေမိပါသည်။

ထိုသို့သော အချိန်တွင် ဆေးရုံရဲ့ ပထမထပ် အခန်း



တစ်ခန်းတွင်မှ အပြင်ထွက် ကော်ရစ်ဒါဆီ ထွက်လာသောသူနှစ်ဦးမှာ ဥဒေါင်းပျိုနှင့် မိမိနိုင်ပင်။ မိမိနိုင်သည် ဤဆေးရုံကြီးမှာ လက်ထောက်စာရင်းကိုင်အဖြစ် အလုပ်ဝင်လိုက်သည်မှာ မကြာသေးပါ။ ရုံးအဆင်းမှာ ဥဒေါင်းပျိုက မိမိနိုင်ထံ ဝင်လည်တာ ဖြစ်ပါသည်။

နေဒွန်းနှင့် မခေါ်မပြော အခြေအနေတွေ တင်းမာနေကြတာကိုလည်း မိမိနိုင်ကို ပြောပြချင်သည်။ သူမနှင့် နေဒွန်းတို့ရဲ့ တကယ့်ဆက်ဆံရေး စစ်စစ်ကိုလည်း မိမိနိုင် သိစေချင်သည်။ သူမနှင့်ကိုကိုဇော်တို့နှစ်ယောက် စိတ်ရှုပ်နေရသော ပြဿနာကိုလည်း ညီအစ်မရင်းလို ဖြစ်နေသော မိမိနိုင်ထံ ရင်ဖွင့်ချင်သည်။ ဥဒေါင်းပျိုတွင်လည်း ရင်ထဲ ပြည့်သိပ်နေသော ခံစားချက်တို့ရှိသည်သာတည်း။

“ဒေါင်ဒေါင်းရယ်...စိတ်ကို လျှော့ပြီး နည်းနည်း စဉ်းစားပါဦးဟာ၊ ဘာကိုမှ တစ်ဖွတ်ထိုး မဆုံးဖြတ်ပါနဲ့၊ ငါက နင်တို့အဆင်ပြေပြေပဲ ထင်နေတာ၊ စိတ်တောင် မကောင်းဘူးဟာ ကြားရတာ”

“သူက အခု ငါ့ကို စကားလဲ မပြော၊ အိမ်မှာလဲ ထမင်းမစား၊ တစ်အိမ်လုံးမှာ ဒီလူနှစ်ယောက်တည်းရှိတာ၊ တစ်ယောက်နဲ့တစ်ယောက် မခေါ်မပြောဆိုတော့ ငါ စိတ်ပျက်လာပြီ မိနိုင်ရာ”

သူတို့နှစ်ယောက် ကော်ရစ်ဒါ လက်ရန်းလေးကို မှီ၍ ရပ်လိုက်ကြပါသည်။ ဤနေရာမှ ငုံ့ကြည့်လိုက်လျှင် အောက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လူနာများထိုင်ရာ ညှော်ခန်းမကို စီးမြင်နေရပါသည်။

"ကဲ…ငါ ပြန်မယ်ဟာ"

"အေး…အေး၊ ငါ ပိတ်ရက်တစ်နေ့လောက် လာလည်ဦးမယ်"

ဥဒေါင်းပျိုက ခေါင်းကို ညိတ်ရင်း အောက်ထပ် ညှော်ခန်းမဆီ ဘယ်ရယ်မဟုတ် အကြည့်တစ်ချက် ဝေ့မိလျှင် တစ်နေရာ၌ မျက်လုံးတို့က ငြိမ်စိုက်ငေးမောသွားရပါသည်။

"မိနိုင်…"

"ဟင်…"

"ဟိုမှာ ကိုနေဒွန်း"

မိမိနိုင်က ဥဒေါင်းပျို ကြည့်ရာသို့ လှမ်း၍ကြည့် လိုက်ကာ မျက်နှာ ပျက်သွားပြီး ဥဒေါင်းပျိုကို လှည့်ကြည့် လိုက်ပါသည်။ ဥဒေါင်းပျိုမျက်နှာလေးက မှတ်တင်းအေးစက် သွားကာ…

"အဲဒါ ငါ ပြောတဲ့ သူ့ရည်းစားဟောင်း ပပပေါ့"

"ဩော်…"

"နင် ကြည့်လိုက်စမ်း၊ ပပက ငိုနေတယ် မဟုတ်လား"

"အေး…ဟုတ်တယ်၊ ဘာဖြစ်နေတာလဲ"

"ငါ ဘယ်သိပါ့မလဲ မိနိုင်ရယ်၊ ဘယ်သူ့ကို လာပြတာလဲ မသိဘူး၊ လာ…ငါတို့ ခဏအခန်း ထဲ ပြန်ဝင်မယ်၊ ငါတို့ကို တွေ့သွားဦးမယ်၊ ပြီးရင်





နင် ဆင်းစုံစမ်းပေး၊ ကိုနေဒွန်း ဆရာဝန်လာ ပြတာလား၊ ပပ လာပြတာလားဆိုတာ"

"အေး…လူနာ ရယ်ဂျစ္စတာထဲ ကြည့်လိုက်ရင် နာမည်တွေ့မှာပဲ"

"ဘာလို့ ငိုနေလဲ မသိဘူး"

နှစ်ယောက်သား မိမိနိုင်ရဲ့ ရုံးခန်းထဲမှာ ပြန်ဝင်ထိုင် စောင့်နေကာ ဥဒေါင်းပျိုသည် ဘစ်ကိုယ်လုံး တင်းတောင့်လျက် ရင်ထဲနာကျင်နာကျည်းနေပါသည်။ ခုရက်တွေ အပြင်က ပြန်လာ ကာ နောက်ကျပြီး ထမင်းလည်း အပြင်မှာ စားလာသည်မှာ နေ့စဉ်နှင့်အမျှများ ပပနှင့်တွက်နေတာလား။

မိမိနိုင်သည် ဥဒေါင်းပျိုကို ဘယ်လိုနှစ်သိမ့်ရမည် မသိဘဲ ကိုနေဒွန်းကိုသာ ရော၍ အမြင်ကတ်နေမိပါသည်။ ယောက်ျား တွေဟာ ဒီလိုချည်းလား။ ဖော်ကဖောက်ပြန်ပြန်နှင့် မှန်းစရာ ကောင်းလိုက်တာ။ ခုနအထိ ဥဒေါင်းပျိုကို သံသယစိတ် ဖွတ်မမွေး ဖို့ ပြောနေမိပါသေးသည်။ ခုတော့ မပြောလိုပြီ။

တစ်ခဏစောင့်ပြီး မိမိနိုင် ပြန်ထွက်ကြည့်တဲ့အခါ နေဒွန်းတို့စုံတွဲ မရှိတော့ပါ။ ဥဒေါင်းပျိုက ဖွတ်ပင်သိချင်နေ၍ လူနာမှတ်ပုံတင် ကောင်တာကို ဆင်းကာ စုံစမ်းကြည့်ကြပါသည်။ ကောင်တာတွင် မိမိနိုင်နှင့်ခင်မင်နေသော အဆောင်တူ ကောင် မလေးရှိနေ၍ အဆင်ပြေသည်။

"ကိုနေဒွန်းဆိုတာတော့ နာမည်မတွေ့ဘူး၊ ပပ ဆိုတာတော့ တွေ့တယ်၊ ပပဆိုတဲ့ အမျိုးသမီးတော့

www.burmeseclassic.com

www.burmeseclassic.com



ပြသွားတယ်''

''ဘယ်သူနဲ့ပြလဲ၊ ဘာဖြစ်လို့လဲဟင်''

''ဒေါ်ခင်မြတ်ဆွေနဲ့ ပြသွားတာ၊ ဒေါ်ခင်မြတ်ဆွေက လူနာလေးယောက်ပဲ ရှိသေးတယ်၊ သူ့စာရင်းစာအုပ်ထဲမှာ ကြည့်ပေးမယ်''

ကောင်တာမှာပင် ဆရာဝန်တစ်ဦးစီ၏ စာရင်းစာအုပ်များ ရှိပါသည်။ လူနာအမည်၊ အသက်၊ ရောဂါ အကြမ်းဖျင်းနှင့် ပေးလိုက်သော ဆေးများ စာရင်းသွင်းထားရှိမြဲပင်။

''ဒီမှာ မပပတဲ့ တွေ့ပြီ၊ 2 munths prag: တဲ့၊ ကိုယ်ဝန်နှစ်လရှိနေတာ၊ ကိုယ်ဝန်ဆောင် အားဆေးပဲ ပေးထားတယ်''

ဥဒေါင်းပျိုသည် ခေါင်းကို မိုးကြိုးပစ်ချခံလိုက်ရသလို ဒိန်းခနဲ နေအောင်တုန်လှုပ်ပူထူသွားပါသည်။ ကိုယ်ဝန် နှစ်လတဲ့။ ကိုနေဒွန်းနှင့်အတူလာပြတယ်။ ပြီးတော့ ငိုနေတယ်။

ဥဒေါင်းပျိုသည် ဘယ်လိုခံစားရမှန်း မသိ ခံစားလိုက်ရကာ အသားတွေပင် တဆတ်ဆတ် တုန်လာသည်။ မျက်စိတွေ ပြာကာ ဘေးပတ်ဝန်းကျင်ကိုလည်း မမြင်တော့။ ချာခနဲ လှည့်ထွက်လာရာ မိမိနိုင် အပြေးပါလာရင်း...

''ဒေါင်ဒေါင်း...ဒေါင်ဒေါင်း''

''မိနိုင် ငါ ပြန်တော့မယ်ဟာ''

''နင် ဖြစ်ပါ့မလားဟင်၊ ငါ လိုက်ပို့ရမလား''

''ကားငှားပြန်ရုံပဲ၊ ဘာမဖြစ်စရာ ရှိလဲ''



''စိတ်အေးအေးထားပါ သူငယ်ချင်းရယ်''

''မအေးနိုင်ဘူး မိနိုင်၊ ကောင်းပါတယ်၊ ငါတို့ ကွဲသွားမှ ကောင်းသွားမယ်၊ ငါ သူ့ကို အိမ်ရောက်တာနဲ့ စာရင်းရှင်းမယ်''

''ဒီ...ဒီလိုဖြစ်တာနဲ့ပဲ ဒါ...ဒါဟာ သူ့ရဲ့ဟိုဒင်းလို့တော့ တထစ်ချ မယူဆပါနဲ့ဦးဟယ်''

''ငါ ဒီလို မယူဆလို့ ဘယ်လိုယူဆရမလဲ၊ အိမ်ကျ သူ့ကို ဖွင့်မေးမယ်၊ မမေးလို့ မရဘူး၊ ပြီးရင် သူ့ကို ကွာရှင်းလိုက်တော့မယ်ဟာ၊ တော်ပြီ...ငါ ဒီဘဝကြီးမှာ ဆက်သည်းခံမနေနိုင်တော့ဘူး မိနိုင်ရယ်''

ဥဒေါင်းပျိုသည် အသံတွေ တုန်လာကာ မျက်ရည်လည်ဝိုင်းလာသည်။ မိမိနိုင်လည်း ဘာမှ ဝင်ဖြေသိမ့်မပေးနိုင်တော့ပေ။

ကိုနေဒွန်းကိုသာ ဤသို့ မထင်ခဲ့မိ၍ အံ့ဩနေမိသည်။ ဥဒေါင်းပျို သူ့ခံစားချက်တွေ လာပြောပြနေစဉ်ကလည်း ဤမျှလောက်ထိ ဖြစ်လာမည့် ပြဿနာမထင်ခဲ့။

''ငါသွားပြီ''

''ဒေါင်ဒေါင်း တစ်ခုခုဆို ငါ့ကို ဆက်သွယ်ဦး''

''တစ်ခုခုဆို ငါ့မှာ ငါ့အဒေါ်အိမ်တစ်အိမ်ပဲ ရှိတာပဲဟာ''

ဥဒေါင်းပျိုက ဆေးခန်းထဲမှ ခပ်မြန်မြန်ပဲ ထွက်ခွာ

www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ မျက်စိထဲ မြင်မြင်ကရာတို့ ရုပ်ဆိုးအကျည်း တန် ညစ်ပတ်စုတ်ပြတ်နေကာ ကမ္ဘာလောကကြီးက ခါးသီးဖို့ကောင်း လှပါသည်။

♥♥♥



(၁၀)

အိမ်ကို ဉဒေါင်းပျို့ အရင်ပြန်ရောက်လာပါသည်။ သူမရဲ့ ရှေ့က အရင်ပြန်သွားပြီး ခုထိ မရောက်သေးတာဟာ တစ်နေရာ ရာဝင်ပြီး တစ်ခုခု စားသောက်နေကြသေးလို့သာဖြစ်မှာပေါ့။ ဉဒေါင်းပျို့သည် ဒေါသတငြီးငြီးနှင့် ဆောက်တည်ရာမရ ဖြစ်နေ ပါသည်။

မိနိုင်ရှေ့မှာလည်း ထိန်းခဲ့ရ တစ်လမ်းလုံးလည်း ထိန်းခဲ့ရ ၍ အိမ်ရောက်သည်နှင့် ချက်ချင်းပင် အိပ်ရာတွင် ပစ်လှဲချ၍ ငိုမိပါသည်။ ရှိုက်ကြီးတငင်မှ တကယ့်ကို ရှိုက်ကြီးတငင်။ သူမရဲ့ တစ်သက်တာမှာ ဒီလောက် ကြေကြေကွဲကွဲ တစ်ခါမှ မငိုခဲ့ရသေး

www.burmeseclassic.com

www.burmeseclassic.com



ဘူး ထင်ပါသည်။ မောဟိုက်နွမ်းနယ်သွားအောင်ကို အားပါးတရ ငိုမိကာ လူတစ်ကိုယ်လုံး ကိုင်ရိုက်ခံထားရသလိုလည်း နာကျင်ပင်ပန်း၍ နေပါသည်။

ငို၍ အားရလျှင် အိပ်ရာထဲမှ ထကာ ရေမိုးချိုးလိုက်ပြီး ထမင်းစားဖို့ သတိရသည်။ ဗိုက်က ဆာလောင်နေသော်လည်း ပါးစပ်က စားချင်စိတ် မရှိ၍ ထမင်းစားပွဲမှာ ထိုင်ရက်သား ငိုင်နေမိပါသည်။

2 months prag. တဲ့။

နားထဲ ပြန်ကြားယောင်လာကာ ခါးသီးသွားပြီး ခေါင်းကို ခါထုတ်ပစ်လိုက်မိပါသည်။ လူယုတ်မာ။ သူဟာ ဤသို့ အကျင့်ဆိုးဝါး ဖောက်ပြန်လိမ့်မည်ဟု ဥဒေါင်းပျို မထင်ခဲ့မိရိုး အမှန်ပင်။ ကိုနေဒွန်းအပေါ် သူမက ပိုတွက်ခဲ့ပါသည်။ သူမရဲ့ သုံးသပ်ယူဆချက်တို့ဟာ ကိုနေဒွန်းအပေါ် အကောင်းဘက်က အမှတ်ပေးတဲ့ဘက်ကသာ များခဲ့ပါသည်။

သို့ပေမဲ့ ခုတော့ အလွဲကြီး လွဲပြီကော။

ဥဒေါင်းပျိုသည် ရင်ထဲမှာ နာလည်းနာကျည်းသည်။ ဝမ်းလည်း နည်းသည်။ ကိုနေဒွန်းကိုလည်း မုန်းသည်။ ကဲ…ခုလို ပြဿနာတစ်စုံတစ်ခု ဖြစ်ကြတော့ ဘယ်သူနစ်နာပါသလဲ။ မိန်းမသားဖြစ်တဲ့ သူမမှာသာ နစ်နာမှုပိုတော့မှာ။ သူမကို ဤအဖြစ်မျိုး ဘာကြောင့်ပေးရက်ခဲ့ပါသလဲ။

တကယ်ဆို လက်ထပ်ဖြစ်ဖို့ကို သူ့ဘက်က ငြင်းဆို ါသည်။ သူမကို လက်မထပ်ချင်၍ ငြင်းဆိုမှာကိုလည်း



သူမအနေနှင့် ဘယ်လိုမှ အပြစ်ယူလို့ရစရာမရှိပါ။ သူ့စိတ် သူ့သဘောပဲပေါ့။ သူ့ဆန္ဒရှိမှသာ လက်ထင်လို့ ဖြစ်တာ။ အဲဒီတုန်းက ငြင်းခဲ့ပါတော့လား ကိုနေဒွန်းရယ်။

ဥဒေါင်းပျိုသည် ထပ်မံ ရစ်ဝဲလာသော မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်သိမ်းဆည်းနေစဉ်မှာပင် အိမ်တံခါးဆီမှ ဘဲလ်သံမြည်လာပါသည်။ တံခါးကို ခပ်မြန်မြန်ပဲ သွားဖွင့်လိုက်ကာ သူ ဝင်မလာခင် ကိုယ်က အရင်ဝင်လာခဲ့သည်။ အိပ်ခန်းထဲဝင်လာကာ ခုတင်ခြေရင်းမှ ဆိုဖာတစ်ခုမှာ ခမ်မတ်မတ် ထိုင်နေလိုက်ပါသည်။

နေဒွန်းက အခန်းထဲရောက်လျှင် ဥဒေါင်းပျိုကို တစ်ချက်ကြည့်သည်။ ဤအကြည့်က ခပ်တည်တည်။ ဤခပ်တည်တည် မျက်ဝန်းကို ဥဒေါင်းပျိုက အကြီးအကျယ် အသည်းနာသွားပါသည်။ ပပကိုတော့ သူ ဤသို့ ဘယ်တော့မှ ကြည့်မှာ မဟုတ်ပါ။ စဉ်းစားရင်း စဉ်းစားရင်း ဥဒေါင်းပျိုခန္ဓာကိုယ်ကလေးက တဇတ်ဇတ် တုန်လာသည်။

ဆက်မအောင့်နိုင်တော့ဘဲ ဥဒေါင်းပျိုက နေဒွန်းကို ဒိုင်းခနဲ လှမ်းကြည့်လိုက်ကာ…

"ရှင့်ကို ပြောစရာ ရှိတယ်"

စကားမပြောတာ သုံးရက်လေးရက် ရှိပြီ။ စပြောသော စကားသံက ရန်စွယ်နှင့်ငေါငေါမို့ နေဒွန်းက မျက် မှောင်ကုပ်ကာ…

"ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်မာမာပဲ ပြန်မေးလိုက်ပါသည်။ နေဒွန်းလေသံက ဥဒေါင်းပျို နားထဲ ခါးသီးလှသည်။ တရားလွန်လှသော အများကို ကျူးလွန်ခဲ့သူက သူမအပေါ် ဤမျှ မာရေကြောရေနိုင်ခွင့်ရှိနေသလား။ သူမဘဝက အောက်ကျလှပါလား။ ထိန်းထားသည့်ကြားထဲကပင် ဥဒေါင်းပျို မျက်ဝန်း၌ မျက်ရည်တွေ ပြည့်အိုင်လာပါသည်။

"ရှင်နဲ့ကျွန်မ လမ်းခွဲလိုက်ကြရင် ကောင်းမယ်ထင်တယ်"

"ဘာ"

နေဒွန်းသည် အံ့သြတုန်လှုပ်မှုနှင့် တစ်ပြိုင်နက် အကြီးအကျယ် ဒေါသပေါက်ကွဲသွားကာ...

"ဩော်...မင်းက ဒီစကားပြောလာပြီကိုး၊ အေး...ငါကလဲ မျှော်လင့်ပြီးသားပါ၊ ဒါပေမဲ့ မင်း ဒီလောက်ထိ အလွယ်တကူ မျက်နှာပြောင်ပြောင်နဲ့ ပြောထွက်လိမ့်မယ်လို့တော့ မထင်ခဲ့ဘူး"

"မျက်နှာပြောင်တာက ရှင်လား ကျွန်မလား"

"မင်း၊ မင်း...၊ ငါက ဘယ်ကိစ္စမှာများ မျက်နှာပြောင်ခဲ့မိသလဲ၊ ပြောစမ်းပါဦး"

"ရှင့်ကိုယ်ရှင် အသိဆုံးပဲ၊ ရှင် ပတ်ဝန်းကျင်မှာ မျက်နှာကောင်းရမယ့် အလုပ်တွေ လုပ်နေသလား၊ မျက်နှာပျက်ရမယ့် ကဲ့ရဲ့ခံရမယ့်အလုပ်တွေ လုပ်နေသလား"



"ပြောစမ်းပါဦး၊ ငါ ဘာတွေလုပ်နေသလဲ"

"ရှင် ယောက်ျားပီပီ ကိုယ်လုပ်နေတာတွေကို သတ္တိရှိရှိ ဖွင့်မပြောရဲဘူးလား"

"ငါက ဘာတွေလုပ်နေလို့ ဖွင့်ပြောရမှာလဲ"

"အဲဒါကိုက ရှင် မျက်နှာပြောင်ပြောင်နဲ့ လိမ်နေတာ"

"တောက်..."

နေဒွန်းသည် ဥဒေါင်းပျိုကို အကြီးအကျယ် ဒေါသဖြစ်မိသည်။ ဥဒေါင်းပျိုမို့သာ။ သူ ချစ်မိသွားတဲ့ ဒင်းမို့လို့သာ။ နို့မို့လို့ကတော့ ကိုယ်ထိလက်ရောက် တစ်ခုခု လုပ်မိတော့မည် ထင်ပါသည်။

"မင်း စကားပြောနေတာ ရင့်လှချည်လား ဥဒေါင်းပျို၊ ဘာလဲ မင်းက သိပ်အများကင်းနေတဲ့ မိန်းမတစ်ယောက်လား"

"ကျွန်မ အများကင်းချင်မှ ကင်းမယ်၊ ဒါပေမဲ့ ကျွန်မက ရိုးသားတယ်၊ မယုတ်မာဘူး"

"ဘာ မင်းက ရိုးသားတယ် ဟားဟားဟား..."

"ရှင် လူကို လှောင်စရာ မလိုဘူး"

"ရိုးသားပါပေရဲ့ဗျာ၊ ရည်းစားဟောင်းနဲ့ ဟိုချိန်းတွေ့ ဒီချိန်းတွေ့၊ လင်ကို ကွာပြီး အဟောင်းနဲ့ ပြန်ပေါင်းဖို့ကြံ"

ဥဒေါင်းပျိုက ဆိုဖာမှ ဆတ်ခနဲ ထရပ်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

"လျှောက်ပြောနေတာ မဟုတ်ဘူး၊ ရမ်းပြောနေတာ မဟုတ်ဘူး၊ မင်းနဲ့ဇော်လင်းသက် ဂျေဒိုးနတ်မှာ ချိန်းတွေ့တာလဲ ငါ သိတယ်၊ ဖုန်းခိုးပြော နေကြတာလဲ ငါသိတယ်၊ ဟိုကြာကူရီကောင်က ငါ့ကို ကွာခဲ့ပြီး သူ့ဆီလာဖို့ ပြန်ခေါ်နေတာလဲ ငါသိတယ်"

"ရှင်…ရှင် မဟုတ်တန်းတရားတွေ လျှောက်စွပ်စွဲမနေနဲ့၊ ကိုကိုဇော်က ဘယ်တုံးက ရှင့်ကို ကွာပြီး သူ့ကို ယူဖို့ ပြောလို့လဲ"

"ငါ့မှာ နားပါတယ်၊ ငါကိုယ်တိုင် ကြားတယ်"

"ရှင် ကြားရအောင် သူမှ မပြောဘဲ၊ ရှင့်အိပ်မက်ထဲကဟာတွေ လာမပြောနဲ့"

"အေး…အိပ်မက်ဆိုရင် သိပ်ကောင်းမှာပေါ့ကွာ၊ အခုက တကယ်ဖြစ်နေတော့ အဖြစ်က သိပ်ဆိုးနေတယ်၊ မင်း သူ့ကို ဖုန်းထဲက တစ်ဆင့် သိပ်စိတ်ညစ်တယ်လို့ တိုင်တည်နေတာလဲ ငါ ကြားတယ်၊ အသည်းဆောက်ပြီးတဲ့ အိမ်ထောင်တစ်ခုကို ဖျက်ပစ်ဖို့ မလွယ်ဘူးလို့ မင်း ညည်းညူတာလဲ ငါကြားတယ်၊ ကြိုးစားပါ့မယ်လို့ မင်း သူ့ကို နောက်ဆုံး ကတိပေးလိုက်တာလဲ ငါကြားတယ်"

ဥဒေါင်းပျိုမျက်နှာက ဖြူဖွေးသွားပါသည်။ နေဒွန်းကို တအံ့တဩ စိုက်ကြည့်နေရာက တဖြည်းဖြည်းနှင့် မျက်နှာပေါ်မှာ



စပ်ဆုပ်မုန်းတီးဟန်တွေ ထင်ဟပ်လာပါသည်။

"ရှင်…ရှင်၊ ရှင် သိပ်အောက်တန်းကျတယ်"

"ဟင်းဟင်း မင်းဖုန်းကို ခိုးနားထောင်လို့ပေါ့ ဟုတ်လား၊ ဖုန်းထဲကနေ ကြာကူရီဇာတ်ခင်းနေတဲ့ မင်းတို့နှစ်ယောက်ကတော့ အထက်တန်းကျတာပေါ့ ဟုတ်လား"

"ရှင် အဲသလို လျှောက်ပြောတာက အောက်တန်းကျတာ၊ ကိုယ့်မှာ ဆိုးဝါးညစ်စုတ်တဲ့ အဖြစ်ကြီးရှိတိုင်း သူများကိုပါ မဟုတ်တန်းတရားစွပ်စွဲပြီး အပြစ်မရှိရှိအောင် ဆွဲထည့်နေတာ"

"နေပါဦး မင်း လိုချင်တာက မင်းအပြစ်ကြောင့် ငါတို့ ကွဲသွားကြတာ မဟုတ်ဘဲ ငါ့အပြစ်ကြောင့်သာ ကွဲသွားကြရတာဆိုတဲ့ ပတ်ဝန်းကျင်ရဲ့ ထင်မြင်မှုလား၊ ဟုတ်လား၊ ငါ့ကိုပဲ အပြစ်ရှိစေချင်နေတာလား"

"ရှင့်မှာက တကယ်အပြစ်ရှိနေတာ၊ ရှင့်ဟာ ရှင် ကျူးလွန်တဲ့ကိစ္စ၊ ရှင်ဘယ်လိုမှ ရှောင်လွှဲမရဘူး၊ ရှင့်ဟာရှင် မဟုတ်တာ လုပ်ပြီး ကျွန်မကို လာမစွပ်စွဲနဲ့၊ ကျွန်မ အဲသလို မိန်းမစား မဟုတ်ဘူး၊ ကျွန်မ ရိုးသားတယ်"

ဒေါသတကြီး ခေါင်းကို ခါရမ်းပြောရင်း ဥဒေါင်းပျိုရဲ့မျက်ရည်စက်တို့က နံဘေးသို့ လွင့်စဉ်ထွက်လာပါသည်။

"ရိုးသားတယ်နော်၊ သိပ်ရိုးသားတယ်၊ တရား

www.burmeseclassic.com

www.burmeseclassic.com



ဝင်ခင်ပွန်းလက်ကနေ နောက်တစ်ယောက်ဆီ ကူးဖို့...''

''ရှင် အဲသလို လာမပြောနဲ့၊ ဒီစကားက ကျွန်မကို စော်ကားတာ၊ ကျွန်မကို ရှင် စော်ကားမော်ကား မှိုချိုးမျှစ်ချိုး ပြောတာ၊ ကျွန်မ မိကောင်းဖခင် သားသမီး သိလား၊ ဆောက်တန်းမကျဘူး''

''ဒါဆိုရင် အိမ်ထောင်တစ်ခုကို ဖျက်ပစ်ဖို့ မင်းတို့ ဘာကြောင့် တိုင်ပင်နေကြသလဲ၊ ဟိုက တောင်းဆိုတယ်၊ မင်းက ပထမ ငြင်းသလိုနဲ့ နောက်ဆုံးတော့...''

''ဟိုကလဲ မတောင်းဆိုဘူး''

''မင်း ပြောင်လိမ်မနေပါနဲ့၊ ဟိုဘက်က စကားကို ငါ မကြားရပေမယ့် မင်း ဒီဘက်က ဘာပြန်ပြောရင် ဟိုဘက်က ဘာပြောတယ်ဆိုတာ ကလေးတောင် ခန့်မှန်းတတ်တယ်''

''ဟုတ်လား၊ ဒါဖြင့် ရှင်ဟာ ကလေးထက်တောင် ညံ့တာပေါ့''

''မင်း...မင်းနော်၊ ငါ ဒေါသတအားထွက်လာမယ်နော်၊ တောက်...''

''ရှင့်ရဲ့ ဆိုးဝါးတဲ့ ယုတ်မာတဲ့ ပြစ်မှုကြီးကို ဖုံးဖိဖာထေးဖို့အတွက် ကျွန်မကို ဆွဲထည့်တယ်၊ ရှင် ဘာဖြစ်လို့ ဝန်မခံရဲတာလဲ၊ ပြောစမ်းပါ၊ ရှင် ကျွန်မကို



ထည့်လဲ မတွက်ဘူး၊ ဂရုလဲ မစိုက်ဘူး၊ လုံးဝ ငဲ့လဲ မငဲ့ဘူး၊ ဒါကို သတ္တိရှိရှိ ဖွင့်ပြောပါလား၊ ရှင် ကျိတ်ပြီး တိတ်တိတ်ကလေး ဖောက်ပြန်နေတယ်''

''ဘာတွေလာပြောနေတာလဲ''

''ရှင်နဲ့ ပပ ဒီညနေ (----)ဆေးခန်းကို လာတယ်၊ ပပမှာ ကိုယ်ဝန်နှစ်လရှိနေတာ လာပြတယ်ဆိုတာ ကျွန်မ သိတယ်''

''ဘာ...''

နေဒွန်းသည် အကြီးအကျယ် အံ့အားသင့် ငေးမောသွားပါသည်။ မကြာသေးခင် အချိန်ပိုင်းလေးကမှ ဆေးခန်းက ပြန်လာခဲ့တာ။ သူမ မည်သို့သောနည်းနှင့် ဤမျှ မြန် မြန် သိသွားရပါသနည်း။ နေဒွန်းရဲ့ ကြောင်တက်မင်သက် မိသွားသော ပုံစံကို ကြည့်ကာ ဥဒေါင်းပျို့က သရော်သလို နာနာကျင်ကျင် ရယ်လိုက်မိပါသည်။

''ဟင်းဟင်း...သိတဲ့ သတင်းက မြန်လွန်းအားကြီးတော့ ရှင် အငိုက် မိသွားသလား...ကိုနေဒွန်း၊ ကျွန်မ ကိုယ်တိုင် အဲဒီ ဆေးခန်းကို ရောက်ခဲ့တာပါ၊ ဒါကြောင့်လဲ ပပ ဘာကို လာပြသလဲ စုံစမ်းခဲ့တာ''

''မင်း...မင်း ရမ်းမပြောနဲ့ ဥဒေါင်းပျို၊ ဆေးခန်းလာတာ မိုးဦးလဲ ပါတယ်''

''မပါပါဘူး၊ ရှင် မညာပါနဲ့၊ ရှင်တို့နှစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



တည်းပါ''

''ငါ ညာနေတာ မဟုတ်ဘူး၊ အမှန်ကို ပြောတာ မင်း လက်ခံရလိမ့်မယ်၊ ထင်တိုင်းရမ်းပြောမနေနဲ့''

''ကဲပါလေ၊ ရှင့်အပြင် နောက်ထပ် လူတစ်ရာ ပဲပါပါ ပပကိုယ်ဝန်ဟာတော့ တစ်ဦးတည်းသော လူသားရဲ့ ပတ်သက်မှုသာ ဖြစ်မှာပါ''

''ဒီကိစ္စ ငါနဲ့ ဘာမှမဆိုင်ဘူး''

''ရှင့်ကလှည့်ကျတော့ ဒီလိုပဲ မျက်စိစုံမှိတ် ငြင်းလိုက်လို့ ပြီးသလား ကိုနေဒွန်း၊ ရှင့်ဘက်မှာ ဒီလောက် ညစ်ပတ်ယုတ်မာတဲ့ ဖောက်ပြန်မှုရှိနေတော့ ရှင်က တစ်ဖက်သားကိုပါ အပြစ်ရှိအောင် စွပ်စွဲတယ်၊ အပြစ်ရှိစေချင်နေတယ်''

''အဲဒါ မင်း၊ မင်းနဲ့ဇော်လင်းသက် ဖောက်ပြန်ရေး ဇာတ်ခင်းနေတာကို ကာကွယ်ဖို့ ငါ့ကို အပုပ်ချတာ စွပ်စွဲတာ၊ တကယ်က ဒီကိစ္စ ဘာမှ မဟုတ်ဘူး၊ ပပ သူ့ဟာသူ ဘာဖြစ်မှန်းမသိတာကို ငါက တစ်ရုံးတည်း မိတ်ဆွေချင်း ဆေးခန်းပို့ပေး ကူညီပေးတာ ဒါပဲ''

''သြော်...တစ်ရုံးတည်း မိတ်ဆွေချင်းတဲ့လား၊ ပပကို မယူခဲ့မိတာ မှားတယ်လို့ နောင်တရတဲ့ စကား ရှင့်ပါးစပ်ကကို အတိအလင်း ထွက်ထားတာ၊ ကျွန်မ



နဲ့ကိုကိုဇော်နဲ့ ဘယ်လိုပတ်သက်ခဲ့ပါတယ်လို့ ရှင့်ကို တစ်ခွန်းမှ မပြောခဲ့ဖူးဘူး၊ ရှင့်ဟာရှင် ရမ်းစွပ်စွဲနေတာ''

''ရမ်းမစွပ်စွဲဘူး၊ မင်း ကိုယ်တိုင်လဲ အချစ်ဟောင်းရှိတယ်လို့ ဝန်ခံပြီးသား၊ မင်းရဲ့ ဇော်လင်းသက်ကလဲ ကုမ္ပဏီ ဒင်နာညမှာ မူးမူးနဲ့ သူ့အချစ်ဟောင်းဟာ မင်းဆိုတာ ဖွင့်ပြောတယ်၊ ပြီးတော့ မင်းတို့နှစ်ယောက် ဂျေဒိုးနတ်မှာ ချိန်းတွေ့တယ်၊ ဖုန်းထဲကနေ အိမ်ထောင်ကို ကွဲဖို့ မကွဲဖို့ တိုင်ပင်ကြတယ်၊ ဒါတွေဟာ...''

''တော်ပြီ...တော်ပြီ ရှင် ပြောတာတွေ တစ်ခုမှ အခြေအမြစ် မရှိဘူး၊ ရပါတယ် ကိုနေဒွန်း ရှင် ပပကို ပြန်လက်ထပ်လိုက်ပါ၊ ရှင့်ကို ကျွန်မ ကွာပေးမယ်၊ တစ်ဖက်သားမှာလဲ အခြေအနေက လွန်နေပြီးပြီ၊ ကျွန်မ ဒီညပဲ အန်တီလေးတို့အိမ်ကို ဆင်းမယ်၊ ပြီးရင် ရှင့်ကို အမြန်ဆုံးကွာပေးမယ်''

''ကွာပေးမယ်၊ ဟားဟား၊ ကွာပေးမယ်တဲ့၊ သူကပဲ နစ်နာသလိုလိုနဲ့၊ ချော်လဲရောထိုင် မြန်မြန်ကွာ၊ မင်း မြန်မြန်လွတ်လပ်ပြီး လုပ်ချင်ရာ လုပ်ရရော မဟုတ်လား၊ ရတယ် ဥဒေါင်းပျို ငါကလဲ ကုပ်ကပ်မထားပါဘူး၊ မင်းကို ကွာပေးမှာပါ၊ မင်း ဇော်လင်းသက်နဲ့ လက်ထပ်လို့ရအောင် တရုံးဝင် ကွာရှင်းပေးမှာပါ''

www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ၊ တော်ပြီ၊ ရှင့်ကို ဘာဆက်ပြောနေနေ အလကားပဲ၊ အငြင်းအခုံပဲ ဆက်ပွားနေမှာပဲ၊ ဘယ်သူ မှန်တယ် ဘယ်သူမှားတယ် ဘယ်သူ အပြစ်ရှိတယ် ဘယ်သူ အပြစ်မဲ့တယ်ဆိုတာ ဘုရား သိတယ်"

"ဟုတ်တယ်၊ ဘုရား သိပါတယ်၊ မင်းကို ဘုရား မရိုက်ပါစေနဲ့လို့ပဲ ဆုတောင်းပါတယ်"

ဥဒေါင်းပျိုသည် ကြိတ်မနိုင် ခဲမရ နာကျည်းလှသော မျက်ရည်များတွေတွေကျနေလျက် သားရေသေတ္တာထဲသို့ သူမ အဝတ်အစားတို့ကို ဆွဲယူပစ်ချ ထည့်နေသည်။ နေဒွန်းကလည်း တားမနေတော့ပါ။ သူ့ရင်ထဲလည်း နာကျင်နေလှပြီ။ ခပ်စိမ်းစိမ်း စိတ်နာနာနှင့်ပဲ ခါးထောက်စိုက်ကြည့်နေလိုက်သည်။

"လူကြီးတွေကို ပြောတဲ့အခါ ကိုယ့်ဖောက်ပြန်မှုကို ကိုယ် ထိန်ချန်မထားခဲ့နဲ့"

ဥဒေါင်းပျိုသည် နေဒွန်းကို အံခဲ၍ မော်ကြည့်လိုက်ပါသည်။

"ရှင့်ကိစ္စကတော့ ရှင် ထိန်ချန်ချင်ရင်တောင်မှ မရပါဘူး၊ ဘူးပေါ်သလို ပေါ်လာမယ့် အဖြစ်အပျက်ကြီးကို ရှင် တာဝန်ယူရမှာပဲ၊ ရှင့်ကို တစ်ခုပော့ ပြောခဲ့မယ်၊ ရှင့်ကို ကျွန်မ သိပ်မုန်းတယ်၊ သိပ်စိတ်နာတယ် ကိုနေဒွန်း၊ ဒါကို ရှင်မှတ်ထားလိုက်ပါ"

"အေး…မင်းလဲ မြဲမြဲနားလည်သွား မင်းကို ငါ



မုန်းတယ်၊ ရွံတယ်၊ ဒီခံစားချက်တွေ ဘယ်တော့မှ မပြေဘူးဆိုတာပဲ"

♥♥♥

"အပြက်အပြက်နဲ့ကွာ နေဒွန်းရာ၊ ဒုက္ခပါပဲကွာ"

"ဘယ့်နှယ်လုပ်မလဲ၊ သူက သိပ်ကွာချင်နေပြီ၊ ငါ့ကို မနေ့က တွေ့လိုက်တာကို အခွင့်ကောင်းယူပြီးတော့ စွပ်စွဲလုပ်ကြံစရာရသွားတာပေါ့ကွာ"

"မဟုတ်ဘူးလို့ မင်း ဖွတ်ငြင်းရမှာပေါ့"

ဒီမနက် ဝင်းထွန်းကြည်လည်း ရှိနေကာ အကြောင်းစုံလုံးစေ့ပတ်စေ့ကို ခုမှ ကြားသိရပြီး စိတ်မကောင်းဖြစ်နေပါသည်။

"မငြင်းဘဲ နေပါ့မလားကွာ၊ ဟုတ်မှမဟုတ်တာ၊ ဒါပေမဲ့ သူက ငါ့ကို ဒီလို စွပ်စွဲစရာအကွက်တစ်ကွက် လောက်ရအောင် စောင့်ချောင်းနေတာကွ၊ အခု သူ အဆင်ပြေသွားတယ်၊ မနေ့က ကိစ္စက ထောက်စရာ ဖြစ်သွားတယ်၊ အပြစ်တစ်ခု ဆွဲဖန်တီးလိုက်နိုင်တော့ သူ အဆင်ပြေသွားတာပေါ့၊ ရှုပ်စေတော့ကွာ"

"ဒီလိုလဲ ဘယ်ဟုတ်ဦးမလဲကွာ၊ တကယ် ကွဲသွား

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်၊ မင်းအမေ ဒီမနက်သိပြီလား''

''မေမေ့ကိုတော့ မပြောသေးဘူးကွာ၊ နောက်မှ ပြောမယ်၊ မေမေက ငါ့ပဲ အပြစ်ရှိတယ်ထင်နေဦးမှာ၊ ကွဲတာကတော့ တကယ်ကွဲတော့မှာပါကွာ''

''စိတ်မကောင်းဘူးကွာ၊ ဒါပေမဲ့ မင်းပြောတဲ့ အလုပ်ထွက်ဖို့ကိုတော့ စဉ်းစားပါဦး နေဒွန်းရာ''

''မစဉ်းစားတော့ဘူး၊ ငါ ဒီကောင်ကြီးကို ဘာ မျက်နှာကြီးနဲ့ ဆက်ကြည့်နေရမလဲ၊ အောင့်လဲမထား နိုင်တော့ဘူး၊ သူ့ကို တစ်ခုခုတော့ မျက်နှာကြည့်ပြီး ပြောပစ်ခဲ့ရဦးမယ်၊ ပြောပစ်ရမှလဲ ကျေနပ်မယ်၊ ပြောပြီး မှရော ငါက သူ့ကို ဘယ်လို ဆက်ပြီး မျက်နှာချင်းဆိုင် မှာလဲ၊ အလုပ်ဆိုတာကွာ ပေါပါတယ်''

''ခုချက်ချင်းပဲလား နေဒွန်းရာ''

''ချက်ချင်းပဲ၊ မကြာခင် ငါနဲ့ဥဒေါင်းပျို ကွဲတာလဲ သူသိတော့မှာပဲလေ၊ ဒါမှမဟုတ် အခုကိုပဲ သူတို့ချင်း ဖုန်းဆက်ပြောထားပြီးကြပြီလား မဆိုနိုင်ဘူး၊ ဥဒေါင်း ပျိုက သူ့ယောကျ်ားဟာ ငါပါ ဆိုတာ ပြောပြထားပုံ မရဘူးကွ၊ ဒါကြောင့် သူ့ပုံစံက ငါ့အပေါ် ပုံမှန်ဖြစ်နေ တာ၊ မရတော့ဘူး ငါ ဖွင့်ပြောရမှ ကျေနပ်မယ်ကွာ''

ပြဿနာပါပဲ။ ရုံးတွင်းမှာ အုတ်အုတ်ကျက်ကျက် ပြဿနာမျိုး အပေါ်ပေါက်စေလိုတာတော့ မိုးဦးတို့ရဲ့ဆန္ဒမှန်ပင်။ သို့ပေမဲ့ ဤမျှ သွေးပူ သွေးဆူနေသော နေဒွန်းကို ဘယ်လိုများ



တားမြစ်လို့ ရနိုင်ပါမည်နည်း။ နေဒွန်းက လုံးဝ ဆုံးဖြတ်ပြီးနေတာ သူ့ပိုင်ပစ္စည်းများကို စားပွဲမှ သိမ်းဆည်းနေပါပြီ။

ထိုအချိန်မှာ မမျှော်လင့်ဘဲ ရုံးထဲ ဝင်လာသူက ပပ။ မိုးဦးနှင့်နေဒွန်း အံ့အားသင့်ကြရပါသည်။ ပပကို ရုံးတက် လာမည်ဟု မထင်မိကြပါ။ ဒီမနက် ဒီကိစ္စကို မဆွေးနွေးကြ ရသေးသော်လည်း ပပ ရုံးမှ နုတ်ထွက်သွားဖို့အထိပင် မျှော် လင့်ထင်မြင်ထားမိကြပါသည်။ ပပကိစ္စကိုတော့ ဝင်းထွန်း ကြည်ကိုပင် သူတို့ မပြောပြဖြစ်ကြပါ။

''ပပ နေကောင်းလား''

မိုးဦးက လှမ်းမေးလိုက်သည်။

''ကောင်းပါတယ် ကိုမိုးဦး''

နေဒွန်းသည် ကိုယ့်ပြဿနာနှင့်ကိုယ် စိတ်ညစ်ပူဆွေးနေ ရသည့်ကြားထဲ ပပအတွက်လည်း စိတ်မကောင်းဖြစ် နေရပါသေး သည်။ ဘယ်လိုများ သူမ ဖြေရှင်းစီစဉ်မလဲ။ ကြာကြာတော့ စဉ်းစားမနေအားလိုက်။ ရုံးကို ကိုဇော်လင်းသက် ရောက်လာတော့ ပြီမို့ပင်။ ကိုဇော်လင်းသက်က အားလုံးကို ဝေ့ကြည့် ပြုံးပြကာ သူ့အခန်းထဲ ဝင်သွားပါသည်။

ဘယ်သူမှ မတားလိုက်နိုင်ခင်ပင် နေဒွန်းက စာအိတ် တစ်အိတ်ကို ကိုင်ကာ ကိုဇော်လင်းသက်နောက်မှ လိုက်ဝင်သွား လိုက်ပါသည်။ သူ့ရဲ့ သီးသန့်ရုံးခန်းလေးတံခါးကို ဘယ်တော့မှ မပိတ်သည့် ကိုဇော်လင်းသက်က ခုလည်း ဟင်းလင်းဖွင့်ကာ တံခါးအခြေမှ သံလိုက်ဘုလေးနှင့် နံရံမှ သံပိုက်တုံးလေးကို

www.burmeseclassic.com

www.burmeseclassic.com



တိုးထိဖိကပ်ထားလိုက်ပါသည်။

သူ့စားပွဲသို့ ဝင်ထိုင်ဖို့ ကျေ့ဝင်လိုက်လျှင်ပင် အခန်းဝသို့ ရောက်လာသော နေဒွန်းကို တွေ့လိုက်၍ ခပ်ပြုံးပြုံးပင်...

"ကိုနေဒွန်း...ဆို၊ ဘာရှိလဲ"

နေဒွန်းသည် တင်းမာမှုန်တေသော မျက်နှာနှင့် ကိုဇော်လင်းသက်ကို အေးစက်စက်ကြည့်ရင်း လက်ထဲက စာအိတ်ကို စားပွဲပေါ်သို့ ဝဲခနဲ ပစ်၍ တင်လိုက်ပါသည်။ ထိုအပြုအမူက ကိုဇော်လင်းသက်ကို အံ့အားတသင့် ဖြစ်သွားစေကာ နေဒွန်းကို နားမလည်နိုင်သလို ကြည့်နေပါသည်။

"ဒီရုံးကို ဝင်တာ ခင်ဗျားက သိပ်နောက်ကျပေမယ့် မန်နေဂျာဖြစ်နေတော့ ခင်ဗျားဆီပဲ ဒီထွက်စာကို တင်ရမှာပဲပေါ့"

"ခင်ဗျားဘာပြောတာလဲ ကိုနေဒွန်း၊ ခင်ဗျား ဘာပြဿနာဖြစ်လို့လဲ၊ မျက်နှာ မကောင်းပါလားဗျာ၊ ထွက်စာဆိုတာက..."

"ကျွန်တော် ဒီရုံးက အလုပ်ထွက်တာ"

"ဟာ...ဘာဖြစ်လို့လဲဗျာ၊ ကိုနေဒွန်းတို့က ကုမ္ပဏီအစပိုင်းကတည်းက ဝင်ကြတဲ့ နှစ်ကြာ ဝန်ထမ်းတွေပဲ၊ ဘာဖြစ်လို့ထွက်ချင်တာလဲ"

နေဒွန်း အမူအရာ လေသံတွေက လက်သင့်ခံနိုင်ဖို့ရာ ရှိုင်းပျနေသော်လည်း တစ်ခုခု မပြေလည်မှုအကြောင်းထူးရှိပြီဆိုတာ ကိုဇော်လင်းသက်က ရိပ်မိလျှက် စိတ်မဆိုးမိပါ။ အံ့အားသင့်ရင်းသာ စိတ်ဝင်စားနေပါသည်။



"အဆင်မပြေတာရှိရင် ညှိကြတာပေါ့ဗျာ၊ အကြောင်းကို ပြောပြပါဦး"

"ခင်ဗျားနဲ့ ဘာမှ ညှိနေစရာ အကြောင်းမရှိတော့ဘူး ကိုဇော်လင်းသက်၊ ဆုံးဖြတ်ပြီးပြီ၊ ဒီကနေ အလုပ်ထွက်ကို ထွက်မှာပါ၊ အကြောင်းရင်းကတော့ ခင်ဗျားနဲ့ ဘယ်လိုမှ ဆက်ပြီး မျက်နှာချင်းဆိုင်လို့ မဖြစ်တော့လို့ပဲ"

နေဒွန်းရဲ့အသံက ကျယ်လောင်မာကျောနေပါသည်။

"ဗျာ..."

ကိုဇော်လင်းသက် မျက်မှောင်ကုပ်ကာ နားမလည်နိုင်အောင်ဖြစ်နေမိဆဲ မိုးဦးက အခန်းထဲ ဝင်လာကာ နေဒွန်းကို နောက်မှ ပခုံးသိမ်းဖက်ရင်း...

"နေဒွန်း အေးအေးဆေးဆေး ပြောရင်လဲ ပြောကွာ၊ ဒါမှမဟုတ်လဲ မင်း ပြန်လိုက်တော့၊ အကြောင်းတွေကို ငါပဲ ပြောလိုက်ပါ့မယ်၊ ဒါ လုပ်ငန်းခွင်ဖြစ်နေတယ် နေဒွန်း"

"လုပ်ငန်းခွင်လဲ ဖြစ်ပလေစေပေါ့၊ ငါက ဘာဖြစ်လို့ သူ့အတွက် ထိန်းသိမ်းပေးရမှာလဲ၊ သူ့အကြောင်းအားလုံး အမှန်တိုင်းသိကုန်လဲ ဘာဖြစ်လဲ၊ ဒါအမှန်ပဲ"

"နေဒွန်း...."

www.burmeseclassic.com

www.burmeseclassic.com

"နေပါစေ ကိုမိုးဦး၊ မတားနဲ့၊ ကျွန်တော်လဲ စိတ်ဝင်စားတယ်၊ ကျွန်တော့်အကြောင်း အမှန်အတိုင်း သိကုန်ကြလဲ ဘာဖြစ်လဲဆိုတာ ထူးခြားတယ်၊ ကျွန်တော့်မှာ မဟုတ်တာ လူသိမခံနိုင်တာ ဘာမှမရှိတဲ့အတွက် သူ ပြောပါစေ၊ မတားပါနဲ့ ပြောခွင့်ပေးလိုက်ပါ"

မိုးဦးသည် ခေါင်းကို အသာသပ်ကာ သက်ပြင်းချမိသည်။

"ကိုနေဒွန်း ပြောပါ၊ ပြောနိုင်တယ်၊ ကျွန်တော့်ကို ဘာမကျေနပ်ဘူးလဲ၊ ကျွန်တော်နဲ့မျက်နှာချင်း မဆိုင်လိုလောက်အောင် ဘာတွေက ကိုနေဒွန်းကို ထိနိုက်နေသလဲ"

နေဒွန်းသည် ကိုဇော်လင်းသက်မျက်နှာကို စေ့စေ့ကြည့်ရင်းကြည့်ရင်းပင် ပို၍ ဒေါသတွေလောင်မြိုက်လာသည်။

"ခင်ဗျားမှာ လူသိမခံချင်တာ ဘာမှ မရှိဘူးပေါ့"

"ဟုတ်တယ်၊ မရှိဘူးဗျ"

"ခင်ဗျားရဲ့ ယုတ်မာတဲ့ အကျင့်စရိုက် မိုက်ရိုင်းတဲ့ စာရိတ္တတွေအတွက် ဘယ်သူသိသိ ဂရုမစိုက်ဘူးပေါ့လေ"

"ဟာ…ခင်ဗျားစကားက အတော်လွန်ကဲသွားပြီ၊ ကဲ…ဒီလို စွပ်စွဲရလောက်အောင် ခိုင်လုံတဲ့ အဖြစ်အပျက်တစ်ခု ပြောစမ်းပါ၊ ဘာမှ မပြောနိုင်



ဘဲနဲ့ဆိုရင်တော့ ခင်ဗျား ကျွန်တော့်ကို အတော်စော်ကားလွန်းသွားပြီ"

ကိုဇော်လင်းသက်မျက်နှာက နီမြန်းလာပါသည်။ အသားလွှတ် ရက်ရက်စက်စက် အပြောခံနေရ၍ ခံပြင်းလာပုံရပါသည်။ ရုံးခန်းထဲက လူအများသည် မိုးတိုးမတ်တတ်တွေနှင့် ပြဿနာကို နားစွင့်နေကြလေပြီ။ တချို့က အခန်းဝနားသို့ပင် တိုးကပ်ရွေ့ရပ်ကာ လာကြည့်နေကြပြီ။

"နေဒွန်း"

"မင်း မတားနဲ့ မိုးဦး၊ ငါ့နေရာမှာ မင်းဆို ရင် မင်း ဘယ်လိုနေမလဲ၊ ဒီလူကို မင်း သတ်ရင်တောင် သတ်ပစ်မယ်"

"ဟာ…ခင်ဗျား တစ်ခုခု လွဲနေပြီ ကိုနေဒွန်း၊ ကျွန်တော်ဟာ ကိုယ့်ကို လူတစ်ယောက်က သတ်ပစ်ချင်လောက်အောင် မုန်းတီးဖို့ရာ ဘာတစ်ခုမှ မမှားယွင်းခဲ့ဖူးဘူး၊ ဒီနေ့ထိ ဘယ်သူ့ကိုမှ မစော်ကားခဲ့ဘူး၊ ဘယ်သူ့ကိုမှ မကောင်းစိတ် မမွေးခဲ့ဘူး၊ ဘယ်သူ့ကိုမှ ရင်သီးလှိုးဖြတ်နှိပ်ကွပ်ခဲ့တာ မရှိဘူး"

"နေဒွန်း"

"ဟေ့ကောင် မိုးဦး"

"မင်း ပြဿနာကို ရုံးပြင်ပမှာ ရှင်းလင်းဆွေးနွေးရင် ကောင်းမယ် နေဒွန်း၊ ကိုဇော်လင်းသက်က ဘာပဲဖြစ်ဖြစ် ဒီမှာ မန်နေဂျာတစ်ယောက်ကွာ"

www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုလူနဲ့ ငါမှာ ဆွေးနွေးနေစရာ မရှိပါဘူး"

"ဒါ လုပ်ငန်းခွင်ကွာ နေဒွန်း၊ ဘယ်သူ တရား ပျက်ပျက် ကိုယ့်ဘက်က လွန်တာ မရှိပါစေနဲ့ကွာ၊ ထွက်စာလဲ ပေးပြီးပြီ လာပါကွာ"

မိုးဦးက နေဒွန်းကို အတင်းဆွဲခေါ်သည်။ ဝင်းထွန်းကြည်ပါ ဝင်လာကာ တစ်ဖက်က လာဆွဲပါသည်။ နေဒွန်းသည် ရုံးခန်းဝရောက်နေကြသော လူတွေကို မြင်လျှင် နှုတ်လေးသွားပါသည်။ သူကတော့ ဒီအလုပ်မှ သံယောဇဉ်ပြတ် ယတိပြတ် ထွက်ကိုထွက်မှာ သေချာနေပြီပင်။

ဒါပေမဲ့ ကိုဇော်လင်းသက်ကတော့ ဒီမှာပဲ ဆက်လုပ်ချင် လုပ်ဖြစ်နေဦးမှာ။ မန်နေဂျာတစ်ယောက်အနေနှင့် လူနှာခေါင်းရှုံ့စရာ အမည်းစက်ကြီးနှင့် ကျန်ရစ်ပါက သူလည်း နေစရာရှိမည် မဟုတ်ပါ။ သူ့ကိုလည်း ဘယ်ဝန်ထမ်းကမှ လေးစားကျန်ရစ်တော့မည် မဟုတ်ပါ။ နေဒွန်းက ဒေါသ တစ်ဖက် ဆင်ခြင်စိတ်တစ်ဖက်နှင့် ဒွိဟဖြစ်ကာ ခဏငိုင်နေသည်။

"ကိုမိုးဦး လွှတ်လိုက်ပါ၊ သူ ပြောပါစေ၊ ခုထိ သူ ပြောတဲ့စကားတွေကို အားလုံး ကြားနေကြပါပြီ၊ ခုနေ ဘာမှဆက်မပြောဘဲ ထွက်သွားရင် ကျွန်တော် ဘာတွေယုတ်မာထားပါလိမ့်ဆိုတဲ့ သို့လောသို့လော သံသယအတွေးတွေနဲ့ အားလုံးကျန်ခဲ့မယ်၊ သူ ပြောလိုက်ရင် ကျွန်တော် ရှင်းပြလို့ရတယ်"

"ရှင်းပြစရာလဲ မလိုဘူး၊ ရှင်းလို့လဲ မရဘူး"



"ဒါ ခင်ဗျား အထင်ပဲ ကိုနေဒွန်း၊ လုံးဝသေချာတာက ကျွန်တော် ဘယ်လူတစ်ယောက်အပေါ်မှ ဒီလောက်ထိ ဖြစ်ရအောင် မယုတ်မာခဲ့ဖူးတာ မကျူးလွန်ခဲ့ဖူးတာပဲ၊ ဒါကြောင့် ခင်ဗျား ဖွင့်ပြောပါ၊ ဖွင့်ပြောတာကို ကျွန်တော် ပိုကြိုက်တယ်၊ ကျွန်တော့်မှာ ဘာအမှားမှ မရှိတာ သေချာတယ်"

"ဪ... ခင်ဗျားက ဖွင့်ပြောစေချင်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဒါဖြင့် ကျွန်တော်က ဘာမှ ငဲ့ပြီး ဆင်ခြင်နေစရာ မလိုပါဘူး၊ ခင်ဗျားကို ရွံ့လို့၊ ခင်ဗျားကို တစ်စက်မှ မလေးစားလို့၊ ခင်ဗျား မျက်နှာတောင် မကြည့်ချင်အောင် အထင်သေးလို့၊ ဒါကြောင့် ဒီအလုပ်က ထွက်တယ်"

"ကောင်းပြီ၊ ဒါတွေဟာ ဘာအကြောင်းကြောင့်လဲ"

"သူများဇနီးမယားကို ကြာခိုလို့ဗျာ ရှင်းပြီလား"

ဝေါခနဲ အာမေဋိတ်သံတွေ ပြုံထွက်လာကာ ဇော်လင်းသက်မျက်နှာမှာတော့ မည်းမှောင် ညစ်ပုပ်သွားပါသည်။

"ခင်... ခင်ဗျား ဘာတွေလာပြောနေတာလဲ၊ ခင်ဗျား စော်ကားလှချည်လား၊ ဘာသံသယနဲ့ ဒီလို တစ်ထစ်ချ စွပ်စွဲရတာလဲ၊ ခင်ဗျား..."

www.burmeseclassic.com

www.burmeseclassic.com

"ဘာလို့ တစ်ထစ်ချ စွပ်စွဲနိုင်သလဲဆိုတော့ ခင်ဗျား ကြာခိုဖို့ ကြိုးစားနေတာ ကျွန်တော့်မိန်းမမို့ပဲ၊ ကဲ…ရှင်းပလားဗျာ"

"ဟာ…ခင်ဗျား၊ ခင်ဗျား မိန်းမ ဘယ်သူလဲ ဆိုတာတောင် မသိဘူး၊ ဘာတွေအသားလွှတ် လာ စွပ်စွဲနေတာလဲ၊ ခင်ဗျား စော်ကားလွန်းတယ်၊ တောက်…ခင်ဗျား တော်တော်လွန်ပြီ ကိုနေဒွန်း၊ ဒီကိစ္စ မျိုးနဲ့များ ကျွန်တော့်ကို…"

"ချိန်းတွေ့တာလဲ ကိုယ်တိုင် လိုက်ချောင်းပြီးပြီ၊ ခင်ဗျား ညနေဘက် ညဘက်တွေ ကျုပ် မိန်းမဆီ ဖုန်းဆက်ဆက်နေတာလဲ သိတယ်၊ အိမ်ထောင်ကို ကွာခဲ့ဖို့ စည်းရုံးနေတာကိုလဲ သိတယ်"

"ဟာ…"

"ရတယ်၊ ခင်ဗျားတို့ ကြိုက်သလို လုပ်လို့ ရတယ်၊ သူ့ကို ကျွန်တော် ကွာပေးမယ်၊ ဒီလို အနေအထားမျိုးကိုတော့ လုံးဝ ခွင့်မလွှတ်နိုင်ဘူး၊ ခင်ဗျားတို့ ရည်းစားဟောင်းချင်း ယူချင်လဲယူနိုင် တယ်"

"ရည်းစားဟောင်း၊ ဘယ်သူလဲ၊ ဘာကို ပြော နေတာလဲ"

"ခင်ဗျားကိုယ်တိုင် မူးမူးနဲ့ ဝန်ခံခဲ့တဲ့ ငယ်ချစ် ဟောင်းလေ၊ ဉဒေါင်းပျိုလေ၊ မန္တလေးက ကိုသိမ်း



မင်းရဲ့ညီမ၊ မိဘပေးစားတာကို ယူသွားတဲ့ 'ဒေါင်း' ဆိုတာလေ၊ ကဲ..ဘာငြင်းမလဲ၊ ပြော…ငြင်းလို့ ရသေးလား"

"ဒေါင်းဒေါင်းက ခင်ဗျားဇနီး ဟုတ်လား"

ဇော်လင်းသက်က တအံ့တသြ ရေရွတ်လိုက်ပါသည်။ ပါးစပ်အဟောင်းသား၊ ခံစားချက်မှန်းရခက်သော မျက်နှာနှင့် ရုတ်တရက် နှုတ်ဆိတ်နေသည့် ကိုဇော်လင်းသက်ကို မှန်းတီး ခံပြင်းစွာ ကြည့်နေရာမှ နေဒွန်းက ချာခနဲ လှည့်ကာ တောက် လျှောက်ပြန်ခဲ့ပါတော့သည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

"ငါလဲ စိတ်ညစ်တယ်၊ နင်တို့မောင်နှမနှစ်ယောက်လုံး တစ်ဒုက္ခပြီး တစ်ဒုက္ခ၊ ညည်းကိစ္စကို မန္တလေးကို မပြောဘဲ ဖုံးထားလို့ရမလား၊ တစ်နေ့မပေါ်မယ့်ကိစ္စလား"

"မေမေတို့ ဆူလိမ့်မယ် အန်တီလေးရ"

ဥဒေါင်းပျိုက ငိုရင်းရှိုက်ရင်း ပြောသည်။ အန်တီလေးအိမ်ရောက်ကတည်းက ဆက်တိုက်တငိုတည်းငိုနေရတာပင်။ ရင်ထဲလည်း ခါးသီးနာကျည်းမှုက ဖိစီးနှိပ်စက်လှပါသည်။

"ယောက်ျားတွေက ကောင်းကို မကောင်းဘူး၊



ကိုကိုလဲ မကောင်းဘူးတွေ့လား၊ သူလဲ အဲဒီ အတိုင်းပဲ"

"နေစမ်းပါဦး ဒေါင်းဒေါင်းရယ် မောင်နေဒွန်းက သူတကယ်ပဲ ဟိုကောင်မလေးနဲ့ဖြစ်ပျက်တယ်လို့ သူ့ပါးစပ်က ပြောသလား"

"သူကတော့ ဘယ်ပြောမလဲ၊ ဒေါင်းဒေါင်းကိုယ်တိုင် တွေ့ပြီး သိလာတာ၊ သူကတော့ သူ့ကို မစွပ်စွဲနဲ့လို့တော့ ပြောတာပေါ့၊ ငြင်းနေတာပေါ့"

"သူ ငြင်းနေကာဆိုတော့ အမှန်ကို သိအောင် စုံစမ်းသင့်သေးတာပေါ့ ဒေါင်းဒေါင်းရယ်"

"ဘယ်သူက ဝန်ခံမှာလဲ အန်တီလေးရာ"

"နေဒွန်းက ဒီလို ပေါက်လွှတ်ပဲစားလေး မဟုတ်ပါဘူး၊ သူ့မိဘက ကောင်းကောင်းဆုံးမထိန်းကျောင်းတာ၊ ပိပိရိရိ လိမ်လိမ်မာမာပါ၊ ငါ ကြားတာတော့ ဒီအတိုင်းပဲ၊ ကိုယ် မြင်တယ်ဆိုပေမယ့် အဖြစ်အပျက်က အမျိုးမျိုးဖြစ်နိုင်သေးတာပဲ၊ သူကလဲ မဟုတ်ဘူးပြောနေတယ်၊ ငိုလိုက်ရတာလဲ ပင်ပန်းလှပါပြီအေ"

"ဒေါင်းဒေါင်းရေ..."

ဧည့်ခန်းထဲ တူအရီးနှစ်ယောက် ခံစားငိုင်တွေ ဆွေးနွေးဆဲ အိမ်ရှေ့က ခေါ်သံ တစ်ချက်ထွက်လာသည်။ ဒေါင်းပျိုက ခေါင်းမတ်သွားကာ...

"ဟော...အဲဒါ မိနိုင်အသံ၊ မိနိုင် လာပြီ

www.burmeseclassic.com

www.burmeseclassic.com



အိုးဟိုး…”

ချစ်သော သူငယ်ချင်းရောက်လာ၍ တစ်ဆင့်တိုးကာ ထပ်ဝိုင်ချလိုက်ပြန်ပါသည်။ အန်တီလေးက တံခါးထ ဖွင့်ရင်း…

“ဟဲ့…ဒေါင်ဒေါင်း ဧည့်သည်ပါတယ်၊ ထိန်းဦး”

ဥဒေါင်းပျိုသည် မိနိုင်နှင့် ဧည့်သည်ပါသည်ဆိုသဖြင့် ထိုင်ရာမှ ကိုယ်ကို ယိမ်းကိုင်းကာ လှမ်းကြည့်လိုက်သည်။ မိမိနိုင်နောက်မှ အမျိုးသမီးကို မြင်လျှင် မိုက်ခနဲ ဖြစ်ကာ ဥဒေါင်းပျိုက ခေါသတကြီး ဝုန်းခနဲ ထရပ်လိုက်ပါသည်။

“မိနိုင်…နင်”

“စိတ်အေးအေးထားစမ်းပါ ဒေါင်ဒေါင်းရယ်၊ နင်ကလဲ၊ ငါနဲ့ပပ ဆေးခန်းမှာပဲ ဆုံလာတာ”

“နင် သူ့ကို ဘာမှ ခေါ်လာစရာ မလိုဘူး”

“မလိုရင် ငါက ခေါ်လာပါ့မလား၊ နင့်ဒေါသကို လျှော့စမ်းပါ၊ အန်တီလေး တူမကို ပြောဦး”

ကြောင်ကြည့်နေသော အန်တီလေးက တဆတ်ဆတ်တုန်နေသော ဥဒေါင်းပျိုကို ထွေးဖက်လိုက်ကာ…

“စိတ်ထိန်းမှပေါ့ သမီး၊ မိနိုင်က သမီး စိတ်ညစ်ရအောင် လုပ်လာပါ့မလား၊ ဘာပြောမလို့လဲ နားပဲထောင်ကြည့်စမ်းပါဦးအေ”

ဥဒေါင်းပျိုသည် နှုတ်ခမ်းကို ဖိကိုက်ကာ စိတ်ထိန်းသည်။ ပပ ဒီကို လိုက်လာတာဟာ တစ်ခုခု ရှင်းပြဖို့ပဲဆို



သည်ကို သဘောပေါက်နိုင်ကာ ယုံတာ မယုံတာထား အဖြစ်ကိုဖြင့် သိချင်သေးသည်။ ပပကို မြင်လျှင် ခံစားချက်တွေက ပို၍ ရှန်းကြွဆိုးဝါးလာရသည်မှန်သော်လည်း ဥဒေါင်းပျိုက စိတ်ကို လျှော့ချလိုက်ပါသည်။

“မိနိုင်…ထိုင်၊ ဟဲ့သမီးလဲ ထိုင်ကွယ်”

ပပက တည်ငြိမ်သော မျက်နှာသေနှင့် ထိုင်သည် ဆိုရုံလေး ဆိုဖာစွန်း၌ ဝင်ထိုင်လိုက်ကာ…

“တို့က ကိုနေဒွန်း အိမ်ထောင်ရေး မမျှော်လင့်ဘဲ ပျက်စီးသွားတာ ကြားလို့ စိတ်မကောင်းလို့ ခုလိုက်လာတာပါ၊ ဥဒေါင်းပျိုကို စိတ်ဒုက္ခပေးဖို့လဲ မရည်ရွယ်ဘူး”

“သြော်…ကိုနေဒွန်းက ရှင့်ကို အကြောင်းစုံ ပြောတယ်ပေါ့”

“တို့ကို မပြောပါဘူး၊ သူ မနေ့က ထွက်စာတင်ပြီး ကိုဇော်လင်းသက်ကို ချဲတာ တို့တင်မက ဘူး တစ်ရုံးလုံး သိကုန်တာပေါ့၊ သူ့စကားထဲမှာတော့ ဥဒေါင်းပျိုအပေါ် စွပ်စွဲချက်ပဲ ပါတယ်၊ တို့နဲ့သူ့ကို ဥဒေါင်းပျိုက စွပ်စွဲတာ မသိရပါဘူး၊ ဒီနေ့ အိုဂျီပြဖို့ ဆေးခန်းကို သွားတော့မှ ဟိုဆေးခန်းကိုပဲ သွားမိတော့ ဒီက မမိမိနိုင်နဲ့တွေ့တယ်၊ မမိမိနိုင် စကားလာပြောမှ တို့တွေဘက်ကိုပါ ဥဒေါင်းပျိုက တန်ပြန်စွပ်စွဲထားသေး တယ်ဆိုတာ သိရတယ်”

www.burmeseclassic.com

www.burmeseclassic.com



"တန်ပြန်ခွပ်စွဲထားတယ်ဆိုတော့ ကျွန်မကပဲ ကိုယ်အပြစ်ရှိလို့ သူများကို အပြစ်ရှာသလိုဖြစ်နေတာပေါ့၊ ကျွန်မနဲ့ကိုကိုဇော်က ဘာမှ အရှုပ်အရှင်း မရှိဘူး"

"ဒါက တို့နဲ့ မဆိုင်ပါဘူး၊ ရှိသည်ဖြစ်စေ မရှိဘူးဖြစ်စေ အရေးမကြီးပါဘူး၊ အရေးကြီးတာက တို့ကိုယ်ဝန်ရှိတာ မှန်တယ်၊ ဒါဟာ ကိုနေဒွန်းနဲ့ ဘာမှ မပတ်သက်ဘူး"

ဥဒေါင်းပျိုက မျက်ခုံးပင့်၍ ပပကို စိုက်ကြည့်နေမိသည်။

"ကျောင်းတုန်းက ကိုနေဒွန်း တို့ကို လိုက်ခဲ့တယ် မှန်တယ်၊ တို့ သူ့ကို ခင်တယ်၊ ခင်မင်လို့ကို ပြန်လက်မခံတာပဲ၊ ချစ်လဲမချစ်ဘူး၊ မချစ်ဘဲနဲ့လဲ အပျော်တွဲရမယ့် လူမျိုးထဲ သူ မပါဘူး၊ သူ ဥဒေါင်းပျိုနဲ့ လက်ထပ်ပြီးတဲ့နောက် အင်မတန် အနေအထိုင်တည်တဲ့မှန်ကန်တယ်၊ ကိုနေဒွန်း နှုတ်က တို့နဲ့ ပတ်သက်ပြီး ဘာဘာညာညာတွေ လုပ်ကြံပြောခဲ့တာ မမိမိနိုင် ပြောပြတယ်၊ ဒါတွေ သူ အလကား အနိုင်ယူပြောတာ၊ သူက အင်မတန် အနေမှန်တယ်၊ ဒါကို မယုံရင်တော့လဲ ကိုယ့်သဘော ကိုယ်ဆောင်ပေါ့"

ဥဒေါင်းပျိုက ပပကို အမြင်ကတ်မိပါသည်။ ပြောပုံကိုက ခပ်တည်တည်။





"သူ အနေမှန်တဲ့အပြင် တို့ကိုလဲ ဆုံးမတယ်၊ အမြဲဆုံးမတယ်၊ တို့ပုံစံက သူ ဆုံးမချင်စရာဖြစ်နေတာကိုး၊ သူ့ကို တို့က စကားနားမထောင်တဲ့အပြင် ပြန်ပြန်ပြီးတော့တောင် စ,နေကျ၊ အလေးအနက် မထားဘူး၊ သူ ပြောလေ အတွန့်တက်လေ၊ တို့ သိပ်မှားတယ်၊ အနေအထိုင်လဲ မပြင်ခဲ့ဘူး၊ တို့ နေပုံထိုင်ပုံက လူ တန်ဖိုးမထားလောက်စရာ တကယ်ဖြစ်နေခဲ့တာ အခု တို့နောင်တရတော့ နောက်ကျသွားပြီ ဥဒေါင်းပျိုရယ်"

ပပက မျက်ရည်လည်လာခဲ့ပါသည်။ ဒါပေမဲ့ သိပ်ဂရုမစိုက်တတ်လှတဲ့ သူ့ရဲ့ နဂိုစရိုက်ခံကလည်း ရှိနေသေးရာ ခေါင်းကို ခါပြီး မျက်လုံးပုတ်ခတ်၍ ဖြေသိမ့်လိုက်ပါသည်။

"ဥဒေါင်းပျိုနဲ့ မြို့ထဲမှာ တွေ့တဲ့နေ့၊ တို့ မုန့်ဟင်းခါးစားဖြစ်တယ်ဆိုတဲ့ နေ့က တို့တွေ အလုပ်ကိစ္စတစ်ခုကအပြန် တို့ ဖွတ်ပြောလို့ ဝင်စားဖြစ်တာပဲ၊ သူ မစားချင်ဘူး၊ စားလဲ မစားခဲ့ဘူး၊ အဲဒီနေ့က ဥဒေါင်းပျိုနဲ့လဲ ဆုံလိုက်တော့ အထင်လွဲခံရတော့မယ်ဆိုပြီး သူလဲ သိပ်စိတ်ညစ် သွားတယ်ထင်တယ်၊ တို့ကို အတော်ကို နစ်နစ်နာနာ ရက်ရက်စက်စက် ဝေဖန်ပြောဆိုခဲ့တယ်၊ အတော်ကို ဖိပြောခဲ့တာ၊ တို့ စိတ်တောင်ဆိုးခဲ့တယ်၊ သူ့ကို စိတ်တောင်နာတယ်"

ပပကို ဥဒေါင်းပျိုက ငေးကြည့်နေမိပါသည်။ ပပ မျက်နှာဟာ အရင် နှစ်ကြိမ်မြင်ဖူးတာနှင့် မတူ။ တည်ငြိမ်နေ

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဘဝ၌ အထိနာခဲ့ပြီမို့လဲ ဒဏ်ရာရသွားသော ခံစားချက်မျက်နှာမျိုးနှင့်ပင်။

"ဒါပေမဲ့ အဲဒီနေ့ကပဲ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့ကပါပဲ၊ အဲဒီညနေ အိမ်ပြန်ရောက်တော့ အိမ်မှာ တို့ အမေရော ကြီးတော်ရော မရှိဘူး၊ ရပ်ကွက်ထဲကပဲ ဘုရားကိုးဆူတစ်ခုကို သွားနေကြတယ်၊ အိမ်မှာ တို့တစ်ယောက်တည်း၊ တစ်သက်လုံးနေလာတဲ့ ရပ်ကွက်ဆိုတော့ နေရိုးနေစဉ် တံခါးဖွင့်ရက်ပဲ စိတ်ချလက်ချ နေမိခဲ့တယ်၊ အဲဒီတုန်း အဲဒီ ရပ်ကွက်ကပါပဲ ခင်နေတဲ့ တို့ကို လိုက်နေတဲ့ တို့ကလဲ ဘာမှမဟုတ်ဘဲ ပြန်ရောနေမိတဲ့ လူတစ်ယောက်ရောက်လာတယ်၊ မမျှော်လင့်ဘဲ အနိုင်ကျင့်ခံခဲ့ရတယ်"

ညည့်ခန်းက တိတ်ဆိတ်သွားပါသည်။ ပပက တစ်ချက် ရှိုက်လိုက်သည်။ မျက်ရည်တော့ ကျမလာပေ။ သူ့အမှားသူသိကာ စိတ်ကို ဆောက်တည်ထားသည် ထင်ပါသည်။

"တို့ မချစ်တဲ့ မယူချင်တဲ့ လူတစ်ယောက်ကို ဂရုမစိုက် ပေါ့ပေါ့ဆဆ အရောဝင်ဆက်ဆံမိခဲ့တဲ့ ရလာဘ်ပဲ၊ သူလဲ တို့ကို တန်ဖိုးမထားလို့ စော်ကားမော်ကား ပြုရဲတာ၊ တို့ သိပ်နောင်တရတယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ၊ အခု တို့ ကိုယ်ဝန်ရှိလာတယ်၊ ဒါပေမဲ့ ကံကောင်းတာတစ်ခုက ဒီလူဟာ ဒီကြားထဲလဲ တို့ကို တောင်းပန်ရင်း ခုထိ လက်ထပ်ခွင့်ကို တောင်းနေ



တုန်းမို့ပါပဲ၊ သူ့တာဝန်ကို သူ ယူမှာပါ၊ ဒီတစ်ခု တို့ကံကောင်းသွားပါတယ်၊ ဒါပေမဲ့ တစ်ခါမှ စိတ်ကူးထဲ မရှိခဲ့တဲ့ လူတစ်ယောက်ကို အနေအထိုင်မတတ်လို့ လေးစားအောင် မနေတတ်လို့ စိတ်ဒုံးဒုံးချပြီး လက်ခံရတော့မှာပဲ"

အားလုံးက ပပကို ငေးကြည့်နေကြပါသည်။

"အဲဒီတော့ တို့လဲ မကြာခင် လက်ထပ်ရတော့မှာပဲ၊ ယုံတာ မယုံတာက ဥဒေါင်းပျိုသဘောပါပဲ၊ အဲဒီနေ့က မူးအလဲမှာ ကိုနေဒွန်းနဲ့ ကိုမိုးဦး နှစ်ယောက် ဆေးခန်းလိုက်ပို့ပေးကြတယ်၊ ဆရာဝန်နဲ့တွေ့ပြီးတော့ တို့တကောက်ကောက်လိုက်ရမှာစိုးလို့ ကိုမိုးဦးက ငွေချေ ဆေးဝယ်သွားလုပ်နေတုန်း တွေ့ကြတာ ဖြစ်ပါလိမ့်မယ်၊ ကဲ...တို့ ပြန်တော့မယ်"

ပပ ထလိုက်သဖြင့် ဥဒေါင်းပျိုလည်း ယောင်ရမ်းထရပ်လိုက်မိကာ တိုးတိတ်သော အသံကလေးနှင့်...

"မပပ တစ်ယောက်တည်း ပြန်နေရမယ်၊ မှောင်နေပြီ၊ ကိုကို ခဏနေရင် ပြန်ရောက်လာမှာပါ၊ ဒေါင်ဒေါင်းပါ လိုက်ခဲ့ပြီး ပြန်ပို့ပါ့မယ်"

ပပက တွေတွေဝေဝေနှင့် ဥဒေါင်းပျိုကို ပြန်ကြည့်နေပါသည်။ မိမိနိုင်မှာ သက်ပြင်းတစ်ချက်ချကာ ခုမှ ရင်အေးရပါသည်။ ဥဒေါင်းပျို လက်ခံယုံကြည်လိုက်ပြီဆိုတာကို သိလိုက်နိုင်၍ပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့…ခြံတံခါးဝမှာ ဆူဆူညံညံနဲ့ သိမ်းမင်း တစ်ယောက် ဘာတွေဖြစ်လာပြန်သလဲ မသိပါဘူး"

အန့်တီလေးက ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းသွားပါသည်။ ဦးခေါင်းပျိုနှင့်မိမိနိုင်တို့လည်း အိမ်တံခါးအထိ လာကာ ခြံဝသို့ မျှော်ကြည့်မိကြသည်။

"မဝင်ဘူးဗျာ၊ မဝင်နိုင်ဘူး၊ ဒီကြောင်ကို ဆက်ထိန်းသိမ်းမထားနိုင်လို့ လာပို့တာ တစ်ခုပဲ၊ အိမ်ထဲဝင်ဖို့လဲ ဘာရည်ရွယ်ချက်မှ မရှိဘူး၊ ခင်ဗျားလဲ ကျွန်တော့်ကို ဘာမှ အမိန့်ပေးနေစရာ မလိုဘူး ကိုဇော်လွင်းသက်"

"ကျွန်တော် အမိန့်ပေးနေတာ မဟုတ်ဘူး၊ ခင်ဗျားတရားလွန်လွဲနေပြီ၊ ကျွန်တော်တို့ ပြောချင်တဲ့ စကားကိုတော့ နားထောင်ပေးသင့်တယ်၊ ခုပဲ ကျွန်တော် သိမ်းမင်းကို အပြင်မှာ ဒီကိစ္စ ပြောပြီး ပြန်လာတာ"

"နားထောင်စရာ မလိုဘူးဗျာ"

"ဒီမှာ နေဒွန်း မင်း နားထောင်ပါလို့ ငါ အစ်ကိုယောက်ဖတစ်ယောက်အနေနဲ့ တောင်းပန်တယ်၊ ဘာကြောင့်လဲဆိုရင် မင်း အထင်လွဲနေတဲ့ ကိစ္စက ငါ့အကြောင်းနဲ့ပတ်သက်နေလို့ပဲ"

"ကျွန်တော် အထင်လွဲနေတာ မဟုတ်ဘူး ကိုသိမ်းမင်း"



"မင်း အထင်လွဲနေတာကွ၊ မင်း ငါ့ညီမကို ရက်ရက်စက်စက် အထင်လွဲနေတာ၊ မင်း အခု ရှင်းပြတာကို ကောင်းကောင်းနားထောင်မလား၊ ဒါမှမဟုတ် နားမထောင်လို့ မရအောင် အကြမ်းဖက်ပြီး ဖွတ်နားထောင်ခိုင်းရမှာလား"

နေဒွန်းက ကိုသိမ်းမင်း၏ မျက်နှာမာမာကို ခပ်ဖြုံဖြုံ တစ်ချက် ကြည့်လိုက်မိပါသည်။ လက်ထဲမှာ ကြောင်ကြီး မွေ့ပိုက်နေလျက်သားနှင့်ပင် ကြောင်တက်တက် ငြိမ်သက်သွားရပါသည်။

"ငါ့ညီမလို မိန်းကလေးတစ်ယောက် ဒီလောက်ရိုးသားအေးချမ်းတဲ့ မိန်းကလေးတစ်ယောက်ကို မင်း ဒီကိစ္စမျိုး အထင်လွဲတာ လွန်လွန်းအားကြီးတယ်၊ ခေါင်ခေါင်းဟာ ကလေးတစ်ယောက်လိုကို ရိုးတယ်၊ ရှင်းရှင်း ပြောမယ်၊ ဇော်လင်းသက်က သူ့ကို ကျိတ်ကြိုက်နေတာကို သူ သိတာ မဟုတ်ဘူး"

"ဗျာ…"

"ဒီကောင်က ငါနဲ့ခင်လို့ အိမ်ကို ဝင်ထွက်နေတာ၊ ငါ့ညီမကို ကြိုက်တာ ငါ ရိပ်မိပါတယ်၊ သိသာပါတယ်၊ ဒါပေမဲ့ ငါတို့အမေက သူတို့ ပေးစားတဲ့ ချွေးမ၊ သမက်ကိုပဲ ယက်ခံကြရမယ်ဆိုတဲ့ မူ လုပ်ထားတာသိတော့ သူ ဖွင့်မပြောခဲ့ဘူး၊ ချိတ်ချိတ်ချိတ် လန့်ပြီး နေနေတာ၊ နောက်တော့ မေမေက မင်းနဲ့

www.burmeseclassic.com



ပေးစားမယ်ဖြစ်ရော၊ သီးသန့်တစ်ယောက်ရွေးချယ်လိုက်ပြီဆိုတော့ ဒီကောင်က ပိုတောင် ပြောမထွက်တော့ဘူး၊ ပြောကို မပြောခဲ့ဘူး၊ ငါ့သူငယ်ချင်းဆိုတော့ ခေါင်ခေါင်းဟာ သဘောရိုးနဲ့ အစ်ကိုလိုပဲ ခင်နေတယ်"

နေဒွန်းသည် ကိုဇော်လင်းသက်ကို ငဲ့ကြည့်လိုက်ပါသည်။ ဇော်လင်းသက်က ခေါင်းငုံ့ကာ ရပ်နေသည်။

"ဒီကောင် မင်းတို့ ဒင်နာမှာ မူးမူးနဲ့ပြောတာကလဲ သူ့ဘက်က ချစ်ရတဲ့ ငယ်ချစ်အဖြစ်နဲ့သာ ပြောတာ၊ ဒါလဲ သူ မူးလို့သာ ပြောထွက်သွားတာ၊ ဒီကောင်လုံးလုံးပြောတတ်တဲ့ကောင် မဟုတ်ဘူး နေဒွန်း၊ ငါ့သူငယ်ချင်းအကြောင်း ငါ သိပါတယ်"

"သူတို့ ချိန်းပြီး ဆုံကြသေးတယ်"

"ဒါလဲ ဘာဆန်းသလဲ၊ သဘောရိုးနဲ့ ချိန်းဆုံကြတာပဲ၊ ဒီကောင်က ငါ့ကိစ္စ ငါ့အကြောင်းကို ငါ့ညီမဆီ ဖောက်သည်ချစရာရှိလို့ အဲဒါ ခေါ်ပြောတာ"

"ပြီးတော့ ဖုန်းပြောတယ်"

"ဖုန်းပြောတာ ဘာဖြစ်သလဲကွ"

နေဒွန်းက အိမ်ဖက်ဆီ တစ်ချက် လှမ်းကြည့်လိုက်ပါသည်။ အိမ်ဝဌ် ပြူတစ်တစ်ထွက်ရပ်ကြည့်နေသည့် နှစ်ယောက်အနက် ဥဒေါင်းပျိုက လှစ်ခနဲ ကိုယ်ကို ရှို့ကာ



တံခါးအတွင်းဖက်သို့ ကွယ်ပုန်းလိုက်သည်။ သူ့အပေါ် စိတ်နာတင်းမာကာ အိမ်ထဲက ထွက်ပေါ်လာမည် မဟုတ်ဘူးလို့ မျှော်လင့်ထားခဲ့၍ ဤသို့ ထွက်ရပ်ကြည့်နေတာအပေါ် အံ့အားသင့်ကာ နေဒွန်း ရင်ထဲ လှုပ်ခနဲတစ်ချက်ဖြစ်သွားရပါသည်။

"ကဲ…ပြောစမ်းပါ၊ မင်း ထုံပေပေ လုပ်မနေပါနဲ့"

တကယ်တော့ ကိုသိမ်းမင်းနှင့် နေဒွန်းက အဲသလောက်ကြီး ရင်းနှီးကြတာလည်း မဟုတ်ပါ။ သို့သော် ခုတော့ ကိုသိမ်းမင်းက သူ့ကို ငယ်ပေါင်းကြီးဖော်ပမာ မင်းနှင့်ငါ ချနေသည်။

"သူတို့ဘာတွေပြောတယ် ကိုသိမ်းမင်း သိလို့လား"

"အားလုံးအတိအကျတော့ ဘယ်သိပါ့မလဲကွ၊ ဒါပေမဲ့ အကြောင်းအရာ အကြမ်းဖျဉ်းတော့ သိတာပေါ့"

"ကျွန်တော်က ကိုဇော်လင်းသက် ဘာပြောတယ်ဆိုတာ မကြားပေမယ့် ဥဒေါင်းပျိုပြောနေတာတွေ အားလုံးကြားနေရတာ"

"အဲဒီတော့…"

"တစ်နေ့မှာ ဖုန်းပြောတော့ သူက သိုဲစိတ်ညစ်တာပဲလို့ အရင်ဆုံး ညည်းတယ်၊ ပြီးတော့ ဟိုဘက်က ဘာတောင်းဆိုသလဲမှ မသိတာ၊ သူ့ထောင်ပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်တစ်ခုကို ဖျက်ပစ်ခဲ့ဖို့ဆိုတာ လွယ်တာ မဟုတ်ဘူးတဲ့၊ ကိုယ်ဖြစ်ချင်တဲ့ စိတ်ဆန္ဒတစ်ခုကိုပဲ ဦးစားပေးလို့ ဘယ်ဖြစ်ပါ့မလဲ…တဲ့၊ ဒါ အတိအကျ ပဲဗျ။ ဒီစကားထွက်လာတာဟာ ဟိုတစ်ဖက်က သူ့ကို အိမ်ထောင်ကို ကွာခဲ့ဖို့ တောင်းဆိုတာကလွဲလို့ ဘာ ဖြစ်နိုင်ဦးမှာလဲ''

ကိုသိမ်းမင်းက တစ်ခဏ ငြိမ်သက်နေပါသည်။ ကိုသိမ်းမင်း ငြိမ်နေ၍ ကိုဇော်လင်းသက်က တစ်ချက် လှုပ်ရှားလာကာ ကိုသိမ်းမင်းထံ ဖြတ်ခနဲ လှမ်းကြည့်လိုက်သည်။

``ကဲ…ဒီအတွက် ဖြေရှင်းစကား မရှိနိုင်ဘူး မဟုတ်လား''

``ရှိပါတယ်''

ကိုသိမ်းမင်းက တိုးတိုးပြောလိုက်ပါသည်။

``ဒါပေမဲ့ ဒါကို မဖြေရှင်းလို့ မရဘူးလား၊ မင်း ဒေါင်ဒေါင်းကို မယုံဘူးလားကွာ နေဒွန်း''

``သူ့ကို ကျွန်တော် ယုံချင်တယ်၊ ယုံအောင် သူ ရှင်းပြလို့လဲ ရခဲ့တယ်၊ ကျွန်တော် စွပ်စွဲခဲ့တာပဲ၊ ဒီစကားဟာ ဘာပါဆိုတာ သူ ရှင်းမပြနိုင်ဘူး''

``သူ ရှင်းမပြခဲ့တာက အစ်ကိုဖြစ်တဲ့ ငါ့ကိုလဲ ငဲ့လို့၊ သူ ရှက်လဲ ရှက်နေလို့ပါ နေဒွန်း၊ ဒီကိစ္စဟာ ငါ့ကိစ္စပါ၊ ဇော်လင်းသက်နဲ့ ဒေါင်ဒေါင်း တို့နဲ့ ဘာမှ မဆိုင်ပါဘူး''



``အဲဒါ ဘာလဲ''

``မင်း အတော်လက်တွေ့ကျချင်တဲ့ ကောင်ပါလား နေဒွန်း၊ ကဲ…မင်းဘက်မှာ ဒေါင်ဒေါင်း အထင်လွဲစရာ တွေဖြစ်နေတာကျတော့ရော၊ မင်းကော ရှင်းလို့လား''

``ကျွန်တော် လုံးဝရှင်းတယ်''

``မောင်သိမ်း အဲဒီကိစ္စ ရှင်းသွားပြီကွယ့်၊ ခုနပဲ အဲဒီ ကာယကံရှင် ကောင်မလေး အိမ်လာ ရှင်းပြပါ တယ်၊ မောင်နေဒွန်းမှာ ဘာမှ အပြစ်မရှိဘူး၊ သံသယလဲ ပင်စရာ မလိုတော့ဘူး''

နေဒွန်းသည် အန်တီလေး ဘေးမှ ပင်ပြောလိုက်သော စကားကြောင့် အံ့ဩသွားပါသည်။ ပပ လာရှင်းပြသတဲ့။ သူ ပပကို အကြီးအကျယ် ကျေးဇူးတင်လိုက်မိပါသည်။ ဩော်… ဒါကြောင့်လည်း ဥဒေါင်းပျိုခမျာ စိတ်မနာနိုင်တော့ဘဲ တံခါးဝ ပြူတစ်ကလေး ထွက်ပြီး စိတ်ဝင်စားနေတာပေါ့။

``ဟဲ ဟဲ ကွာ ငါလဲ ငါ့ယောက်ဖရှေ့ အရှက် တကွဲဖြစ်ရလဲ ဖြစ်ပါစေတော့၊ ကိုယ့်ညီမ ပြဿနာ ရှင်းအောင်တော့ ပြောပြရတော့မှာပေါ့၊ မိဘပေးစားတဲ့ မိန်းမကို ယူခဲ့ပြီး အတော်ကြာမှ ငါ တကယ်ချစ်မိတဲ့ မိန်းမတစ်ယောက်ကို တွေ့ပြီး ငါ ငြိသွားတယ်ကွာ၊ ရန်ကုန်ရောက်လာတာ အဲဒီ ကိစ္စအဓိကပါပဲ၊ ကောင်မလေးက မန္တလေးကနေ ဒီကို ရောင့်လာလို့ ငါပါ ဒီရောက်လာမိခဲ့ရတာပါ၊ ဒါကို ဇော်လင်းသက်

www.burmeseclassic.com

www.burmeseclassic.com



သိတော့ တားတယ်၊ ဖျောင်းဖျတယ်၊ မရတော့ ဒေါ်င်ဒေါင်းကိုပါ ဒီကောင်က သွားတိုင်တယ်"

နေဒွန်းသည် ယောက္ခမဖတော် ကိုသိမ်းမင်းကို မျက်ခုံးပင့်၍ ကြည့်နေမိပါသည်။

"အဲဒီကိစ္စပါပဲကွာ၊ သူတို့ ဖုန်းဆက်ကြတယ်၊ တိုင်ပင်ကြတယ်၊ အဲဒီ မင်း အထင်လွဲတဲ့စကားကလဲ အဲဒီကိစ္စကိုပဲ ပြောနေတာ၊ ငါက ဒီကောင်မလေးဘက်ကိုပဲ ရှေ့တိုးဖို့ ကြံနေတယ်ဆိုတာ ဒီကောင်က ပြောတယ်၊ ဒေါင်ဒေါင်းက ဘယ်ဖြစ်ပါ့မလဲလို့ ငြင်းတယ်၊ အဲဒါပဲ၊ ဒါကို ဒေါင်ဒေါင်းက အစ်ကိုအစား ရှက်လို့ မင်းကို မပြောဘူး၊ ဒါပဲ၊ ကဲ…မင်း ကျေနပ်လက်ခံရင်လဲ ပြီးရော၊ မကျေနပ်ရင်လဲ ပြန်ကွာ၊ ငါကလဲ ဝတ္တရားဝန်ရှိလို့သာ ရှင်းပြတာ၊ မင်းတို့အတွက်လဲ ရင်လေးတယ်၊ မင်းတို့လဲ မေတ္တာမပါဘဲ လူကြီးတွေ စီစဉ်လို့ ယူကြရတာဆိုတော့ တစ်နေ့သောအခါ ငါ့လို အဖြစ်မျိုးနဲ့ကြုံလာရင် ငါ့မှာတော့ ကလေးတွေ ဘာတွေလဲ ရှိနေပြီ၊ သံယောဇဉ်တွေက ဟိုကတင်း ဒီကတင်း၊ မင်းတို့လဲ ရှေ့ဆက်ဖို့ မဖြစ်နိုင်ဘူးထင်ရင် စောစောလမ်းခွဲဖြစ်တာ ကောင်းဘယ်၊ ခုဆို ကလေးလဲ ရှိကြသေးတာ မဟုတ်ဘူး၊ နောင်ဆို ဒီထက်ဆိုးမယ်၊ ကဲ…ဒါပဲ၊ ရှင်းပြချင်တာလဲ ပြီးပြီ၊ ကြောင်ထားမယ်ဆိုရင် ထားခဲ့ပြီး ပြန်ရင်ရပြီ"



"ဟာ…"

နေဒွန်းက မျက်လုံးပြူးလိုက်ရင်း…

"အားလုံးရှင်းပြပြီးမှ ကျွန်တော်က ကြောင်ထားခဲ့ပြီး ပြန်နိုင်ပါတော့မလား ကိုသိမ်းမင်းရာ၊ အခု ရှင်းပြတဲ့အတိုင်းဆိုရင် ကိုဇော်လင်းသက်ကို တအားအားနာစရာကောင်းသွားပါပြီ၊ ကျွန်တော် ဘယ်လိုပြန်ပြီး တောင်းပန်ရင် ကျေနပ်မလဲ ကိုဇော်လင်းသက်၊ ရုံးမှာ ဂူးဂူးဝါးဝါးလုပ်ခဲ့မိတော့၊ လက်ခံမယ်ဆိုရင် ကျွန်တော့်ထက်လဲ အသက်ကြီး အထက်က အရာရှိလဲဖြစ်တော့ ကျွန်တော် ကန်တော့ပြီး…"

"ဟာဗျာ မဟုတ်တာ၊ အကောင်းဆုံးက ခင်ဗျား အလုပ်ပြန်ဆင်းဖို့ပဲ၊ ခင်ဗျား ရုံးပြန်လာပြီး ကျွန်တော်နဲ့ ခင်ခင်မင်မင် တရင်းတနှီး ဟက်ဟက်ပက်ပက် ပြန်ပေါင်းနေမယ်ဆိုရင် ကျွန်တော့်ကို ခင်ဗျား အော်ကြီးဟစ်ကျယ် စွပ်စွဲခဲ့တာတွေ အလိုလို ချေဖျက်ပြီးသား ဖြစ်သွားမှာပဲ"

ကိုဇော်လင်းသက်ကို နေဒွန်းက လက်ဆွဲနှုတ်ဆက်သလို တစ်ဖက်နှင့်ဆုပ်ကိုင်လိုက်မိကာ အားနာလှစွာပင်…

"ကျွန်တော် အလုပ်ပြန်ဝင်ပါ့မယ်၊ ဒီအတိုင်း ကျေပျက်သွားနိုင်ပေမယ့် အားလုံးကိုလဲ ကျွန်တော် သက်သက်အထင်မှားတာ ရှင်းပြမယ်၊ အနူးအညွတ် တောင်းပန်ပါတယ် ကိုဇော်လင်းသက်ရာ၊ ကိုသိမ်းမင်း

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကြောင်လဲ မထားခဲ့ဘူး၊ ခေါင်ခေါင်းကိုလဲ ပြန်ခေါ်သွားလိုက်မယ်နော်"

"ဒါတော့ မင်းတို့ချင်း မေးကြည့်ပေါ့၊ ညီပေါ့"

"ခေါင်ခေါင်းကို မိဘပေးစားလို့ ယူခဲ့ရတာ မှန်ပေမယ့် ကိုသိမ်းမင်းထင်သလို လုံးဝမေတ္တာ မရှိတာ မဟုတ်ပါဘူး၊ ကျွန်တော့်ဘက်ကတော့ ခေါင်ခေါင်းကို မေတ္တာရှိ…ရှိပါတယ်၊ သိပ်ချစ်လာမိလို့လဲ ဒီသံသယ ကြီးမှာ မွန်ထူပေါက်ကွဲ မိတာပါ"

ကိုသိမ်းမင်းက အနေခက်သလို အိမ်ထဲ လှည့်ဝင်လိုက်ရင်း…

"မင်းက မေတ္တာရှိပေမယ့်လဲ သူ ရှိမရှိ ဆွေးနွေး ကြည့်ပေါ့ကွ"

"သူ့ကို ဘာမှ မေးစရာ မလိုဘူးဗျို့၊ ကိုကို့ ညီမ ခေါင်ခေါင်းက ကိုနေဒွန်းခါတ်ပုံ မန္တလေး ရောက်လာကတည်းက ညစ်ကျယ်ကျယ်နဲ့ ချစ်စရာ ရုပ်ကလေးဆိုပြီး အဲဒီတုန်းကတည်းက တစ်ဖက်သတ် ကြိတ်…အား…"

အော်ဟစ်ရှင်မြူးနေသော မိမိနိုင်အသံက နာကျင်သံနှင့် အဆုံးသတ်သွားပါသည်။ ကိုဇော်လင်းသက်ကလည်း ကိုသိမ်းမင်းနောက်မှ လိုက်ကာ အိမ်ထဲဝင်သွားပြီ။ နေဒွန်းသည် တံခါးဝသို့ ရင်တခုန်ခုန် တိုးကပ်လာသည်။ မိမိနိုင်က သူ့လက်ကို ခေါင်ခေါင်း လက်ထဲမှ အတင်းတွန့်လိမ် ရုန်းကာ ထွက်ပြေးသွားပါသည်။



တံခါးဝ၌ နှစ်ယောက်သား ဘွားခနဲ မျက်နှာချင်း ဆိုင်မိကာ တစ်ယောက်ကိုတစ်ယောက် နီမြန်းသော မျက်နှာ တို့နှင့် ခပ်ရှုမ်းရှုမ်း ခပ်အမ်းအမ်း ကြည့်မိကြပါသည်။ ခေါင်ခေါင်း က မျက်လွှာချကာ ကြောင်ကိုယူဖို့ လက်လှမ်း လိုက်သည်။ ကြောင်ကို မပေးဘဲ ထိုလက်ဖျားကလေးကို နေဒွန်းက ခပ်ဖိဖိ ကလေး လှမ်းဆုပ်ဆွဲခေါ်လိုက်ပါသည်။

လမင်းမိုမို

BURMESE CLASSIC .com

www.burmeseclassic.com